
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၉၀၆၀၅
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၉၆၀၆၁၁
ထုတ်ဝေသူ - ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
အမှတ် (၂၀၅)၊
မြို့သစ် (၄)လမ်း
အင်းစိန်။
အတွင်းပုံနှိပ်သူ - ဒေါ်ခင်ကြွေ
ရတနာမဉ္ဇူပုံနှိပ်တိုက်
အမှတ်(၂၀၇)၊ ဝေဇယန္တာလမ်း၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်(၁၇၁)၊ ၃၃-လမ်း။
စီစဉ်သူ - မောင်တင်ငွေး
မျက်နှာဖုံးပန်းချီ - သိန်းဇော်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၇၅၀ ကျပ်
ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၀၇။

# မင်းပုည

## စုံနှံ့သာမင်းမောင်

## နှင့်

## လွှမ်းငွေ့မှောင်ဒေဝီ

(ဂမ္ဘီရဝတ္ထုများ)

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

# ရွှေဟင်္သာ
## စာပေ

(ရွှေဟင်္သာစာပေ)
အမှတ်(၅)ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း
တာမွေ၊ ရန်ကုန်မြို့



ပါဝင်သည့်ဝတ္ထုများ

၁။ စုံနံ့သာမင်းမောင်နှင့် အကြွေး

၂။ ချစ်သောပုဏ္ဏဝတီ

၃။ စုံနံ့သာမင်းမောင်နှင့် ပဝါနီဒေဗီ

၄။ သခင်မတောင် လွှမ်းငွေမှောင်

၅။ စုံနံ့သာမင်းမောင်နှင့် အနီးမှရန်သူ

www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့ပန်းလွှာ"

အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင် ဖြစ်ကြသည့်

ဆရာတော်ဦးပဏ္ဍိစ၊ ဆရာတော် ဘဒ္ဒန္တမွဝဏ္ဏသိဒ္ဓိ

ဗိုလ်မှူးကြီးဘုန်းကြည်၊ ဦးညဏ်မြင့်၊ မိုးညဏ်

ဦးစိုးထိုက်(ဒါရိုက်တာစိုးထိုက်)

မောင်ယဉ်ကျော်(စာရေးဆရာ၊ ဒါရိုက်တာ၊ အယ်ဒီတာချုပ်)

အောင်ဆွေမြင့်(စာရေးဆရာ ဒါရိုက်တာ)

ဆရာဦးအောင်မော်(စာရေးဆရာကြီး)နှင့်

ကျေးဇူးရှင်ဖေဖေ ဦးညွန့်ခင် + မေမေ ဒေါ်မြင့်မေ

တို့အား၊

ဤဝတ္ထုဖြင့် ထာဝရ ကန်တော့လျက် ...

(မင်းပုည)



# ဗိုနို့သာမင်းမောင်

# နှင့်

# အကြွေး

www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်နေ့သ၌ ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်တို့သည် အငြိမ့်မင်သမီး မကြာဘုံတို့ သားအမိ အသတ်ခံရသည့်ကိစ္စဖြင့် အလုပ်များ ရှုပ်နေချိန်တွင် အမှုမပေါ်နိုင်သည့် လူသတ်မှုတစ်ခုအား အမြန်ဆုံး ဖော်ထုတ်ပေးရန်အတွက် တာဝန်ပေးလာသည့်အတွက် အလုပ်တစ်ခုက ထပ်မံတိုးလာပြန်သည်။ စုံနံ့သာမင်းမောင်သည် လက်ရှိအမှုပေါ်ပေါက်ရန် ကြိုးစားနေချိန်တွင် နောက်ထပ်အလုပ်ကို လုပ်ဆောင်ရန် တာဝန်များ ပေးလာခြင်းကို လက်မခံချင်ပေမဲ့ စုံနံ့သာမင်းမောင်မှ တာဝန်မယူဘူးဆိုလျှင် ထိုအမှုသည် ပေါ်မှာမဟုတ်ဘူးဟု ထင်မှတ်ပြီး အမှုအားတာဝန် ယူထားသူများသည်လည်း မကြာခဏ ပြောင်းရွှေ့ခံနေရသည်။

ထို့အတွက် စုံထောက်များသည် တရားခံမပေါ်နိုင်သည့်အမှုအား ၎င်းတို့ထံ တာဝန်ပေးအပ်လာမှာကို စိုးရွံ့၍ ထိုလူသတ်မှုအား စုံနံ့သာမင်းမောင်ကိုသာ တာဝန်ပေးသင့်ကြောင်း၊ စုံနံ့သာမင်းမောင်ကို တာဝန်ပေးလိုက်လျှင် လူသတ်မှုပေါ်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်နေကြသည်။ စုံနံ့သာမင်းမောင်သည် ထိုလူသတ်မှုကို လက်မခံချင်ပေမဲ့ လက်ခံလိုက်ရသည့်အတွက် စိတ်ထဲ၌ တစ်မျိုးဖြစ်နေပေသည်။

စုံနံ့သာမင်းမောင်သည် ယခင် စုံထောက်များ၏ စစ်ဆေးတွေ့ရှိခဲ့သည့် အချက်အလက် ဖိုင်တွဲများအား လေ့လာရာ၌ ကျွန်ုပ်သည်လည်း ၎င်း၏ရှေ့၌ ရှိနေသည်။

"အမှုက အဲဒီလောက် ရှုပ်ထွေးနေလို့လား ကိုမင်းမောင်"

"အမှုက အဲဒီလောက် ရှုပ်ထွေးနေတာ မဟုတ်ဘူး ကိုအောင်သိန်း။ ခက်နေတာက အသတ်ခံရတဲ့ လူတွေကို တောထဲမှာ ပစ်ထားခဲ့တာ၊ သူတို့ရဲ့အပေါ်မှာ သစ်ကိုင်းတွေ ပုံထားပြီး ပုပ်ပွနေမှ တွေ့ရတာတဲ့ဗျာ။ ဒါတောင် တောထဲမှာ ထင်းခုတ်နေတဲ့ သူတစ်ယောက်တွေ့ပြီး သတင်းလာပို့လို့ သိရတယ်လို့ မှတ်ချက်ရေးထားတယ်ဗျာ"

"ဒါဆို အသတ်ခံရတဲ့ သူတွေမှာ မိသားစု မရှိဘူးလား ကိုမင်းမောင်"

"ရှိတယ်ဗျာ။ ဒါပေမဲ့ အဖေတော့ မရှိဘူး။ မိခင်အမေအိုကြီးတော့ ရှိတယ်။ သေဆုံးသူ အမည်က ကိုထွန်းမောင်တဲ့၊ အသက်လေးဆယ်။ တစ်ယောက်က ကိုတင်စိန် အသက်က သုံးဆယ့်လေးနှစ်တဲ့၊ သူတို့ဟာ ညီအစ်ကိုအရင်းတွေပဲ၊ ကိုထွန်းမောင်က စီးပွားရေး အဆင်ပြေတယ်၊ ပဲ,နှမ်း, စပါးတွေကို ဝယ်တယ်။ မီးသွေးလည်း လုပ်တယ်၊ ကလေး





နှစ်ယောက်အဖေ။ မိန်းမရှိတယ်။ ကိုတင်စိန်က လူပျို

လူလွတ် တစ်ယောက်ပဲဗျ"

"အို ... သနားစရာပဲဗျာ"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့သည် အသတ်ခံရသူ

နှစ်ယောက်အား သနားစိတ်တွေ လွှမ်းမိုးသွားသည်။ အသတ်ခံရသူ ကိုထွန်းမောင်နှင့် ကိုတင်စိန်တို့သည် ဓားဒဏ်ရာပေါင်း

မြောက်မြားစွာဖြင့်သေဆုံးနေပြီး၊ လူသတ်သမားများသည် နှာကြည်း

ချက်များစွာဖြင့် ခုတ်သတ်ထားသည်ဟု ထင်မှတ်ရသည်။

၎င်းထင်မှတ်မှုများသည် ဖြစ်နိုင်စရာရှိသည်။ သာမန်

ရိုးရိုး စကားများ ရန်ဖြစ်သည်ဆိုလျှင် ဤမျှလောက် ရက်စက်စွာ သတ်ဖြတ်မည် မဟုတ်။ ဒဏ်ရာအနည်းအကျဉ်းဖြင့်သာ သေဆုံးနိုင်သည်။ ယခုလူသတ်မှုသည် လွန်စွာရက်စက်လှပေပြီး သေဆုံးသူများ၏ ကိုယ်ပေါ်၌ ရရှိထားသည့် ဒဏ်ရာများသည် တစ်

ယောက်ကို အချက်နှစ်ဆယ်ကျော်သည့်အတွက် မသေမချင်း ခုတ်သတ်သည်ဖြစ်၍ လူသတ်သမားများသည် နှာကြည်းချက်များ

ဖြင့် ခုတ်သတ်သည်ဆိုတာ ထင်ရှားနေသည်။

၎င်းကိစ္စများဖြင့် ပတ်သက်ပြီး ကျွန်ုပ်နှင့် မိတ်ဆွေကြီး

စုံနံ့သာမင်းမောင်တို့သည် အပြန်အလှန် ဆွေးနွေးရာ အချိန်အတန်

ကြာသွားသည်။

ထို့နောက် စုံနံ့သာမင်းမောင်သည် နာရီအားကြည့်

ပြီး ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရာ ထိုဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်သည် တရားခံရှာရင်းနှင့် သက်သေများ၏ခြေရာကို ကောက်ယူရန်ဖြစ်သည်။

"ကဲ ကိုအောင်သိန်း၊ အခင်းဖြစ်ပွားရာကို သွားကြမယ်ဗျာ"

"ကောင်းပါပြီ ကိုမင်းမောင်"

ထိုသို့ပြောပြီးနောက် စုံနှံ့သာမင်းမောင်သည် ပုလိပ်အရာရှိအား ဝင်ရောက်တွေ့ဆုံပြီး ကိုထွန်းမောင်တို့ ညီအစ်ကို အသတ်ခံရသည့်အမှုအား ဖော်ထုတ်ရန် ပြောဆိုရာ ပုလိပ်အရာရှိကြီးသည် စုံနှံ့သာမင်းမောင်အား အားကိုးသည့် အကြည့်များဖြင့်ကြည့်ပြီး အားပေးစကား ပြောဆိုလိုက်ရာ ထိုအမှုကိုသာ ဖော်ထုတ်ပေးနိုင်လျှင် ရာထူးကောင်းကောင်းနှင့် ဆုလာဘ်များ ပေးမည့်အကြောင်း ပြောလိုက်သည်။

စုံနှံ့သာမင်းမောင်သည် လူတစ်မျိုး။ လုပ်ငန်းများနှင့် ပတ်သက်၍ အားပေးခြင်း၊ အကြံပေးခြင်းများကို လက်ခံပြီး ဆုလာဘ်များပေးမည် ဆိုသည့် စကားသည် လွန်စွာဒေါသထွက်သည်။ ယခု ပုလိပ်အရာရှိ၏ ဆုလာဘ်ပေးမည်ဆိုသည့် စကားအား မကျေနပ်သည့်အတွက် "ကျုပ် ဆုလာဘ်တွေ လိုချင် မက်မောလို့ ဒီအလုပ်ကိုလုပ်နေတာ မဟုတ်ဘူး"ဟု ပြောခဲ့ပြီး ပုလိပ်အရာရှိရုံးခန်း အပြင်ဘက်သို့ ထွက်လာခဲ့ပေ၏။

✧ ✧ ✧





(၂)

ထို့နောက် ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနှံ့သာမင်းမောင်တို့သည် အခင်းဖြစ်ပွားရာ ပျဉ်းမနားမြို့ဘက်သို့ ထွက်ခွာခဲ့ကြပြီး ကျွန်ုပ်တို့သည် ပျဉ်းမနားနှင့် ဆယ့်ခြောက်မိုင်ဝေးသည့် နေရာသို့ ဆက်လက်ခရီးထွက်ရမည်။

ပျဉ်းမနားသည် တောများလွန်စွာထူထပ်ပြီး ကြီးမားသည့် အပင်ကြီးများ လွန်စွာပေါများသည်။ ကျွန်ုပ်တို့သည် ကျေးရွာတာဝန်ရှိသူ ဦးအေးချိုအားခေါ်၍ လူနှစ်ယောက်၏ အလောင်းနေရာများသို့ ဆက်လက် ချီတက်လာခဲ့ရာ ကျွန်ုပ်တို့နှင့်အတူ ကျေးရွာတာဝန်ရှိသူ ဦးအေးချို အပါအဝင် အဖွဲ့ဝင်နှစ်ယောက် နွားလှည်းမောင်းသူတစ်ယောက် စုစုပေါင်း ငါးယောက်ဖြစ်ပြီး ကျွန်ုပ်တို့သည် တောလမ်းအတိုင်း ခရီးဆက်လာခဲ့ရာ စုံနှံ့သာမင်းမောင်သည် သေဆုံးသူများနှင့် ပတ်သက်မှုများအား မေးမြန်းသည့်အတွက် တာဝန်ရှိသူ၏ ဖြေကြားချက်သည် လွန်စွာရိုးစင်းသည်။

"ကျုပ်တို့လည်း လွန်စွာ အံ့ဩမိတာ အမှန်ပဲ စုံထောက်ကျော်လေးရာ၊ တကယ်တော့ အသတ်ခံရသူ ကိုထွန်းမောင်ဆိုတာ တကယ်အေးပြီး သဘောကောင်းသူ တစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ ပိုက်ဆံရှိတယ်ဆိုပြီး မာနကြီးသူတစ်ယောက် မ'ဟုတ်ဘူးဗျာ၊ ကျုပ်တို့နယ်မှာတော့ သူ့ရဲ့အကြွေးနဲ့ ကင်းသူဆိုတာ ခပ်ရှားရှားရယ်ပါ။ သူ့ရဲ့ညီ မောင်တင်စိန် ဆိုတာဟာလည်း လွှန်စွာရိုးသားတယ်ဗျာ။ ဘယ်သူ့ကိုမှ ပြဿနာလုပ်တာ မဟုတ်ဘူး။ သူ့အစ်ကို ကိုထွန်းမောင်ရဲ့ အနောက်ကပဲ လိုက်နေတာပဲ၊ အခု အဲဒီလို ဖြစ်ရတယ်ဆိုတော့ ကျုပ်တို့လည်း မစဉ်းစားတတ်အောင် ဖြစ်နေတယ်"

"ဒီလိုဆိုရင် ကိုထွန်းမောင်မှာ စီးပွားပြိုင်ဘက်တော့ ဦးလေးတို့ရွာမှာ ရှိချင်ရှိမှာပေါ့"

"ရှိတာပေါ့ စုံထောက်လေးရာ၊ ကိုထွန်းမောင်က စီးပွားရေးသမားတစ်ယောက် မဟုတ်ဘူးဗျာ၊ လူမှုရေးတွေပါ လုပ်တတ်တယ်၊ ခက်တာက ကိုထွန်းမောင်ဟာ လိမ်ညာပြောဆိုတာကို မကြိုက်ဘူး မုန်းတယ်။ အဲဒီအတွက် မုန်းတဲ့သူရှိသလို ကြောက်တဲ့သူလည်း ရှိတယ်"

"ကျုပ် သဘောပေါက်ပြီ ဦးအေးရှို"

ကျွန်ုပ်တို့သည်. စကားပြောရင်း အသတ်ခံရသူ ခြေချထားသည့် နေရာအနီးသို့ ရောက်ရှိလာကြပြီး ကျွန်ုပ်တို့ လိုက်ပါလာသည့် နွားလှည်းလေးသည်လည်း နှေးလာသည်။ ထိုသို့ နှေးလာရသည်မှာ အကြောင်းရှိသည်။ လမ်းခရီးသည် တောဆင်းတောင်တက် များပြားလှသည်မို့ နွားလှည်းအား ထိန်း၍ မောင်းနေရခြင်း ဖြစ်သည်။ ထိုနေရာသည် ကျွန်ုပ်တို့အတွက်





နေရာ်စိမ်းနေသည်မို့ သတိထား၍ လက်များသည် လွယ်အိပ်အတွင်းသို့ နှိုက်ထားရသည်မှာ တခြားကြောင့်မဟုတ်၊ ကျွန်ုပ်တို့သည် ဗေဒင်နက္ခတ်ပညာရှင်တွေ မဟုတ်သည့်အတွက် ဘယ်အရာကိုမှ ကြိုတင်တွက်ဆ၍ မရနိုင်သည့်အတွက် လွယ်အိတ်အတွင်းသို့ လက်နှိုက်ထားခြင်း ဖြစ်သည်။

ထိုလွယ်အိတ်အတွင်းသို့ လက်နှိုက်ထားရသည်မှာ တခြားကြောင့်မဟုတ်။ အန္တရာယ်အား ကြိုတင်ကာကွယ်ရန်အတွက် သေနတ်ကို လက်ဖြင့်ကိုင်ထားခြင်းဖြစ်သည်။ ဒါကို ကျွန်ုပ်တို့နှင့် လိုက်ပါလာသူများ သတိထားမိချင်မှ ထားမိလိုက်မည်။

"ဟော ... မောင်သောင်းညွှန့် ရှေ့က ဝက်သစ်ချပင်ကြီးနားမှာ ရပ်လိုက်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ သူကြီး"

နွားလှည်းမောင်းသမားသည် လက်အတွင်း၌ ကိုင်ထားသည့် ကြိုးနှစ်ချောင်းအား အပေါ်သို့ ဆွဲလိုက်သည့်အတွက် နွားနှစ်ကောင်သည် ခေါင်းများအား အပေါ်သို့ မော့တင်လိုက်ပြီး ခြေလှမ်းများကို ရပ်လိုက်ကြပေတော့၏။

✧ ✧ ✧

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်ုပ်တို့သည်ရွာသူကြီး ဦးအေးရှိန်နှင့်အဖွဲ့ ပြသည့် အသတ်ခံထားရသူ နှစ်ယောက်အား သစ်ကိုင်းများဖြင့် အုပ်ထားခဲ့သည့် နေရာအား စစ်ဆေးနေရာ အသတ်ခံထားရသူများကို ခပ်အုပ်အုပ် အပင်များ၏အောက်သို့ ချထားပြီး သစ်ကိုင်းများကို ခုတ်၍ အုပ်ထားခဲ့ကြပြီး အလောင်းများ မရှိတော့ပေမဲ့ အနံ့များက ကျန်နေသေးသည်။

ကျွန်ုပ်တို့သည် ၎င်း၏အနီးသို့ လှေ့လာအကဲခတ်နေရင်း ရွာသူကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းနေသည်မို့ ကျွန်ုပ်တို့၏ မေးခွန်းများကို စိတ်ဝင်စားစွာ ဖြေကြားလျက်ရှိကြပေ၏။

စုံနံ့သာမင်းမောင်သည် ၎င်းတို့ပြောစကားများကို လက်ခံပြီးနောက် အသတ်ခံထားရသူများအတွက် နောက်ထပ် သဲလွန်စ ရရှိရန်အတွက် ပတ်ဝန်းကျင်ကို လေ့လာနေသည်။

ကျွန်ုပ်တို့သည် စုံနံ့သာမင်းမောင်၏ အနောက်မှ လိုက်လာရပေမဲ့ မည်သို့ပြုလုပ်နေသလဲ ထင်နေပေမဲ့ စုံနံ့သာမင်းမောင်သည် ခိုင်လုံသည့် သဲလွန်စများအား ရှာနေခြင်းဖြစ်သည်။





"ဒီနေရာကို ကျုပ် သံသယရှိနေတယ်ဗျာ။ အဲဒီသစ်ကိုင်းတွေ ဖယ်ကြည့်ကြမယ်ဗျာ"

စုံနံ့သာမင်းမောင်သည် သစ်ကိုင်းများ၊ သစ်ရွက်များ စုပုံခြောက်နေသည့် နေရာအား ပြလိုက်သည်မို့ ကျွန်ုပ်တို့သည် ထိုနေရာသို့ အကြည့်များစွာ ရောက်ရှိသွားသည်။ စုံနံ့သာမင်းမောင် ပြသည့်နေရာသည် အခင်းဖြစ်ပွားသည့် နေရာနှင့် ခပ်လှမ်းလှမ်း မဝေးသည့်နေရာပင် ဖြစ်သည်။

ရွာရှိသူများသည် စုံနံ့သာမင်းမောင်၏ ခိုင်းစေချက်အတွက် သစ်ကိုင်းခြောက်များအား ဖယ်ထုတ်လိုက်သည့်အတွက် လွန်စွာအံ့သြကုန်ကြပြီး စုံနံ့သာမင်းမောင် ကျေနပ်နေသည်။ ရွာသူကြီးနှင့် အဖွဲ့ဝင်များသည် စုံနံ့သာမင်းမောင်၏ စကားကို နားထောင်ရန် အသင့်ဖြစ်နေကြပြီး စုံနံ့သာမင်းမောင်သည် စီးကရက်အား တစ်ချက်ဖွာရှိုက်လိုက်သည်။

"ဒါဟာ ကျုပ်တို့အတွက် သဲလွန်စပဲ၊ သတ်ခံရသူတွေဟာ တစ်ဖက်ရွာကို နွားလှည်းနဲ့ သွားတာပဲ ဖြစ်ရမယ်။ အဲဒီတော့ အခု ကျုပ်တို့ တွေ့နေရတဲ့ နွားလှည်းဟာ အလိုလိုနေရင်း ပျက်သွားတာ မဟုတ်ဘူး၊ လူသတ်သမားတွေ ဖျက်ဆီးပြီး ထားခဲ့တာပဲ ဖြစ်ရမယ် ကိုအောင်သိန်း"

"ဖြစ်နိုင်တယ် ကိုမင်းမောင်၊ အဲဒီတော့ ခင်ဗျား ဘာလုပ်မယ် စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး အဲဒီလှည်းအပျက်ဟာ အသတ်ခံရသူတွေရဲ့လှည်းလို့ ကျုပ်ထင်တယ်ဗျာ၊ အဲဒီတော့ ဒီလှည်းအပျက်ကြီးကို ကျုပ် သယ်ချင်တယ်"

"အခုတော့ သယ်လို့မဖြစ်နိုင်ဘူး စုံထောက်လေး၊ ကျုပ်တို့က လူငါးယောက်၊ နွားလှည်းအပျက်ကြီးနဲ့ဆိုတော့ ကျုပ် တစ်ခုပြောပါရစေ။ နောက်နေ့မှ သယ်ခိုင်းလိုက်ပါမယ်။ ဘယ်ကိုသယ်ရမှာလဲသာ ပြောပါ"

"သူကြီးအိမ်ကိုသာ သယ်ထားလိုက်ပါ။ ကဲ ... အခုတော့ ကျုပ်တို့ ပြန်ကြမယ်"

"ကောင်းပါပြီ စုံထောက်ကျော်လေး"

ထို့နောက် ကျွန်ုပ်တို့သည် ရွာသူကြီးအိမ်သို့ ပြန်လာကြပြီးနောက် သူကြီးအား သိချင်တာလေးတွေကို မေးနေသလို သူကြီး၏ ထွက်ဆိုချက်များအား ဒိုင်ယာရီ၌ ရေးမှတ်နေသည်။ ၎င်းတို့၏ ထွက်ဆိုချက်များအရ တွက်ဆလိုက်လျှင် ကျွန်ုပ်တို့ လိုချင်သည့် အထောက်အထားများသည် ခိုင်လုံမှုမရှိ၊ လမ်းစများ ပျောက်နေသလို ဖြစ်နေပြီး လူသတ်တရားခံများ၏ ခြေရာများကို အစဖော်မရအောင် ဖြစ်နေသည်။

"သူကြီး နွားလှည်းကို ခဏရပ်ခိုင်းပါ"

"ဟုတ်ကဲ့ပါ စုံထောက်ကျော်လေး"

"သူကြီး ဟိုမှာ နွားလိုက်ဖမ်းနေသူကို သိလား"





ကျွန်ုပ်တို့သည် စုံနံ့သာမင်းမောင် လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ အသက်သုံးဆယ်ဝန်းကျင် လူနှစ်ယောက်သည် နွားနှစ်ကောင်အား လိုက်ဖမ်းနေသည်မို့ နွားများသည် အဖမ်းမခံဘဲ ရှေ့ကသာ ပြေးနေပြီး နွား၏အမွေးရောင်မှာ ရွှေဝါရောင်နှင့် အုန်းခွံရောင် နွားပေါက်နှစ်ကောင် ဖြစ်သည်။

နွားများသည် အသည်းအသန် ပြေးနေသည်မို့ လူငယ်များသည် နွားများ ဖမ်းမိနိုင်ရေးအတွက် ကြိုးစားနေလေသည်။

"ဟာ ... ဒါ ထွန်းမောင်ရဲ့ နွားတွေပဲ"

"အသတ်ခံရတဲ့ ထွန်းမောင်လား"

"ဟုတ်ပါတယ်"

"ကိုအောင်သိန်း လာဗျာ"

ထိုသို့ပြောပြီး စုံနံ့သာမင်းမောင်သည် နွားလှည်းပေါ်မှ ခုန်ချလိုက်သည်မို့ ကျွန်ုပ်သည်လည်း အနောက်မှလိုက်ဆင်း၍ ၎င်းတို့သည် ကျွန်ုပ်အား နွားများကို တားပေးရန် အော်ဟစ်အကူအညီတောင်းသော်လည်း ကျွန်ုပ်တို့သည် အကူအညီပေးသလိုနှင့် လူငယ်များထံ ဦးတည်နေသည်။ လူငယ်များသည် ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာကြသည်။

"ဒီနွားတွေဟာ ကိုထွန်းမောင်ရဲ့ နွားတွေပဲ၊ ခင်ဗျားတို့က ဘာလို့ လိုက်ဖမ်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ထုန်းမောင်လဲ၊ ကျုပ်တို့ မသိဘူး။ ဒီနွားတွေကို ကျုပ်တို့ ဝယ်ထားတာပဲ။ ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ဘာလုပ်ဖို့ ပေးတာလဲ၊ လူတွေကို ဘာတွေမှတ်နေလဲ"

"ဘာလို့ အဲဒီလောက် ဒေါသထွက်နေရတာလဲ လူလေးတို့ရာ၊ အစ်ကိုတို့က မသိလို့ မေးတာပဲကွာ"

"ဘာမှ မမေးနဲ့ဗျာ၊ ဒီမှာ နွားတွေဖမ်းမရလို့ ဒေါသထွက်နေတာ"

"ဟိတ်ကောင်တွေ၊ မင်းတို့ ဘယ်လိုပြောလိုက်တာလဲ။ ဘယ်သူတွေ မှတ်နေလို့လဲ။ အဲဒါ ... စုံထောက်ကြီးတွေကွ"

"ဗျာ"

လူငယ်နှစ်ယောက်သည် လွန်စွာအံ့ဩသလို အထိတ်တလန့် ဖြစ်နေကြကုန်သည်။ အားလုံးသည် ကျွန်ုပ်တို့ကို တစ်လှည့်၊ သူကြီးကိုတစ်လှည့် ကြည့်နေကြသည်။ စုံနံ့သာမင်းမောင်သည် လူငယ်နှစ်ယောက်၏ နာမည်ကို မေးပြီးနောက် တစ်ခါတည်း ခေါ်လာခဲ့ပေမဲ့ လူငယ်များသည် ငြင်းဆိုသော်လည်း နောက်ဆုံးတွင် အဖမ်းခံရသည်။

✧ ✧ ✧





(၄)

ကျွန်ုပ်တို့သည် ကိုထွန်းမောင်၏နွားအား ဝယ်ယူထားသူနှစ်ဦးအား စစ်ဆေးရာ၌ ၎င်းနွားနှစ်ကောင်အား လာရောက်ရောင်းချသူများမှာ သဖန်းကုန်းရွာ၌ နေထိုင်သူ ဉာဏ်ထွန်းဆိုသူဖြစ်ပြီး နွားနှစ်ကောင်အား သုံးထောင်ဖြင့် ရောင်းချသွားပြီး ၎င်းတို့ထံမှ ထပ်မံ၍ ငါးရာကိုပါ ယူသွားကြောင်း ထွက်ဆိုသွားသည့်အတွက် ကျွန်ုပ်တို့သည် ဉာဏ်ထွန်း နေထိုင်ရာရွာသို့ သွားရောက်စုံစမ်းရာ ၎င်းသည် ထိုရွာ၌နေထိုင်ခြင်းမရှိ၊ ၎င်း၏ဇနီး ခင်ထွေးနေထိုင်သည်။ စီးဖြူကုန်းရွာ၌ ပြောင်းရွှေ့နေထိုင်ကြောင်း သိရ၍ သူကြီးအားခေါ်၍ စီးဖြူကုန်းရွာဘက်သို့ ထွက်လာခဲ့ရာ စီးဖြူကုန်း ရွာဦးထိပ်၌ ဉာဏ်မင်းထွန်း၏ဇနီး ခင်ထွေးနှင့် တွေ့ပြီး ခင်ထွေးအား ခေါ်ယူစစ်ဆေးရာ ခင်ထွေးသည် အစပထမ၌ ဖြေကြားခြင်း မရှိ။

နောက် သေချာမေးမြန်း စစ်ဆေးမှုများ ပြုလုပ်ပါက ကျွန်ုပ်တို့၏ လိုအပ်သည်များကို တွက်ဆိုပြောပြသည်။

၎င်း၏ ထွက်ဆိုမှုများအရ ဉာဏ်ထွန်းသည် လောလောဆယ် အလုပ်တွေ မပြီးသေးလို့ အနောက်မှ လိုက်လာမည်ဟု ပြောသဖြင့် ကျွန်ုပ်တို့သည် လမ်းတစ်ဝက်မှ စောင့်နေကြသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်၌ ဉာဏ်ထွန်းသည် အနောက်မှ လိုက်လာသည့်အတွက် ဉာဏ်ထွန်းအား ဆက်လက်ဖမ်းဆီးလိုက်သည်။

ကျွန်ုပ်တို့သည် ဉာဏ်ထွန်းနှင့် ဇနီး ခင်ထွေးတို့အား ဖမ်းဆီးပြီး စစ်ဆေးရာ ၎င်းနှင့်အတူ အုန်းသန်းတို့ ပါဝင်နေကြောင်း ထွက်ဆိုသည့်အတွက် အုန်းသန်းတို့အား ဆက်လက်ဖမ်းဆီးရန်အတွက် မိတ္ထီလာသို့ ထွက်ခဲ့ကြရပြန်သည်။ အုန်းသန်းသည် ဉာဏ်ထွန်းနှင့် တစ်ရွာတည်းသား သူငယ်ချင်းများ ဖြစ်ပြီး သဖန်းပင်ရွာ၌ လယ်ယာအလုပ်အား လုပ်ကိုင်ကြရင်း ထိုအမှုအား ကျူးလွန်သလို၊ ၎င်း၏မိန်းမ မတင်အုန်းသည် မိတ္ထီလာသူဖြစ်သည်။

စာရှုသူများ တရားခံ အုန်းသန်းနှင့် ဇနီးမတင်အုန်းတို့အား သွားရောက်ဖမ်းဆီးရာတွင် ထူးခြားမှုများ မရှိသည့်အတွက် ဖမ်းဆီးခဲ့သည်ဟု ထင်မှတ်စေချင်ပါသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်၏မိတ်ဆွေကြီး စုံနှံ့သာမင်းမောင်၏ စစ်ဆေးချက်များအား အောက်ပါအတိုင်း ဆက်လက်ဖတ်ရှုကြပါရန်။

✧ ✧ ✧





(၅)

ကျွန်ုပ်သည် ရုံးခန်းသို့ ရောက်ရှိသည့်အချိန်တွင် စုံနှံ့သာမင်းမောင်သည် စားပွဲပေါ်ရှိ စာအုပ်များအား လှေလာဖတ်ရှုနေသည်မို့ ကျွန်ုပ်သည် ၎င်း၏ရှေ့၌ ထိုင်လိုက်ပြီး ပြောလာမည့် စကားများအား စောင့်စားလျက် ရှိနေသည်။

"ကျုပ်တို့ တရားခံများကို စစ်ဆေးပြီးရင် ရုံးတင်မယ်ဗျာ"

"ကောင်းပါပြီ ကိုမင်းမောင်"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်တို့သည် တရားခံများအား စစ်ဆေးရန်အတွက် ရုံးခန်းသို့ ဝင်ရောက်သွားကြပေသည်။ တရားခံများ စစ်ဆေးရာတွင် တာဝန်ရှိသူများနှင့် ၎င်းတို့၏ မိသားစုများ စုံလင်စွာ ရောက်ရှိနေကြသည်။ စုံနှံ့သာမင်းမောင်သည် စားပွဲသို့ နေရာယူထိုင်လိုက်သည်။

"ကိုဉာဏ်ထွန်းကို ခေါ်ခဲ့ပါ"

"ဟုတ်ကဲ့ ဆရာ"

အသင့်ရှိနေသည့် ပုလိပ်သည် စုံနှံ့သာမင်းမောင်၏ စကားအား နာခံပြီး အတွင်းခန်းအတွင်း၌ ရှိနေသည့် တရားခံဉာဏ်ထွန်းအား ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဉာဏ်ထွန်း … ခင်ဗျားဟာ ကိုထွန်းမောင်ကို အကြွေးငါးထောင် ပေးရမယ်၊ နှမ်း သုံးတင်းဖိုးလည်း ပေးဖို့ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်"

"အဲဒါကို မပေးနိုင်လို့ သတ်လိုက်တာ မဟုတ်လား။ အဲဒီ အကြောင်းကို ပြောပါ"

"ဟုတ်ကဲ့ ပြောပြပါ့မယ်၊ ကျုပ်ဟာ ကိုထွန်းမောင်ကို ပိုက်ဆံငါးထောင်နဲ့ နှမ်းသုံးတင်းဖိုး ပေးရမယ်။ ကိုထွန်းမောင်က မကြာခဏ လာတောင်းပါတယ်။ ကျုပ်မှာကလည်း မပြေလည်တဲ့အချိန် ဖြစ်နေတယ်။ ကျုပ်က နောက်တစ်ပတ် ပေးပါ့မယ်လို့ ချိန်းလိုက်ပါတယ် ဆရာ"

ကိုဉာဏ်ထွန်းသည် ကိုထွန်းမောင်အား သတ်လိုက်သည့် အကြောင်းများကို ဆက်လက် ပြောပြရာတွင် ကိုဉာဏ်ထွန်းသည် ကိုထွန်းမောင်အား ချိန်းထားချိန်၌ ပိုက်ဆံက ရှာမရဲဖြစ်နေသည်။ ၎င်းအတွက်ကြောင့် သူငယ်ချင်း ကိုအုန်းသန်းနှင့် တိုင်ပင်ရာ ကိုထွန်းမောင် ရောက်ရှိလာချိန်တွင် ပေးစရာ ငွေမရှိသည့်အတွက် တစ်ခုခုလုပ်ရန် စဉ်းစားပြီး အကြံများ ထုတ်နေသည်။ ၎င်းအကြံများသည် တခြားမဟုတ်၊ ကိုထွန်းမောင် အကြွေးလာရောက်တောင်းချိန်တွင် တောထဲ၌ နှမ်းများရှိသည်ဟု ပြော၍ ခေါ်သွားပြီး လူသူများ ကင်းမဲ့နေရာ အရောက်တွင် အသင့်ပါလာသည့် ဓားများဖြင့်ခုတ်၍သတ်ရန် ကြံစည်ထား၍





စောင့်နေသည်။ ကိုထွန်းမောင် အကြွေးလာတောင်းသည့်နေ့တွင် ထိုကဲ့သို့ပြောပြီး တောတွင်းသို့ ခေါ်သွားပြီး ဉာဏ်ထွန်းသည် ကိုထွန်းမောင်အား ဓားဖြင့်ခုတ်ပြီး အုန်းသန်းသည် အနောက်မှ ပါလာသော တင်စိန်အား ဓားဖြင့်ခုတ်၍ သတ်လိုက်သည်။ ထွန်းမောင်နှင့် တင်စိန်တို့ သေကဲန်သည့်အချိန်တွင် ဉာဏ်ထွန်း၏ဇနီး ခင်ထွေးနှင့် အုန်းထွန်း၏ဇနီးတို့ ရောက်ရှိလာကြပြီး ၎င်းတို့နှင့်အတူ ကူညီပေးပြီး နွားလှည်းများကို ဖျက်ဆီးလိုက်ကြသည်။

၎င်းနောက် နွားနှစ်ကောင်ကို တမာကုန်းတဲစုမှ မြကြိုင်၊ လှမြိုင်တို့ ညီအစ်ကိုနှစ်ယောက်ကို ကျပ်ငွေငါးထောင်ဖြင့် ရောင်းချပြီး တစ်ယောက် တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

စုံနှံ့သာမင်းမောင်သည် ဉာဏ်ထွန်းအား စစ်ဆေးပြီးနောက် အုန်းသန်းနှင့် ၎င်းတို့၏ ဇနီးများအား ဆက်လက်စစ်ဆေးရာ၌ အမှန်အတိုင်း ထွက်ဆိုသွားရာ ၎င်းတို့၏ ထွက်ဆိုချက်များသည် ဉာဏ်ထွန်းကဲ့သို့ပင် ဖြစ်နေသည့်အတွက် ပြစ်မှုများ ထင်ရှားနေသည့်အတွက် တရားခံများအား အပြစ်ပေးနိုင်ရန်အတွက် ရုံးတော်သို့ လွှဲအပ်လိုက်သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



(၆)

ကိုထွန်းမောင်တို့ ညီအစ်ကိုနှစ်ယောက်အား မသေမချင်း ဓားဖြင့်ခုတ်သတ်လိုက်သည့် အမှုနှင့် ပတ်သက်၍ ဖမ်းဆီးပြီးနောက် ကျွန်ုပ်၏မိတ်ဆွေကြီး စုံနှံ့သာမင်းမောင်သည် နာမည်ကောင်းလက်မှတ်တစ်ခု ထပ်မံရရှိပြီးနောက် စခန်း၌ အနားယူနေချိန်တွင် ကျွန်ုပ် ရောက်ရှိသွားသည်။ ထိုအချိန်တွင် ကိုမင်းမောင်သည် ထုံးစံအတိုင်း စီးကရက်အား ဖွာရှိုက်၍နေသည်။


"ကိုမင်းမောင်ကတော့ဗျာ၊ ကျုပ်ဘဝအတွက် အံ့မခန်းပဲ"

"အိုလေဗျာ ... ကိုအောင်သိန်းကလည်း၊ မင်းသား တော်ကယ်ဆိုတာ ဓာတ်ပို့ ဓာတ်ရံတွေ ကောင်းနေလို့ပါ"

စုံနှံ့သာမင်းမောင်၏ စကားသည် ကျွန်ုပ်အတွက် ထပ်မံပြောစရာမရှိအောင် ဖြစ်သွားပေတော့သည်။

✧ ✧ ✧






www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပုဏ္ဏဝတီ မင်းသမီးအား အသက်လောက် ချစ်ရပါသည်။ ပုဏ္ဏဝတီသည် ကျွန်ုပ်အား အငြိုးထား၍ နှာခေါင်းရှုံ့မုန်းတီးနေပါသည်။ ပုဏ္ဏဝတီမင်းသမီးမှအပ တခြားမိန်းမများအား ချစ်ခင်မြတ်နိုးခြင်း မရှိခဲ့ပါ။ ဤသစ္စာမှန်ကန်ပါက ဘဒ္ဒကမ္ဘာ၌ ဆုံတွေ့ရပါစေသား ... ။

မောင်တော်ကုဏ္ဍလ

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်မသည် မောင်တော်အား အသက်လောက် ချစ်ရပါသည်။

မောင်တော်သည် တပည့်တော်မအား ခွဲခွာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပါသည်။

မောင်တော်အား ကြေကွဲမှုများစွာ ရင်မှာပိုက်၍ စောင့်မျှော်နေသော်လည်း ရောက်ရှိလာခြင်း မရှိပါ။

တပည့်တော်မ၏ စိတ်အား ဟာကျင်အောင် လုပ်ခဲ့ပါသည်။

ထိုစိတ်သောကကြောင့် အသက်သေဆုံးရပါမည်။

ဘဝကမ္ဘာ၌ လူသား ဖြစ်ခဲ့ပြီး ဆုံတွေ့ရပါစေသား။ မောင်တော်၏ အသည်းနှလုံးသည်းပွတ်တို့ ကြေကွဲရပါစေသား။ အရှင်ဘုရား ...။

ပုဏ္ဏဝတီ

✧ ✧ ✧





အပိုင်း(၁)

"ပုဏ္ဏဝတီ ... ပုဏ္ဏဝတီ"

ခေါ်သံနှင့်အတူ လူငယ်တစ်ယောက်သည် ထ၍ပြေးသည်။ ၎င်းလူငယ်၏ အသက်သည် ဆယ့်ရှစ်နှစ်ကျော် ဆယ့်ကိုးနှစ်ဝန်းကျင်ရှိနေ၏။ အရပ်မြင့်မြင့် အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ မျက်ခုံးကောင်းကောင်းနှင့် တောက်ပသည့် မျက်လုံးပိုင်ရှင်တစ်ယောက်ဖြစ်၏။

လူငယ်၏ဘေး၌ မိသားစုများနှင့် ဆွေမျိုးများ ရောက်ရှိနေကြပေ၏။

"ဟဲ့ ... ဟဲ့ ... သားလေးကို ဆွဲကြပါဦး ... ဆွဲကြပါဦး"

လူငယ်အား ဝိုင်း၍ ဆွဲထားကြသည်။ လူငယ်သည် ခြေဦးတည့်ရာသို့ သွားနေသည်။ အိမ်ရှိသူများ၏ ဖမ်းဆီးချုပ်နှောင်မှုကြောင့် လူငယ်၏ အကြံအစည် အောင်မြင်မှု မရှိအောင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို လွှတ်၊ ကျုပ်ကို လွှတ်ပါ။ ဟိုမှာ ပုဏ္ဏဝတီ လာခေါ်နေတယ်၊ ကျုပ် လိုက်သွားမယ်၊ လိုက်သွားမယ်"

"သား လူလေး သတိထားပါ သားရယ်၊ သတိထားပါ"

"ကျုပ် ဘာမှ မဖြစ်ဘူး၊ ဘာမှ မဖြစ်ပါဘူး အမေ"

မိခင် ဒေါ်တင်နှောင်းသည် သားအတွက် သောကများစွာ ရောက်ရှိနေ၏။ မောင်မြင့်နှောင်းအား စိတ္တဇဝေဒနာရှင်ဟု သတ်မှတ်နေကြသည်။ လွန်စွာ မှန်ကန်လျက်ရှိနေ၏။ တခြားမဟုတ် ...

မောင်မြင့်နှောင်းသည် အသက်ဆယ့်ငါးနှစ်ကျော်သည်နှင့် ထိုသို့ ဖြစ်လာသည်။ မောင်မြင့်နှောင်းသည် သူငွေးသားတစ်ယောက်ဖြစ်သည်။ မျက်နှာပွင့်သည်။ ဂရုစိုက်သူများ လွန်စွာပေါများ၏။ ထိုသို့ ဖြစ်ရခြင်းမှာ တမာတကေရွာဘုရားပွဲသွားရာမှ စခဲ့ခြင်း ဖြစ်ပါသည်။

တမာတကေရွာ၏ စေတီတော်သည် ရှေးဟောင်းစေတီတော်ဖြစ်သည့်အတွက် အနီးရှိ ရွာများမှ လွန်စွာ စိတ်ဝင်စားသလို ဘုရားပွဲကို နှစ်စဉ် ကျင်းပလျက်ရှိ၏။ ဘုရားပွဲအား နှစ်စဉ်ကျင်းပတိုင်း ထူးခြားမှုများစွာ ကြုံတွေ့ရသည်ဟု အဆိုရှိသည်။ မောင်မြင့်နှောင်းသည်လည်း ထူးခြားမှုများနှင့် ကြုံတွေ့သည်ဟု မှတ်ချက်ပေးရမည်။

ထို့နေက အဖြစ်အပျက်သည် လွန်စွာ ရိုးစင်းနေသည်။ မောင်မြင့်နှောင်းသည် တစ်ယောက်တည်း ထွက်သွားသည်။





ထိုသို့ ထွက်သွားသည်ကို ဘယ်သူမှ သတိမထားမိကြပေ။ နံနက် မိုးလင်း၍ အိမ်ပြန်ရန် ပြင်ဆင်ချိန်၌ မောင်မြင့်နှောင်းအား မတွေ့၍ လိုက်ရှာသည်။ စေတီတော်၏ မြောက်ဘက်၌ သတိမေ့လဲကျနေသော မောင်မြင့်နှောင်းကို တွေ့၍ ပြန်ခေါ်လာသည်။ သတိရလာသည့်အခါ ပုဏ္ဏဝတီဟု ခေါ်နေသလို ပုဏ္ဏဝတီသူ့ဆီသို့ လာနေပြီဟုလည်း ပြောနေတတ်၏။

ထိုအတွက်ကြောင့် ဆရာများက မောင်မြင့်နှောင်းအား ဆေးကုသကြသည်မှာ နှစ်အတန်ကြာနေပြီဖြစ်သော်လည်း ရောဂါသည် ထူးခြားမှုမရှိ ဖြစ်နေ၏။ ဆေးဆရာများသည် အမျိုးမျိုး မှတ်ချက်ပေးသည်။ တချို့သည် လူဝင်စားသည်။ တချို့က လူပြုစားသည်။ သိုက်ကလာသည်။ ဖုတ်ဝင်နေသည်။ နတ်လုပ်ထားသည်။ ရက္ခစိုးလုပ်တာ။ မြေကိုင်တာဟု အမျိုးမျိုး ဝေဖန်ပြောဆိုကြသည်။ ဆရာများ၏ ပြောစကားအား လက်ခံယုံကြည်ပြီး ဆေးကုသနေသည်မှာ ငွေအသပြာများစွာ ကုန်နေပြီဖြစ်၏။

မောင်မြင့်နှောင်းသည် ဦးဘိုအောင် ဒေါ်တင်နှောင်းတို့၏ ရှားရှားပါးပါး တစ်ဦးတည်းသောသားဖြစ်သည်။ မိဘများသည် မောင်မြင့်နှောင်းအတွက် လွန်စွာသောကရောက်နေသလို မောင်မြင့်နှောင်း ပြန်လည်ကောင်းလာရေးအတွက်ဆိုလျှင် စည်းစိမ်ကုန်သွားပါစေ ကုသမည်ဟု ဆုံးဖြတ်ထားပေမဲ့ မိရိုးဖလာ ချမ်းသာမှုတွေကြောင့် ဖြစ်နေ၏။ ထို့အတူ နာမည်ကြီး ဆရာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ယူ၍ ဆေးကုသရာ စံအိမ်ကြီး၌ ဆရာများ ပြတ်သွားသည်ဆိုတာ မရှိအောင် ဖြစ်နေပေသည်။

ယခု မောင်မြင့်နောင်းသည် ပုဏ္ဏဝတီဟုခေါ်၍ ထပြေးနေချိန်၌ အိမ်ဦးခန်းတွင် ဆေးဆရာတစ်ယောက် ရှိနေသည်။ ဆေးဆရာသည် မောင်မြင့်နောင်းအား သေချာကြည့်နေမိပေ၏။ မောင်မြင့်နောင်းအား ခေါ်လာရန် ပြောကြားလိုက်ရာ မိဘဆွေမျိုးများက အနီးသို့ ခေါ်လာပေ၏။

“သင် ဘယ်သူလဲ၊ ဘာကြောင့် ကလေးကို အနှောင့်အယှက်ပေးနေရတာလဲ”

“ကျုပ် ဘယ်သူမှ မဟုတ်ဘူး၊ မြင့်နောင်းပဲ၊ ကျုပ်နာမည် မြင့်နောင်း”

“ကျုပ်ကို ဘာကြောင့် လိမ်ညာချင်ရတာလဲ။ မြင့်နောင်းဆိုတာ စံအိမ်ကြီးရဲ့ တစ်ဦးတည်းသောသားပဲ၊ ခင်ဗျား မဟုတ်ဘူး”

“ကျုပ် ဘာလို့ မဟုတ်ရမှာလဲ၊ စံအိမ်ကြီးရဲ့ တစ်ဦးတည်းသောသားပဲ”

မောင်မြင့်နောင်းသည် ဆရာအား ပြန်လည်၍ ပြောနေသည်။ ထိုသို့ ပြောနေသည့်အတွက် ဆရာသည် လွန်စွာ ဒေါသထွက်သွား၏။

“သင်ဟာ မောင်မြင့်နောင်းဆိုရင် ပုဏ္ဏဝတီဆိုတဲ့ မိန်းကလေးကို စွဲလမ်းပြီး ခေါ်စရာမလိုဘူး။ အဲဒီမိန်းကလေးက





ဘယ်မှာလဲ၊ မဟုတ်တာတွေ လာမပြောနဲ့။ မောင်မြင့်နောင်းမှာ လက်ထပ်ရမဲ့ မိန်းကလေး ရှိတယ်။ သူက သူဌေးကြီးဦးဘသွယ်ရဲ့သမီး စောသီရိနဲ့ လက်ထပ်ဖို့ စီစဉ်ထားတယ်”

“အဲဒါ ကျုပ် မသိဘူး၊ ကျုပ် သိတာ ပုဏ္ဏဝတီ။ ကျုပ် ဘုရားပွဲသွားတုန်းက ပုဏ္ဏဝတီ ကျုပ်ဆီကို လာတွေ့တယ်။ ဘုရားပွဲကို လာတာတဲ့။ အဲဒီမှာ ကျုပ်တို့ တစ်ညလုံး စကားတွေ ပြောကြတယ်။ ပျော်လိုက်တာ အရမ်းပဲဗျာ။ ပုဏ္ဏဝတီက ပြောသွားတယ် ...

“ပန်းတစ်ရာရွာမှာ နေတယ်တဲ့၊ ကျုပ်ကို လိုက်ခဲ့ပါလို့ မှာသွားတယ်။ ကျုပ် အဲဒီရွာကို လိုက်သွားရမယ်။ အဲဒီမှာ ပုဏ္ဏဝတီ ရှိတယ်။ အခုပဲ လိုက်သွားမယ်။ ကျုပ်ကို မချုပ်ထားနဲ့ လွှတ်ပေးပါ”

မောင်မြင့်နောင်း၏ စကားသည် အားလုံးအတွက် လွန်စွာအံ့သြစေ၏။ “ပန်းတစ်ရာ”ရွာသည် မည်သည့်အနား၌ ရှိနေသည်ဆိုတာ မတွေးတတ်အောင် ဖြစ်နေကြပေ၏။ တကယ်တော့ မောင်မြင့်နောင်းမှာ စောသီရိ ဆိုသည့် ချစ်သူမိန်းကလေးတစ်ယောက်ရှိသည်။ မောင်မြင့်နောင်းသည် စောသီရိအား အသက်လောက်ချစ်သည်။ စောသီရိ၏ မျက်နှာအား တစ်နေ့တစ်ခါမျှ မတွေ့ရလျှင် ဆယ်သက်လောက် ဝေးသည်ဟု ထင်ရပေမဲ့ ယခုတော့ မောင်မြင့်နောင်း၏ အသိအာရုံ၌ စောသီရိ ပျောက်ကွယ်သွားပြီး ပုဏ္ဏဝတီသာ ရှိနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းအတွက် စောသီရိသည် ကြေကြေကွဲကွဲ ခံစားနေရပေ၏။ စောသီရိသည် မောင်မြင့်နောင့်အား သတိရ၍ ရောက်လာခဲ့လျှင် မောင်မြင့်နောင်းသည် စောသီရိအား မမှတ်မိသလို ရန်သူတစ်ယောက်ကဲ့သို့ သဘောထားနေသည်။ တစ်ခါတလေ စောသီရိအား ညီမလေးတစ်ယောက်လို သဘောထား၍ စိတ်ကူးထဲမှ စကားများအား ပြောနေတတ်သည်။

"ဆရာ ကျွန်မ သားလေးကို ကယ်ပါဦး ဆရာရယ်"

မိခင်ဒေါ်တင်နောင်း၏ အသံပင်ဖြစ်သည်။ ပယောဂဆရာသည် ရှည်လျားသည့် မုတ်ဆိတ်ကြီးအား ပွတ်သပ်၍ကြည့်နေသည်။

"ဟိတ် ... ဒီကောင်ကို ကောင်းကောင်းဆုံးမမှ ရတော့မယ်။ သူ့ကို ချုပ်ထားကြစမ်း၊ ရော့ ... ဒီဆေးကို တိုက်လိုက်"

"မသောက်ဘူး၊ ကျုပ် ဘာမှ မဖြစ်ဘူး။ ဘာမှ မဖြစ်ဘူး"

"ရအောင် တိုက်ကြကွာ"

ထိုသို့ ပြောပြီးနောက် မောင်မြင့်နောင်းအား အတင်းဆေးတိုက်ကြသည်။ မောင်မြင့်နောင်းသည် ရုန်းကန်နေသော်လည်း တစ်ယောက်နှင့်အများ ဖြစ်နေသည့်အတွက် အရှုံးပေးလိုက်ရသည်။ မောင်မြင့်နောင်းသည် ဆေးသောက်ရန် ငြင်းဆန်နေရင်းမှ မျိုချလိုက်မိသည်။ ဆေးသောက်ပြီးနောက် မောင်မြင့်နောင်းသည် စကားပြောချစ်စိတ်မရှိအောင် ဖြစ်သွားသည်။ တစ်ကိုယ်လုံးလည်း လေးလံထိုင်းမှိုင်းလာတော့၏။





မျက်လုံးများ မှေးစင်းသွားသည်။ အိပ်ချင်သည့်စိတ်များ လွှမ်းမိုးသွားသည်။ တကယ်တော့ မောင်မြင့်နောင်းအား မည်သည့်ရောဂါဆိုတာ မသိအောင် ဖြစ်နေသည့်အတွက် ဆရာများသည် အိပ်နိုင်သည့် ဆေးကို တိုက်နေသည်။ ယခုတော့ မောင်မြင့်နောင်း မျက်လုံးများ မှေးစင်းလာသည်။ ထိုအချိန်၌ စောသီရိ ရောက်ရှိလာသည်။

"သမီးလေး စောပါလား၊ လာလေ"

"စော ... ညီမလေး လာလေ၊ လာ ... အစ်ကိုကြီးရဲ့ အနားကိုလာ"

စောသီရိသည် ဒေါ်တင်နောင်း၏ မျက်နှာအား တစ်ချက်ကြည့်လိုက်သည်။ အသက်လောက်ချစ်ရသူ မောင်မြင့်နောင်း ထံသို့သွားရမည်ကို လွန်စွာစိုးရွံ့ထိတ်လန့်နေသည်။ မောင်မြင့်နောင်းသည် စောသီရိအား မျှော်လင့်ချက်များစွာနှင့် ခေါ်နေပေ၏။

"စော ညီမလေး လာလေ"

"သမီးလေးစော၊ သမီး အစ်ကို ခေါ်နေတာကို သွားလိုက်လေ"

"ဟုတ်ကဲ့ ကြီးကြီးတင်နောင်း"

စောသီရိသည် ခေါင်းတစ်ချက်ညိတ်၍ မောင်မြင့်နောင်းထံ အရဲစွန့်သွားနေပေ၏။ စိုးရိမ်စိတ်များလည်း လွှမ်းမိုးနေပေ၏။ တစ်ချိန်တုန်းက ထိုသို့ မဟုတ်။ မောင်မြင့်နောင်း၏ ရင်ခွင်ထဲ၌ ပျော်ရွှင်ကြည်နူးစွာ စကားများ ပြောနေခဲ့ကြဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ စိုးရိမ်နေရသည်။ စောသီရိသည် မောင်မြင့်နောင်းရှေ့တွင် ယိုင်လိုက်သည်။ မောင်မြင့်နောင်းသည် စောသီရိ၏ မျက်နှာကို ကြည့်လိုက်သည်။

"ညီမလေး ရက်စက်တယ်၊ အစ်ကိုကတော့ မျှော်လိုက်ရတာ နှစ်ပေါင်းဆယ်သန်းမကတော့ဘူးကွာ။ ဒီနေ့ကစပြီး အစ်ကို့ရဲ့အနားမှာပဲ နေတော့နော်။ အမေ့ကို ပြောပြီး လက်ထပ်မယ်နော်။ အဲဒါကို ညီမလေး လက်ခံနော် ညီမလေး"

စောသီရိသည် ခေါင်းလေးကိုသာ မရဲတရဲ ညိတ်နေမိ၏။ တကယ်တော့ မောင်မြင့်နောင်းနှင့် စောသီရိတို့ လက်ထပ်ခါနီးမှာ ပုဏ္ဏဝတီဆိုသည့် မိန်းကလေး ဝင်ရောက်လာသည့်အတွက် မင်္ဂလာပွဲလည်း ရပ်ဆိုင်းသွားရသည်။ စောသီရိသည် ပုဏ္ဏဝတီအား မတွေ့ဖူးပါ။ တွေ့ခဲ့လျှင် သတ်မိမှာ သေချာပေ၏။

"သမီးလေးစော သားလေးကို အခန်းထဲ ခေါ်သွားလေ၊ တူမကြီး ခေါ်သွားလိုက်စမ်းပါ သူ အိပ်တော့မယ်"

"ဟုတ်ကဲ့ပါ၊ အစ်ကို အခန်းထဲကို သွားကြမယ်လေ"

"ညီမလေး လိုက်ပို့ရင် သွားမယ်"

"ဟုတ်ကဲ့ပါ"

မောင်မြင့်နောင်းသည် ပျော်ရွှင်သည့် မျက်နှာနှင့် စောသီရိအား ကြည့်လိုက်သည်။ မောင်မြင့်နောင်းသည် စောသီရိ၏ လက်ကလေးအား တင်းကျပ်စွာ ဆုပ်ကိုင်၍ အခန်းတွင်းသို့





ဝင်လာကြပေ၏။ ၎င်းအခန်းသည် မောင်မြင့်နောင်း၏ အခန်းဖြစ်သည်။ အခန်းတွင်းသို့ ဝင်သွားသည့်အတွက် အားလုံးသည် စိတ်ပျော်ရွှင်အေးချမ်း၍ သွားကြပေတော့၏။

✧ ✧ ✧

## အခန်း(၂)

မောင်မြင့်နောင်းသည် ပုဏ္ဏဝတီအား တမ်းတခြင်းမရှိသလို ခေါ်ပြီး ထွက်ပြေးခြင်းအလုပ်ကိုလည်း မပြုလုပ်တော့သည့်အတွက် စောသီရိနှင့် လက်ထပ်ပေးလိုက်ကြသည်။ မောင်မြင့်နောင်းနှင့် စောသီရိတို့၏ မင်္ဂလာညည့်ခံပွဲအား ကြီးကြီးကျယ်ကျယ် ကျင်းပသည်။ နှစ်ဖက်မိဘများ၏ ချမ်းသာမှုသည် အံ့မခန်းသည့်အတွက် မင်္ဂလာပွဲသို့ ရောက်ရှိလာသူများသည် လွန်စွာများပြားစည်ကားလျက် ရှိနေပေ၏။

မင်္ဂလာပွဲ၌ မောင်မြင့်နောင်းနှင့် စောသီရိတို့သည် လွန်စွာပျော်ရွှင်ကြပေ၏။ ရောက်ရှိလာသူအပေါင်းတို့သည် နေနှင့်လ ရွှေနှင့်မြပဲ ပြောဆိုကြ၊ ချီးကျူးကြနှင့် ပြောမဆုံးပေါင်တောသုံးတောင် ဖြစ်နေပေ၏။ ယခု မောင်မြင့်နောင်း နေကောင်းသွားသည်ကိုပင် ကျေးဇူးတင်ရမည်။

အားလုံးထက် စောသီရိသည် ပို၍ ပျော်ရွှင်နေသည်။ အသက်လောက် ချစ်ရသူနှင့်အတူ ဘဝခရီးကို လျှောက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရသည့်အတွက်ဖြစ်သည်။ မင်္ဂလာကိစ္စ ပြီးသွားပြီးနောက် စောသီရိသည် မောင်မြင့်နောင်းတို့၏ အိမ်၌ လိုက်နေရသည်။ မောင်မြင့်နောင်း၏ မိဘများသည် မောင်မြင့်နောင်းကို စိတ်မချသေးသည့်အတွက် နေရခြင်းသာဖြစ်သည်။

"အမေ ... အမေ ... လုပ်ပါဦး အမေရယ်"

စောသီရိသည် ဒေါ်တင်နောင်းထံ အပြေးရောက်ခဲ့သည်။ ဒေါ်တင်နောင်းလည်း နားမလည်နိုင်စွာ ကြည့်နေမိသည်။ အချိန်သည် နံနက်လင်းစဖြစ်သည်။

"ဟဲ့ ... သမီး ... ဘာဖြစ်တာလဲ"

"အစ်ကို ... အစ်ကို ... မရှိတော့ဘူး အမေ"

"ဟယ် ... ဘုရားခန်းမှာ ကြည့်ပြီးပြီလား"

"တစ်အိမ်လုံး ကြည့်ပြီးပြီအမေ၊ ဘယ်မှာမှ မရှိဘူး"

"ဟဲ့ ... သားကို လိုက်ရှာကြစမ်း"

"ဟုတ်ကဲ့ပါ မေမေကြီး"

အိမ်၌နေထိုင်သူများသည် မောင်မြင့်နောင်းကို လိုက်ရှာကြသည်။ စံအိမ်ကြီး၌ အစောင့်များ ကိုယ်ရံတော် များစွာရှိသည်။

ခြံကြီးသည် လွန်စွာ ကျယ်ဝန်းသလို ကြီးမားသည်။ အပင်များနှင့် တောကြီးတစ်ခုလို ဖြစ်နေသည်။

"ဟဲ့ ... သမီး ... သားလေး အခန်းအပြင်ကို ဘယ်အချိန်က ထွက်သွားတာလဲ"





"မိုးတွေ အရမ်းရွာနေတဲ့ အချိန်မှာပါ အမေ။ အပြင်ကို ခဏထွက်ဦးမယ်လို့ ပြောသွားပါတယ်။ ကျွန်မလည်း ပြန်လာမလားဆိုပြီး စောင့်နေပါသေးတယ်။ စောင့်နေရင်းနဲ့ အိပ်ပျော်သွားတယ်။ အိပ်ရာနိုးတော့ လိုက်ရှာတယ်၊ မတွေ့လို့ အမေ့ကို လာပြောရတာပါ"

"ကိုယ်ကျိုးနည်းပြီနဲ့ တူပါရဲ့ကွယ်"

ဒေါ်တင်နောင်း၏ အသံသည် လွန်စွာကြေကွဲစရာကောင်းနေသည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေပေ၏။

ထို့အတူ စောသီရိလည်း လွန်စွာသောကရောက်နေရသည်။ ညက မိုးများသည်းထန်စွာ ရွာခဲ့သည်။ မိုးမရွာခင်မှာ မောင်မြင့်နောင်းသည် စောသီရိနှင့်အတူ ရှိနေခဲ့သည်။ သူတို့သည် ပျော်ရွှင်စွာ စကားပြောနေခဲ့ကြသည်။ အချိန်နှောင်းချိန်၌ မိုးများနှင့်အတူ လေများ ရက်စက်စွာ တိုက်ခတ်ခဲ့သည်။

အချိန်၌ မောင်မြင့်နောင်း အပြင်သို့ ခဏထွက်ခွင့်တောင်းပြီး ထွက်သွားလေသည်။ မောင်မြင့်နောင်း အပြင်သို့ ထွက်မသွားခင်အချိန် စောသီရိသည် မောင်မြင့်နောင်းကို ဆေးတိုက်သည်။ စောသီရိသည် လက်မထပ်ခင်မှ လက်ထပ်ပြီးသည်အထိ ဂရုတစိုက် ဆေးများ တိုက်လျက်ရှိသည်။ ယခု မောင်မြင့်နောင်း စံအိမ်မှာ မရှိတော့ဘူးဆိုသည့်အတွက် ယူကျုံးမရ ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်လောက်ချစ်ရသူနှင့် လောက၌ အတူနေရခြင်းသည် ဘယ်လို အရာများနှင့်မျှ အစားထိုးမရဘူးဟု ထင်နေသလို ချစ်တဲ့သူနှင့် ကွေကွင်းရခြင်းသည် အသက်ရှင်လျက်နှင့် သေနေသည်ဟု ထင်မှတ်ရသည်။

ယခု စောသီရိ၏ ဘဝသည် ထိုကဲ့သို့ ဖြစ်နေပေ၏။ အသက်လောက် ချစ်ရသူသည် မည်သည့်နေရာသို့ ရောက်ရှိနေလဲ။ ဘာဖြစ်နေလဲ။ ဘယ်သူတွေက ဒုက္ခပေး၍ ဒုက္ခရောက်နေပြီလား စသည့်အတွေးပေါင်းများစွာနှင့်အတူ သောကမျက်ရည် ပင်လယ်ပြင်၌ ကြေကွဲစွာ ကူးခတ်နေရပေတော့၏။

✧ ✧ ✧

## အခန်း(၃)

ထိုနေ့ ...

မောင်မြင့်နောင်း ပျောက်သွားသည်မှာ သုံးလတင်းတင်းပြည့်သည့်နေ့ ...

မောင်မြင့်နောင်းအား လိုက်ရှာနေဆဲဖြစ်သလို သတင်းများလည်း စုံစမ်းလျက်ရှိရာ မောင်မြင့်နောင်းကို ဟိုရွာမှာ တွေ့သလို ဒီရွာမှာတွေ့သလိုနှင့် နောက်ဆုံး၌ သတင်းအစအနပင် ပျောက်သွားသည်။ မောင်မြင့်နောင်းအတွက်နှင့် မိဘညီအစ်ကိုမောင်နှမများ သောကရောက်ကြေကွဲသလို မိခင်နှင့် ဇနီးတို့သည်လည်း အရူးတစ်ပိုင်း ဖြစ်နေကြပေ၏။





"ကြီးကြီးမေ ... ကြီးကြီးမေ"

လူလတ်တစ်ယောက်သည် အသံကုန်ခေါ်၍ ပြေးတက်လာသည်။ ဒေါ်တင်နှောင်းသည် ပြေးတက်လာသူကို ကြည့်လိုက်သည်။

"ဟဲ့ ... မောင်ခင်မောင် အရေးတကြီး"

"ဟုတ်တယ် ကြီးကြီးမေ၊ အစ်ကိုမြင့်နောင်းကို မြတ်လေးရုံစေတီနားမှာ အဘိုးကြီးတစ်ယောက်နဲ့အတူ တွေ့တယ်လို့ ပြောတယ်"

"ဟော ... ဟုတ်လား၊ ဘယ်တုန်းက တွေ့တာလဲ"

"မနေ့ညက တွေ့တယ်လို့ အဗျားရွာက ဦးဘသန်းပြောတယ်"

"ဟုတ်လား၊ အဲဒါဆို မောင်ခင်မောင် အခုပဲ အောင်မောင်းတို့ ချစ်မြိုင်တို့ကို ခေါ်သွား။ သူတို့က နေရာဒေသ ကျွမ်းကျင်တယ်"

"ဟုတ်ကဲ့ ကြီးကြီးမေ"

ဒေါ်တင်နှောင်းသည် သား၏ သတင်းစကားအား ကြားလိုက်သည့်အတွက် ရင်၌ ခံစားနေရသည့် ဝေဒနာများ ချက်ချင်း ပျောက်သွားသလို ထင်နေမိ၏။ ထိုအချိန်၌ စောသီရိသည် ဒေါ်တင်နှောင်း၏ အနီးသို့ ရောက်ရှိလာသည်။

ဒေါ်တင်နှောင်းသည် မောင်မြင့်နောင်းအား မြတ်လေးရုံစေတီ၌ တွေ့ရှိခဲ့ကြောင်း ပြောလိုက်ရာ စောသီရိသည် ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ချင်သည့်စိတ်များ တဖွားဖွား ထွက်ပေါ်လာသည်။ မောင်မြင့်နောင်းအား ပြန်လည်တွေ့ပါစေဟု ဆုတောင်းနေမိသည်။ မှန်ပေသည်။

စောသီရိသည် မောင်မြင့်နောင်းအတွက် စိတ်သောက ရောက်နေသလို ဗေဒနက္ခတ်ပညာရှင်တွေ ခေါ်၍ မောင်မြင့်နောင်း အကြောင်း ဗေဒင်မေးခြင်း၊ ယတြာချေခြင်း၊ ဘုရား၌ ဆွမ်းကပ် ဆုတောင်းခြင်းနှင့် အနားယူသည့်အချိန် မရှိအောင် ဖြစ်နေပေ၏။ ၎င်းကောင်းမှုကုသိုလ်တွေကြောင့် မောင်မြင့်နောင့်၏ သတင်းအား ကြားရသည်ဟု ထင်နေတော့၏။

✧ ✧ ✧

## အခန်း(၄)

စန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးလျက် ရှိနေပေ၏။ တစ်နေ့တာ တာဝန်ယူထားသည့် သူရိန်နေမင်းကြီး သည် အနောက်အရပ်၌ ပျောက်ကွယ်သွားပြီ ဖြစ်သည့်အတွက် အမှောင်ထုများသည် ဆက်လက်တာဝန် ယူနေပေ၏။ လဆုတ် ရက်ဖြစ်သည်။ အေးမြသည့် လစန္ဒာသည် ဘယ်အရပ်၌ ခရီးလွန်နေ သည်ကို မသိသလို ကောင်းကင်ယံ၌ ကြယ်တာရာများ မှိတ်တုတ် မှိတ်တုတ်နှင့် ကမ္ဘာလောကကြီးအား မျက်စပစ်နောက်ပြောင် ကျီစယ်နေ၏။





ထိုအချိန်၌ လူသားနှစ်ဦးသည် အရာအားလုံး ဆန့်ကျင်လျက် ခရီးဆက်နေသည်။ ထိုသူတို့မှာ မောင်မြင့်နောင်း နှင့် အသက်ခုနစ်ဆယ်ကျော် အဘိုးအိုတစ်ဦးဖြစ်သည်။ အဘိုး ဆိုသည် အရပ်မြင့်မြင့် အသားဖြူဖြူ အညိုရောင် ဝတ်စုံနှင့်အတူ လွယ်အိတ်ကြီးတစ်လုံး လွယ်ထားသည်။ တောင်ဝှေးတစ်ချောင်း အား အားပြု၍ လမ်းလျှောက်နေသည်။ ဖြူဆွတ်နေသည့် ဆံပင် များအား ထုံးနှောင်ထားသလို ရှည်လျားသည့် မုတ်ဆိတ်များလည်း တွဲကျနေပေ၏။ ၎င်းည၏ ဖြစ်ရပ်အား တင်ပြရလျှင် မိုးများ သည်းထန်စွာ ရွာနေသည်။ စိတ်ထဲ၌ လူတစ်ယောက် လာခေါ် နေ၏။ လာခေါ်သူမှာ ပုဏ္ဏဝတီဖြစ်သည်။ ထို့ကြောင့် စံအိမ် အပေါ်ထပ်မှ ဆင်း၍ အပြင်သို့ ထွက်လာခဲ့ပါသည်။

မောင်မြင့်နောင်း အိမ်မှ ထွက်လာသည့်ညမှာ အဘိုး အိုသည် အိမ်ရှေ့၌ ရောက်ရှိနေသည်။

"အဘိုးနာမည် သီလပါ။ သားတော်လေးကို လာခေါ်တာ၊ သမီးလေး ပုဏ္ဏဝတီဆီ သွားဖို့ပါပဲ"

"ဗျာ ... ပုဏ္ဏဝတီ"

"ဟုတ်ပေသားကွယ့်၊ မြေးတော်လေး ပုဏ္ဏဝတီဟာ မြေး တော်လေး ကုဏ္ဍလကို စောင့်နေသလားကွယ့်၊ အဘိုးနဲ့ သာ လိုက်ခဲ့ပေတော့"

မောင်မြင့်နောင်အား ပထမဦးစွာ တမာတကေစေတီ တော်ဆီ ခေါ်သွားပြီး အဇ္ဇာရွာဦးထိပ်မှ ဆုတောင်းပြည့် စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်သွားသည်။ ထို့နောက် ကန်ညီနောင်ကုန်းပေါ်က စံပယ်ရုံစေတီတော်မှတစ်ဆင့် မြတ်လေးရုံစေတီတော်ဆီသို့ ဆက်လက်ခေါ်သွားသည်။

မြတ်လေးရုံစေတီတော်၌ တစ်ညအနားယူပြီးနောက် ခရီးဆက်ခဲ့ကြသည်။

အဘိုးသီလ ခေါ်ခဲ့သည့်အတွက် မောင်မြင့်နောင်းလိုက်လာခဲ့ပေ၏။ စိတ်ထဲ၌ ပုဏ္ဏဝတီကို တွေ့လိုစိတ်များ လွှမ်းမိုးလျက် ရှိနေပေသည်။ ယခုတော့ မောင်မြင့်နောင်းနှင့် အဘိုးသီလတို့သည် ရွာများအား ဖြတ်ကျော်၊ တောများ တောင်များအထပ်ထပ် ကျော်ဖြတ်နေကြပေ၏။

ထိုသို့ ကျော်ဖြတ်ရာ၌ မောင်မြင့်နောင်းအတွက် အထိတ်တလန့် ကြောက်ရွံ့စရာများနှင့် ကြုံတွေ့သည်။ မောင်မြင့်နောင်းနှင့် အဘိုးသီလတို့ မြတ်လေးရုံစေတီတော်၌ တရားထိုင်နေချိန် ကြီးမားသည့် မြွေဟောက်ကြီးတစ်ကောင် ရောက်ရှိလာသည်။ ၎င်း မြွေဟောက်ကြီးသည် မောင်မြင့်နောင်း၏ ကျောပေါ်မှာ တက်၍ ဦးခေါင်းကြီးသည် ရင်ဝ၌ တွဲလောင်းကြီး လုပ်ထားသည်။

မောင်မြင့်နောင်းသည် မှိတ်ထားသည့် မျက်လုံးအားဖွင့်ကြည့်လိုက်သည်။ ရုတ်တရက် တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် အံထိတ်တလန့် ထ၍ အော်ဟစ်လိုက်သည်။ ၎င်းအော်ဟစ်သံသည် ဝန်းကျင်သို့ လွှမ်းမိုးသွားလေ၏။





၎င်းကိစ္စနှင့် ပတ်သက်၍ မောင်မြင့်နောင်းသည် နောက်ထပ် တရားထိုင်ရန် ဝန်လေးနေသည်။ နောက်ထပ် တရားထိုင်ရန် ပြေးလာမည်ကို စိုးထိတ်ကြောက်ရွံ့လျက် ရှိနေ၏။ ထို့အတွက် နောက်ထပ် တရားမထိုင်ခိုင်းရန် အဘိုးသီလအား တောင်းပန်စကားပြောနေပေ၏။

"ဘာလို့ ဒီလောက်စိုးရွံ့နေရတာလဲ မြေးတော်လေး။ ဒီအချိန်ဟာ လွန်စွာအရေးကြီးနေပြီ၊ အခု အဘိုးတို့ သွားနေရတဲ့လမ်းခရီးက လွန်စွာကြမ်းတမ်းနေတယ်။ အန္တရာယ်တွေ ပေါများတယ်။ အသက်သေနိုင်သလို အထိတ်တလန့်လည်း ဖြစ်နိုင်တယ်။ တရားထိုင်တဲ့အတွက်ကြောင့် စိတ်ကိုတည်ငြိမ်မှု ရှိစေတယ်။ သူတော်စင်သူတော်ကောင်းတွေစောင့်ရှောက်တယ်။ အန္တရာယ်အပေါင်းကို ကျော်လွှားနိုင်တယ်။ အဲဒါ ဗုဒ္ဓရဲ့ တန်ခိုးတော်တွေကြောင့်ပဲ မြေးတော်လေး။ အဲဒါကြောင့် အဘိုးက မြေးတော်လေးကို အခုလိုဘာသာရေးလုပ်ခိုင်းနေရတာ။ နောက်ပြီး ဂါထာတစ်ပုဒ်လည်း ပေးရဦးမယ်"

အဘိုးသီလသည် မောင်မြင့်နောင်းအား သားအရင်းတစ်ယောက်ကဲ့သို့ ချစ်ခင်သည်။ ပြုစုဂရုစိုက်သည်။ မောင်မြင့်နောင်းအတွက် အစစအရာရာမှာ တာဝန်ယူနေသည်။ သူတို့သည် တောတစ်ခုကို ကျော်ဖြတ်ပြီး တောင်ကြီးတစ်ခုနားသို့ ရောက်ရှိမဲ့သည်။ တောင်ကြီးသည် လွန်စွာမြင့်မားလွန်း၍ တောင်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်၌ မည်သို့သော အရာများရှိမည်ဆိုတာကို မတွေးတတ်သော်လည်း မောင်မြင့်နောင်းသည် ထိုနေရာအား ရောက်ဖူးနေသလို ထင်နေမိသည်။

ခြေလှမ်းများလည်း နှေးကွေးနေသလို ရှေ့ဆက်ရန် ဆန္ဒလည်းမရှိအောင် ဖြစ်နေလေတော့၏။ ထိုအတွက်ကြောင့် အဘိုးသိလ၏ မျက်နှာအား တစ်ချက်ကြည့်မိ၏။

"မြေးတော်လေး ပင်ပန်းလောက်ပြီ၊ ဒီညတော့ တောင်ခြေမှာ ခေတ္တ အနားယူကြရအောင်"

အဘိုးအို၏ စကားကြောင့် လွန်စွာ ကျေနပ်မိသည်။ အဘိုးအိုသည် ထိုစကား..အား မပြောပါလျှင် မောင်မြင့်နောင်းသည် ပြောရန်စိတ်ကူးမိသည်။ ယခု ထိုတောင်၌ တစ်ညတာ အနားယူမည်ဆိုလာ၍ နားနေရန် ဂူ သို့မဟုတ် ကြီးမားသည့် သစ်ပင်ကြီးအား ရှာဖို့ စိတ်ကူးမိသည်။

"ကောင်းပါတယ် အဘိုး၊ ကျုပ်လည်း နားချင်နေပါတယ်"

"ကောင်းပြီ၊ ရှေ့နားမှာ ကျောက်ဂူရှိနိုင်တယ်၊ သွားကြစို့ မြေးတော်လေး"

အဘိုးအို ရှေ့မှ ထွက်သွားပေ၏။ မောင်မြင့်နောင်းသည် အဘိုးအိုအား မီအောင် လိုက်နေရပေ၏။ ထိုခရီးလမ်းအား လျှောက်လှမ်းရသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ အသက်လောက် ချစ်ရသူ ပုဏ္ဏဝတီအား တွေ့လိုစိတ်များနှင့်သာ လိုက်လာခဲ့ရပေမဲ့ လွန်စွာပင်ပန်းလျက်ရှိနေသည်။





အဘိုးအို၏ နောက်မှ လိုက်လာရင်း တစ်ခါတစ်ရံ ချော်လဲသည်။ အဘိုးအိုသည် ခပ်လှမ်းလှမ်းအရောက်တွင် ရပ်နေသည်။

မောင်မြင့်နောင်းသည် အဘိုးအို၏ အနားသို့ ရောက်ရှိသွားပေ၏။

"ဒီကျောက်ဂူအတွင်းမှာ ဒီတစ်ည အနားယူကြတာပေါ့ကွယ်"

မောင်မြင့်နောင်းသည် အဘိုးအိုပြသည့် ကျောက်ဂူအား ကြည့်လိုက်သည်။ ကျောက်ဂူ၏အဝ၌ ချုံနွယ်များ တွဲလောင်းခို၍ ကျနေပေ၏။

"ကဲ ... ဂူထဲ ဝင်ကြစို့"

အဘိုးအိုသည် ကျောက်ဂူအတွင်းသို့ ဝင်လိုက်သည်။ ဂူအတွင်း၌ မည်းမှောင်လျက်ရှိသည်။ လူတစ်ရပ်မက မြင့်သည်။ အဘိုးအိုသည် ပါလာသည့် ကညာဆီဖြင့် မီးထွန်းလိုက်သည်။

"ဝှစ် ... ဝှစ်"

"ကီး ... ကီး"

"အမယ်လေး သေပါပြီဗျ"

အထိတ်တလန့် အော်ဟစ်သည့်အသံသည် ဝန်းကျင်ဟစ်ခုလုံး ဆူညံသွားသည်။ ထိုင်လိုက်မိသည်။ ဂူအတွင်း၌ တောင်ပံခတ်သံများ အော်ဟစ်ထွက်ပြေးသံများ ဆူညံသွားပေ၏။ လူသူမနေသည်မှာ နှစ်အတန်ကြာနေပြီဖြစ်သည့်အတွက် ငှက်



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းနှင့် တောရိုင်းတိရစ္ဆာန်များ အလန့်တကြား ထွက်ပြေးကြခြင်းဖြစ်သည်။

"ဘာမှ မဖြစ်ပါဘူး မြေးတော်လေး"

အဘိုးအို စကားသည် အားပေးနေပေမဲ့ စိုးရိမ်ကြောက်ရွံ့မှုများသည် စိတ်ကို ညှိုးငယ်စေတော့၏။

ကျောက်ဂူကြီးအတွင်း၌ တိရစ္ဆာန်များ၏ ချေးများ၊ အသိုက်များ၊ အမှိုက်များနှင့် ရှုပ်ပွလျက်ရှိနေသည်။ အဘိုးအိုနှင့်အတူ မောင်မြင့်နောင်သည် ၎င်းအရာများအား ရှင်းနေပေတော့သည်။

"ကဲ ... မြေးတော်လေး၊ ထိုင်လေကွယ်၊ အဘိုးကတော့ ဒီကျောက်ဂူထဲကိုရောက်ရင် ဟိုးလွန်ခဲ့တဲ့နှစ်တွေကို သတိရပြီး လွန်စွာ ကြေကွဲမိပေသားကွယ်"

ထိုသို့ ပြောပြီး အဘိုးသည် ထိုင်လိုက်သည်။ မောင်မြင့်နောင်းလည်း လိုက်ထိုင်ပေ၏။

"ကျုပ်လည်း အဲဒီလိုပဲ ခံစားနေရတယ် အဘိုး။ ဘယ်အရာကို ခံစားနေမှန်းမသိအောင်ပါပဲ"

အဘိုးအိုသည် မောင်မြင့်နောင်းအား တစ်ချက်ကြည့်လိုက်သည်။ ထိုအကြည့်သည် ကြေကွဲမှုများ လွှမ်းမိုးလျက် ရှိနေပေ၏။

"ခံစားစရာထက် ကြေကွဲစရာကောင်းတာလား မြေးတော်လေးရာ၊ လွန်ခဲ့တဲ့ နှစ်အတန်ကြာကပေါ့ အဲဒီနေ့ကလို့ပဲ





စရမှာပေါ့ မြေးတော်လေးရယ်၊ အဘိုးဟာ မြေးတော်လေးရဲ့ အထိန်းတော်အဖြစ်နဲ့ လိုက်လာခဲ့တယ် ဆိုပါတော့၊ မြေးတော်လေးရဲ့ နာမည်က 'ကုဏ္ဍာလ' ဒွတ္တာမိုင်းမြို့တော်ရဲ့ အရှင်သခင်လေးပေါ့။ အရှင်ကုဏ္ဍာလဟာ လူမှုရေး၊ စီးပွားရေးမှာ လွန်စွာတော်သူတစ်ယောက်ပါ။ ဒွတ္တာမိုင်းမြို့တော်နဲ့ တခြားမြို့တော်တွေတစ်ဝိုက် လွန်စွာ နာမည်ကြီးသူတစ်ယောက်ပါ။ ကုဏ္ဍာလအရှင်လေးကို လေးစားရိုသေသူတွေ လွန်စွာပေါများပေသားကွယ်။ ဒီကျောက်ဖြူရွာ အမည်က 'ရတ္တဂူဖြူ'တဲ့ မြေးတော်လေးရဲ့"

အဘိုးအို၏ စကားကြောင့် မောင်မြင့်နောင်း လွန်စွာ ကြေကွဲသလို တစ်ချိန်တုန်းက ကုဏ္ဍာလ ဘဝကို သတိရသလို ဖြစ်နေပေ၏။

ကုဏ္ဍာလအရှင်သည် ဒွတ္တာမိုင်းမြို့၏ အရှင်တစ်ယောက် ဖြစ်ခဲ့သည်ဆိုတာ ဟုတ်မှန်ကြောင်း စိတ်ထဲ၌ တွေးနေမိသလို ချစ်သူ ပုဏ္ဏဝတီအား သတိရလာ၏။ ရတ္တဂူဖြူသည် ချစ်ရသူ ပုဏ္ဏဝတီထံ သွားရောက်တွေ့ဆုံသည့်အခါ ခေတ္တအနားယူသည့် နေရာဖြစ်သည်။

မောင်မြင့်နောင်းသည် အဘိုးကို ကြည့်လိုက်သည်။

"အဘိုး ကျုပ်ရဲ့ အကြောင်းကို အဲဒီလောက်အထိ သိနေတယ်ဆိုတော့ ဘယ်လိုအတွက်ကြောင့်လဲ။ အဲဒါကို ကျုပ်သဘောမပေါက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးက ကုဏ္ဍလအရှင်ရဲ့ ဦးရီးတော်လည်း ဖြစ်သလို အထိန်းတော်လည်း ဖြစ်တယ်။ ပုဏ္ဏဝတီမင်းသမီးဟာ ကုဏ္ဍလနဲ့ ပတ်သက်ပြီး နာကြည်းမှုတွေ ဖြစ်ခဲ့တယ်၊ အဲဒီအချိန်မှာ တိဿရဟန်းတော် ဆွမ်းခံကြွလာတယ်။ ပုဏ္ဏဝတီဟာ တိဿရဟန်းတော်ကို ဆွမ်းအဟာရ လှူဒါန်းပြီး ဆုတောင်းတယ်။ ပုဏ္ဏဝတီရဲ့ ဆုတောင်းက ပြည့်သွားတယ် ဆိုပါတော့။ အဲဒီအတွက် အဘိုးဟာ ကုဏ္ဍလနဲ့ ပုဏ္ဏဝတီတို့အတွက် ပေါင်းစည်းပေးဖို့ တာဝန်ရှိသလို အဘိုးဟာ ကုဏ္ဍလအရှင်ကို လိုက်ရှာရတာ သုံးဘဝမြောက် ခဲ့ပြီကွယ်။ ယခင်ဘဝများစွာက ကုဏ္ဍလအရှင်ကို မတွေ့ခဲ့ဘူး။ တွေ့တဲ့အချိန်မှာ လူ့လောကကြီးကို ကျော်ခိုင်းပြီး ထွက်သွားပြီ။ အခု ကုဏ္ဍလအရှင်ကို တွေ့ရတော့ အဘိုးရဲ့ တာဝန်ကျေပြီလို့ ပြောရမယ် အရှင့်သားရယ်"

အဘိုးအိုသည် ထိုသို့ပြောပြီး မျက်ရည်များ ယိုစီးကျလာတော့သည်။ စကားပြောရင်းနှင့် ညဥ့်နက်လာပေတော့၏။

အဘိုးအိုသည် မောင်မြင့်နောင်းတစ်ဖြစ်လဲ ကုဏ္ဍလအရှင်၏ ဘဝဟောင်းမှ ဖြစ်ရပ်များအား ပြောပြနေရင်းနှင့် ညဥ့်နက်လာသည့်အတွက် အနားယူရန် ပြောကြပေ၏။

✧ ✧ ✧





## အခန်း(၅)

ထိုအချိန်တွင် ထူးခြားသည့် မြင်ကွင်းတစ်ခု ထွက်ပေါ်လာသည်။

မောင်မြင့်နောင်းသည် မြင်ကွင်းအား သေချာစိုက်ကြည့်နေ၏။

အဖြူရောင်ဝတ်စုံနှင့် အသက်နှစ်ဆယ်ခန့် မိန်းကလေးတစ်ယောက် ဖြူဝင်းညက်ညောသည့် အသားအရေ၊ ပြည့်တင်းသည့်ကိုယ်လုံး၊ နက်မှောင်သည့် ကေသာတို့ တွဲကျလျက်ရှိသည်။ မိန်းကလေးသည် သာယာသည့် အသံလေးနှင့် ခေါ်လိုက်သည်။

"မောင်တော်ကုဏ္ဍလ၊ နှမတော် ပုဏ္ဏဝတီ ရောက်လာပြီလေ။ မောင်တော့်ကို နှမတော် လာကြိုတာ"

ပုဏ္ဏဝတီ အသံအား ကြားလိုက်သည့်အချိန်၌ ကုဏ္ဍလသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။ ကုဏ္ဍလသည် ပုဏ္ဏဝတီအနားသို့ တိုးကပ်သွား၏။ နှစ်ယောက်သား အတူကြာအောင် ကြည့်နေမိကြသည်။

"နှမတော် ပုဏ္ဏဝတီ"

"မောင်တော် ကုဏ္ဍလ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကြင်နာမှုများနှင့် ပွေ့ဖက်လိုက်ကြ၏။ ရင်၌ ကိန်းအောင်းနေသည့် အချစ်များ ပွင့်ထွက်လာ၏။ နှစ်အတန်ကြာ ကွဲကွာနေသည့် ချစ်သူနှစ်ဦး ပြန်လည်ဆုံတွေ့ရသည့်အတွက် ပျော်ရွှင်နေကြသည်။

"မောင်တော် နှမတော် ပုဏ္ဏာဝတီနဲ့ လိုက်ခဲ့တော့နော်၊ လိုက်မယ် မဟုတ်လား"

"နှမတော်ဆီကို လာတာပဲ လိုက်ခဲ့မှာပါ။ ဒီတစ်ခါတော့ နှမတော်နဲ့ မခွဲတော့ဘူး၊ နှမတော် ပုဏ္ဏာဝတီရယ်"

"နှမတော် ပဏ္ဏာဝတီလည်း မောင်တော် ကုဏ္ဍာလနဲ့ မခွဲတော့ပါဘူး မောင်တော်ရယ်"

ကုဏ္ဍာလနှင့် ပုဏ္ဏာဝတီတို့သည် တစ်ဦးနှင့်တစ်ဦး လက်များအား ဆုပ်ကိုင်၍ ထွက်ခွာသွားကြသည်။ သို့တို့၏ အနောက်၌ များစွာသော ရဲမက်များ အောင်လံလွှင့်ထူ၍ လိုက်ပါလာကြသည်။

သူတို့နှစ်ယောက်၏ ရှေ့၌ သူရဲကောင်း ခြောက်ယောက်သည် မြင်းများကို စီး၍ ဝင်းလက်သည့် လှံ၊ ဓားများ မြှောက်ကိုင်၍ ရှေ့တော်ပြေး ထွက်သွားကြ၏။ ဘေးနှစ်ဖက်မှာ အနီးကပ် အစောင့်များမှာ လိုက်ပါလာကြသည်။

ရှေ့တန်းတစ်နေရာ၌ တိုက်ပွဲဆင်နွှဲပြီး အောင်ပွဲများနှင့် ပြန်လာသည့် ပုံစံအလား ထင်ရသည်။ နွေရာသီဖြစ်သည့်အတွက် မြေမှုန်များ အလိပ်လိုက် ထလျက်ရှိနေသည်။





ထိုအချိန်၌ မောင်တော်ကုဏ္ဍာလနှင့် နှမတော် ပုဏ္ဏာဝတီတို့၏ မျက်နှာများသည် လနှစ်စင်းကဲ့သို့ ဝင်းပကြည်လင်နေကြသည်။

သူတို့သည် စကားပြော၍ လမ်းလျှောက်နေကြသည်။ တောတောင် လျှိုမြောင်နှင့် ကန္တာရများအား ကျော်ဖြတ်နေကြရင်းနှင့် ခပ်ဝေးဝေး၌ ရွာကြီးတစ်ရွာကို တွေ့နေရသည်။ ရွာကြီးသည် ကြီးမားသည့် အပင်ကြီးများနှင့် အုံ့ဆိုင်းလျက်ရှိနေသည်။ ရွာ၏ အနောက်ဘက်၌ ကြီးမားသည့် မြစ်ကြီးတစ်ခုရှိ၏။ မြစ်၏ ကမ်းနဖူးတွင် တောင်မြင့်ကြီးများ ရှိနေပေ၏။

မောင်တော်ကုဏ္ဍာလနှင့် နှမတော် ပုဏ္ဏာဝတီတို့သည် ရှေ့ပြေးသူရဲကောင်းများ၏ အနောက်မှ လိုက်လာခဲ့ကြရာ မကြာမီ ရွာကြီးတစ်ရွာသို့ ရောက်ရှိသည်။

"ဒီတောင်ကုန်းလေးကို မှတ်မိလား မောင်တော်"

"မှတ်မိတာပေါ့ ပုဏ္ဏာဝတီရယ်၊ နှမတော် ပုဏ္ဏာဝတီ ပင်ပန်းလွန်း၍ အနားယူတဲ့ နေရာပေါ့။ နှမတော် စားချင်တယ်ဆိုလို့ မောင်တော် သရက်သီး ခူးကျွေးသေးတယ်လေ၊ ဟိုမှာ တွေ့နေရတဲ့ သရက်ပင်ကြီးပေါ့"

"မောင်တော် ကုဏ္ဍာလ မှတ်မိတယ်နော်"

"မှတ်မိတာပေါ့ နှမတော်၊ ဟိုတောင်ထိပ်ပေါ်မှာ စေတီတစ်ဆူတွေ့လား၊ အဲဒီစေတီတော်ရဲ့ ဌာပနာကို ကဿပဘုရားရှင်နဲ့ ဂေါတမဘုရားရှင်ရဲ့ သက်န်းတော်ကို ထည့်



www.burmeseclassic.com

www.burmeseclassic.com



ထားတတ်လေ၊ အဲဒါကို နမတော်ပုဏ္ဏဝတီ ပြောပြခဲ့တယ် မဟုတ်လား၊ အဲဒီ စေတီတော်ကို ရွှေသက်န်းမြသပိတ် စေတီတော်လို့ခေါ်တယ်။ စေတီတော်ရဲ့ တနင်္ဂနွေထောင့်မှာ ဆုတောင်းခဲ့ကြသေးတယ်လေ"

"မောင်တော်က အလွန်တော်တယ်"

ထိုသို့ ပြောပြီးနောက် ခရီးဆက်ကြသည်။ ခရီးဆက်ရင်းနှင့် မြစ်အနီးသို့ ရောက်ရှိကြ၏။ ရွာကို သွားရာတွင် ချောင်းစပ်မှာ သွားရသည်။

တခြားနေရာမှ သွားလျှင် အဆင်မပြေနိုင်သလို အခက်အခဲများ ရှိနေပေ၏။

၎င်းတို့သည် သွားရင်းမှ မြစ်ကမ်းနဖူးရှိ ကြီးမားသည့် တောင်ပေါ်သို့ ရောက်ရှိခဲ့ပေ၏။

"မောင်တော် ဟိုချောင်းတစ်ဖက်ရဲ့ တောင်ထိပ်က စေတီလေးကို မှတ်မိလားဟင်"

"မှတ်မိတာပေါ့ နမတော်ပုဏ္ဏဝတီ၊ အဲဒီစေတီကို နောင်တော်ကြီးစေတီလို့ ခေါ်တယ်လေ၊ ရွှေသက်န်းမြသပိတ်တော်ကို ညီတော်ကဏ္ဏသုခ တည်ပြီး ချောင်းတစ်ဖက်က စေတီတော်ကို နောင်တော် ကဏ္ဏကောစက တည်ခဲ့တယ်လေ နမတော် ပုဏ္ဏဝတီ"

"စေတီတော်နှစ်ဆူမှာ ထူးခြားမှုရှိတယ်၊ အဲဒါ ဘာလဲသိလား မောင်တော် ကုဏ္ဍလ"



"သိပါတယ် နမတော်၊ ကဏ္ဏကောစနဲ့ ကဏ္ဏသုခ ညီနောင်ဟာ မျက်နှာချင်းဆိုင်လို့မရတဲ့ ညီနောင်နှစ်ယောက်ပေါ့၊ အဲဒါကလည်း တခြားကြောင့် မဟုတ်ဘူး၊ ဘဒ္ဒကဥ္စနာ မင်းသမီးကို အပြိုင်ချစ်ခင်နေကြတယ်၊ နောက်ဆုံးတော့ ဘဒ္ဒကဥ္စနာဟာ ညီအစ်ကို နှစ်ယောက်ကြားမှာ သောကများစွာနဲ့ သေပွဲဝင်ခဲ့ရတယ် နမတော်ပုဏ္ဏဝတီ။ ဘဒ္ဒကဥ္စနာကို လွမ်းဆွတ်တဲ့အနေနဲ့ ညီတော် ကဏ္ဏသုခက ဘဒ္ဒကဥ္စနာရဲ့ အလောင်း မြေချတဲ့ ဟို ကိတ္တိတောင်ထိပ်ပေါ်မှာ ရွှေရင်ဖျော်အမည်နဲ့ စေတီတစ်ဆူ တည်ထားတယ် နမတော် ပုဏ္ဏဝတီ"

"နမတော် ပုဏ္ဏဝတီလည်း အစ်မတော် ဘဒ္ဒကဥ္စနာလို ဖြစ်မှာ ကြောက်တယ်။ ကိုယ်ချစ်ရတဲ့သူ တစ်ဖက်သား လက်ထဲကို အရောက်မခံချင်ဘူး မောင်တော် ကုဏ္ဍလ။ မီးတကာ့မီးထဲမှာ အဲဒီမီးက အပူဆုံးပဲ မောင်တော်။ မောင်တော် ကုဏ္ဍလကို တခြားလူလက်ထဲတော့ အရောက် မခံနိုင်ဘူး၊ အဲဒီအတွက်"

ပုဏ္ဏဝတီသည် စကားစအား ဖြတ်၍ မောင်တော် ကုဏ္ဍလအား ကြင်နာမှုအပြည့်နှင့် ကြည့်နေ၏။

"အား ... အမယ်လေး ... သေပါပြီဗျာ"

ထွက်ပေါ်လာသည့် အသံသည် ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"မြေးတော်လေး ... မြေးတော်လေး"

အဘိုးအိုသည် မောင်မြင့်နောင်းအား အထိတ်တလန့် ခေါ်လိုက်သည်။ မောင်မြင့်နောင်းသည် မျက်လုံးမှိတ်၍ အော်ဟစ်နေ၏။ အဘိုးအို၏ ရုတ်တရက် နှိုးလိုက်သည့်အတွက် မောင်မြင့်နောင်း ထထိုင်လိုက်သည်။

ကြောက်စိတ်များ လွှမ်းမိုးနေသည့် အတွက်ကြောင့် တစ်ကိုယ်လုံး ချွေးများ ရွှဲရွှဲစိုနေ၏။

"မြေးတော်လေး ဘာဖြစ်တာလဲ"

"ပုဏ္ဏာဝတီ ... ပုဏ္ဏာဝတီ ရက်စက်တယ်၊ ရက်စက်တယ်"

"ဘာကို ရက်စက်တာလဲ မြေးတော်လေး"

မောင်မြင့်နောင်းသည် အဘိုးအိုအား တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် မောင်မြင့်နောင်းသည် ပုဏ္ဏာဝတီနှင့် တွေ့ကြုံခဲ့ရသည့် အကြောင်းများအား ပြောပြလျက်ရှိနေပေ၏။ ထိုသို့ ပြောပြနေချိန်၌ အဘိုးအိုသည် ပျော်ရွှင်ကြည်နူးလျက်ရှိသလို ပုဏ္ဏာဝတီ အမှန်တကယ် လာရောက်တွေ့ဆုံလိမ့်မည်ဟု ထင်နေသည်။

"အဲဒီအချိန်မှာ ပုဏ္ဏာဝတီဟာ ကျုပ်ကို တောင်ထိပ်ပေါ်က နေပြီး တွန်းချလိုက်တယ် အဘိုး၊ ပြီးတော့ အားရပါးရ ရယ်မောပြီး ထွက်သွားတယ်ဗျာ။ ပုဏ္ဏာဝတီ ရက်စက်တယ် ဗျာ၊ ကျုပ်ကတော့ ပုဏ္ဏာဝတီနဲ့သည့် တွေ့လို့ ပျော်နေ တာဗျာ။ အခုတော့ ..."





အဘိုးအိုသည် အားပေးစကားပြောနေပေမဲ့ သူ့အိပ် မက်သည်လည်း မောင်မြင့်နောင်း ပြောသည့် အိပ်မက်အတိုင်း တစ်ထပ်တည်းဖြစ်နေ၏။ ပုဏ္ဏာဝတီနှင့် မောင်မြင့်နောင်းတို့၏ ဘေး၌ အဘိုးအိုသည် အထိန်းတော်အဖြစ်နှင့် လိုက်ပါလာသည်။ မောင်မြင့်နောင်းအား မြစ်ထဲသို့ တွန်းချလိုက်သည်ကို အထင်းသား မြင်နေရသည်။ မောင်မြင့်နောင်း၏ အော်ဟစ်သံကြောင့် ရုတ်တရက် လန့်နိုးခဲ့သည်။ အော်သံသာ မကြားရလျှင် ရှေ့ဆက် ဘာဖြစ် မည်ဆိုတာ မသိနိုင်ဖြစ်နေပေ၏။

✧ ✧ ✧

အခန်း(၆)

ယခုတော့ မသိရတော့ပေ။

အချိန်သည် မိုးစင်စင်လင်း၍ ဝန်းကျင်တစ်ခုလုံး ထိန်လင်းနေပေသည်။ ထိုအချိန်တွင် အဘိုးအိုသည် မောင်မြင့် နောင်းအား နှစ်သိမ့်လိုက်သည်။ မောင်မြင့်နောင်းသည် အဘိုးအို ၏ စကားအား လက်ခံပြီး ခရီးဆက်ရန် ထွက်လာခဲ့ကြတော့၏။

မောင်မြင့်နောင်းသည် ခေါ်၍သာ လိုက်လာခဲ့ရပေမဲ့ ပုဏ္ဏာဝတီရှိသည့် နေရာအား မမှတ်မိတော့ပေ။ စိတ်ထဲ၌ တောလမ်း များ တောင်စွယ်များသို့ ရောက်သည့်အခါတိုင်း ရောက်ဖူးသလို ဖြစ်နေခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသည်မှာ တစ်ညတာ အနားယူခဲ့သည့် ကျောက်ဖြူဂူကြီးအတွင်း၌ မောင်မြင့်နောင်းသည် ကုဏ္ဍလအရှင်လေးဘဝ ရောက်ဖူးခဲ့ခြင်းသားဖြစ်သည်။ ထိုအချိန်ကာလ၌ ပုဏ္ဏဝတီသည် ပန်းစုံတစ်ရာရွာရှိ ပုဏ္ဏသြသစံအိမ်ကြီး၌ နေထိုင်သည်။ ကုဏ္ဍလသည် ဒွတ္တာမိုင်းမြို့တော်မှ လာရခြင်းဖြစ်သည်။

ဒွတ္တာမိုင်းမြို့နှင့် ပန်းစုံတစ်ရာရွာသည် လမ်း၌ တစ်ညအိပ်ခရီးသွားရသည်။ ၎င်းတို့သည် ကျောက်ဖြူဂူအတွင်း၌သာ အိပ်စက်အနားယူလေ့ရှိသည်။ ရှေ့နှစ် အတန်ကြာကာလ၌ ၎င်းရွာအား အုပ်ချုပ်သူ အရှင်သခင်ကြီးသည် မြို့ဟု မခေါ်ရန် ပြောကြားသလို မြို့ဟု ခေါ်လျှင် ရွာကြီး ပျက်စီးမည်ဟု ကျိန်စာတိုက်ခဲ့ပေ၏။ ထိုအတွက်ကြောင့် ပန်းစုံတစ်ရာရွာဟု နှစ်အတန်ကြာသည်အထိ ခေါ်တွင်စေတော့၏။

အဘိုးအိုနှင့် မောင်မြင့်နောင်းတို့သည် ခရီးဆက်ရင်းမှ တောင်ကြီးတစ်ခုအနီးသို့ ရောက်ရှိပေတော့၏။ ၎င်းတောင်အား တောင်တစ်လုံးတောင်ဟု ခေါ်သည်။ အရံတောင်ငယ်များ မရှိသော တောင်တစ်လုံး ထီးထီးကြီးသာဖြစ်၏။ ထိုတောင်သည် လွန်စွာ မြင့်မားမတ်စောက်လျက်ရှိ၏။ တောင်ကြီး၏ ထိပ်၌ ကြီးမားသည့် အပင်များမရှိ။ ရှိသည့် အပင်များသည် လဲကြသေးဆုံးကြသည်ကများ၏။

၎င်းတို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာကြရင်းမှ တောင်ကြီး၏ အနီးသို့ ရောက်ရှိလာပေ၏။





တောင်ကြီး ပေါ်သို့ မော့ကြည့်လိုက်သည်။ တောင်ထိပ်ပေါ်၌ ဝက်သစ်ချအပင်ကြီးတစ်ပင်အား တွေ့လိုက်ရပေ၏။ တောင်ထိပ်ပေါ်၌ ပေါက်နေသော ဝက်သစ်ချပင်ကြီးသည် ဤမျှလောက်ကြီးမားသည့်အပင်ရှိနေသည် ဆိုတာ လွန်စွာအံ့သြစရာကောင်းသည့်အကြောင်းနှင့် ထူးဆန်းနေသည်ဟု ပြောနေသည့် အဘိုးအိုသည့်စကားကြောင့် မောင်မြင့်နောင်း လွန်စွာ တုန်လှုပ်အံ့သြနေမိ၏။

"ဝူး ... ဝူး"

"ဂျိန်း ... ဂျိန်း"

"ဝုန်း ... ဝုန်း"

လွန်စွာ ကြောက်စရာကောင်းသည့် အသံတစ်ခု ထွက်ပေါ်လာ၏။ ထိုအသံသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးစွာ ထွက်ပေါ်လျက်ရှိသည်။

"ပြေးတော်လေး ... ပြေး ... ပြေး"

အဘိုးအိုသည် ထိုသို့ပြောလိုက်ပြီး မောင်မြင့်နောင်းအား တွန်းထုတ်လိုက်ချိန်၌ မောင်မြင့်နောင်းသည် အဘိုးအားဆွဲ၍ ပြေး၏။ တောင်ထိပ်ပေါ်၌ ရှိနေသည့် ကျောက်တုံးကြီးများ ပြိုကျလာသည်။ ထို့အတွက်ကြောင့် အသက်ဘေးမှ လွတ်မြောက်ရန် ထွက်ပြေးနေကြရတော့၏။

၎င်းတို့ ပြေးနေချိန်၌ တောရိုင်း တိရစ္ဆာန်များသည်လည်း အံ့ထိတ်တလန့် ပြေးနေကြ၏။ မောင်မြင့်နောင်းတို့ အသက်ဘေးမှ သီသီလေး လွတ်သည်ဟု တွက်ဆရမည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... လုပ်ပါဦး အဘိုးရယ်"

အော်ဟစ်သံနှင့်အတူ မောင်မြင့်နောင်းသည် ချက်ချင်း နောက်ဆုတ်ပြေးနေ၏။ အဘိုးအိုနှင့် မျက်နှာချင်းဆိုင်တိုးမိ၍ နစ်ယောက်သား ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေပေ၏။ အကြောင်းမှာ တခြားမဟုတ်။ ကျားကြီးတစ်ကောင်နှင့် တွေ့လိုက်ရသည့်အတွက်ကြောင့်ဖြစ်သည်။

ကျားသည် ၎င်းတို့အား တွေ့လိုက်သည့်အတွက် ရုတ်တရက်ရပ်၍ မောင်မြင့်နောင်းကို ကြည့်နေ၏။ အဘိုးအိုသည် မောင်မြင့်နောင်းအား မကြောက်ရန်ပြောပြီး ကျားကို ကြည့်နေသည်။

တကယ်တော့ ကျားသည် ကျောက်တောင်ကြီး ပြိုကျနေသည့်အတွက် အထိတ်တလန့် ထွက်ပြေးတိမ်းရှောင်ရင်း တိုက်ရဲသို့ ရင်ဆိုင်ကြမိခြင်းဖြစ်သည်။ ထို့အတူ တခြားတောရိုင်း တိရစ္ဆာန်များလည်း ထွက်ပြေးတိမ်းရှောင်ကြသည်။

ယခုတော့ မောင်မြင့်နောင်းတို့သည် ကြုံတွေ့နေရသည့် ကျားကြီးအား ဘယ်လိုပုံစံနှင့် ရင်ဆိုင်ရမလဲ စဉ်းစားနေသည်။

"မြေးတော်လေး ကျားသတ္တဝါဆို မုန်းတီးပြီး ရန်လိုတဲ့စိတ် မထားနဲ့နော် ကြားလား။ မေတ္တာနဲ့ အနိုင်ယူဖို့သာ စဉ်းစားပါကွယ်၊ အဲဒါဆို အလိုလိုနေရင်းနဲ့ အောင်မြင်မှုတစ်ပွေ့တစ်ပိုက်ကြီး ရလိမ့်မယ်ကွယ့်၊ ကြားလား"





"ဟုတ်ကဲ့၊ ကျုပ်လည်း ကျားကို မေတ္တာပို့သလို တောပိုင်တောင်ပိုင်တွေကိုလည်း မေတ္တာပို့နေပါတယ် အဘိုး"

"ထိုအချိန်တွင် ကျားသည် ခြေလှမ်းများ ရှေ့တိုးရန် ဟန်ပြင်နေသည်"

တကယ်လို့သာ ကျားကို ရင်ဆိုင်တိုက်ခိုက်လျှင် ကြားအား ပြန်လည်ခုခံဖို့ သူ့တို့တွင် ဘာလက်နက်မှ မရှိ။ ကျားစာသာ ဖြစ်တော့မည်။ ကျားသည် မြေပေါ်တွင် အသာဝပ်၍ ၎င်းတို့၏ လှုပ်ရှားမှုကို ကြည့်နေသည်။ လှုပ်ရှားလိုက်သည်နှင့် ကျားသည် အန္တရာယ်ပြုမှာ သေချာသည်။ အဘိုးသည် မောင်မြင့်နောင်းအား မကြောက်ရန် အားပေးနေ၏။

"မြေးတော်လေး သတိထား"

အဘိုးအိုသည် မောင်မြင့်နောင်းလည်း အားတင်းကျပ် ဆုပ်ကိုင်လိုက်သည်။

"ဝေါင်း"

"ဝုန်း ... ဝုန်း"

ဝန်းကျင်တစ်ခုလုံး အထိတ်တလန့် ဖြစ်သွားပြီး ကြောက်စရာကောင်းသည့် အသံကြီးသည် မိုးထစ်ချုန်းလိုက်သလို ဟိန်းနေသည်။ မောင်မြင့်နောင်းတို့သည် ခြေဦးတည့်ရာသို့ ပြေးကြသည်။ နောက် မောင်မြင့်နောင်း သေဘေးမှ လွတ်ရ၏။

အကြောင်းမှာမူ တခြားမဟုတ်၊ ရုတ်တရက် ပြေးလာသည့် တောကျွဲရိုင်းနှစ်ကောင်သည် ကျားအား အရှိန်နှင့် ဝင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တိုက်ခိုက်လိုက်၏။ ကျားသည် ထွက်ပြေး၏။ တောကျွဲရိုင်းများ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ကျားသည် ကျွဲရိုင်းနှစ်ကောင်ကြား လိမ့်နေသလို ကျွဲရိုင်းနှစ်ကောင် ဆက်လက်တိုက်ခတ်နေသည့်အတွက် ကျားသည် အသက်ပျောက်သေဆုံးလုနီးပါးဖြစ်နေသည်။

အဘိုးသီလနှင့် မောင်မြင့်နောင်းတို့သည် အနောက်သို့ မကြည့်တော့ဘဲ ရှေ့သို့သာ ခရီးဆက်တော့သည်။

"ကိုယ့်ကြမ္မာကိုယ်ဖန်တီးတယ်ဆိုတာ ဒါပဲ မြေးတော်လေး။ သူဟာ အဘိုးတို့ကို အန္တရာယ်မပြုဘဲ သွားမယ်ဆိုရင် အခုလိုဖြစ်မှာ မဟုတ်ဘူး"

"ကျုပ်ကတော့ စိုးရိမ်နေသားဗျာ။ ဒီကျားကြောင့် ပုဏ္ဏဝတီကို တွေ့ရမှာ မဟုတ်တော့ဘူး။ ဒီနေရာမှာပဲ အသက်ပျောက်ပြီမှတ်နေတာ"

"အဲဒါ မြတ်စွာဘုရားရဲ့ မေတ္တာဓာတ်ပဲ မြေးတော်လေး"

"ကျုပ် သဘောမပေါက်ဘူး အဘိုး"

"ဒီလိုလေကွယ်၊ ကျားကြီးကို ကြောက်လို့ မေ ္တာပို့တယ်မဟုတ်လား။ တောပိုင်တောင်ပိုင်တွေကို အကူအညီတောင်းတယ်မဟုတ်လား။ အဲဒီကျေးဇူးတွေကြောင့်ပေါ့။ ကျွဲရိုင်းနှစ်ကောင်က နတ်ကျွဲတွေကွယ့်။ ဒီတောင်မှာ နတ်ကျွဲ ရိုင်းငါးကောင်ရှိတယ်။ သူတို့ဟာ ဒီတောင်ကို စောင့်ရှောက်ကြတယ်။ တောင်ရဲ့ ဝန်းကျင်မှာ မဟုတ်တာ လုပ်သူတွေ





ကို တိုက်ခိုက်တယ်၊ တောင်ကို အမှီပြုပြီး နေထိုင်သူတွေကို အန္တရာယ်မပြုဘူး၊ တောင်တစ်ခုခုဖြစ်တော့မယ်ဆို သူတို့က သတိပေးတယ်။ အခု အဲဒီနေရာကတောင်ပြိုတော့မယ်ဆိုရင် သူတို့ အဲဒီနေရာမှာရှိတဲ့ တိရစ္ဆာန်တွေကို အရင်ဆုံး မောင်းထုတ်ပြီးပြီ၊ ဒါကြောင့် အသေအပျောက်မရှိတာ။ အဲဒီလို ဖြစ်နေတဲ့အချိန်မှာ အခွင့်ကောင်းယူတဲ့ တိရစ္ဆာန်တော့ ဒုက္ခရောက်ဖို့သာ ပြင်ပေတော့ပေါ့ကွယ်"

"ဒီတောင်က အရမ်းထူးဆန်းတယ်နော် အဘိုး"

မောင်မြင့်နောင်းသည် ထိုသို့ ပြောပြီးနောက် အဘိုးသီလအား ကြည့်လိုက်၏။

အဘိုးသည် ခေါင်းကို လေးတွဲ့စွာ ညိတ်လိုက်သည်။ တစ်ဖန် မောင်မြင့်နောင်းအား ကြည့်လိုက်သည်။

"ဟုတ်တယ် မြေးတော်လေး၊ ဒီတောင်မှာ လွန်ခဲ့တဲ့ နှစ်များစွာက သူတော်စင်ကြီးတစ်ပါး နေထိုင်သွားတယ်၊ သူတော်စင်ကြီးရဲ့ နာမည်က ဦးဘထက်လို့ခေါ်တယ်။ သူတော်စင်ကြီးဟာ ဒီတောင်ကြီးရဲ့အပေါ် အတော်သံယောဇဉ်ကြီးတယ်ကွယ့်။ တောင်ကြီး တစ်ခုခုဖြစ်မှာစိုးရိမ်တဲ့အတွက် ကျွဲငါးကောင်ကို ဒီတောင်မှာထားခဲ့တယ်။ ခုနက တွေ့တဲ့ ကျွဲတွေပေါ့ကွယ်၊ သူတော်စင်ကြီးက ဘဝဟောင်းတုန်းက မြေးတော်လေးနဲ့ အဘိုး တော်စပ်ခဲ့ဖူးတယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အဲဒီ သူတော်စင်ရဲ့နာမည် ကြားလိုက်ကတည်းက စိတ်ထဲ တစ်မျိုးဖြစ်နေတယ်"

"အေး ... အေး ... ဒါတွေထားလိုက်ပါတော့ကွယ်၊ အဘိုးတို့ ခရီးဆက်ကြစို့၊ မြေးတော် ပုဏ္ဏဝတီ စောင့်နေလောက်ပြီ"

ထိုသို့ ပြောပြီးနောက် အဘိုးသီလနှင့် မောင်မြင့်နှောင်းတို့သည် အနောက်ဘက်သို့ ခရီးဆက်ကြ၏။ ၎င်းတို့ ခရီးသည် အမှောင်လမ်းမှာ စမ်းတဝါးဝါး ဖြစ်နေကြသည်။

ဝန်းကျင်သည် လှသူကင်းမဲ့လျက်ရှိနေသည်။ လူနေအိမ်များ ရွာများနှင့် လွန်စွာ ဝေးကွာနေပြီး တောတောင်များသာ ရှိနေ၏။ မြင်ကွင်းထဲ ကြီးမားသည့် အပင်ကြီးများနှင့် မြင့်မားမတ်ဆောက်သည့် တောင်များကိုသာ တွေ့ရသည်။ အဘိုးသီလနှင့် မောင်မြင့်နှောင်းတို့သည် မြင့်မားသည့်အပင်ကြီးများကြား ဖြတ်ကျော်လိုက် တောင်တွေကို ဖြတ်ကျော်လိုက်နှင့် ပုဏ္ဏဝတီရှိရာသို့ ခရီးဆက်ခဲ့တော့၏။

✧ ✧ ✧

## အခန်း(၇)

အချိန်သည် များစွာကုန်ခန်းသလို ခရီးဆက်ရသည်မှာလည်း နေ့မှညသို့ ရောက်ရှိခဲ့ပေ၏။





ပုဏ္ဏဝတီထံ ရောက်လိုစိတ်များ ဦးဆောင်၍ ခရီးဆက်ခဲ့သည်မှာ ငါးလကျော်ခဲ့သည်။ ထိုသို့ ခရီးဆက်ခဲ့ရာ၌ အခက်အခဲပေါင်းများစွာ ကြုံတွေ့ခဲ့ရသည်။ အသက်အန္တရာယ်နှင့် ကြုံတွေ့ရသည်။

တစ်ခါတလေ ကျားလိုက်ခြင်းခံရပြီး တောင်ပေါ်မှ ပြုတ်ကျခြင်းများလည်း ရှိခဲ့သည်။ သရဲတစ္ဆေများ ခြောက်လှန့်မှုကိုလည်း အဘိုးသီလ၏ သီလ သမာဓိများကြောင့် အောင်မြင်ခဲ့ကြပေ၏။ အဘိုးအိုနှင့် မောင်မြင့်နှောင်းတို့သည် ခရီးဆက်ခဲ့ရင်းမှ တောင်ကြီးများ ဝိုင်းရံနေသည့် တောနက်ကြီးအတွင်းသို့ ရောက်ရှိလာသည်။ ၎င်းနေရာသည် စုစုပေါင်း တောင်ကြီးတောင်ငယ် ဆယ့်ကိုးလုံးရှိသည်။ တောင်များကို ကြီးမားသည့် အပင်ကြီးများ လွှမ်းမိုးထားပြီး ချုံနွယ်သစ်ပင်များလည်း လွန်စွာပေါများသည်။ ၎င်းတောများနှင့် တောင်များကို ခြောက်ရက်ခရီးဆက်ခဲ့ရ၏။

လမ်း၌ တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်များအနက် ဒန်းစီးတောင်မှ ဖြစ်ရပ်မှာ လွန်စွာ ထိတ်လန့်စရာ ကောင်းနေပေသည်။ ဒန်းစီးတောင်အား ညနေ မှောင်ရီပျိုးစအချိန် ရောက်ခဲ့သည်။ တောင်ခြေ၌ လူတစ်ဦးတစ်ယောက်မျှ မရှိဟု သိရပေမဲ့ စကားပြောသည့် အသံများ ဆူညံစွာ ထွက်ပေါ်လျက် ရှိနေသည်။ မောင်မြင့်နှောင်းသည် သိလိုစိတ်များနှင့် အဘိုးအား မေးကြည့်ရာ အဘိုးသည် ဘာမှမရှိပါဘူး မစိုးရိမ်နှင့် ပြောကြားခဲ့သည်။ တရားထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေချိန်၌ လေများ ပြင်းထန်စွာ တိုက်ခတ်ပြီး အနှောင့်အယှက် ပေးတော့သည်။

၎င်းတို့နေထိုင်သည့် နေရာလေး၏ အနီးသို့ အရိပ်မည်းကြီးသုံးခု ရောက်ရှိလာသည်။ အရိပ်မည်းကြီးများသည် ကြီးလာလိုက် သေးသွားလိုက် အနားရောက်လာလိုက် အဝေးရောက်သွားလိုက်နှင့် အမျိုးမျိုး ခြောက်လှန့်ရင်း နောက်ဆုံးတော့ ခွေးကြီးသုံးကောင် ဖြစ်သွားသည်။ ခွေးကြီးသုံးကောင်သည် ဒေါသနှင့် ပြေးလာရာမှ တဖြည်းဖြည်းနှင့် အနီးသို့ ရောက်ရှိလာသည်။ မောင်မြင့်နောင်းသည် ခွေးကြီးများအား တိုက်ခိုက်ရန် ပြင်နေချိန်၌ အဘိုးသီလသည် မောင်မြင့်နောင်း၏လက်အား ဆွဲ၍ ထိုင်ခိုင်းလိုက်၏။ နောက်ဆုံး၌ ခွေးကြီးသုံးကောင်သည် အနီးနားရောက်လာပြီးမှ မြေပေါ်လဲကျပျောက်ကွယ်သွားလေတော့သည်။

ယခုတော့ မောင်မြင့်နောင်းတို့ ၁၉ တောင်စုအား ရောက်ရှိလာကြသည်။ တောင်များ၏ အနီးသို့ ရောက်ရှိပြီး တောင်ကြီးတစ်လုံးအနီး ကြီးမားသည့် ကျောက်ပြားကြီးတစ်ခုအား တွေ့လိုက်သော် ...

"အဲဒါ ပန်းစုံတစ်ရာရွာပဲ မြေးတော်"

"ဗျာ ... ဒါ ပန်းစုံတစ်ရာရွာကြီး ဟုတ်လား၊ အဘိုးမဖြစ်နိုင်ဘူးထင်တယ်၊ ကျုပ်အိပ်မက်ထဲမှာ တွေ့ဖူးခဲ့တာက ရွာကြီးရဲ့ အနောက်ဘက်မှာ မြစ်ကြီးရှိတယ်။ ရွာဦးထိပ်





မှာ ဝက်သစ်ချပင်ကြီးနဲ့အတူ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ ညောင်ပင်ကြီးရဲ့ဘေးမှာ ထုံးဖြူဖြူစေတီတစ်ဆူ ရှိတယ် အဘိုး"

မောင်မြင့်နောင်းသည် သံသယမျက်လုံးနှင့်အတူ အဘိုးသီလအား ကြည့်လိုက်သည်။ အဘိုးအိုသည် သက်ပြင်းမောတစ်ခု လေးတွဲစွာချလိုက်သည်။ တစ်ဖန် ကျောက်ပြားကြီးအား ကြည့်လိုက်သည်။

"ဟိုကျောက်ပြားကြီးကို ကြည့်လိုက်ပါ မြေးတော်လေး။ အဲဒီမှာ စာရေးထားတယ်၊ ဖတ်ကြည့်လိုက်ပါ"

"ပန်းစုံတစ်ရာရွာ"

မောင်မြင့်နောင်းသည် ကျောက်ပြား၌ ရေးထားသည့် စာအား ဖတ်လိုက်ပြီး သိသိသာသာ မျက်နှာပျက်သွားသည်။ မျှော်လင့်ချက် မဟာတံတိုင်းကြီး အပိုင်းပိုင်း ကျိုးပဲ့ပျက်စီးသွားသည်။

မောင်မြင့်နောင်းသည် အသက်လောက် ချစ်ရသည့် ပုဏ္ဏဝတီကို တွေ့လိုစိတ်များနှင့် ပန်းစုံတစ်ရာသို့ အပင်ပန်းခံ၍ ထွက်ခဲ့သည်။ ယခုတော့ ထိုကဲ့သို့မဟုတ်။

ပုဏ္ဏဝတီအား မတွေ့ရလျှင် အသက်သေဆုံးရမည်ဟု ထင်နေမိသည်။

မောင်မြင့်နောင်းသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးဘော်လေး ဘာလို့ သောကရောက်နေတာလဲ။ မြေးတော်ပုဏ္ဏဝတီ အထဲမှာစောင့်နေတယ်၊ အတွင်းကိုဝင်စို့"

"ကျုပ် ဘာမှ နားမလည်တော့ဘူး အဘိုးသီလ"

"အဲဒီတောင်ကြီးတွေဟာ ပန်းစုံတစ်ရာရှာကြီးပဲ။ ဒီနေရာဟာ လွန်စွာစင်ကြယ်တဲ့နေရာဖြစ်လို့ သူတော်ကောင်းတွေနဲ့ နတ်အပေါင်းတို့က သူတို့ရဲ့ ကုဋိပါဒ် တန်ခိုးတွေနဲ့ ရွာကြီးကို ဖုံးကွယ်လိုက်တာပဲ မြေးတော်လေး။ လာ… အမှောင်မဖုံးခင် တောင်အတွင်းထဲကို ဝင်ကြမယ်။ အထဲရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့။ အပြင်မှာနေရင် အန္တရာယ်နဲ့ တွေ့လာနိုင်တယ်"

၎င်းတို့သည် တောင်များအတွင်းထဲသို့ ရောက်သွားသည်။ အတွင်း၌ လွန်စွာထူးဆန်းသည့် မြင်ကွင်းများအား တွေ့ရှိရသည်။

တောင်ကြီးအတွင်း၌ အိမ်ကြီးများပုံစံ ဖြစ်နေသလို ကြီးမားသည့် လိုဏ်ခေါင်းကြီးများ ဖြစ်နေသည်။ တောင်ကြီးသည် သဘာဝအတိုင်း ဖြစ်နေသည်ဟု ဆိုရပေမဲ့ အတွင်းပုံစံသည် ပန်းချီပန်းပုဆရာများမှ ပုံစံဖော်ထားသလို ဖြစ်နေသည်။ အဘိုးသီလသည် အခန်းငယ်တစ်ခုအတွင်း ဝင်ရောက်ထိုင်လိုက်သည်။ မောင်မြင့်နှောင်းလည်း အဘိုးသီလ၏ အနီးရှိ ကျောက်ခုံပေါ်တွင် ထိုင်လိုက်သည်။

"ဒီနေရာကို မှတ်မိသေးလား သူရဲကောင်းလေး"





"ကျုပ် မမှတ်မိတော့ဘူး အဘိုး"

အဘိုးသီလလည်း ခေါင်းကို လေးတွဲစွာ ညိတ်လိုက်သည်။ စိတ်ထဲ၌ အတိတ်ဟောင်းကို တွေးနေသည်။ ကြေကွဲမှုများ အလိပ်လိုက် တက်လာသည်။ မျက်ဝန်းအိမ်၌ မျက်ရည်ဥများ တွဲခိုတွက်ကျလာသည်။

"လွန်ခဲ့တဲ့ နှစ်အတန်ကြာကာလက သူရဲကောင်းလေး ကုဏ္ဍာလရဲ့ အထိန်းတော်ကြီး မြတ်ခေါင်သင်း အဖြစ်နဲ့ ဒီနေရာမှာပဲ နေထိုင်ခဲ့ပါတယ်။ သူရဲကောင်းလေးကုဏ္ဍာလက ဒီထိုင်ခုံမှာ လအတန်ကြာ ထိုင်ခဲ့ပါတယ်။ ထို့အတူ ကျွန်တော်မျိုး မြတ်ခေါင်သင်းက ဒီအခန်းထဲမှာ နှစ်ပေါင်းများစွာ သူရဲကောင်းလေးကို စောင့်ရှောက်နေခဲ့ရပါတယ်။ ဘယ်လောက်ကြာအောင် စောင့်ခဲ့ရသလဲဆိုရင် အခုချိန်ထိပါပဲ သူရဲကောင်းလေးရာ။ သခင်မပုဏ္ဏဝတီဟာ သူရဲကောင်းလေးကို မတွေ့မချင်း စောင့်ဆိုင်းပေးပါလို့ ကတိတောင်းခဲ့တယ်။ အဲဒီကတိ ပေးခဲ့တယ်၊ အဲဒီကတိကြောင့် ကျွန်တော်မျိုးရဲ့ဘဝက အခုလို ဖြစ်ခဲ့ရတာပါဗျာ"

"ကျုပ် ပုဏ္ဏဝတီကို တွေ့ချင်တယ်၊ ပုဏ္ဏဝတီ အခု ဘယ်မှာလဲ"

"သခင်မပုဏ္ဏဝတီ သူနေတဲ့ အခန်းထဲမှာ သူရဲကောင်းလေးကို စောင့်နေပါတယ်။ မကြာခင် သခင်မဆီကို သွားပါမယ်။ အချိန်နည်းနည်းတော့ စောင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် အဘိုးသိလ တရားမှတ်နေသည်။ အချိန်သည် တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ကူးခတ်နေပေသည်။

လွန်စွာအုံ့ဩနေရသည်။ ထိုအချိန်၌ မြင်းခွာသံများ ကျယ်လောင်စွာ ကြားနေရသည်။ အသံပေါင်းများစွာ ကြားနေရသည်။

ငင်း အသံများသည် သူရဲကောင်း စစ်သည်များ၏ ချီတက်လာသော အသံပင် ဖြစ်သည်။ ထိုသူများ စစ်ချီတက်လာသည်။ ထိုအထဲ၌ သူရဲကောင်းလေး ကုဏ္ဍလ ပါလာသည်။

လွန်ခဲ့သော နှစ်အတန်ကြာကာလ၌ ထိုဒေသတွင် နယ်ချဲ့ရန်သူများ ရောက်ရှိလာသည့်အတွက် ပန်းစုံတစ်ရာ အုပ်ချုပ်သူ၏ အကူအညီ တောင်းခံသည့်အတွက် သူရဲကောင်းလေး ကုဏ္ဍလ ဦးဆောင်သည့် အဖွဲ့များ လာရောက်တိုက်ခိုက်ခဲ့ကြသည်။ နယ်ချဲ့ရန်သူများနှင့် ထွက်ပြေးကြသူများအား ပြန်လည်၍ မြင်ယောင်လာသလို လက်ခုပ်ဩဘာပေးသံများလည်း လွှမ်းမိုးနေပေ၏။

"သူရဲကောင်းလေး ဘယ်အတွက်ကြောင့် အထိတ်တလန့် ဖြစ်နေရတာလဲ။ ဒီနေရာဟာ သူရဲကောင်းလေး အောင်ပွဲခံခဲ့တဲ့ နေရာပါ။ ဒီအကြောင်းတွေကို နောက်မှ ပြောကြတာပေါ့၊ မြေးတော် ပုဏ္ဏဝတီဆီကို သွားကြမယ်"

"ကျုပ်လည်း တွေ့ချင်လှပါပြီ"





ထိုသို့ပြောပြီးနောက် မောင်မြင့်နောင်နှင့် အဘိုးသိလတို့သည် ရောက်ရှိနေသည့်နေရာမှ အတွင်းဘက်သို့ ထွက်ခဲ့ကြ၏။

"ဂျိမ်း ... ဂျိမ်း"

"ဝုန်း ... ဝုန်း"

ထွက်ပေါ်လာသော အသံများသည် ကမ္ဘာမြေကြီး ပြိုကွဲပျက်စီးသွားသလား ထင်ရသည်။ ငင်းအသံသည် ကျောက်လိုဏ်ဂူကြီးကို တုန်လှုပ်သွားစေသည်။ မောင်မြင့်နောင်း အထိတ်တလန့် ဖြစ်ကုန်သည်။ ဂူအတွင်းရှိ တိရစ္ဆာန်များ အော်ဟစ်ထွက်ပြေးကုန်ကြသည်။ တချို့လည်း ဝင်တိုက်မိကြသည်။

အသက်လောက် ချစ်ရသူ ပုဏ္ဏဝတီကို တွေ့လိုစိတ် လွှမ်းမိုး၍သာ ရောက်ရှိလာသော်လည်း တကယ်တမ်းကျ ကြောက်ရွံ့နေသည်။

ငင်းတို့သည် ပုဏ္ဏဝတီ ရှိရာသို့ လျှောက်လှမ်းလာကြသည်။ ငင်းတို့သည် အတွင်းဘက်သို့ ရောက်လာကြသည်။ ထိုသို့ လျှောက်လှမ်းရင်းနှင့် မောင်မြင့်နောင်းသည် အလိုလိုနေရင်း အထိတ်တလန့် ဖြစ်နေသည်။ ကြက်သီးများ အလိုလိုနေရင်း ထနေသည်။ ကျောက်တောင်လိုဏ်ဂူကြီးအတွင်းသို့ ရောက်ရှိလာသည်။ နားထဲ၌ ခေါင်းသံလိုလို၊ ခြေသံလိုလို ကြားနေရသည်။ မည်သို့ပင် ဖြစ်စေကာမူ အဘိုးသိလသည် ဂရုမစိုက်၊ တောင်ဝှေးကိုသာထောက်၍ လျှောက်လှမ်းလာနေတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ထိုသို့ လျှောက်လှမ်းရင်းမှ ကျောက်တောင်တစ်ခု အတွင်းသို့ ဝင်လိုက်သည်။ ကျောက်တောင်ဂူအဝ ရောက်တော့ ကျောက်တံခါး တစ်ခုအား တွေ့လိုက်သည်။ အဘိုးအိုသည် ကျောက်ဂူတံခါးအား ဖွင့်လိုက်လေသည်။ ကျောက်ဂူအတွင်းမှ မွှေးကြိုင်သည့် ပန်းပေါင်စုံရနံ့များစွာ ထွက်ပေါ်လာသည့်အတွက် မောင်မြင့်နောင်း၏ စိတ်၌ ကြည်နူးမှုများ ဖြစ်ပေါ်သလို ကြေကွဲမှုများလည်း ဖြစ်လာသည်။ ကျောက်ဂူကြီးအတွင်း ကြည့်လိုက်ရာ ကျောက်သားနှင့် ထုလုပ်ထားသည့် ကျောက်သေတ္တာကြီးတစ်လုံးကို တွေ့လိုက်သည်။

၎င်းကျောက်သေတ္တာသည် လူတစ်ယောက် ဝင်ရောက်အိပ်၍ ရသည်။ ကျောက်သေတ္တာကြီးပေါ်နှင့် ဘေးပတ်ဝန်းကျင်တွင် လန်းဆန်းမွှေးကြိုင်သည့် ပန်းပွင့်ပေါင်းများစွာကို တွေ့လိုက်ရသည့်အတွက် လွန်စွာအံ့ဩရသည်။ လူသူကင်းမဲ့နေသည့် ၎င်းနေရာအား မည်သူလာရောက်၍ ပန်းများ ဆင်မြန်းထားသလဲ။ အဘိုးသီလသည် မည်သည့်အတွက်ကြောင့် ထိုအခန်းထဲသို့ ခေါ်လာရသလဲဟု တွေးနေမိ၏။

"သူရဲကောင်းလေး ... လာလေ"





အဘိုးသီလ စကားကြောင့် အတွေးများ ရပ်တန့်ပျောက်ကွယ်သွား၏။ အဘိုးသီလ အနားသို့ လျှောက်လှမ်းခဲ့သည်။ အဘိုးသီလသည် ကျောက်သေတ္တာအနီးသို့ ရောက်ရှိသွားပေ၏။ မောင်မြင့်နောင်းသည် ကျောက်သေတ္တာဘေး၌ ရပ်လိုက်သည်။

"သူရဲကောင်းလေး အဲဒီ ကျောက်သေတ္တာအထဲမှာ မြေးတော်ပုဏ္ဏဝတီ ရှိပါတယ်"

"ကျုပ် ခေါ်လိုက်ပါ့မယ် အဘိုးသီလ"

မောင်မြင့်နောင်းသည် ကျောက်သေတ္တာအား ကြည့်လိုက်ချိန်၌ လွန်စွာအံ့ဩတုန်လှုပ်သွားသည်။ စိုးရိမ်ထိတ်လန့်သွားသည်။ ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ ပုဏ္ဏဝတီသည် အသက်မဲ့တစ်ယောက် အဖြစ်နှင့် ကျောက်သေတ္တာထဲရှိနေပြီး ပျက်စီးခြင်းမရှိဘဲ အိပ်နေသူတစ်ယောက်ကဲ့သို့ ထင်ရသည်။

"သွားမကိုင်နဲ့ သူရဲကောင်းလေး။ မြေးတော် ပုဏ္ဏဝတီဟာ ရုပ်လောကမှာ အသက်မရှိတော့ဘူး။ နာမ်လောကမှာပဲ ရှိတယ် သူရဲကောင်းလေး"

"ဒါဆို ကျုပ် ဘာဆက်လုပ်ရမလဲ။ အဘိုးစကားကို ကျုပ် နားမလည်ဘူး"

အဘိုးသီလသည် စကားတစ်ခွန်းမျှ မပြောခြင်းမရှိ။ မြေးတော် ပုဏ္ဏဝတီအား ကြည့်လိုက်သည်။ ထို့နောက် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ကျရောက်နေသည့် အင်ကြင်းပန်းတစ်ပွင့်အား ကောက်ယူလိုက်ပြီး တတွတ်တွတ် ရွတ်ဆိုနေသည်။ မောင်မြင့်နောင်းသည် အဘိုးသီလ၏ မျက်နှာကို ကြည့်နေ၏။ အဘိုးသီလ၏ လုပ်ရပ်များကို နားမလည်အောင် ဖြစ်နေသည်။

"ကဲ ... သူရဲကောင်းလေး၊ ကျုပ်တို့ ပြန်ကြမယ်"

"ကျုပ် ပုဏ္ဏဝတီ အနားမှာ နေချင်တယ်၊ ကျုပ် ပုဏ္ဏဝတီနဲ့တွေ့ဖို့ လာခဲ့တာ။ အခု ပုဏ္ဏဝတီက ကျုပ်ကို စကားမပြောတော့ ကျုပ်လာရတာ ပင်ပန်းတာပဲ ဖြစ်နေတယ်၊ ကျုပ် ပုဏ္ဏဝတီ အနားမှာပဲ နေတော့မယ်၊ ပုဏ္ဏဝတီကို လွန်စွာချစ်တယ်၊ ပုဏ္ဏဝတီကလည်း ကျုပ်ကိုချစ်တယ်၊ ဘဝဆက်တိုင်း ဆုံပါရစေလို့ ဆုတောင်းတယ်ဗျာ"

မောင်မြင့်နောင်းသည် ပုဏ္ဏဝတီအား ကြည့်နေသည်။ ပုဏ္ဏဝတီသည် လွန်ခဲ့သည့် နှစ်အတန်ကြာမှ ယခုအထိ ပျက်စီးခြင်းမရှိ လူသားတစ်ယောက် အိပ်စက်နေသလိုပင်။

"သူရဲကောင်းလေး ကျုပ်ရဲ့စကားကို နောက်ဆုံးအနေနဲ့ နားထောင်ပေးပါ။ မျက်ရည်နဲ့ တောင်းပန်ပါရစေ၊ ကြာရင် ဒုက္ခရောက်ကုန်လိမ့်မယ်"

"ပုဏ္ဏဝတီ မောင်တော်ကုဏ္ဍလ ရောက်လာပြီနော်။ မောင်တော် နမတော်နဲ့ စကားတွေ အများကြီး ပြောစရာရှိတယ်။ မောင်တော်တို့ အတူတူ နေကြမယ်နော်"

"ဝုန်း ... ဝုန်း"





"ဂျိမ်း ... ဂျိမ်း"

ထွက်ပေါ်လာသည့် အသံသည် လွန်စွာကြောက်စရာကောင်းနေပေ၏။ အခန်းတစ်ခုလုံး မှေးမှိန်နေသည်။ နံရံ၌ရှိနေသည့် ကျောက်စိုင်များ ပြိုကျလာ၏။ ထိုအတွက်ကြောင့် မောင်မြင့်နောင်းသည် အထိတ်တလန့် ဖြစ်သွားပေ၏။

အဘိုးသီလသည် မောင်မြင့်နောင်း၏ လက်အားတင်းကျပ်စွာဆွဲ၍ အပြင်သို့ ထွက်လေသည်။ မောင်မြင့်နောင်းသည် မလိုက်ချင် လိုက်ချင်နှင့် ထွက်လာခဲ့သည်။ အပြင်သို့ရောက်ချိန်တွင် ပုဏ္ဏဝတီ ရှိနေသည့် ကျောက်ဂူတံခါးကြီးသည် "ဂျိမ်း"ခနဲ မြည်သံနှင့်အတူ ပိတ်သွားပေတော့သည်။

"ဝေါ ... ဝေါ ..."

"ဒိန်း ... ဒိန်း"

ကြောက်စရာကောင်းသည့် အသံတစ်ခု ထပ်မံထွက်ပေါ်လာသည်။ ထွက်ပေါ်လာသည့် အသံအား သတိပြုလိုက်ချိန်တွင် ကြီးမားသည့် အရိပ်မည်းကြီးတစ်ခု အပေါ်မှ ဖြတ်သန်းသွားသည်။

အရိပ်မည်းကြီးသည် မည်သည့်အရာဆိုတာကို မသိအောင် ဖြစ်နေသည်။ အရိပ်မည်းကြီးကြောင့် ကျောက်လိုဏ်ဂူကြီးတစ်ခုလုံး တုန်ဟည်းသွားပေသည်။

အရိပ်မည်းကြီး ပျောက်ကွယ်သွားပြီး မကြာခင်၌ အလင်းတန်းများ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လျက် ရှိသည်။ တောင် ၁၉ သည် မှောင်မည်းလျက် ရှိသည်။ တောင်များ၏ လိုဏ်ခေါင်းများသည် ကတ္တီပါဝတ်ရုံနက်ကြီး ခြုံထားသလို ထင်ရသည်။ အစွန်ဆုံးတောင်၏ အခန်းတစ်ခု၌ ဆီမီးများထားသည်။ မီးရောင်သည် အခန်းတွင်းသို့ လင်းထိန်နေသည်။ ပတ်ဝန်းကျင်သည် လွန်စွာတိတ်ဆိတ်နေချိန်၌ ခြေသံများအား ထွက်ပေါ်နေသလို ထင်နေရပေ၏။ မောင်မြင့်နောင်း စိုးထိတ်နေသည်။

"ဒီအင်ကြင်းပန်းလေးကို ယူထားပါ သူ့ရဲ့ကောင်းလေး၊ ဒါဟာ မြေးတော် ပုဏ္ဏဝတီရဲ့နာမ်ပဲ။ ကျွန်တော်မျိုးပြောတာကို သေချာနားထောင်ပါ။ ကျွန်တော်မျိုးဟာ သူ့ရဲ့ကောင်းလေးကို လိုက်ရှာနေတာ နှစ်ပေါင်းထောင်ချီနေပါပြီ။ အဲဒီလို လိုက်ရှာရင်းနဲ့ မြတ်ဗုဒ္ဓရဲ့ တရားတွေကို ကျင့်ကြံခဲ့လို့လည်း လွန်စွာခရီးရောက်နေပါပြီ။ မကြာမီ ရုပ်လောကကို စွန့်ခွာသွားတော့မယ်။ ကျွန်တော်မျိုးလည်း မြေးတော် ပုဏ္ဏဝတီဟာ သူ့ရဲ့ကောင်းလေး ပြန်အလာကို စောင့်ရင်း ရုပ်လောကကို စွန့်ခွာသွားတာ နှစ်ပေါင်းထောင်ချီနေပါပြီ။ ဒါပေမဲ့ မြေးတော် ပုဏ္ဏဝတီဟာ နာမ်လောကမှာ သူ့ရဲ့ကောင်းလေးကို စောင့်နေပါတယ်။ အဲဒီအတွက်ကြောင့် မြေးတော်ရဲ့ရုပ်က ပျက်စီးခြင်း မရှိသေးတာပါ။ ထူးခြားတာက မြေးတော်ဟာ အစွမ်းထက်တဲ့ သီလတန်ခိုးတွေ ရခဲ့တယ်။ ရုပ်လောကနဲ့ နေလို့ရသလို နာမ်လောကနဲ့လည်း နေလို့ရတယ်။ ရုပ်နဲ့နာမ် နှစ်ခုပေါင်းပြီးတော့လည်း နေလို့ရတယ်။ အဲဒါကြောင့် တန်ခိုးရှင်မ ပုဏ္ဏဝတီလို့ ခေါ်တွင်ကြတယ်။ ဒါကြောင့် ဒီကျောက်သေတ္တာကြီးထဲမှာ နှစ်ပေါင်းထောင်ချီပြီး မပျက်မစီးဘဲ ရှိနေတာပေါ့"





မြေးတော်ပုဏ္ဏဝတီဟာ သူ့ရဲ့ကောင်းလေး ကုဏ္ဍလကို လွန်စွာ စိတ်နာသွားတယ်။ အဲဒါက ဘာကြောင့်လဲဆိုတော့ စစ်ထွက်သွားတာ သူ့ကို မနှုတ်ဆက်ဘဲ ထွက်သွားပြီး နှစ်အတန်ကြာ ပြန်ရောက်မလာတဲ့အတွက် သူ့ကို မငဲ့ညှာ မထောက်ထားစိတ်ဖောက်ပြားပြီး တခြားသူနဲ့ ပျော်ပါးနေတယ်လို့ ထင်မှတ်နေတယ်။ အဲဒီမှာ မြေးတော်က ရက်စက်စွာ ဆုတောင်းသွားတယ်။

"တပည့်တော်မသည် မောင်တော်အား အသက်လောက် ချစ်ရသည်မှာ လွန်စွာ မှန်ကန်ပါသည်။ မောင်တော်သည် တပည့်တော်မအား ခွဲခွာခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပါသည်။ မောင်တော်အား ကြေကွဲမှုများစွာ ရင်မှာပိုက်၍ စောင့်မျှော်နေသော်လည်း ရောက်ရှိလာခြင်း မရှိသလို စိတ်အား နာကြည်းအောင် လုပ်ခဲ့ပါသည်။ ထိုစိတ်သောကကြောင့် သေဆုံးပါတော့မည်။ ဘဒ္ဒ ကမ္ဘာ၌ လူသားဖြစ်ခဲ့ပြီး ဆုံတွေ့ရပါစေ။ မောင်တော်ရဲ့ အသည်းနှလုံးသည်းပွတ်တို့ကိုခွဲ၍ အနိုင်ယူရပါစေသား အရှင်ဘုရား"

ဘိုးသိဟသည် မြေးတော် ပုဏ္ဏဝတီ ဆုတောင်းမှုမျိုး ဆုတောင်းပြသည့်အခါ လွန်စွာကြေကွဲသွား၏။ စိတ်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



သောကများစွာကို ခံစားလိုက်ရသည်။ မြေးတော်ပုဏ္ဏဝတီသည် ဤမျှလောက် နာကြည်းမုန်းတီးသွားသည့်အတွက် ဖြေရှင်းရန် ခက်နေပေ၏။

တကယ်တော့ မောင်တော်ကုဏ္ဍလသည် ပုဏ္ဏဝတီထင်သလို မဟုတ်၊ စစ်ထွက်သွားသည်မှာ မှန်သည်။ တစ်ဖက်ရန်သူ၏လက်ချက်ကြောင့် အသက်သေဆုံးခဲ့ရသည်။ ၎င်းအတွက် ချစ်သူ ပုဏ္ဏဝတီထံ ပြန်လည်ရောက်ရှိခြင်း မရှိသလို တိုက်ပွဲ၌ ဒဏ်ရာရ သေဆုံးသည်ကို မည်သည့်ရဲမက်မှ မသိချေ။ ရန်သူ၏လက်ချက်ကြောင့် မှုံမြစ်ထဲ ပြုတ်ကျမျောပါ သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ထိုအကြောင်းများကို ယခုမှ ပြောပြရန် နောက်ကျခဲ့ပေ၏။

"သူ့ရဲကောင်းလေး စိတ်ထိခိုက်သွားပြီလား၊ စိတ်မထိခိုက်ပါနဲ့။ မေတ္တာစစ် မေတ္တာမှန်ရင် ပြန်လည်ဆုံတွေ့ကြမှာပါ။ ကျွန်တော်မျိုးဟာ မကြာခင် ရုပ်နာမ်ကို စွန့်ခွာသွားရတော့မှာပါ။ အဲဒီတော့ ဒီအင်ကြင်းပန်းလေးကို ယူထားပါ။ ကိုးရက်ပြည့်တဲ့နေ့မှာ မြေးတော် လာပါလိမ့်မယ်၊ ရောက်လာရင် အဲဒီ အင်ကြင်းပန်းလေးကို ဂုဏ်တော်ရွတ်ပြီး မီးရှို့လိုက်ပါ။ ကျွန်တော်မျိုး အထိန်းတော်ကြီးပြောတာကို သဘောပေါက်ပြီလား"

"သဘောပေါက်ပါပြီ အထိန်းတော်ကြီး"





"ကျွန်တော်မျိုး အပေါ်မှာ အပြစ်တော်များ ရှိခဲ့ရင် ခွင့်လွှတ်တော်မူပါ အရှင့်သား"

ထိုသို့တောင်းပန်နေချိန်၌ အဘိုးအို၏ မျက်ဝန်း၌ ကြေကွဲမှုများစွာ လွှမ်းမိုးနေပေသည်။ တကယ်တော့ အဘိုးအိုသည် သူတော်စင် တစ်ယောက် ဖြစ်တော့မည်။ ဝဋ်ကြွေးများ ရှိနေသေးသည့်အတွက် ဤသံသရာ၌ ကျင်လည်နေရခြင်းသာ ဖြစ်ပေတော့၏။

✧ ✧ ✧

## အခန်း(၉)

အထိန်းတော်ကြီးသည် ထိုညဉ့်၌ပင် ခန္ဓာစွန့်ခွာသွားသည်။ ၎င်းအတွက် ကြေကွဲရပြန်သည်။ အမှန်တော့ အထိန်းတော်ကြီး ရုပ်အလောင်းသည် မြေးတော် ပုဏ္ဏဝတီ၏ အေးခန်း ကျောက်သေတ္တာကြီး အတွင်း၌ ရှိနေနှင့်ပြီးဖြစ်သည်။ ဒါကို သူ့ရဲကောင်းကုဏ္ဍလ မသိပေ။ ကျောက်ဂူအတွင်း၌ ကျောက်သေတ္တာသုံးလုံးရှိသည်။

၎င်း ကျောက်သေတ္တာများကို လိုက်၍ ဖွင့်တော့မှ အထိန်းတော်ကြီးအား တွေ့သည်။ တခြား ကျောက်သေတ္တာများအတွင်း၌ အထိန်းတော်ကြီးကဲ့သို့ အဘိုးအိုနှစ်ယောက်ကို ထပ်မံတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ကြီးတွေ ဖြစ်လိမ့်မည်ဟု တွေးပြီးနောက် ကြေကွဲစွာ ပြန်ထွက်လာ၏။ အထိန်းတော်ကြီးသည် ၎င်း၏ရုပ်အလောင်းအား ကိုင်တွယ်ခြင်း မပြုလုပ်ရန် မှာသွားသည့်အတွက် မျက်နှာအား ခဏတာကြည့်၍ ကြေကွဲစွာ လှည့်ပြန်ခဲ့ရသည်။

ယခုညတော့ အထိန်းတော်ကြီး မှာသွားသည့်အတိုင်း ကိုးရက်မြောက်ခဲ့ပေ၏။ သူ့ရဲ့ကောင်းလေးသည် ချစ်သူ ပုဏ္ဏာဝတီအား စောင့်မျှော်၍ နေသည်။ ဘယ်အချိန်များ ရောက်ရှိလာမလဲဟု တွေးနေသည်။ တရွေ့ရွေ့နှင့် ညဉ့်နက်လာသည်။ ၎င်းနေထိုင်သည့် အခန်းသည် အပြင်သို့ တွေ့မြင်ရခြင်းမရှိ။ ကြောက်ရွံ့သည့်စိတ်များ လွှမ်းမိုးနေသောကြောင့် တံခါးကို ပိတ်ထားသည်။ အပြင်၌ ခြေသံများ ကြားနေရသည်။ ပုဏ္ဏာဝတီ ရောက်လာလျှင် တံခါးလာခေါက်မည်ဟု တွေးနေပေမဲ့ ထိုနေရာတွင် နေထိုင်ရသည်မှာ လွန်စွာကြောက်ရွံ့နေသည်။ အသက်လောက် ချစ်ရသူအား တွေ့လိုစိတ်နှင့်သာ နေရပေမဲ့ ထိုနေရာအား ကျော်ခိုင်းထွက်သွားချင်သည်မှာ အသေအချာပင် ဖြစ်ပါပေ၏။

အထိန်းတော်ကြီး ပေးသွားသည့် အင်ကြင်းပန်းလေးအား ယူလိုက်ပြီး ကညင်ဆီမီးတိုင်တစ်ခုထွန်း၍ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုနေသည်။ တိတ်ဆိတ်သည့်ည ဖြစ်သည့်အတွက် ကုဏ္ဏာလသူ့ရဲ့ကောင်း၏ အသံသည် လွင့်ပျံ့နေသည်။ ဂုဏ်တော်ရွတ်ဆိုပြီးချိန်၌ အင်ကြင်းပန်းလေးကို မီးအတွင်း ပစ်ထည့်လိုက်သည်။ အင်ကြင်းပန်းလေးသည် မီးစွဲလောင်သွား၏။





"ဟုန်း"

"ဒုန်း ... ဒုန်း"

"ဝုန်း ... ဝုန်း"

ထွက်ပေါ်လာသည့် အသံကြောင့် လွန်စွာ တုန်လှုပ်သွားသည်။

ပိတ်ထားသည့် တံခါးများသည် အရှိန်နှင့်တွန်းဖွင့်လိုက်သလို အခန်းတစ်ခုလုံးသည် မီးခိုးလုံးများနှင့် မှောင်ပိတ်နေသည်။ ကုဏ္ဏာလသည် နောက်သို့ ရုတ်တရက် လွင့်သွား၏။

ကြက်သီးများ တဖြန်းဖြန်း ထလာသည်။ ဘာဖြစ်မှန်း မသိအောင် ဖြစ်နေချိန်၌ ခေါင်းပေါ်ဖြတ်၍ အရာဝတ္ထုတစ်ခု ပျံသန်းသွားသည်ဟု ထင်မိသည်။ ခဏအကြာ အခန်းဝသို့ ကြည့်လိုက်မိသည်။

"ပုဏ္ဏာဝတီ"

အခန်းဝ၌ ပုဏ္ဏာဝတီ ရပ်နေပေ၏။

လွန်စွာအံ့ဩသလို ပျော်ရွှင်မှုများလည်း လွှမ်းမိုးလာသည်။ မောင်မြင့်နောင်းသည် လဲနေရာမှ ထလိုက်သည်။ ပုဏ္ဏာဝတီသည် တင်းမာသည့် မျက်နှာထားနှင့် ကြည့်နေသည်။ ဒေါသများ လွှမ်းမိုးနေသည်ဟု ထင်မိသည်။ မောင်မြင့်နောင်းသည် မတ်တတ်ရပ်လိုက်သည်။

"ပုဏ္ဏာဝတီ ... ပုဏ္ဏာဝတီ မောင်တော် ကုဏ္ဏာလလေ မမှတ်မိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ရက်စက်လှတဲ့ ယောကျ်ားတစ်ယောက်ကို ဘာလို့ မမှတ်မိရမှာလဲ၊ ဘယ်ဘဝရောက်ရောက် မေ့ပျောက်သွားမှာ မဟုတ်ပါဘူး"

ပုဏ္ဏဝတီ အသံသည် ကြည်လင်ပြတ်သားပေမဲ့ လွန်စွာ နာကြည်းမုန်းတီးနေသည့် ထိုစကားကြောင့် လှမ်းနေသည့် ခြေလှမ်းများ ရုတ်တရက် တန့်သွားသည်။ တကယ်တော့ မောင်မြင့်နောင်း ဘဝဟောင်းမှ ချစ်သူအား တွေ့လိုက်ရသည့်အတွက် ပျော်ရွှင်စွာ ကြည်နူးချိန်၌ ရုတ်တရက် ကြားလိုက်ရသည့် စကားကြောင့် ရင်ဝအား လုံထက်ထက် ပစ်ထိုးလိုက်သလို နာကြည်းစွာ ခံစားလိုက်ရသည်။

"ဘယ်လိုများ ပြောလိုက်တာလဲ နှမတော် ပုဏ္ဏဝတီရယ်။ နှမတော်ကို တွေ့ချင်လွန်းလို့ ဒီလောက်ကြမ်းတမ်းတဲ့ ခရီးကို အသက်စွန့်ပြီး လာခဲ့ရတာပါ"

"ရှင်မလာပါဘူး။ ဘဝဟောင်းကိုစွန့်ပြီး ဘဝအသစ်တွေမှာ ပျော်နေပါတယ်။ ကျွန်ုပ်ကသာ နှစ်အကန်ကြာအောင် စောင့်နေရတာပါ။ အခုလည်း ရှင်ပျော်နေပါတယ်၊ ကျွန်ုပ်ရဲ့နာမ်က လာခေါ်လို့ ရောက်လာရတာပါ။ ရှင် ကျွန်ုပ်ကို တွေ့ပြီဆိုတော့ ဒီနေရာကနေ ထွက်ခွာသွားလို့ ရပါပြီ"

"ဘယ်လို ပြောလိုက်တာလဲ နှမတော် ပုဏ္ဏဝတီရယ်။ မောင်တော်ကုဏ္ဍလ မပြန်ဘူး။ နှမတော် ပုဏ္ဏဝတီနဲ့အတူ နေပါ့မယ်။ မောင်တော်ကုဏ္ဍလ အပေါ် စိတ်နာနေတယ်





ဆိုတာ သိပါတယ်။ မောင်တော်ဟာ စစ်တိုက်ထွက်သွားတယ်။ ရန်သူရဲ့လက်ချက်နဲ့ သေပွဲဝင်ခဲ့ရတယ်။ အဲဒီအချိန်မှာ နှမတော်နဲ့ မောင်တော် ဘဝခြားသွားခဲ့တယ်။ ပြန်မဆုံကြတော့ဘူးပေါ့ကွယ်"

မောင်မြင့်နောင်းသည် ကြုံတွေ့ခဲ့ရသည်များအား ပြောပြနေသည်။ ထိုအကြောင်းများသည် မောင်မြင့်နောင်း မေ့ပျောက်နေသည်။ တမာတကော်ရွာ ဘုရားပွဲမှာ ပုဏ္ဏဝတီနှင့် တွေ့တော့မှ ဘဝဟောင်းကို ပြန်လည်သတိရလာသည်။ ပုဏ္ဏဝတီသည် မောင်မြင့်နောင်းအား မေ့ပျောက်နေသည်များအား အစဖော်၍ ညှို့ခေါ်လိုက်ခြင်းသာ ဖြစ်သည်။

"အခုလည်း ကျွန်ုပ်တို့ ပြန်ဆုံလို့ မရတော့ဘူး။ ဘဝတွေခြားသွားပြီ၊ ကျွန်ုပ်ဟာ ရုပ်လောကမှာ မရှိတော့ဘူး။ နာမ်လောကမှာပဲ ရှိတော့တယ်။ တစ်ချိန်တုန်းက ကျွန်ုပ် နာကြည်းချက်များစွာနဲ့ ဆုတောင်းခဲ့တာ အမှန်ပါ။ အဲဒီလို ဆုတောင်းမှားခဲ့မိတာကြောင့် ပြန်ဆုံတွေ့ရဦးမယ် ဆိုတာ သိနေပေမဲ့ ပြန်မဆုံတွေ့ချင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ နောင်ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူမဲ့ အရိမေတ္တယျမြတ်စွာဘုရားရှင်အား သီလစင်ကြယ်သူအဖြစ်နဲ့ ဖူးတွေ့ပြီး သာသနာပြုရမဲ့ သူတစ်ယောက် ဖြစ်နေလို့ပဲ။ အဲဒီအတွက် ကဿပဘုရားရှင်ရဲ့ လက်ယာရံ တိဝလရဟန်းတော်နဲ့ ဂေါတမမြတ်စွာဘုရားရဲ့ လက်ဝဲရံ ရှင်မောဂ္ဂလန်တို့ထံမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းခဲ့လို့ပဲ။ အဲဒီအတွက် ရှင့်အပေါ်မှာ ထားခဲ့တဲ့ အတ္တမာနတွေကို ကျေအေးလိုက်တယ်။ ကဲ ... ရှင်ဒီနေရာကနေ ပြန်ပါတော့။ ရှင့်အတွက် အန္တရာယ်ကြီးတယ်"

"မောင်တော် မပြန်ပါရစေနဲ့ နှမတော် ပုဏ္ဏာဝတီ။ နှမတော်နဲ့အတူ နေပါရစေ။ မောင်တော့်စကားကို လက်ခံပါ နှမတော်"

အမျိုးမျိုး တောင်းပန်စကား ပြောနေသော်လည်း ပုဏ္ဏာဝတီသည် လက်ခံခြင်းမရှိ ခေါင်းကို တွင်တွင်ခါယမ်းနေသည်။

တကယ်လည်း မှန်နေသည်။ ရုပ်လောကနှင့် နာမ်လောက ပေါင်းစပ်မရ ဖြစ်နေသည့်အတွက် လက်ခံလျှင်လည်း ကြီးမားသည့် အနှောင့်အယှက်များ ရှိနေသည်။

မောင်မြင့်နှောင်းသည် ပုဏ္ဏာဝတီကို ကြည့်နေသည်။ ၎င်း၏အကြည့်သည် အကြင်နာများ လွှမ်းမိုးနေသည်။ တစ်ယောက်နှင့် တစ်ယောက် စကားပြောဆိုခြင်းမရှိ ကြည့်၍သာ နေကြသည်။ ၎င်းတို့သည် လွန်ခဲ့သည့် နှစ်အတန်ကြာကာလ၌ အသက်လောက်ချစ်သည့် ချစ်သူများ ဖြစ်ကြသော်လည်း ယခုတော့ မည်သို့မျှ မသက်ဆိုင်သလို ဖြစ်နေကြပေ၏။

"ဝေါ"

"ဂျိမ်း ... ဂျိမ်း"

"ဝုန်း ... ဝုန်း"





ကြောက်စရာ လွန်စွာကောင်းသည့် အသံကြီးများ လွှမ်းမိုးစွာ ထွက်ပေါ်လာသည်။ ၎င်းအသံသည် ဝန်းကျင်တစ်ခုလုံးကို ဆူညံပွက်လောရိုက်သွားသည်။ နံရံများ ပြိုကျကုန်သည်။ ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ ဖုံးလွှမ်းသွားသည်။ မောင်မြင့်နှောင်း၏ မျက်လုံးများ ပြာဝေသွားသည့်အရှိန်နှင့် ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည့်အတွက် နောက်သို့ လွင့်စဉ်ချသွားသည်။

ထိုအချိန်၌ "ဂျိမ်း" ဟူသော အသံနှင့်အတူ ကြီးမားသည့် အရာဝတ္ထုတစ်ခု ပြုတ်ကျလာသည်။ ကံကောင်းသည်။ အနောက်သို့ အတွန်းမခံရလျှင် ၎င်းနေရာ၌ ပွဲချင်းပြီးသွားနိုင်သည်။ ယခုတော့ သီသီကလေး လွတ်သွားသည်။ အခန်းတစ်ခုလုံး ပိန်းပိတ်မှောင်မည်းသွားသည်။ ကြောက်စိတ်များကြောင့် ကြက်သီးများ ထလာသည်။ အနီး၌ အဖော်မရှိသည့်အတွက် ဘာလုပ်ရမှန်း မသိပေ။ ပုဏ္ဏာဝတီကိုလည်း မြင်တွေ့ရခြင်းမရှိတော့။

အတန်ကြာသွားချိန်၌ အမှောင်ထုကြီးများ ပျောက်ကွယ်သွားသည်။ အနီး၌ ပုဏ္ဏာဝတီအား လိုက်ရှာကြည့်သည်။ မတွေ့ပါ။

"ပုဏ္ဏာဝတီ ... ပုဏ္ဏာဝတီ"

၎င်း၏ အသံသည် ဝန်းကျင်သို့ ကျယ်လောင်စွာ လွှမ်းမိုးသွားပေတော့၏။

"အစ်ကိုမြင့်နှောင်း ... အစ်ကိုမြင့်နှောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အမေရေ ... အစ်ကိုမြင့်နောင် သတိရလာပြီ"

စောသီရိ၏ အသံသည် ဝန်းကျင်တစ်ခုလုံးကို အုတ်အော်သောင်းတင်း ဖြစ်သွားစေ၏။ မောင်မြင့်နောင်၏ မိခင်နှင့် ဆွေမျိုးများ အပြေးရောက်လာကြပေ၏။ မောင်မြင့်နောင် သတိရလာသည့်အတွက် အားလုံး ပျော်ရွှင်နေကြသည်။

မောင်မြင့်နောင်သည် ချစ်သူ ပုဏ္ဏဝတီ ရှိသည့် ကျောက်လိုဏ်ဂူ အတွင်း၌ ရက်ပေါင်းအတန်ကြာအောင် နေထိုင်ခဲ့သည်။ ကျောက်ဖုံးများ ပြိုကျသည့်ညှ ပုဏ္ဏဝတီသည် ပျောက်ကွယ်သွားသည်။ ပုဏ္ဏဝတီ ပြန်လာနိုးနှင့် စောင့်ဆိုင်းနေသည်။ ဘယ်သို့ ပျောက်သွားသည်ဆိုတာ မသိရအောင် ဖြစ်ခဲ့သည်။

မောင်မြင့်နောင်သည် ပုဏ္ဏဝတီ နေထိုင်သည့် ကျောက်ဂူအား လိုက်ရှာသည်။ ၎င်းကျောက်ဂူအား မတွေ့သလို အဘိုးသီလ၏ ကျောက်ဂူလည်း မတွေ့ရတော့ပေ။ မောင်မြင့်နောင်သည် ခွဲကောင်းကောင်းနှင့် လိုက်ရှာသည်။ ရှာရင်း ရှာရင်းနှင့် နောက်ဆုံး လက်မြှောက်အရှုံးပေးပြီး ပြန်လာခဲ့သည်။ အပြန်လမ်း၌ ခရီးကလည်း ပင်ပန်း၊ အစာရေစာကလည်း ပြတ်လာသည့်အတွက် အားအင်များ ကုန်ခန်းလာသည်။ မောင်မြင့်နောင်သည် သတိနှင့် ပြန်လာရင်းက ကမာကတောစေတီတော်သို့ ရောက်ခဲ့၏။

ထိုအချိန်မှစ၍ သတိမရတော့ပေ။ ဘာတွေဖြစ်သလဲ မပြောတတ်အောင် ဖြစ်နေ၏။ သတိရချိန်၌ နေထိုင်ရာအိမ်သို့





ရောက်ရှိလာသည်။ ၎င်းအား ဘယ်သူများ ပို့ပေးသည်ကို မသိ မိသားစုများ အနား၌ ဝိုင်းနေကြသည်။

"သား ... လူလေး၊ သတိရလာပြီလားဟင်"

"ကျုပ် ဘယ်ကို ရောက်နေတာလဲဟင်"

"အိမ်ကို ပြန်ရောက်နေတာလေ၊ သားလေး သတိလစ်နေတာ ငါးရက်ရှိသွားပြီကွယ်၊ အခု သားလေး သတိရလာတော့ ဝမ်းသာလိုက်တာကွယ်"

မိခင်သည် ဝမ်းသာမှု မျက်ရည်များ လွှမ်းမိုးနေပေ၏။ သားဖြစ်သူ၏ မျက်နှာကို သေချာစိုက်ကြည့်နေပေ၏။

"အမေ ... စောသီရိရော ... စောသီရိ ဘယ်မှာလဲဟင်"

"ဒီမှာ စောသီရိလေ သားရဲ့"

"ဟုတ်တယ် အစ်ကို၊ စောသီရိ အစ်ကို့နားမှာ ရှိပါတယ်"

စောသီရိသည် ခင်ပွန်းသည်၏ လက်အား ကြင်နာခြင်းများစွာဖြင့် ဆုပ်ကိုင်ထားလိုက်သည်။ စောသီရိ လွန်စွာပျော်ရွှင်နေသည်။ စောသီရိသည် မောင်မြင့်နောင် သတိလစ်နေစဉ်က အချိန်ပြည့် အနား၌ ရှိနေ၏။ အနားယူရန် ပြောစကားကို လက်မခံ။ မောင်မြင့်နောင် သတိရလာတာကို မသိလိုက်မှာ စိုးရွံ့သည့်အတွက် အနား၌ ထိုင်နေပေ၏။ အိပ်ချင်လွန်း၍ အိပ်သည့်အခါတွင်လည်း မောင်မြင့်နောင်၏ ဘေး၌သာ အိပ်၏။

"စော"

"ပြော်ပါ အစ်ကို၊ စော နားထောင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို စောနဲ့ခွဲပြီး ဘယ်ကိုမှ မသွားတော့ပါဘူးနော်။ အစ်ကို ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

"ဒါနဲ့ မေးရဦးမယ်၊ အစ်ကိုက ဘယ်ကိုသွားနေတာလဲ"

မောင်မြင့်နောင်းသည် ခနီးသည် စောသီရိကို ကြည့်လိုက်သည်။ မောင်မြင့်နောင်းသည် ပုဏ္ဏာဝတီနှင့် ပတ်သက်သည့် အကြောင်းများ ပြောပြလိုက်သည်။ နောက်ဆုံး ကမာတကော ရွာဦးရှေးဟောင်းစေတီသွားပြီး စေတီအား ဝတ်ပြုကန်တော့ကာ ပုဏ္ဏာဝတီနှင့် ပတ်သက်၍ ဆုတောင်းသည်။


"ကျွန်ုပ်သည် ပုဏ္ဏာဝတီမင်းသမီးအား အသက်လောက် ချစ်ပါသည်။ ပုဏ္ဏာဝတီသည် ကျွန်ုပ်အား အငြိုးထား၍ မုန်းတီးနေပါသည်။ ပုဏ္ဏာဝတီ မင်းသမီးမှ အပ တခြားမိန်းမများအား ချစ်ခင်မြတ်နိုးခြင်း မရှိပါ။ ဤသစ္စာမှန်ကန်ပါသောကြောင့် ဘဒ္ဒါကမ္ဘာ၌ ဆုံတွေ့ရပါစေသား"

ထိုသို့ ဆုတောင်းဝတ်ပြုပြီး နောက်ပိုင်း ပုဏ္ဏာဝတီနှင့်မပတ်သက်သည့် ဖြစ်ရပ်များကို မသိတော့ကြောင်း ပြောချိန်၌ မိခင်နှင့် စောသီရိတို့ များစွာအံ့သြကုန်ကြပေတော့၏။

✧ ✧ ✧








www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

ကျွန်ုပ် နေထိုင်ရာ မြို့ပြနှင့် အနီးကြီးမဟုတ်သော်လည်း အလွန်လည်း မဝေးသော မင်္ဂလာဒုံမြို့နယ် အတွင်းက ရပ်ကွက်ကလေးဖြစ်သည်။

ခြံကျယ်၊ ဝင်းကျယ်ကြီးများဖြင့် အနေအထိုင်အေးဆေးသူများ နေထိုင်ကြသည်ကြောင့် ကျွန်ုပ်၏ ဝါသနာနှင့် အလွန်သင့်လျော်သော အရပ်ဝန်းကျင်ဖြစ်၏။

အငြိမ်းစားယူခဲ့ပြီးနောက် ကျွန်ုပ်သည် ဤအရပ်ဝန်းကျင်ကလေးမှာ အခြေချဖို့ ရွေးချယ်ခဲ့မိသည့်အတွက် မိမိကိုယ်မိမိ ကျေနပ်မဆုံး ခံစားရသည်။

နေ့လယ်တုန်းက ကျွန်ုပ်ထံသို့ ရောက်ရှိလာပြီး ကျွန်ုပ်အား ကန်တော့သွားသော တပည့်တစ်ဦးကို ကျွန်ုပ် ဆုတောင်းတစ်ခု အလေးအနက် ပြုပေးလိုက်၏။ ထိုတပည့်လေးသည် ကျွန်ုပ် ပြောလိုက်သည့် စကားတွေကို လိုက်နာကျင့်ကြံနိုင်ပါ့မလားဆိုသည့် အတွေးကို တွေးမိရင်း ကျွန်ုပ်တစ်ကိုယ်တည်း ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငိုးစားရယ်စားဆိုတဲ့ အဘိဓာန်ကို ငါ့တပည့်သက်တမ်းတစ်လျှောက်မှာ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် စာမျက်နှာမဖွင့်ဖြစ်အောင် မထူးသတိထားပါလို့ ဆရာပြောချင်တယ်"

တပည့်ဖြစ်သူ မောင်သိန်းဇော်သည် လက်ရှိမှာ အရာရှိငယ်ဘဝဖြင့် တာဝန်ထမ်းဆောင်နေသူဖြစ်၏။ မကြာခင်သော နှစ်အပိုင်းအခြားအတွင်း ဝန်ထောက် ဆိုသော အရာထမ်းတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာကို တက်လှမ်းဖို့ လျာထားခြင်းခံရသူဖြစ်၍ ကျွန်ုပ်အနေဖြင့် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ကျင့်ကြံရမည့် ကိုယ်ကျင့်တရားတွေကို တစ်နာရီနီးပါးခန့် ကြာမြင့်သည်အထိ စိတ်ပါလက်ပါ ပြောနေမိသည်။

ကျွန်ုပ်သည် ခြံဝင်းတွင်းရှိ ပုန်းညက်ပင်ခြေရင်းမှာ ပက်လက်ကုလားထိုင်ဖြင့် သက်သောင့်သက်သာ ထိုင်နေလျက်က မိမိ စိတ်အာရုံမှာ ရောက်တတ်ရာရာသို့ လွင့်မျောနေမိ၏။

ကျွန်ုပ်နံဘေးရှိ ခွေးခြေခုံ စားပွဲဝိုင်းကလေးပေါ်မှာ အကျရည်နှပ်ထားသော လက်ဖက်ရည်တစ်အိုးနှင့်အတူ တန်ဖိုးကြီးနိုင်ငံခြားစီးကရက်တစ်ဘူး ရှိနေ၏။

ညနေဆည်းဆာသည် သူ၏ ရောင်ခြည်ကို အနားသတ် ရုပ်သိမ်းဖို့ ဟန်ပြင်နေဘာကြောင့် လေပြည်ကလေးတွေ၏ တိုက်ခတ်မှုက အနည်းငယ် ပြင်းထန်လာသလို ကျွန်ုပ် ခံစားရသည်။





ကတွင်းချဉ်လာသလို ခံစားရ၍ ကျွန်ုပ်သည် စားပွဲပေါ်ရှိ စီးကရက်ဘူးကို လှမ်းယူလျက် စီးကရက်တစ်လိပ် ထုတ်ယူလိုက်ပြီး မီးညှိဖွာရှိုက်လိုက်ပါသည်။

အလုံးအရင်းနှင့် တိုးဝင်လာသော အခိုးအငွေ့များ၏ အရသာက ကျွန်ုပ်၏ သွေးသားတွေအပေါ်မှာ အလွန်ကိုဩဇာသက်ရောက်သလို အစွမ်းထက်လှသည်ကြောင့် ကျွန်ုပ်သည် ၎င်းစီးကရက်၏ တန်ဖိုးမှာ မသေးငယ်ကြောင်း သိရှိလိုက်၏။

"အင်း ... ငါ့တပည့်တော့ ဒီလိုစီးကရက်မျိုးတွေကို စွဲစွဲလမ်းလမ်း သောက်သုံးနေရင်တော့ သူ့ရင်ထဲကို ဆုံးမလိုက်တဲ့ ငါ့စကားတွေ ဘယ်လိုမှ ရောက်နိုင်မှာ မဟုတ်ဘူး"

ယခု ကျွန်ုပ် ဖွာရှိုက်နေသော စီးကရက်သည် နေ့လယ်က ကျွန်ုပ်အား လာရောက်ကန်တော့သည့် တပည့်ဖြစ်သူ မောင်သိန်းဇော်၏ မြောက်မြားစွာသော လက်ဆောင်ပစ္စည်းများစွာ အနက်မှ တစ်ခုသောပစ္စည်းဖြစ်သည်။

ကျွန်ုပ်နှင့် လက်တွဲ လုပ်ကိုင်စဉ်က ကျွန်ုပ်၏ ထိုတပည့်သည် လွန်စွာမှ ရိုးသားကြိုးစားသူဖြစ်၍ ကျွန်ုပ်အတွက် အားအကိုးရဆုံး တပည့်တစ်ဦးပင်ဖြစ်သည်။

သူသည် အလုပ်အပေါ်မှာ ခွဲကြီးသည်။ မဆုတ်မနစ်ကြိုးစားသည်။ ဌာနတွင်း စာမေးပွဲများစွာမှာလည်း ထိပ်ဆုံးအဆင့်မှ အောင်မြင်အောင် ကြိုးစားနိုင်စွမ်းသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အသက်အရွယ်ငယ်ရွယ်သူ ဖြစ်သော်ငြားလည်း သက်တူရွယ်တူ ဝန်ထမ်းများတွင် သူသည် ရာထူးအမြင့်ဆုံးနေရာတွင် အမြဲရှိနေသူဖြစ်သည်။

ကျွန်ုပ်၏ တပည့်ရင်း မောင်သိန်းဇော်အတွက် ကျွန်ုပ် အလွန်အမင်း စိုးရိမ်မိ၏။ လူသားတိုင်းမှာ ဖြစ်တတ်၊ ကြုံတတ်သည့် အားကျတိမ်းညွတ်စိတ်ပင် ဖြစ်သည်။

ကျွန်ုပ်သည် မောင်သိန်းဇော်ကို အယူအဆမှားယွင်းသော အပြုအမူများအပေါ်တွင် တိမ်းညွတ်သာယာမိသွားမှာကို ကျွန်ုပ် အလွန်ကို စိုးရိမ်ပါသည်။

"အို ... မဟုတ်သေးပါဘူး၊ ဘာကြောင့်များ ပူပန်တဲ့စိတ်အတွေးကို မွေးမြူနေမိပါလိမ့်"

ကျွန်ုပ်သည် မိမိအတွေးကို မိမိဘာသာ ပြန်လည်တည့်မတ်ပြီး ကျွန်ုပ်ထံမှာ တောင်းခံထားသော ဂျာနယ်တိုက်တစ်ခုအတွက် ရေးသားရမည့် ဆောင်းပါးတစ်ပုဒ်၏ အကြောင်းအရာအပေါ်မှာ အတွေးကို ဖြန့်ကျက်ထားလိုက်၏။

ကျွန်ုပ်သည် ခန္ဓာကိုယ်ကို အနည်းငယ် ကိုင်းညွတ်လျက် ငုံ့ထားပြီးသော အကြမ်းပန်းကန်လုံးအတွင်းမှ ရေနွေးကို တစ်ချိုက်တည်း မော့သောက်လိုက်ပြီး တစ်ဆက်တည်းဆိုသလို စီးကရက်ကို အားရပါးရ ဖွာရှိုက်ပစ်လိုက်သည်။

အဆုတ်အိမ်အတွင်းမှ ပြန့်ခနဲ ထွက်လာသော မီးခိုးငွေ့များကို လေထုတွင်းသို့ ဟန်ချက်ညီညီ မှုတ်ထုတ်လျက်





မျက်ဝန်းကို စုံမှိတ်ထားလိုက်ပြီး ကျွန်ုပ်၏ အတွေးအာရုံများကို စုစည်းလိုက်၏။

ညနေခင်း လေပြည်ကလေးက ကျွန်ုပ်ကိုယ်ကို ကတိုက်ကရိုက် တိုးဝှေ့သွားစဉ်မှာပဲ ထိုလေပြည်နှင့်အတူ ကြားလိုက်ရသည့် အသံကြောင့် စုစည်းနေမိသည့် ကျွန်ုပ်၏ အတွေးအလျှဉ်တွေက ပြန်လည်၍ တစ်စစီ ပြန့်ကျဲသွားတော့သည်။

"ဟော့ကောင်ကြီး မင်းမောင်၊ ဟေး ... မင်းမောင်၊ ဝန်ထောက်ကြီး ရုံ့နံ့သာမင်းမောင်"

၎င်းအသံကြီးက ကျွန်ုပ်ခြံဝင်းအတွင်းက ပုဏ္ဏရိက်ပင်များကိုပင် ယိမ်းယိုင်သွားစေလောက်အောင် အင်အားကောင်းလွန်းနေ၏။

ကျွန်ုပ် ဘယ်လိုမှ မနေသာတော့ နေရာမှ ထထိုင်လျက် ၎င်းအသံပြဲနှင့် အော်ခေါ်နေသည့် သတ္တဝါကြီးကို ကိုယ်ထင်ပြလိုက်ပြီး သူ့အသံနှုန်းထက် မနိမ့်သော အသံဖြင့် ပြန်အော်လိုက်တော့သည်။

"ဟော့ကောင် ... ထွန်းအောင်၊ မင်း ဗိုက်ထဲမှာ အသံချဲ့စက်ထည့်ပြီး အော်သလို မအော်နဲ့ကွ၊ မျက်စိရှင်ရှင်နဲ့ ကြည့်ပါလား"

ကျွန်ုပ်အော်သံက အံကြိတ်သံမျိုး ဖြစ်သွားပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအံကြိတ်သံကို ကောင်းစွာ ...ဘောပေါက်သွားသော ကျွန်ုပ်သူငယ်ချင်းသည် နှုတ်ခမ်းသားဝေ



www.burmeseclassic.com

www.burmeseclassic.com



ကို အစွမ်းကုန်ဆွဲဆန့်လျက် ကျွန်ုပ်ရှိရာသို့ ဦးတည်လျှောက်လှမ်းလာတော့သည်။

ကျွန်ုပ်၏ သူငယ်ချင်း ကိုထွန်းအောင်သည် ကျွန်ုပ်ရှိရာပုန်းညက်ပင်အောက်သို့ လျှောက်လှမ်းလာစဉ်က မြူးကြွနေသော်လည်း ကျွန်ုပ် ညှော်ခံရာ လက်ဖက်ရည်ကြမ်းကို ကျကျနန သောက်သုံးလျက် ကျွန်ုပ်၏ တပည့်ဖြစ်သူ ကန်တော့ခဲ့သည့် နိုင်ငံခြားစီးကရက်ကို ဖွာရှိုက်ရင်း စကားပြောစဉ်မှာတော့ သူ၏ မျက်နှာသည် စောစောတုန်းကကဲ့သို့ မြူးကြွမှု မရှိတော့ဘဲ ညှိုးငယ်သည့်အသွင်သို့ ပြောင်းလဲသွား၏။

တကယ်တော့ ကျွန်ုပ်နှင့် ကိုထွန်းအောင်သည် ကျောင်းနေဖက်သူငယ်ချင်းဟု ဆိုရသော်ငြား ကျွန်ုပ်တို့နှစ်ဦးသည် ကျွန်ုပ် အငြိမ်းစားယူပြီးသည့် လွန်ခဲ့သည့်နှစ်အနည်းကမှ ပြန်လည်ဆုံတွေ့မိကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦးသည် ရွှေတိဂုံဘုရား တောင်ဘက်မုခ်စောင်းတန်းမှာ အမှတ်မထင် တွေ့ဆုံမိကြခြင်းဖြစ်သည်။ ကိုထွန်းအောင်သည် ကုန်သည်တစ်ဦးအဖြစ်နှင့် အတော်အတန် ကြွယ်ဝသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ကြောင်းကို ကျွန်ုပ် သိခဲ့ရ၏။

ထိုသို့ တွေ့ဆုံမိကြသည်၏ နောက်ပိုင်းကာလများတွင် ကျွန်ုပ်တို့နှစ်ဦးသည် မကြာခဏဆိုသလို ငယ်ပေါင်းကြီးဖော်များပမာ တွေ့ဆုံဖြစ်ကြသည်။





ကျွန်ုပ်တို့နှစ်ဦးသည် ယခုကဲ့သို့ ဆုံမိသည်နှင့် အထူးသဖြင့် ကျွန်ုပ်၏ အသက်အရွယ်ကြီးရင့်နေမှုတွေကို မေ့လျော့သွားတတ်ကြပြီး နုပျိုစဉ်ကကဲ့သို့ လွတ်လပ်ပွင့်လင်းမှုများဖြင့် ပြောဆိုရသည့် အရသာကို နှစ်ဦးသားအဖို့ ကျေနပ်မဆုံး ခံစားရသည်။

ကျွန်ုပ် အနေဖြင့်လည်း ဝန်ထမ်းဘဝမှာ နေရာဒေသအလိုက် ကျင့်ကြံနေထိုင်ခဲ့ရ၍ ဟိတ်ကြီးဟန်ကြီး အမူအကျင့်တွေကို အဆုံးတိုင် ချေဖျက်လျက် ဟန်ဆောင်မှုကင်းသော လွတ်လပ်ပွင့်လင်းသည့် နုပျိုသူများ၏ သဘာဝဖြင့် ပြောဆိုရသည့်အတွက် အလွန့်ကို အားရကျေနပ်မိသည်။

ယခုတစ်ကြိမ် ကိုထွန်းအောင်နှင့် တွေ့ဆုံသည်မှာ ခါတိုင်း တွေ့ဆုံစဉ်ကကဲ့သို့ မဟုတ်ဘဲ သူ၏ အမူအရာတွေက ထူးခြားနေသလို ပြောဆိုသည့်စကားတွေကလည်း ကျွန်ုပ်အတွက် အနည်းငယ် အံ့သြစရာ ဖြစ်နေ၏။

ကျွန်ုပ်လည်း လူများစွာနှင့် အရပ်သဘော အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း တွေ့ဆုံခဲ့ရသည်ကြောင့် ယင်းသို့ တွေ့ဆုံရသည့် လူများစွာထံမှ အမျိုးမျိုး အဖုံဖုံသော ဖြစ်ပျက်မှု အတော်များများကို ကြားသိခဲ့ဖူး၍ တော်ရုံတန်ရုံ အကြောင်းအရာများကို ကျွန်ုပ်အနေဖြင့် အရေးတယူသဘောမျိုး အလွယ်တကူ လက်ခံသူတစ်ဦး မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အတွက် အထူးသဖြင့် ကျွန်ုပ်၏ စိတ်နှလုံးကို အနည်းနှင့်အများဆိုသလို စူးနစ်သွားစေမည့် အကြောင်းအရာမျိုးကိုသာ ကျွန်ုပ် အနေဖြင့် ဂရုတစိုက် မှတ်သားမိသူဖြစ်သည်။

သို့သော်လည်း ကျွန်ုပ်သည် ငယ်သူငယ်ချင်းဆိုသော သံယောဇဉ်ဖြင့် သူ ပြောနေသော စကားများအပေါ်မှာ စိတ်ပါဝင်စားစွာ နားထောင်နေမိသည်။

"ကိုယ့်အနေနဲ့ အလွန်ပဲ အတွေးရကျပ်တယ် သူငယ်ချင်းရာ၊ ပြီးတော့ ကိုယ့်တူတော်မောင်အတွက်လည်း အများကြီး စိုးရိမ်မိတယ်"

ကိုထွန်းအောင်သည် ပင့်သက်ရှိုက်လျက် အကြမ်းပန်းကန်လုံးထဲသို့ ရေနွေးကြမ်းကို ငှဲ့၍ တစ်ကျိုက်တည်း မော့သောက်လိုက်၏။ ပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီး မီးညှိလျက် အားရပါးရ ဖွာရှိုက်နေပြန်၏။

စီးကရက်ကို သုံးလေးဖွာခန့် ဆင့်၍ ဖွာရှိုက်ပြီးသည်တွင် ထပ်မံ၍ ရေနွေးကြမ်းကို ငှဲ့လိုက်ပြီး ပန်းကန်လုံးတစ်ဝက်ခန့် သောက်ပြီးသည်တွင် လေးလေးပင်ပင် လေသံဖြင့် ကျွန်ုပ်ကို ပြော၏။

"ကိုယ့်သူငယ်ချင်းက စာပေအရာမှာ နှံ့စပ်သူဆိုတော့ ကိုယ့်တူတော်မောင်ရဲ့ အနေအထားကို ကိုယ့်ထက် ပိုပြီး ခန့်မှန်းနိုင်မှာပါ။ သူငယ်ချင်းရဲ့ အမြင်ကို ကိုယ့်ကို ပြောပြပါလား"





ပြဿနာက ဆိုင်းမဆင့် ဗုံမဆင့်ဆိုသလို ကျွန်ုပ်ဘက်သို့ ဦးတည်လိုက်တာကြောင့် ကျွန်ုပ်သည် ရုတ်တရက်ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

စောစောတုန်းကတော့ သူ ပြောသမျှကို နားထောင်ပေးနေလျှင် ပြီးပြီဟု သဘောထားခဲ့သော ကျွန်ုပ်အဖို့ ယခုတော့ ကောင်းစွာ အခက်တွေ့ရလေပြီ။

သို့သော်လည်း မပြောလျှင် မပြီးသည့်အနေအထားဖြစ်နေ၍ ကျွန်ုပ်အနေဖြင့် တစ်စုံတစ်ရာ ထင်မြင်ချက်ကို ပြောမှဖြစ်တော့မည်။

"အင်း ... ဒီပြဿနာမျိုးက ရုပ်ပိုင်းဆိုင်ရာထက် စိတ်ပိုင်းဆိုင်ရာကို ဦးစားပေးပြီး စဉ်းစားရမယ်လို့ ကိုယ် ထင်တယ်။ ဖြစ်နိုင်ရင် သူငယ်ချင်းရဲ့ တူတော်မောင်ကို အချိန်အတိုင်းအတာတစ်ခုထိ စောင့်ကြည့်ပြီး သူ့အပြုအမူ အပြောအဆိုတွေအပေါ်မှာ စိတ်ပညာရှင် ဆရာဝန်ကြီးတွေနဲ့ ဆွေးနွေးပြီး အကြံဉာဏ်ယူသင့်တယ်လို့ ကိုယ် ထင်တယ်လေ"

ကိုထွန်းအောင်သည် ကျွန်ုပ် စကားတွေအပေါ်မှာ ဦးခေါင်းတညိတ်ညိတ်ဖြင့် လေးလေးနက်နက် သဘောထားလိုက်တာကြောင့် ကျွန်ုပ်လည်း မသိမသာ ပင့်သက်ချမိသည်။

ကျွန်ုပ် ဘာရယ်မဟုတ်ဘဲ အကြံပေးချက်အပေါ်မှာ အလွယ်တကူ လက်ခံသွား၍ စိတ်လက်ပေါ့ပါးသလို ခံစားလိုက်ရသော ကျွန်ုပ်ကို ရုတ်ခြည်းဆိုသလို ပြောချလိုက်သော ကိုထွန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်၏ စကားတွေက ငှင်းပေါ့ပါးခံစားမှုများကို အဝေးသို့ တွန်းထုတ်လိုက်သလို ဖြစ်သွားတော့သည်။

ကိုထွန်းအောင်သည် အမြဲလိုလို ကိုင်ဆောင်တတ်သော သူ့အတက်ချိုကျေ့စ်ကို ဖွင့်လိုက်ပြီး မှတ်စုစာရွက်တချို့ကို ထုတ်လေ၏။

ပြီးနောက် ကျွန်ုပ်ရှေ့သို့ ငှင်းစာရွက်တွေကို ချပေးပြီး ...

"ဒီမှတ်စုတွေက ကိုယ့်တူတော်မောင်ရဲ့ မှတ်စုတွေပေါ့ သူငယ်ချင်းရာ၊ သူ မရှိတုန်း ကိုယ် သူ့အခန်းထဲ ခိုးဝင်ပြီး မိတ္တူကူးခဲ့တာ၊ သူ့ရဲ့ ခံစားမှုလို့တော့ ကိုယ် ထင်တယ်။ ဒီမှတ်စုတွေကို သူငယ်ချင်းဖတ်ကြည့်ပြီး ကိုယ့်တူတော်မောင်ရဲ့ အနေအထားကို ခန့်မှန်းနိုင်မှာပါ"

ကျွန်ုပ်သည် သူ့တူတော်မောင်ဆိုသူ၏ မှတ်စုကို ဆုပ်ကိုင်လျက် ဘယ်လိုစကားမျိုး ပြောရမှန်း မသိဖြစ်နေစဉ်မှာပဲ ကျွန်ုပ်၏ ငယ်သူငယ်ချင်း ကိုထွန်းအောင်သည် ချိန်းဆိုထားသည့် ကိစ္စတစ်ခုရှိနေ၍ ပြန်တော့မည် ဖြစ်ကြောင်း ပြောလေ၏။

ဝန်းကျင်တစ်ခွင်သည်လည်း အမှောင်၏ ဖြန့်ကျက်မှုကို ခံယူရန် အသင့်ဖြစ်နေလေပြီ။

ကိုထွန်းအောင်သည် ထိုင်ရာမှ ထလိုက်ပြီးသည်နှင့် ကျွန်ုပ်အား သူ့တူတော်မောင်၏ မှတ်စုတွေကို ဖတ်ရှုပေးထားပါရန်နှင့် သုံးလေးငါးရက်ခန့်အကြာတွင် သူ ပြန်လာခဲ့မည်





ဖြစ်ကြောင်း ပြောဆိုကာ ကျွန်ုပ်အား တာဝန်ကြီးတစ်ခုပမာ ပေးအပ်သွား၏။

ကျွန်ုပ်သည်လည်း အင်းမလုပ် အဲမလုပ်ဆိုသည့် သဘောမျိုးဖြင့် ငှင်းစာရွက်များကို ယူဆောင်ထားလိုက်၏။

ကျွန်ုပ်သည် အထူးတလည် စိတ်ဝင်စားစရာမဟုတ်သည့် အကြောင်းအရာများကို အချိန်ကုန်ခံပြီး လက်ခံတွေးတောတတ်သူတစ်ဦး မဟုတ်ကြောင်းကို အထက်မှာ ကျွန်ုပ် ပြောခဲ့ပြီးဖြစ်သည်။

ကိုထွန်းအောင်၏ တူတော်မောင်ဖြစ်သူ အကြောင်းအရာမှာလည်း ကျွန်ုပ် လက်ခံထားသည့် ဘာရယ်မဟုတ်သော အကြောင်းအရာ အမျိုးအစားတစ်ခု ဖြစ်သည်ဟု ယုံကြည်ထားသော်လည်း အရင်းနှီးဆုံး သူငယ်ချင်းတစ်ဦး၏ အတွင်းရေးကိစ္စတစ်ခု ဖြစ်နေသည်ကြောင့် ကျွန်ုပ်အနေဖြင့် ဘယ်လိုမှ ဥပေက္ခာပြု၍ မရနိုင်ဘဲ ဖြစ်နေတော့သည်။

ကြယ်တာရာနံနက်သည် တန်ဆောင်မုန်းည ရှုခင်းအပေါ်မှာ စိတ်ဝင်တစားဖြင့် ကျွန်ုပ် ကြည့်ရှုခံစားလိုသောအစီအစဉ်သည်လည်း ကျွန်ုပ် သူငယ်ချင်း ကိုထွန်းအောင်၏ တူတော်မောင်ကိစ္စကြောင့် ဖျက်သိမ်းလိုက်ရ၍ ကျွန်ုပ်သည် စောစီးစွာဖြင့် အိမ်ပေါ်သို့ တက်ခဲ့ရ၏။

ကျွန်ုပ်သည် သူငယ်ချင်းထွန်းအောင် ပြောပြစဉ်က သူ၏ တူတော်မောင် မြသိန်းကျော် ဆိုသည့် လူငယ်လေး၏



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်များအပေါ်မှာ အနည်းငယ်မျှ စိတ်ဝင်တစား ခံစား၍ မရနိုင်အောင် ဖြစ်ခဲ့ကြောင်း ကျွန်ုပ် ဝန်ခံပြောဆိုပြီးဖြစ်သည်။

သည့်အပြင် မောင်မြသိန်းကျော်၏ တစ်ဝက်တစ်ပျက် ကိုယ်ရေးမှတ်တမ်းကို စိတ်မပါဘဲ ဖတ်ရှုပြီးသည့် အချိန်မှာလည်း ကျွန်ုပ်၏ စိတ်ဝင်စားမှု အလျဉ်က မြင့်တက်လာခြင်း မရှိဘဲ ဖြစ်နေပြန်၏။

သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် သူငယ်ချင်းထွန်းအောင်နှင့် ပြန်လည်တွေ့ဆုံလာမည့် ရှေ့အပတ်တွင် သူ့ စိတ်ကျေနပ်စေမည့် စကားမျိုး ပြောဆိုရန်သာ ရှိတော့သည်ဟု ကျွန်ုပ်၏ စိတ်မှာ ဆုံးဖြတ်လိုက်သည်။

✧ ✧ ✧

## အခန်း(၂)

ကျွန်ုပ်၏ သူငယ်ချင်း ကိုထွန်းအောင်သည် သူ ချိန်းဆိုထားသည့်နေ့ရက်သို့ ရောက်ရှိသည့်တိုင်အောင် ကျွန်ုပ်ထံသို့ ရောက်ရှိလာခြင်းမရှိဘဲ တစ်လခန့် ကြာမြင့်မှ ရောက်ရှိလာဟော့သည်။

ထိုကာလအတွင်း ကျွန်ုပ်သည်လည်း သူ ပြောပြသည့် သူ့တူတော်မောင်ကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြင့် နေလိုက်မိသည်။





ထိုသို့ မေ့မေ့ပျောက်ပျောက် ဖြစ်နေသော မောင်မြသိန်းကျော်နှင့် ပတ်သက်သည့် ကိစ္စများကို ကျုပ်၏ သူငယ်ချင်း ကိုထွန်းအောင်သည် ခရီးရောက်မဆိုက်ပင် အလွန်တစ်ရာ ကြေကွဲဝမ်းနည်းသော အသံဖြင့် ပြောတော့သည်။

"သူငယ်ချင်း မင်းမောင် ဒီကြော်ငြာကလေးကို ကြည့်စမ်းပါဦးကွာ"

ကိုထွန်းအောင် စကားပလ္လင် မခံဘဲ ကျွန်ုပ်ထံသို့ အသင့်ယူဆောင်လာသော ယနေ့ထုတ် သတင်းစာ၏ နာရေးသတင်းတစ်ပုဒ်ကို ပြလေ၏။

သတင်းစာကို ကျွန်ုပ် လှမ်းယူပြီး သူ ပြောပြသည့် နာရေးသတင်းကို ဖတ်ရှုနေစဉ် အတွင်းမှာပဲ ကျွန်ုပ်၏ သူငယ်ချင်း ကိုထွန်းအောင်အောင်သည် ကြေကွဲခံစားမှုဖြင့် ဦးခေါင်းကို ငိုက်စိုက်ချထား၏။

ကျွန်ုပ်လည်း သူ ပြောပြသည့် နာရေးကြော်ငြာကို ဖတ်မိသည်နှင့် စိတ်မကောင်းသလို ခံစားရတော့သည်။

ရင်ထဲမှာလည်း ဖြစ်မှဖြစ်ရလေဟု မသိမသာ ညည်းညူလိုက်မိသည်။

**မောင်သိန်းကျော်**

**အသက်(၂၃)နှစ်**

ကျွန်ုပ် သူငယ်ချင်း ကိုထွန်းအောင်သည် လုပ်ငန်းကိစ္စများ မပြီးပြတ်တာကြောင့် ကျွန်ုပ်ထံသို့ ရောက်ရှိမလာနိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်ကြောင်း၊ သူ၏ တူတော်မောင်ကိစ္စကိုလည်း ကျွန်ုပ် အကြံပေးခဲ့သလို စိတ်ပညာရှင် ပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်ဆွေးနွေးဖို့ ကြိုးစားခွင့်မရလိုက်သည့်အတွက် များစွာ စိတ်မကောင်းခံစားရကြောင်း စသဖြင့် အလွန့်ကို ကြေကွဲစရာ ခံစားရသည့် လေသံဖြင့် ပြောတော့သည်။

ကျွန်ုပ်သည်လည်း မိတ်ဆွေကောင်းတစ်ဦးပီသစွာဖြင့် ကိုထွန်းအောင် ခံစားမှုတွေကို ကိုယ်ချင်းစာစိတ် အပြည့်ဖြင့် မျှဝေခံစားနေမိသည်။

ကျွန်ုပ် မိတ်ဆွေ ကိုထွန်းအောင်သည် သူ၏ ခံစားချက်တွေကို အားရပါးရ ဖွင့်ချပြီးသည်တွင် ကျွန်ုပ်အား အထိတ်တလန့် ဖြစ်သွားစေမည့် တောင်းဆိုမှုကို အတင်းအကျပ် ပူဆာတော့သည်။

"သူငယ်ချင်းရာ ကိုယ့်တူတော်မောင် ရုပ်ရည်ကလေး တင့်တယ်ပြေပြစ်သလို လိမ္မာရေးခြားရှိတဲ့ လူငယ်ကလေးပါ။ အခုလို နုပျိုစဉ် အရွယ်ကလေးမှာ သေဆုံးသွားတဲ့အတွက် ကိုယ် အလွန့်ကို ဝမ်းနည်းခံစားရတယ်ကွာ၊ အခုတော့ ကိုယ့်တူလေးရဲ့ ခန္ဓာ မြေချချိန် အမီရောက်ဖို့ ကိုယ် ဖျာပုံကို အားချင်းသွားရတော့မယ်။ ကိုယ့်တူတော်မောင်ရဲ့ အသုဘအခမ်းအနားကို ကိုယ်နဲ့အတူ သူငယ်ချင်း လိုက်ခဲ့စေချင်တယ်"

"အဲ ... အဲဒါတော့"





ကျွန်ုပ် နှုတ်ခမ်းတွေကို အကြောက်အကန် ငြင်းဆန်ဖို့ ဟန်ပြင်လိုက်သော်လည်း ကျွန်ုပ်၏သူငယ်ချင်း ကိုထွန်းအောင်သည် ကျွန်ုပ် နှုတ်ခမ်းက စကားလုံးတွေ ထွက်ကျမလာစေဖို့ သူ့လက်နှစ်ဖက်ကို ကာလျက် ဟန့်တားလိုက်၏။

တစ်ဆက်တည်းဆိုသလို သူက ...

"ကိုယ် တောင်းဆိုချက်ကို မငြင်းစေချင်ဘူး သူငယ်ချင်းရာ၊ မင်းအပေါ်မှာ အခုလိုမျိုး ကိုယ် တစ်ခါမှ မတောင်းဆိုဖူးပါဘူး၊ ဒီတစ်ကြိမ်တော့ ကိုယ့်ကို တောင်းဆိုခွင့်ပြုစေချင်တယ်"

ကျွန်ုပ်သည် ပင့်သက်ရှည်ကို လေးလေးပင်ပင်ချရင်း ငြိမ်သက်သွားတော့သည်။ ထိုသို့ ငြိမ်သက်ခြင်းသည် ကျွန်ုပ်အနေဖြင့် တရားသူကြီး၏ အမိန့်အတိုင်း လိုက်နာရမည့် တရားခံတစ်ဦးလို ဘယ်လိုမှ ငြင်းပယ်ခွင့် မရှိတော့သည့် သဘောမျိုးဖြစ်သွားတော့၏။ ကိုထွန်းအောင်သည် ၎င်းညက ကျွန်ုပ်၏ နေအိမ်မှာ ညအိပ်တည်းခိုသွားပြီး မနက်မိုးသောက် လင်းအရုဏ်တွင် ဖျာပုံသို့ သွားရောက်ဖို့ အားချင်း စီစဉ်တော့သည်။

ကျွန်ုပ်သည် ခရီးတစ်ခုအတွက် ဘာကိုမှ မယ်မယ်ရရ ပြင်ဆင်ချိန်မရတော့ဘဲ သူနှင့်အတူ လိုက်ပါခဲ့ရပါ၏။

လမ်းခရီးတစ်လျှောက်မှာ ကိုထွန်းအောင်သည် သူ၏ တူတော်မောင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို သတိရပြောဆိုဇ ျခြင်းကို ကျွန်ုပ်သည် သည်းခံ၍ နားထောင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူ၏ ခံစားချက်ဖြင့် ပြောဆိုလာသည့် စကားတွေကို စာနာနားလည်မှုဖြင့် နားထောင်ပေးသည့်အတွက် ကိုထွန်းအောင်သည် ကျွန်ုပ်အား လွန်စွာ ကျေးဇူးတင်နေ၏။

လူ့လောကကွင် ဘယ်လိုမှ စိတ်ဝင်စားစာမရှိဟု သတ်မှတ်ထားသော ဖြစ်ရပ်များသည် တစ်ခါတစ်ရံ ထိုသို့ ထင်မြင်ထားသူ၏ စိတ်ခံစားမှုကို ပြောင်းပြန်လှန်သလို တအံ့တဩ ဖြစ်သွားစေတတ်မှန်း ကိုယ် တွေ့ကြုံဖူးသူတိုင်း သိကြပါလိမ့်မည်။

မောင်မြသိန်းကျော်ဆိုသည့် လူငယ်လေးကို တစ်ကြိမ်တစ်ခါမှ ကျွန်ုပ် မသိ၊ မမြင်ဖူးခဲ့။

သည့်အပြင် ကိုထွန်းအောင်မှ တစ်ဆင့် သိခဲ့ရသည့် သူ့အကြောင်းကိုလည်း ကျွန်ုပ်သည် သာမန်အကြောင်းအရာလေးအဖြစ်သာ ယူဆထားခဲ့၏။

သို့သော် ၎င်းယူဆချက်များသည် ကိုထွန်းအောင်နှင့်အတူ ဖျာပုံသို့ ရောက်ရှိသည်တွင် ကျွန်ုပ်အတွက် စာတစ်ပုဒ်အဖြစ် ရေးသားလိုစိတ်ကို နှိုးဆွလိုက်သလို ခံစားရတော့သည်။

လောကဓာတ်ပညာများ လက်လှမ်းမမှီလောက်အောင် ဖမ်းဆုပ်ပြ၍ မရလောက်အောင် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များသည် လောကဝန်းကျင်တွင် မယုံနိုင်စရာကောင်းလောက်အောင် ကြုံတွေ့နေကြရသည်။

ယခုလည်း ကိုထွန်းအောင်၏ တူတော်မောင် မြသိန်းကျော်၏ ဖြစ်စဉ်ကလေးကို ကျွန်ုပ်သည် မယုံနိုင်စရာ ကြုံတွေ့ခံစား





လိုက်ရ၍ စာဖတ်သူများလည်း မျှဝေခံနိုင်စေရေးအလို့ငှာ ယခုလို ရေးသားလိုက်ရ၍ စာဖတ်သူများလည်း မျှဝေခံစားနိုင်စေရေး အတွက် ယခုလို ရေးသားလိုက်ရခြင်း ဖြစ်တော့သည်။

စာဖတ်ပရိသတ်များအနေဖြင့် ပြည့်ဝစွာ ခံစားနိုင်ရေး အတွက် ကျွန်ုပ်သည် မောင်မြသိန်းကျော်၏ မှတ်စုကို အပိုင်းနှစ်ပိုင်းခွဲ၍ တင်ပြလိုပါသည်။

ကျွန်ုပ် နေအိမ်သို့ မောင်မြသိန်းကျော်၏ ဦးလေး ကျွန်ုပ် သူငယ်ချင်း ကိုထွန်းအောင် ရောက်ရှိလာစဉ်က ကျွန်ုပ်ထံသို့ ပေးအပ်သွားသည့် မောင်မြသိန်းကျော်၏ မှတ်စုအချို့ကို ပထမပိုင်းအနေဖြင့် ဦးစွာ ကျွန်ုပ် ဖော်ပြပြရပါလိမ့်မည်။

ဒုတိယအပိုင်းကို ဖျာပုံမြို့နယ်ရှိ မောင်မြသိန်းကျော်၏ မိဘများနှင့် တွေ့ဆုံပြီး၍ ရရှိခဲ့သည့် မှတ်တမ်းအချို့ကို ဖော်ပြပါမည်။

သို့မှသာလျှင် ထူးခြားအံ့ဖွယ် ကောင်းလှသည့် မောင်မြသိန်းကျော်၏ ဖြစ်စဉ်များအပေါ်မှာ စာနာခံစားနိုင်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်မိပါသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

မှတ်ချက်။ ။ ယခု အခန်းက၏ ကျွန်ုပ်ဆိုသော နာမ်စားသည် စာရေးသူကို ရည်ညွှန်းခြင်းမဟုတ်ကြောင်းမောင်မြသိန်းကျော်၏ ကိုယ်ရေးဒိုင်ယာရီ အချက်အလက်ပေါ်မှာ အခြေခံထားသည့်အတွက် ၄င်း ကျွန်ုပ် ဆိုသော နာမ်စားသည် မောင်မြသိန်းကျော်ကို ရည်ညွှန်းကြောင်း ဖော်ပြလိုပါသည်။

မော်တင်ဆိပ်ကမ်း နဖူးပေါ်တွင် မေးတင်လျက် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင်တွင် ထိုင်နေလျက်က ကျွန်ုပ်သည် ရေပြင်ကို ဖြတ်သန်းပြီး ဟိုက်ခတ်လာသည့် လေပြည်ကို အားပါးတရ ရှူရှိုက်နေမိ၏။

ညနေခင်းဖြစ်၍ တိုက်ခတ်တိုးဝှေ့နေသည့် လေပြည်၏ အရသာကို ရှူရှိုက်ခံစားရင်း ကျွန်ုပ်သည် ကမ်းနားတစ်လျှောက်မှာ စည်းကားရှုပ်ထွေးစွာ သွားလာနေကြသည့် ခရီးသည် အလွှာပေါင်းစုံအပေါ် အကြည့်ကို ဖြန့်ကျက်ထားလိုက်သည်။

ကျွန်ုပ်မွေးရပ်မြေ ဇာတိဖြစ်သည့် ဖျာပုံသို့ ထွက်ခွာမည့် သင်္ဘောလက်မှတ်ကို ဖြန့်ကြည့်လျက် လက်မှ နာရီကို ကြည့်လိုက်ရသည်။





ကျွန်ုပ် စီးရမည့် သင်္ဘောအမည်မှာ သိဒ္ဓိထွန်းဖြစ်၏။ သင်္ဘောထွက်မည့် အချိန်မှာ လေးနာရီဖြစ်သည်။

ကျွန်ုပ် လက်မှ နာရီက လေးနာရီထိုးရန် ငါးမိနစ်ခန့်သာ လိုတော့ကြောင်း ညွှန်ပြနေသည်ကြောင့် ကျွန်ုပ်သည် စားပွဲထိုးကောင်လေးကို ခေါ်ယူလိုက်ပြီး ကျသင့်ငွေကို ရှင်းပြီးသည်တွင် သင်္ဘောဆီသို့ သွားရန် ပြင်ဆင်တော့သည်။

"ဘော် ... ဘော် ... ဘူ ... ဘူ"

လက်ဖက်ရည်ဆိုင်မှ ထွက်ခွာပြီး သင်္ဘောဆိပ်ကမ်းမှ တစ်ဆင့် လျှောက်လှမ်းလာစဉ်မှာပဲ ကျွန်ုပ် လိုက်ပါရမည့် သင်္ဘောထံမှ ခရီးသည်များ သိရှိစေရန် အချက်ပေးဥသြသံ ထွက်ပေါ်လာ၏။

ကျွန်ုပ်သည်လည်း သင်္ဘောပေါ် ရောက်သည်တွင် ထမင်းဆိုင်နှင့် မနီးမဝေးတွင် နေရာယူလိုက်၏။ ကျွန်ုပ် နေရာယူပြီးသည့်အချိန် အခိုက်အတန့်မှာပဲ သင်္ဘောသည် ထွက်ခွာတော့မည်ဖြစ်ကြောင်းကို နောက်ဆုံးဥသြရှည်ကြီးဖြင့် နှုတ်ဆက်လေတော့သည်။

ကျနေက တဖြည်းဖြည်း အနောက်ဘက်သို့ နိမ့်ဆင်းနေလေပြီး ကျွန်ုပ်သည် နှစ်စဉ်နှစ်တိုင်း ဤမွေးရပ်မြေသို့ ယခုလို ကျောင်းပိတ်ကာလများမှာ အမြဲပြန်နေကျဖြစ်သော်လည်း ယခုနှစ် ပြန်ရသည်မှာ ယခင်နှစ်များကနှင့် မတူဘဲ အနည်းငယ်ထူးခြားသည်ဟု ပြောနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ကျောင်းပိတ်သည်နှင့် ဖျာပုံသို့ မပြန်ဘဲ ပဲခူးနယ်သား သူငယ်ချင်း ကိုအောင်ကျော်စွာနှင့်အတူ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော ပဲခူးမြို့သို့ သွားရောက်လည်ပတ်ခဲ့၍ဖြစ်သည်။

ကျွန်ုပ်နှင့် ကိုအောင်ကျော်စွာသည် လွန်စွာခင်မင်သည့် သူငယ်ချင်းဖြစ်သည့်အလျောက် စိန့်ဂျွန်းသာသနာပြုကျောင်းမှ ကျောင်းအိပ်ကျောင်းစားနေရင်း မတ်ထရစ်တန်းကို တစ်နှစ်တည်း ဖြေဆိုအောင်မြင်ခဲ့၏။

မတ်ထရစ်အောင်၍ တက္ကသိုလ်တက်တော့လည်း ကျွန်ုပ်တို့ သူငယ်ချင်း နှစ်ယောက်သည် တပူးတွဲတွဲ အတူတူပင်။

သူငယ်ချင်း ကိုအောင်ကျော်စွာသည် သူ၏ မွေးရပ်မြေ ပဲခူးမြို့သို့ သူနှင့်အတူ အလည်အပတ်လိုက်ခဲ့ရန် အကြိမ်ကြိမ်ခေါ်ဆိုနေသော်လည်း ကျွန်ုပ်သည် အခါအခွင့် မသင့်သည်ကြောင့် လိုက်ပါလည်ပတ်ခြင်း မပြုနိုင်ဘဲ ဖြစ်နေခဲ့၏။

သို့နှင့် ယခုနှစ် ကျောင်းပိတ်ရက်ရှည်မှာ ကိုအောင်ကျော်စွာနှင့်အတူ သူ၏ မွေးရပ်မြေသို့ သွားရောက်လည်ပတ်ရန် မိဘများဆီမှ ခွင့်တောင်းခံခဲ့၏။

ကျွန်ုပ်၏ မိဘများကလည်း အလွယ်တကူပင် ခွင့်ပြုခဲ့သည်။ ကျွန်ုပ်သည် ကိုအောင်ကျော်စွာ၏ မွေးရပ်မြေ ပဲခူးမြို့တွင် တစ်ပတ်ခန့် နေထိုင်ခဲ့သည်။





ယင်းသို့ နေထိုင်စဉ်ကာလအတွင်း ကိုအောင်ကျော်စွာသည် ကျွန်ုပ်အား စည်းကားသာလွန်းသည့် ပဲခူးမြို့အနှံ့ လှည့်လည်ပို့ဆောင်ပေး၏။

သို့အတွက် ကျွန်ုပ်သည် သူငယ်ချင်း ကောင်းပီသလွန်းသည့် ကိုအောင်ကျော်စွာကို လွန်စွာမှ ကျေးဇူးတင်မိသည်။ လာမည့် ကျောင်းပိတ်ရက်ရှည် ကာလမှာ ကျွန်ုပ်၏ မွေးရပ်မြေ ဖျာပုံသို့ ကိုအောင်ကျော်စွာကို အလည်အပတ်ခေါ်ယူရန် မရမက စည်းရုံးမရ စိတ်ဝယ်ကြုံးဝါးထားလိုက်သည်။

ကျွန်ုပ်သည် သီးသန့်ကုလားထိုင်ပေါ်မှ ခန္ဓာကိုယ်ကို နောက်သို့မှီရင်း မျက်ဝန်းကို မှိတ်ထားမိ၏။ နှစ်ထပ်သဘော်ကြီးသည် ရန်ကုန်မြစ်ကြောင်းအတွင်း အရှိန်မြှင့် ခုတ်မောင်းနေပြီ။

မျက်လုံးကို မှိတ်ထားသည်ကြောင့် ကျွန်ုပ်သည် အနီးဝန်းကျင်တွင် ရှိနေကြသော ခရီးသည်များကို အာရုံမပြုမိဘဲ ဖြစ်နေမိသည်။ အကြောင်းကား ကျွန်ုပ်၏ အမြင်အာရုံများသည် တစ်စုံတစ်ခုသော အရပ်တစ်ပါးဆီသို့ စူးနစ်စွာ ကျရောက်နေသောကြောင့်ဖြစ်သည်။ ၎င်းတစ်စုံတစ်ခုသော အရပ်တစ်ပါးဆိုသည်မှာ ပဲခူး ရွှေမြို့တော်ကြီးပင်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကြီးပြင်းခဲ့ရသူ ကျွန်ုပ်သည် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော ပဲခူးမြို့၏ စည်ကားသိုက်မြိုက်မှုအပေါ်မှာ ကြည့်ရှုခံစား၍ မဝနိုင်အောင် တသသ စွဲလမ်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ကျွန်ုပ်သည် ဝါဝင်းသော အသားအရေဖြင့် ချစ်စဖွယ် လှပချောမောသော ပဲခူးမြို့သူလေးတွေကို လှူငယ်သဘာဝ ရင်ခုန်ခံစားမိသည်။

အချစ်ဆိုသော ရင်ခုန်သံသည် လူသားတိုင်း၏ နှလုံးသည်းပွတ်ကို အဆုံးစွန် လှုပ်ခါနိုင်စွမ်းရှိကြောင်း ကျွန်ုပ်သည် ကိုယ်တွေ့ ကြုံရတော့၏။

ဆုပ်ကိုင်ဖမ်းဆုပ်၍ မရသလို အလွန်တရာမှ အင်အားကောင်းလှသည့် အချစ်ဖြင့် ကျွန်ုပ်တို့ လူသားများသည် မရနိုင် မဖြစ်နိုင်ဟု ယူဆရသော ကိစ္စကြီးများကို အောင်မြင်စွာ လုပ်ဆောင်နိုင်စွမ်း ရှိကြသည့် ဖြစ်စဉ်များကို သမိုင်းဝင်ဖြစ်ရပ်အချို့တွင် ကျွန်ုပ် ဖတ်ရှုခဲ့ဖူးပါသည်။

ကျွန်ုပ်၏ အတွေးအာရုံ မျှောလွင့်မှုကို သင်္ဘောကြီး၏ ဥသြသံရှည်က ပုတ်နှိုးလိုက်သလို ဖြစ်သွား၏။

သည်တော့မှ ကျွန်ုပ်သည် မျက်ဝန်းကို အသာအယာ လှုပ်လျက် အနီးဝန်းကျင်ကို အကဲခတ်လိုက်သည်။

အရောင်အသွေးစုံလင်သော ခရီးသည်များ၏ ပုံသဏ္ဌာန်မျိုးစုံအပေါ်မှာ ကျွန်ုပ်၏ အာရုံဝင်စားမှုသည် စီးမျောသွားပြန်၏။

ခရီးဆောင်အိတ်ကို ဖွင့်လိုက်ပြီး အိတ်အတွင်းမှ ရေဘူးကို ထုတ်ယူလိုက်သည်။ ပြီးနောက် ရေဘူးအဖုံးကို ဖွင့်လျက် အားရပါးရ မော့သောက်လိုက်၏။





ကျွန်ုပ်လည်း ထိုင်ရာကထလျက် သင်္ဘောလက်တန်းဝရန်တာဆီသို့ လျှောက်လှမ်းခဲ့၏။ ကျွန်ုပ် စီးလာသော သိဒ္ဓိထွန်းသင်္ဘောသည် ရန်ကုန်မြစ်အတွင်းမှ လှေသမ္ဗာန်၊ သင်္ဘော၊ ဝါးဖောင်၊ သစ်ဖောင်၊ စက်လှေများကို ချန်လှပ်ထားပြီး မီးပြတိုက်ကို ကျော်လွန်ကာ တွံတေးတူးမြောင်းထဲသို့ တရိပ်ရိပ်ခုတ်မောင်းဝင်လာ၏။

စင်ရော်လေးများသည် အုပ်စုဖွဲ့ ပျံသန်းလျက် သင်္ဘောများနောက်သို့ အစာတောင်းရင်း လိုက်ပါခဲ့သည့် မြင်ကွင်းက မျက်စိပသာဒအာရုံကို ခံစားမှုတစ်မျိုး ပေးစွမ်းနေသလို ကျွန်ုပ် ခံစားရသည်။

ကျွန်ုပ်သည် သင်္ဘောလက်တန်းကို ဆုပ်ကိုင်လျက် အမြင်အာရုံကို မြစ်ပြင်ကျယ်အပေါ် စူးစိုက်ထားစဉ်မှာပဲ ဘယ်လိုမှ မထင်မှတ်သည့် ဖြစ်ရပ်တစ်ခုနှင့် ရင်ဆိုင်ရတော့၏။

"ဟာ"

ခန္ဓာကိုယ်က ရုတ်ခြည်းဆိုသလို ကတုန်ကယင်ဖြစ်သွား၏။ ကျွန်ုပ် မျက်နှာပေါ်သို့ လေနှင့်အတူ ကျရောက်လာသည့် အရာဝတ္ထုတစ်ခုကြောင့် ကျွန်ုပ်သည် မျက်နှာကို ကပျာကယာ ပွတ်သပ်လိုက်စဉ်မှာပဲ မယုံနိုင်လောက်အောင် တအံ့တသြ ခံစားလိုက်ရ၏။

တဒင်္ဂလွတ်ထွက်သွားသော အသိတရားကို စုစည်းပြီး မျက်ဝန်းအကြည့်ကို ဖြန့်ကြည့်လိုက်စဉ်မှာပဲ ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် အံ့ဩမှုထက် အဆများစွာ ပြင်းထန်သော အံ့ဩမှုမျိုးကို ထပ်မံခံစားရတော့သည်။

"ဟင်"

ကျွန်ုပ်၏ မျက်လုံးတွေသည် တစ်စုံတစ်ခုသော နေရာဆီမှာ လှပစွာ သေဆုံးသွားပြီးဖြစ်ကြောင်း သေချာသွားတော့သည်။

"အို ... အားနာလိုက်တာ မောင်လေးရယ်၊ မမတို့ ပေါ့လျော့မှုကြောင့် အခုလို ဖြစ်သွားရတဲ့အတွက် ဒီက မောင်လေးကို မမ အနူးအညွတ် တောင်းပန်ပါတယ်"

တီကျူရှင်းလင်းစွာ ပြောပြရန် မလိုဘဲ ဝန်ခံပြောဆိုလာသော မိန်းမပျိုကလေးသည် အသံလွင်လွင်ကလေးဖြင့် တောင်းပန်စကားဆိုလျက် ကျွန်ုပ်အနီးသို့ လျှောက်လှမ်းလာ၏။

လေနှင့်အတူ လွင့်ပါးလျက် ကျွန်ုပ် မျက်နှာပေါ်သို့ ကျရောက်လာသည့် ပန်းနုရောင်ပဝါစကလေး၏ ပိုင်ရှင်မှာ ၎င်းမိန်းမပျိုဖြစ်ကြောင်း ကျွန်ုပ် သိရှိလိုက်၏။

ကျွန်ုပ်သည် ပန်းနုရောင် လက်ကိုင်ပဝါလေးကို ဆုပ်ကိုင်လျက် သူမကို ငေးကြည့်နေရင်း မည်သို့ စကားဆိုရမှန်းမသိ ဖြစ်နေတော့သည်။

ကျွန်ုပ် မျက်နှာပေါ်သို့ ၎င်းလက်ကိုင်ပဝါလေး လွင့်စဉ်ကျရောက်လာစဉ်က လက်ကိုင်ပဝါလေးထံမှ ရရှိလိုက်သည့် မွှေးရနံ့ကလေးက ကျွန်ုပ် ခန္ဓာကိုယ်မှာ လှည့်ပတ်စီးဆင်းနေ





သော သွေးသားတွေကို ရပ်တန့်သွားစေလောက်အောင် ခံစားရသည်ကြောင့် ကျွန်ုပ်သည် ထိုရနံ့အပေါ်မှာ သတိရခံစားနေမိသည်။

"ဟုတ်ပါတယ်ရှင်၊ ဒီက အစ်ကိုကို အစ်မတော်ကိုယ်စား မာလာက ထပ်ပြီး တောင်းပန်ပါတယ်"

"ဪ ... အင်း ... ရ ... ရပါတယ်ဗျာ၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

ကျွန်ုပ်အနေဖြင့် ဘယ်လိုမှ ငြိမ်သက်အံ့ဩနေ၍မဖြစ်တော့ပြီမို့ သူမတို့ထံသို့ လက်ကိုင်ပဝါလေးကို ကမ်းလေးလိုက်ရင်း အလျဉ်းသင့်သလို တုံ့ပြန်ပြောလိုက်၏။

ကျွန်ုပ်သည် ကျွန်ုပ်နှင့် အလွန်နီးကပ်စွာ ရှိနေသော မိန်းမပျိုနှစ်ဦးကို ကြည့်၍ ဘယ်လိုစကားမျိုး ပြောရမှန်းမသိဖြစ်နေတော့သည်။ မိမိကိုယ်မိမိလည်း လွန်စွာမှ မကျေမနပ်ခံစားမိသည်။

အဘယ်ကြောင့်ဆိုသော် ဤမျှ တို့ထိရက်စရာမရှိအောင် လှပသော မိန်းမချောလေးနှစ်ဦးကို စောစောပိုင်းကတည်းက သတိမထားမိခဲ့သောကြောင့်ဖြစ်သည်။

သူမတို့နှစ်ဦးသည် အသက်အရွယ် သိပ်ပြီး ကွာခြားပုံမရှိသော်လည်း ပြောဆိုသည့် စကားများကို တွေးဆ၍ ညီအစ်မနှစ်ဦးဖြစ်ကြောင်း ကျွန်ုပ် ခန့်မှန်းမိ၏။

ဝတ်စားဆင်ယင်ပုံက ပုလဲမျက်ရည် ဓာတ်ရှင်ကားတွင် လွန်စွာ နာမည်ကြီးခဲ့သော ရုပ်ရှင်မင်းသမီးကြီး မေ



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ခင်ယုမေ၏ ဟန်ပန်အတိုင်း ခေါင်းစည်းပဝါကိုယ်စီ နှင့် မျက်မှန်နက်ကိုယ်စီ တတ်ထားကြ၏။

သူမတို့နှစ်ဦး၏ ဟန်ပန်နှင့် အလှတရားကို ခင်ယုမေသာ တွေ့မြင်လိုက်ပါက နေရာမှာပင် ထိုင်ငိုသွားမှာ သေချာသည်ဟု ကျွန်ုပ် ရဲရဲဝံ့ဝံ့ ပြောနိုင်သည်။

ဝတ်စားဆင်ယင်ပုံက ခေတ်ရှေ့ပြေးမလိုနှင့် မသိမသာ နန်းဆန်၏။ ဖြူဝင်းသော အသားအရေ၊ ဖြောင့်စင်းသော နှာတံ၊ ကော့ညွတ်သွယ်လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းလေးက တစ်သက်မမေ့နိုင်လောက်အောင် ဖမ်းစားနိုင်စွမ်း၏။ ဝင်းလက်သော သွားတက်လေးများက အလှတရားအားလုံးကို ပိုပြီးပြည့်စုံအောင် ပံ့ပိုးပေးထားပြန်၏။

သူမတို့နှစ်ဦး၏ တူညီသော ရုပ်ဆင်းသွင်ပြက မဆိုသလောက်သာ ကွဲပြားသည့်အတွက် ညီအစ်မအရင်းအချာတွေ ဖြစ်သည်ကို ကျွန်ုပ် အသေအချာ မှန်းဆ၍ရ၏။

ကျွန်ုပ်အား ပြောဆိုသည့် သူမတို့ စကားတွေက နန်းဆန်နေသည့်အတွက် ကျွန်ုပ် လွန်စွာ အံ့ဩမိသော်လည်း ၎င်းအပြောအဆိုလေးများသည် တစ်မျိုးတစ်ဘာသာ စွဲမက်စကားကောင်းသည်ဟု ကျွန်ုပ် ခံစားမိ၏။

သဘော်သည် တရိပ်ရိပ် မောင်းနေပြီး တွံတေးတူးမြောင်းကို ဖြတ်ကျော်သည်နှင့် ချိုမြကြည်လင်သော အသံလေးတစ်ခုက စမ်းရေစီးသံလို ကျွန်ုပ်၏နားထဲ ဖြတ်သန်းစီးဆင်းလာ၏။





"ဒီက မောင်လေး အစ်မတော်တို့ လက်ဖက်သုပ်ကလေးကို မြည်းပါဦး"

ကျွန်ုပ်သည် ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားသော်လည်း ချက်ချင်းဆိုသလိုပင် ကျွန်ုပ်၏ သိစိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်၏။

ညီမဖြစ်သူကလည်း မျက်လုံးရွဲကြီးဖြင့် ညို့ငင်ကြည့်လိုက်ပြီး ကျွန်ုပ်အား မေးဆတ်ပြလေ၏။ သုံးဆောင်ပါဆိုသော သဘောမျိုးကို ၎င်းအမူအရာဖြင့် ပြလိုက်ခြင်းဖြစ်ကြောင်း ကျွန်ုပ် သိပါသည်။

ကျွန်ုပ်လည်း အင်မတန် အရသာ ရှိလွန်းသော လက်ဖက်သုပ်ကို တစ်ဇွန်း စားမိရုံမျှဖြင့် အတော့်ကို နှစ်သက်သွား၏။

သူမတို့နှင့် ပြောဆိုဆက်ဆံမှုများကလည်း စောစောပိုင်းတုန်းကလောက် ရိုးတိုးရွန့်တန့် ဖြစ်မနေတော့သည့်အတွက် မိမိကိုယ်မိမိ ကျေနပ်ခံစားမိ၏။

ကျွန်ုပ်သည်လည်း သူမတို့နှစ်ယောက်ကို ပါလာသည့် ဓာတ်ဘူးထဲမှ ကော်ဖီများ ငှဲ့ပေးကာ ပူတင်းမုန့်များဖြင့် ပြန်လည်တည်ခင်း ဧည့်ခံလိုက်သည်။

ကျွန်ုပ် ကျွေးမွေးသော စားသောက်ဖွယ်ရာများကိုလည်း သူမတို့သည် ဝမ်းပန်းတသာ သုံးဆောင်ကြသည်ကြောင့် ကျွန်ုပ်သည် လွန်စွာ ဝမ်းသာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှင့် ကျွန်ုပ်သည် မိတ်ဟောင်းဆွေဟောင်းများကဲ့သို့ လွန်စွာရင်းနှီးသွားပြီး တစ်ဦး၏အကြောင်းကို တစ်ဦး သိခွင့်ရတော့သည်။

ပြည်မြို့ဇာတိဖြစ်သူ ညီအစ်မနှစ်ယောက်သည် အကြီးဖြစ်သူမှာ ခင်သန္တာနွယ်ဖြစ်ပြီး အငယ်ဖြစ်သူမှာ ခင်မာလာနွယ်ဖြစ်သည်။

ကျွန်ုပ်သည်လည်း ကျောင်းပိတ်ရက်ဖြစ်၍ ပွဲခိုးမြို့ရှိ သူငယ်ချင်းထံသို့ အလည်အပတ် သွားရောက်ပြီး မွေးရပ်မြေ ဖျာပုံသို့ ပြန်လာခြင်းဖြစ်ကြောင်းကို ပြောပြပြီးသည်တွင် ...

"အို ... မောင်လေးက ဖျာပုံဇာတိဆိုတော့ အစ်မတော်တို့အတွက် အလျဉ်းသင့်လိုက်တာကွယ်၊ မောင်လေးကိုပဲ အပူကပ်ရမယ် ထင်ပါရဲ့ကွယ်"

ပြုံးတုံ့တုံ့ အမူအရာလေးဖြင့် ဆည်းလည်းသံတမျှ ချိုလွင်သော စကားလေးကို အစ်မဖြစ်သူ မြသန္တာနွယ်က ပြောလေ၏။

"ကွဲကွာနေတဲ့ အစ်မတော်တို့ရဲ့ ဆွေတော်မျိုးတော်တွေက ဖျာပုံဇာတိကလေ။ သူတို့တွေနဲ့ တွေ့ဆုံရင် တန်ခိုးကြီး ရှေးဟောင်းဘုရားတွေ ဖူးရအောင်ဆိုပြီး ထွက်လာတာကွယ့်၊ အခုလို မောင်မြသိန်းကျော်နဲ့ တွေ့တာ အစ်မတော်တို့ အတော့်ကို အားတက်မိဘယ်ကွယ်"





"ဟုတ်ပါရဲ့ မမသန္တာ၊ ဒီက အစ်ကိုမြသိန်းကျော်နဲ့ တွေ့တာ ညီမတော့် အရမ်းပျော်သွားတာပဲ။ မာလာတော့ ကိုယ်ဖူးချင်တဲ့ ဘုရားတွေ အတင်းလိုက်ပို့ခိုင်းမှာပဲ"

သူမတို့စကားတွေက ကျွန်ုပ် ရင်ဘတ်ကို ဖောက်ဝင်ပြီး နှလုံးသား၏ ပီတိအဟုန်ကို အဆမတန် ကြီးထွားသွားစေသလို ခံစားရသည်ကြောင့် နှုတ်က ဆွံ့အသွား၏။

အစ်မဖြစ်သူ ခင်သန္တာနွယ်သည် ယဉ်၏။ ဣန္ဒြေကြီး၏။ ညီမငယ် ခင်မာလာနွယ်ကတော့ အတန်ငယ် သွက်လက်သည်ဟု ပြောရမည်ထင်၏။

"အဲဒီကိစ္စတွေကို အခက်အခဲမရှိ ကူညီနိုင်ပါတယ်ဗျာ၊ ဖျာပုံမြို့ကို ရောက်ရင် ကျွန်တော်တို့အိမ်ကို အချိန်မရွေး ဝင်နိုင် ထွက်နိုင်ပါတယ်၊ ကုန်သည်ကြီး ဦးငွေလည်းနဲ့ ဒေါ်ဖြူဖြူမွေးတို့ဆိုရင် သူဌေးကုန်းရပ်မှာ ဘယ်သူ့ကို မေးမေး ရပါတယ်။ သူတို့ရဲ့သား တက္ကသိုလ်ကျောင်းသား မောင်မြသိန်းကျော်ရဲ့ မိတ်ဆွေလို့ ပြောပြီး တည်းခိုနိုင်ပါတယ်။ ရောက်တုန်းရောက်ခိုက် ပျော်သလိုသာ နေကြပါ။ လိုအပ်တာကူညီဖို့ ကျွန်တော် အသင့်ရှိနေမှာပါ"

ခရီးစဉ်တစ်လျှောက်လုံးတွင် သူမတို့နှင့် ပြောလာသည့် စကားတွေက ပြောမကုန်နိုင်စရာ ဆိုသလို အကြောင်းအရာတွေ များပြားလွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် သူမတို့သည် ပတ်ဝန်းကျင်အပေါ်မှာသော်လည်းကောင်း အချိုအခါးကိုသော်လည်းကောင်း၊ မေ့လျော့လျက် စကားကောင်းနေမိကြသည်မှာ ဖျာပုံမြို့သို့ ညဆယ့်နှစ်နာရီအချိန်တွင် သင်္ဘောဆိုက်ကပ်မှန်း မသိအောင် ဖြစ်သွားတော့သည်။

✧ ✧ ✧

## အခန်း(၄)

လယ်ကွင်းပြင်မှ ဖြတ်တိုက်ခတ်လာသော ရိုးပြတ်နံ့လေက တစ်ချက် တစ်ချက်တွင် သဲ့သဲ့ကလေး ညင်းနေ၏။

ကျွန်ုပ်တို့ စီးလာသော ဘုံပြတ်လှည်းကလေးသည် လိပ်ခုတုန်းသက်လွှတ်ချမ်းသာစေတီတော်အဝင် ပုခ်ဦးရှေ့ရှိ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် ရပ်တန့်လို့ သွား၏။

ဘုရားပြိုပျက်ကုန်းသာသာ တောရစေတီအဖြစ်သာ ရှိနေခဲ့ရာ မြို့သူမြို့သား ဆွေတော်မျိုးတော်များ၏ ကောင်းမှုကြောင့် ကွင်းပြင်လွင်တီးခေါင်၊ တောရစေတီအဖြစ်သာ ရှိနေခဲ့ရာ မြို့သူမြို့သား ဆွေးတော်မျိုးတော်များ၏ ကောင်းမှုကြောင့် ကွင်းပြင်လွင်တီးခေါင်တွင် တောရစေတီများ၏ ထီးတော်လဲပြို စေတီအိုသည် ယခုအခါမှာတော့ ခေတ်အဆက်ဆက် တည်ထားကိုးကွယ်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဝေနေယျများနှင့် စည်းကားလျက်ရှိ၏။





မြို့နှင့် အတန်ငယ်ဝေးသည်ကြောင့် ၎င်းစေတီပျက်ဆီသို့ သွားရောက် ဖူးမြော်သူများအတွက် မြင်းလှည်းလေးများဖြင့် ပို့ဆောင်ပေးကြ၏။

"အစ်ကို မြသိန်းကျော် ဒီစေတီတော်ကြီးက အလွန့်ကိုသပ္ပာယ်တယ်နော်။ ရှေးအတော်ကျမှဲ စေတီဖြစ်မယ်လို့ မာလာထင်တယ်"

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက လူကြီးသူမများ ပြောကြားသည်ကို မှတ်သားမိသမျှ ပြန်လည်၍ ပြောပြလိုက်ပါသည်။ ခင်သန္တာနွယ်က စကားတစ်ခွန်းမျှ မပြောဘဲ ကျွန်ုပ် ပြောသမျှကို ဂရုတစိုက် နားထောင်နေ၏။

"ရှေးကျဆို လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ရာကျော်ကတည်ထားခဲ့တာလို့ သက်ကြီးပုဂ္ဂိုလ်တွေ ပြောပြတယ်လေ၊ အစကတော့ ဉာဏ်တော်က သိပ်မမြင့်လှပါဘူး၊ အစ်ကိုတို့ငယ်ငယ်ကဆိုရင် ဘုရားပျက်ကုန်းသာယာပဲ ရှိတာပေါ့၊ တချို့မသမာသူတွေက သိုက်ဆရာတွေနဲ့ ရွှေပွတ်သွားတာကြောင့် မြို့က လူတွေနဲ့ သံဃာတော်တွေ စုဝေးပြီး စေတီတော်ရဲ့ အရှည်ကိုတွေးပြီး ငုံတည်ထားခဲ့တယ်လေ"

ဘယ်လိုမှ မရည်ရွယ်ဘဲ ကျွန်ုပ် သိသမျှ ပြောပြလိုက်သော စကားလေးအပေါ်မှာ ခင်မာနွယ်က ကျွန်ုပ်ကို မျက်လုံးရွှဲကြီးဖြင့်ကြည့်လျက် စိတ်ဝင်တစား နားထောင်နေတာကို သိလိုက်ရ၍ ကျွန်ုပ်ရင်တွင်း၌ အပူလှိုင်းတွေ ဖြတ်စီးသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ဘယ်လိုစကားမျိုးကို ဆက်လက်၍ ဘာပြောရမှန်း မသိအောင် ဖြစ်နေစဉ်မှာပဲ အစ်မဖြစ်သူ ခင်သန္တာနွယ်က သူမ သိချင်နေသော အကြောင်းအရာတစ်ခုကို မေးပြန်၏။

အလွန်မှ တည်ငြိမ်ရင့်ကျက်သူ ခင်သန္တာနွယ်၏ အမေးစကားကိုတော့ ကျွန်ုပ် အနေဖြင့် တိကျသေချာစွာ ဖြေဆိုရန် အခက်တွေ့တော့သည်။

"ဒါနဲ့ မောင်လေး မြသိန်းကျော် အစ်မတော်တို့ အလာတုန်းက ဘုရားရှေ့ မုခ်အနားမှာ ရှေးမွန်မင်းတစ်ပါးဖြစ်တဲ့ သုရင်တကာရွက်ပိမိဖုရားကြီး တလပရော်သမီးက အဓိဋ္ဌာန်ငါးချက်နဲ့ တည်ထားခဲ့တယ်လို့ ကမ္ပည်းထိုးထားတာတွေ့တယ်၊ ဒီစေတီတော်ရဲ့ သမိုင်းအကျဉ်းကို သိရင် ပြောပြပါလားကွယ်"

ကျွန်ုပ်သည် နယ်ခံတစ်ဦးဖြစ်၍ အားကိုးတကြီး မေးလာသော သူမတို့၏ အမေးစကားတွေကို သူမတို့စိတ်ကျေနပ်မှု ရှိသွားအောင် ပြန်လည်ပြောပြလိုက်သော်လည်း ကျုပ်အနေဖြင့် ဘယ်လိုမှ မတတ်နိုင်ဘဲ ဖြစ်နေတော့သည်။

သို့သော်လည်း ကျွန်ုပ်သည် ၎င်းအကျပ်အတည်းမှ လွတ်မြောက်စေမည့် နည်းလမ်းတစ်ခုကို ရုတ်တရက် စဉ်းစားမိလိုက်၏။

"ဒီလိုလုပ်ပါ အစ်မခင်သန္တာ၊ အစ်မ သိချင်တဲ့ အကြောင်းအရာကို ပြည့်ပြည့်စုံစုံသိတဲ့ ပုဂ္ဂိုလ်ထူးတစ်ဦး ရှိပါတယ်။



BURMESE CLASSIC .com



မမတို့ ညီအစ်မနှစ်ဦးနဲ့ အဲဒီပုဂ္ဂိုလ်ထူးကို ကျွန်တော် တွေ့ဆုံပေးပါ့မယ်၊ နေကသိုဏ်း၊ လကသိုဏ်းရှင် လူသူတော်ဆရာလေးတစ်ပါးပေါ့"

ကျွန်ုပ်၏ ၎င်းစကားကြောင့် ညီအစ်မနှစ်ဦး၏ မျက်ဝန်းကလေးတွေသည် စိတ်ဝင်စားမှုအပြည့်ဖြင့် အရောင် တဖျပ်ဖျပ် လင်းလက်သွားတော့သည်။

✧ ✧ ✧

## အခန်း(၅)

"အိမ်း ... ငါ့သမီးတော်တို့ သက်ရှည်ကျန်းမာ အဆင်းလှကြပါစေ၊ ကဲ ... ကဲ ... လာကြ ... လာကြ၊ ဆွေတော်ရှစ်သောင်း၊ မျိုးတော်ရှစ်သောင်း စုပေါင်းပြီး အောင်ကြောင်းဝေဖြာ အောင်မင်္ဂလာစည်တော်ကြီး မြည်ဟည်းစေမယ်ကွယ့်"

ကျွန်ုပ်နှင့် သူမတို့နှစ်ဦးသည် အလှူတော်ငွေများ ထည့်ဝင်ပြီးနောက် နေကသိုဏ်း၊ လကသိုဏ်းရှင် လူသော်တော်လေးကို မလှမ်းမကမ်းမှ ပြိုင်တူ ဦးချပြီးသည်နှင့် လူသူတော်က နူးညံ့သိမ်မွေ့သော လေသံဖြင့် ဖိတ်မန္တကပြုလေ၏။

ကျွန်ုပ်လည်း လူသူတော်အနီးတွင် ရိုကျိုးစွာ ထိုင်လျက် သူမတို့ ညီအစ်မ သိချင်သော အကြောင်းအရာတွေကို ကျွန်ုပ်ကပင် အရင်လျှောက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသူတော်လေး၏ ငြိမ်းချမ်းမှု အတိပြီးသော မျက်နှာတွေကို အမျိုးအမည်ဖော်ပြရန် ကျွန်ုပ်အနေဖြင့် ဘယ်လို အဓိပ္ပာယ်မျိုးနှင့် ပြောဆိုနေမှန်း မသိလောက်အောင် ဖြစ်သွားသည်။

လူသူတော်သည် ကျွန်ုပ်တို့ကို ကြည့်လျက် ပင့်သက်ကို ငွေ့ငွေ့ရှိုက်လျက် တည်ငြိမ်စွာ စကားပြောတော့သည်။

"သမီးတော်တို့က သိချင်နေတယ် ဆိုတော့လည်း ဘဘက ရှင်းပြရမှာပေါ့။ ဒီလိုကွယ့် ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ရာကျော်ခန့်က ပဲခူးသာယာဝတီဘုရင် မွန်မင်းသုရှင်တာကာရွက်မိနဲ့ တောင်ငူဘုရင် တပင်ရွှေထီးတို့ နန်းအပြိုင်စိုးစံခဲ့တဲ့ခေတ်မှာပေါ့။ သမိုင်းဝင် နောင်ရိုးတိုက်ပွဲကြီးဆိုတဲ့ ရာဇဝင်နဲ့ ဆက်စပ်နေတယ်လို့ ပြောနိုင်တယ်"

"မြန်မာထီးနန်းစံနားမှာ ဘုရင်ငယ်လေး ငမ်းတရားရွှေထီး နားထွင်းရာက စခဲ့တဲ့မီးဟာ မင်းနှစ်ပါးအတွက် တဖြည်းဖြည်း ရာဇဝင်တွင်ဖွယ်တာ နောင်ရိုးတိုက်ပွဲကြီးဖြစ်ပြီး မွန်မင်း စစ်ရှုံးသွားတယ်။ ယောက်ဖတော်ပြည့်ဘုရင်နရပတိရှိတာကို စုန်ဆင်းပြီး အင်္ဂပူအရပ်မှာ ဗိုလ်ဝင်ခဲ့လိုက်တယ်"

"အဲဒီအထဲမှာ သတ္တိထူးခြားသူ မိဖုရားတစ်ပါးကတော့ ဒလ၊ ထွံတေးနယ် လက်ခိုင်ကို ဖြတ်ကျော်ပြီး ဒေးဒရဲနယ်က မရမ်းအရပ်မှ ကျိုက်ဟွန်ပရော် (သက်ကယ်ဘုရား) မရမ်းဘုရားတည်ထားပြီး ဖျာပုံဘက်ကို ဆက်ပြီး စစ်ချီခဲ့





တယ်။ ဖျာပုံမှာ ရပ်နားနေစဉ် တစ်နေ့မှာတော့ မောင်တော် သမိန်ထောရာမင်းသားနဲ့ တိုင်ပင်တော်မူတယ်"

အဘသည် စကားကို ပြောနေလျက်က ခေတ္တရပ်တန့်လိုက်ပြီး အနီးရှိ ရေတကောင်းအတွင်းမှ ရေကို ရေခွက်အတွင်း ငှဲ့ထည့်လိုက်၏။

ငင်းငှဲ့ထည့်ပြီးသွားသော ရေခွက်ကို အစ်မမြသန္တာက လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်ပြီး အဘကို တရိုတသေ ကမ်းပေးလိုက်၏။

"သာဓု ... သာဓု ... သာဓု"

အဘသည် သူမထံမှ ရေခွက်ကို လှမ်းယူလိုက်ပြီး ရေကို တစ်ကျိုက်တည်း မော့သောက်လေ၏။

ချောင်းတစ်ချက်ကို မတိုးမကျယ်ဟန့်လိုက်ပြီး ပြောလက်စ စကားကို ပြီးပြည့်စုံသည်အထိ မရပ်မနားပြောတော့သည်။

"မိဖုရားက သူ့မောင်တော်ကို ပြောတာက အမောင်သမိန်ထောရာမ အခုဆိုရင် အရှင်မတို့ရဲ့ ပဲခူး၊ ဟံသာဝတီ ထီးနန်းလည်း ဆုံးခဲ့ပြီ၊ မောင်တော်သုရှင်လည်း တောထဲမှာ ဆင်ဖြူတော်နောက်လိုက်ရင်း တောရဲ့မာယာ သူယောင်မယ်ရဲ့ လှည့်စားချက်နဲ့ ဝေဒနာစွဲကပ်လို့ နတ်ရွာစံခဲ့တော်မူခဲ့ပြီ။ အခုလို အဘက်ဘက်က နိမ့်ပါးနေတဲ့အချိန်မှာ အရှင်မတော့ စားရေးရိက္ခာ ပြည့်စုံလုံလောက်စွာနဲ့ လုံခြုံမှုကို အထူးဂရုစိုက်ဖို့ မှာကြားချင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ အစစအရာရာ လုံခြုံစိတ်ချရတဲ့ စခန်းတစ်ခုမှာ ခြေကုပ်ယူဖို့ သခင်မ စီစဉ်ထားတယ်။ ဒီဖျာပုံမြို့ရဲ့ တောင်ဘက်စူးစူးမှာ သဘာဝလျှိုကုန်းတန်းကြီးတစ်ခုကို သခင်မ ရှာဖွေတွေ့ရှိထားတယ်။ အဲဒီနေရာရဲ့ သဘာဝအနေအထားတွေကို အထောက်တော်တွေကို စေလွှတ်ပြီး စုံစမ်းကြည့်ခိုင်းပြီးပြီ။ ဖျာပုံစခန်းလိုပဲ မှဲ့၊ ခြင်၊ ယင်၊ မြွေဆိုး၊ တောတောင်အန္တရာယ်တွေ ကင်းသလို လျှိုကုန်းတန်းကြီးကလည်း သဘာဝခံတပ်ကြီးတစ်ခုလို ဖြစ်နေတဲ့အတွက် အလွန့်ကို အခြေချလို့ကောင်းတယ်၊ စစ်ကဲဘိုးဘိုးကြီးနဲ့ တိုင်ပင်ပြီး မိုးမကျခင် ဒီစခန်းက ပြောင်းရွှေ့ဖို့ အမောင် ပြင်ဆင်ထားပါ"

အရှင်မက သူ့မောင်တော်ကို အဲဒီလို တာဝန်ပေးခဲ့ပြီး သူ့ရင်ထဲမှာ မွန်းကျပ်ခံစားနေရတဲ့ အစိုင်အခဲကိုလည်း ဖွင့်ဟလိုက်တယ်။

"မောင်တော် အစ်မတော်ရဲ့ နှလုံးသည်းပွတ်မှာ အလွန့်ကို ခံစားနေရတဲ့ သောကတွေအတွက် ဖြေဆည်ရာတစ်ခုကို စီရင်ဖန်တီးချင်တယ်ကွယ်။ အစ်မတော်တို့ ဒီဖျာပုံစခန်းက မခွာမီ ကျဆုံးသွားတဲ့ မောင်တော်သုရှင်အတွက် အလွမ်းပြေ မြေစိုက်စေတီတစ်ဆူ တည်ခဲ့ချင်တယ်။ ရှင်လျက် မကွဲပါရစေနဲ့၊ ရှင်မကွဲဘုရားပေါ့။ အဓိဋ္ဌာန်နဲ့ တည်တော်မူဖို့ အစ်မတော် ဆုံးဖြတ်ထားတယ်"





ဒီလိုနဲ့ အခု ဖူးတွေ့နေရတဲ့ စေတီတော်ကြီးကို ဖျာပုံမြို့မှာ ရှေးဦးမဆွ တည်ထားကိုးကွယ်ခဲ့တာပေါ့။

သွက်လက်ချက်ချာသော ညီမ မာလာနွယ်က စိတ်ဝင်စားမှုအပြည့်ဖြင့် မေးလိုက်သော စကားကြောင့် အဘဆရာလေးသည် ပြောလက်စ စကားကို ရပ်တန့်မတော့ဘဲ တစ်ဆက်တည်း ပြောလေ၏။

ကျွန်ုပ်၏ တစ်သက်မှာ မိမိ မွေးရာဇာတိမြေ၌သည်မျှလောက် စိတ်ဝင်စားစရာကောင်းသည့် သမိုင်းဝင်ဖြစ်စဉ်တွေ ရှိနေပါလျက် သိရှိအောင် မကြိုးစားမိသည့် မိမိအဖြစ်အတွက် မိမိကိုယ်မိမိ မကျေမနပ် ခံစားမိ၏။

ယခုတော့ သူမတို့ ညီအစ်မနှစ်ဦးကို ရှင်းပြနေသည့် အဘဆရာလေး၏ စကားတွေက ကျွန်ုပ်အတွက်လည်း တစ်သက်တာ မမေ့နိုင်စရာကောင်းသည့် စကားများဖြစ်နေတော့သည်။

"ဒါနဲ့ အဘဆရာလေးရယ်၊ ဒီစေတီတော်ကြီးကို ခင်ရှောင်ပုန် အရင်းတည်ထားခဲ့တဲ့ မိဖုရားကြီးဟာ အခြားဘယ်လိုအရပ်တွေမှာလဲ တည်ထားခဲ့သလဲ ဆိုတာ သိရင် ပြောပြပါလား အဘရယ်"

"ရှိတာပေါ့ သမီးတော်ရယ်၊ ပထမဆုံး တည်ထားတာက ကျိုက်ဟွန်ပစ်ရက်လို့ ခေါ်တဲ့ မရမ်းကုန်းစေတီ ဒေးဒရဲနယ် မရမ်းရွာမှာရှိတယ်၊ ပြီးတော့ ဖျာပုံစခန်းမှာ အခု မြင်နေရတဲ့ စေတီတော်ကြီး၊ သိန္နွေဘကုန်းတန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



"တပင်ရွှေထီးကို အောင်နိုင်တဲ့ အထိမ်းအမှတ်နဲ့ ကျိုက်ကူနွမ်း (အော်တော်မူ) စေတီတော် ကမာပိုမှာ သမင်းကန်စေတီတော် ထူးခြားတာက အဲဒီစေတီတော်လေးဆူဟာ သူ ပွဲချိန်ကျပြီဆိုရင် ဘယ်အရပ်ဒေသကမှန်းမသိတဲ့ ပုဂ္ဂိုလ်တွေ ရောက်လာပြီး နာမည်ကိုလည်း မပြော၊ လိပ်စာကိုလည်း မေးမရနဲ့ ရှေးဟောင်းနန်းစဉ် ရတနာတွေ လာလှူကြတယ်၊ ပဋ္ဌာန်းဆက်တွေ ထင်ပါရဲ့ကွယ်"

မောသွားပုံရသော အဘဆရာလေးသည် ကျွန်ုပ် ငှဲ့ပေးသော ရေတစ်ခွက်ကို ယူ၍ မော့သောက်၏။

နေကလည်း အနောက်ဘက် ခင်တန်းညိုညိုအောက်မှာ ပင်လယ်ပြင်ထဲသို့ ကျဆင်းလို့နေပြီ။

ဟင်္သာနှင့် ရေဘဲတစ်အုပ်သည် ကျီကျီတျာတျာ အသံပေး၍ ကန်တော်ကြီးရေပြင်ထဲသို့ ဆင်းသက်နေကြ၏။

ကျွန်ုပ်၏ အမြင်အာရုံအတွင်း၌ မည်သို့ ပြင်နေသည်ဟု အတိအကျ ဖော်ပြနိုင်စွမ်း မရှိအောင် ဖြစ်နေမိသည်။ ၎င်းမှာ ဘုရားဖူးများ တဖွဲဖွဲ ရောက်ရှိလာကြသော လူအစုအဝေးထဲတွင် သူမတို့ ညီအစ်မက တစ်မူထူးခြားနေသည်ဟု ခံစားမိခြင်းဖြစ်သည်။

✧ ✧ ✧





## အခန်း(၆)

ညဥ့်လေပြည်က ကျွန်ုပ် အိပ်ခန်းအတွင်းသို့ ဝရန်တာမှတစ်ဆင့် ဖြတ်သန်းတိုးဝင်နေ၏။

ပြတင်းပေါက်မှာ ချည်နှောင်ထားသော ခန်းစည်းလိုက်ကာစတွေက လေပြည်၏တွန်းထိုးမှုကြောင့် ယိမ်းနွဲ့လို့နေ၏။

ခင်သန္တာနွယ်နှင့် ခင်မာလာနွယ်ဆိုသည့် ညီအစ်မနှစ်ဦး၏ တစ်မျိုးစီ စွဲမက်စရာကောင်းသည့် အလှတရားအပေါ်မှာ ကျွန်ုပ်၏ အာရုံခံစားမှုတွေသည် မရှန်းသာလောက်အောင် စူးနှစ်ပျော်ဝင်နေတော့သည်။

ညဥ့်ဆိုသော ကာလယန္တရား၏ ဆိတ်ငြိမ်မှုက ကျွန်ုပ်အား အိပ်စက်၍မရအောင် ဆွဲဆန့်ထားသလို ဖြစ်နေ၏။

ကျွန်ုပ်နှင့် သူမတို့၏ ခင်မင်ရင်းနှီးမှုထုထည်သည် တစ်လဆိုသော အချိန်ကာလအတွင်းမှာပဲ နှစ်ကာကြာမြင့်စွာ ခင်မင်ခဲ့ကြသူများကဲ့သို့ ဘယ်လိုမှ မေ့ပျောက်နိုင်စွမ်း မရှိလောက်အောင် သတိတရခင်မင်သည့် သံယောဇဉ်မျိုးဖြင့် ချည်နှောင်မိကြ၏။

ခင်မင်မှုသက်တမ်းသည် တစ်လပြည့်လုနီးပါး ရှိခဲ့လေပြီ။ တစ်လပြည့်သည်နှင့် သူမတို့နှစ်ဦးသည် သူမတို့ မွေးရပ်ဇာတိမြေဖြစ်သည့် ပြည်မြို့သို့ ပြန်ကြတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နီးကပ်စွာ ရှိနေကြသည်မှာ မသိသာသော်လည်း ယခုလို အမှန်တကယ် ခွဲခွာရမည်ကို သိလိုက်ရသည်နှင့် နင့်နင့်သီးသီး ခံစားရသည့် ခံစားမှုကို ကျွန်ုပ်လည်း ဘယ်လိုမှ ခံနိုင်စွမ်းမရှိဘဲ ဖြစ်နေတော့သည်။

မနက်ဖြန်ဆိုသော နေ့တစ်နေ့မှာ ကျွန်ုပ်သည် သူမတို့ ညီအစ်မနှစ်ဦးကို ကျွန်ုပ်၏ နေအိမ်သို့ ဖိတ်ကြား၍ ဖွယ်ဖွယ်ရာရာ ထမင်းဟင်းများဖြင့် ဧည့်ခံကျွေးမွေးရန် ဖိတ်ကြားထားပြီးဖြစ်သည်။

ကျွန်ုပ်သည် ထိုသို့ ဧည့်ခံကျွေးမွေးပြီး သူမတို့ ညီအစ်မနှစ်ဦးနှင့် ကျွန်ုပ်၏ မိဘများကို တွေ့ဆုံမိတ်ဆက်ပေးရန် စိတ်ကူးထားခဲ့သော်လည်း သူမတို့ကို လက်ခံတွေ့ဆုံ၍ မဖြစ်နိုင်တော့သည့်အတွက် တောင်းပန်စကားပြောပေးရန် ကျွန်ုပ်အား မှာကြားခဲ့၏။

သို့သော်လည်း အိမ်ရှင်ပီသစွာ ဧည့်ဝတ်ကျေပွန်စေရေးအတွက် စားသောက်ဖွယ်ရာများကို ပြီးပြည့်စုံစွာ စီရင်ပေးခဲ့ပါသည်။

ကျွန်ုပ်သည် အိပ်ရာထက်ဝယ် ဘယ်ညာလူးလွန့်လျက် အိပ်စက်မှုမဲ့စွာဖြင့် ညတစ်ညကို လွန်မြောက်ခဲ့လေပြီ။

နံနက်လင်းအာရုဏ်က ကျွန်ုပ်၏ ပြတင်းပေါက်မှ တစ်ဆင့် အိပ်ခန်းအတွင်းသို့ တိုးဝင်ဖို့ ပြင်ဆင်နေလေပြီ။

ရွှေဟင်္သာစာပေ



တစ်ညတာ အိပ်စက်ခွင့်မရသော ကျွန်ုပ်၏ ခန္ဓာကိုယ်သည် နွမ်းလျနေသင့်ပါလျက် ယခုတော့ ထိုသို့မဟုတ်ဘဲ လန်းဆန်းမှုဖြင့် ကြည်ကြည်လင်လင် ဖြစ်နေ၏။

အာရုံခံစားမှုတွေလည်း နိုးကြားတက်ကြွနေ၏။ ကျွန်ုပ်သည် ထမင်းချက် အစေအပါးနှစ်ဦးကို မနက်ခင်းကတည်းက စ၍ ကျွန်ုပ်စိတ်ကြိုက် ဖြစ်စေမည့် အခင်းအကျင်းပုံသဏ္ဍာန်မျိုး ဖြစ်နေစေရန်အတွက် ညွှန်ကြားခိုင်းစေနေမိသည်။

ကျွန်ုပ် စိတ်ကြိုက် အခင်းအကျင်းမျိုး ဖြစ်မြောက်သွားသည်တွင် ကျွန်ုပ်သည် ထမင်းချက် မိန်းမကြီးနှစ်ဦးကို မုန့်ဖိုးပေး၍ သူမတို့နေအိမ်သို့ ပြန်လွှတ်လိုက်၏။

သူမတို့ ညီအစ်မနှစ်ဦးကို ကျွန်ုပ် ကိုယ်တိုင်ကိုယ်ထိလက်ရောက် ဧည့်ဝတ်ပြုရာတွင် ထိုအမျိုးသမီးနှစ်ဦးကို အနီးတွင် ရှိမနေစေလိုသောကြောင့်ဖြစ်သည်။

ညီအစ်မနှစ်ဦးသည် သူမတို့ ပြောကြားထားသည့် အချိန်ဖြစ်သည့် နံနက် ဆယ်နာရီ မိနစ်သုံးဆယ်တွင် မြင်းလှည်းဖြင့် ရောက်ရှိလာ၏။

ကျွန်ုပ်သည် ခြံဝသို့ ကပျာကယာ ထွက်သွားပြီး ညီအစ်မနှစ်ဦးကို ချွေးတွေးပျူငှာစွာ ကြိုဆိုလျက် အသင့်ပြင်ဆင်ထားသော ထမင်းစားခန်းဆီသို့ ဦးဆောင်လျက် ခေါ်ဆောင်လာ၏။

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မနှစ်ဦးသည် လှပသိမ်မွေ့သည့် အပြုံးပွင့်ကလေးတွေကို အပြိုင်အဆိုင် ပြုံးလျက် ကျွန်ုပ် ညွှန်ခဲ့သော နံနက်စာကို မြိန်ရည်ရှက်ရည် သုံးဆောင်ကြ၏။

ကျွန်ုပ်သည်လည်း သူမတို့နှင့်ဟောင့် မျက်နှာချင်းဆိုင်တွင် ထိုင်လျက် သူမတို့နှင့်အတူ ထမင်းလက်ဆုံ စားလိုက်သည်။

ထမင်းစားသောက်ပြီးသည်တွင် အချိုပွဲဖြင့် ထပ်မံ ညွှန်ခံလိုက်ပြီး ကျွန်ုပ်နှင့် သူမတို့နှစ်ဦးသည် စကားလုံးပေါင်းများစွာ ပြောမိကြသည်။

မနက်ဖြန်ဆိုသော ကာလကို ဖြစ်နိုင်ပါက ကျွန်ုပ်သည် ဆွဲဆန့်ထားလိုက်ချင်သည်။ ယခုကဲ့သို့ ငြိမ့်ငြိမ့်ကလေး ကြည်နူးရင်ခုန်ခံစားရသည့် ကာလသည် အဘယ်ကြောင့် သည်မျှ တိုတောင်းရပါသနည်း။

ခင်သန္တာနွယ်သည် ဣန္ဒြေကို ထိန်းချုပ်နိုင်သော်လည်း မျက်လုံးမှ သံယောဇဉ်အရိပ်များက အပြင်ဘက်သို့ ထွက်ကျရန် ဟန်ပြင်နေသလို ဖြစ်နေ၏။ ခင်မာလာနွယ်က ပွင့်လင်းသွက်လက်သူပီပီ ရင်ထဲ ရှိရာကို မျိုသိပ်မထား ပွင့်လင်းလွန်းသောကြောင့် ကျွန်ုပ်အဖို့ရာမှာတော့ ရင်တဖိုဖိုဖြင့် မည်သူ့ကိုပဲ သံယောဇဉ် ပိုရမလို ဖြစ်နေတော့သည်။

သူမတို့နှစ်ဦးသည် မနက်ဖြန်မှာ ဖျာပုံမြို့မှ ပြန်တော့မည်ဖြစ်၍ ယခင်နေ့များကနှင့် မတူဘဲ ကျွန်ုပ်နှင့်အတူ သုံးနာရီခန့် စကားလက်ဆုံပြောကြ၏။





သို့သော်လည်း အချိန်တန်တော့ လာရာလမ်းကို ပြန်ကြရစမြဲ မဟုတ်လား။ ကျွန်ုပ်သည် မနက်ဖြန်မနက်တွင် သူမတို့နှစ်ဦးကို သင်္ဘောဆိပ် သွားရောက်ပြီး ပို့ဆောင်နှုတ်ဆက်မည်ဟု ကတိပြုလျက် သူမတို့နှစ်ဦးကို ခြံပသို့ လိုက်လံပို့ဆောင်လိုက်၏။

✧ ✧ ✧

BURMESE CLASSIC .com

## အခန်း(၇)

မှတ်ချက်။ ။ ကျွန်ုပ် စုန့်သာမင်းမောင်အနေဖြင့် သည်နေရာတွင် အနည်းငယ် ဝင်ရောက် ရှင်းပြလိုပါသည်။ အကြောင်းကား သည်ဝတ္ထုရှေ့ပိုင်းတွင် ကျွန်ုပ် ပြောခဲ့ပြီးဖြစ်သည့် မောင်မြသိန်းကျော်နှင့် စပ်လျဉ်းသည့် အခန်းကဏ္ဍတစ်ခုသည် ဤနေရာတွင် အဆုံးသတ်ခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်ထံသို့ သူ၏ ဦးလေးတော်စပ်သူ ကျွန်ုပ်၏ မိတ်ဆွေ ကိုအောင်မြင့်သည် မောင်မြသိန်းကျော်၏ ကိုယ်ရေးမှတ်တမ်းကို ယူဆောင်လာခဲ့သည်မှာ ဤမျှအထိသာ ဖြစ်သည်။

(စာဖတ်ပရိသတ်များ စဉ်းစားကြည့်စေလိုပါသည်။ ဤမျှသော အကြောင်းအရာလေးသည် သာမန်လူငယ်တို့ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရိုးဖြစ်စဉ် ရင်ခုန်ဖွယ် အချစ်ဇာတ်လမ်းလေးမျှသာဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ထိုမျှလောက် အကြောင်းအရာလေးကို သာမန်စိတ်ဝင်စားမှုအဖြစ်တစ်ခုအဖြစ်သာ သတ်မှတ်ထားခဲ့၏။

သို့သော် ကျွန်ုပ် ပြောခဲ့ပြီးဖြစ်သလို ကျွန်ုပ်ကိုယ်တိုင် ဖျာပုံမြို့သို့ ရောက်ရှိပြီး မောင်မြသိန်းကျော်၏ မိဘများနှင့် တွေ့ဆုံစဉ် မောင်မြသိန်းကျော်နှင့် ပတ်သက်သည့် ဖြစ်ပျက်မှုများနှင့် ပဲခူးမြို့မှ သူ့မိခင်သူငယ်ချင်း အောင်ကျော်စွာဆိုသော လူငယ်လေးထံမှ ရရှိသော သူ့မှတ်တမ်းကို ဖတ်ရှုမိစဉ်မှာတော့ ကျွန်ုပ်သည် အမှတ်မထင် သိလိုက်ရသော ဖြစ်စဉ်ကလေးပေါ်မှာ ကြေကွဲခံစားသွားတော့သည်။

သို့ဖြစ်သောကြောင့် ယခုကဲ့သို့ မောင်မြသိန်းကျော်၏ ဖြစ်စဉ်ကလေးကို ပြီးပြည့်စုံစွာ ရေးသားရခြင်းဖြစ်၏။

စာရေးသူ)

အချစ်ဆိုသောအရာသည် လူတစ်ယောက်၏ ဘဝတစ်သက်တာမှာ အချိန်အခါမရွေး ဝင်ရောက်မွှေနှောက်နိုင်စွမ်းရှိကြောင်းကို ကျွန်ုပ်သည် သူမတို့ ညီမအစ်မနှင့် ဆုံစည်းမိစဉ်ကာလလေးအတွင်းမှာ ကောင်းစွာ သိရှိလိုက်ပါသည်။

"ဘော် ... ဘူ ... ဘော် ... ဘော်"

ရန်ကုန်မြို့ဆီသို့ ပုံမှန်ထွက်သော သင်္ဘောများသည် ဖျာပုံဆိပ်ကမ်းမှ တစ်စီးပြီးတစ်စီး ထွက်ခွာနေလေပြီ။

"အစ်ကိုမြသိန်းကျော်ရေ မာလာတို့ သွားပြီနော်"





ခင်မာလာနွယ်သည် သင်္ဘောလက်ရမ်းကို ကိုင်ကာ နှုတ်ဆက်နေ၏။

အစ်မ ခင်သန္တာနွယ်ကလည်း မျက်မှန်ကလေးကို မကာ ပင့်ကာဖြင့် နှုတ်ဆက်နေပြန်၏။

ကျွန်ုပ်လည်း စို့နင့်သော ရင်ခုန်သံကို မွေ့ဖက်ရင်း သူမတို့ကို လက်ပြနှုတ်ဆက်လိုက်ပါသည်။

ကျွန်ုပ်၏ သိစိတ်အလျဉ်က ခန္ဓာကိုယ်နှင့် အဘယ်မျှ ကင်းလွတ်သွားသနည်းဟူမူ သူမတို့ လိုက်ပါသွားသည့် သင်္ဘောကြီးအား အဝေးတွင် အမည်းစက်သာသာမျှ မြင်ရလေမှ မိမိအဖြစ်ကို ပြန်လည်၍ သတိပြုမိတော့သည်။

ကျွန်ုပ်သည် အလွန်အမင်း ထိတ်လန့်သွား၏။ အကြောင်းကား ကျွန်ုပ်အား အချို့သော လူတွေ၏ အထူးအဆန်း သဖွယ် ကြည့်နေကြသော မျက်ဝန်းတွေနှင့် ရင်ဆိုင်လိုက်ရ၍ဖြစ်သည်။

ကျွန်ုပ်လည်း ထိုကဲ့သို့သော မျက်လုံးတွေကို ဘယ်လိုမှ ရင်ဆိုင်နိုင်စွမ်း မရှိတော့သည်ကြောင့် နေရာမှ ချာခနဲ လှည့်ထွက်ခဲ့၏။

အပြန်လမ်းတစ်လျှောက်လုံးမှာ ကျွန်ုပ်အား ထိုကဲ့သို့ လှောင်ပြုံးနှင့်အတူ ကြည်ကြသည့် ပုဂ္ဂိုလ်တွေကို မကျေမနပ် ဒေါသထွက်နေမိသည်။ မိမိ ချစ်သည်ကို လက်ပြနှုတ်ဆက်တာကို လှောင်ရယ်ရသလား၊ အတော်ရိုင်းတဲ့လူတွေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကျွန်ုပ်အား လှောင်ပြောင်ကြည့်ကြသူတွေကို စိတ်ထဲမှာ အားပါးတရ ကျိန်ဆဲလျက် နေအိမ်သို့ ပြန်လာခဲ့သည်။

ကျွန်ုပ်၏ နှလုံးသည်းပွတ်မှ ချစ်စိတ်များသည် ပြည်မြို့သူ ညီအစ်မနှစ်ဦးနှင့်အတူ ပါသွားသလို ရင်တစ်ခုလုံး ဟာတာတာ ခံစားနေရ၏။

ခြံဝင်းအတွင်းသို့ ဦးခေါင်းကို ငိုက်စိုက်ချလျက် အတွေးခြေလှမ်းတွေဖြင့် လျှောက်လှမ်းလာသော ကျွန်ုပ်တို့ လုယ်တော်ကြီး ဦးဘိုးတော်က စိုးရိမ်တကြီး မေးလေ၏။

"လူလေး ကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ နေမျှား မကောင်းဘူးလားကွယ်"

"လူကတော့ ကောင်းပါတယ် အဘရယ်၊ မကောင်းတာက စိတ်ပါ"

"ဟေ ..."

ဦးဘိုးတော်၏ ချိုင့်ဝင်နေသော မျက်ဝန်းတွေက ကျွန်ုပ်၏ စကားကြောင့် အထိတ်တလန့် ပြူးကျယ်သွား၏။

သို့သော် ထိုပြူးကျယ်သွားသော မျက်ဝန်းထွက် အဆမတန် ပြူးကျယ်သွားရသည်က ကျွန်ုပ်၏ မျက်ဝန်းတွေပင် ဖြစ်သည်။

ဦးဘိုတော်၏ ရုတ်ခြည်းဆိုသလို တုံ့ပြန်ပြောဆိုလိုက်သော စကားများကြောင့်ဖြစ်၏။





"လူကလေးရယ် စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ။ လူကလေးကို အဘ ဒီရက်ပိုင်းမှာ စောင့်ကြည့်နေမိတာ အခုတော့ အဘ ထင်တဲ့အတိုင်း ဖြစ်နေပြီ"

"ဗျာ ... အဘ ဘာပြောလိုက်တယ်"

"ဟုတ်တယ် လူလေး၊ အခုတလော လူကလေးဟာ အတော့်ကို ထူးခြားနေတယ်၊ တစ်ယောက်တည်းလည်း စကားတွေ ပြောနေတယ်၊ ဟိုတစ်နေ့ကလည်း ခြံထဲကို လူမလာဘဲနဲ့ ခြံတံခါး ဖွင့်ပြီး ဘယ်သူနဲ့ စကားပြောနေတာလဲ၊ အဲဒါ အဘတောင် လူကလေးကို မေးဦးမလို့"

ကျွန်ုပ်သည် အဘကို ဘယ်လို စကားမျိုးဖြင့် ပြန်လည်ပြောရမှန်းမသိ ဖြစ်နေ၏။

အဘဦးဘိုးတော်ကို ကျွန်ုပ်သည် ဖြစ်ပျက်ကြုံဆုံခဲ့ရသည်များကို အသေးစိတ် ပြောပြလိုက်၏။ ကျွန်ုပ် ပြောပြသည့် စကားတွေကို အဘဦးဘိုးတော်သည် မယုံနိုင်စရာ မျက်ဝန်းများဖြင့် အံ့သြမှတ်တက်စွာ နားထောင်နေ၏။

အဘသည် ကျွန်ုပ် ပြောပြသည့် ဖြစ်စဉ်များကို နားထောင်ပြီးသည့်တွင် လက်နှစ်ဖက်ကို ပင့်မြှောက်လျက် အထိတ်တလန့် ရေရွတ်လေ၏။

"မြတ်စွာဘုရား ကယ်တော်မူပါ၊ ဤသူငယ်လေးရဲ့ ဘဝရေစက်အကြောင်းများ ဖန်လာပါက ဤနေရာတွင် ရပ်တန့်တော်မူပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ရှင်လျက်နှင့် သေဆုံးနေသလို လှည့်ပတ်စီးဆင်းနေသော သွေးသားများနှင့် ခံစားမှု အာရုံတွေက ထုံထိုင်းရီဝေသလို ဖြစ်နေ၏။

ကောလိပ်မတက်ရသေးခင်စပ်ကြား ကျွန်ုပ်သည် မိဘများ ဖက်ပွဲရုံအလုပ်ကို ဝိုင်းကူလုပ်ပေးရင်းဖြင့် အချိန်အား ရသည်နှင့် ပြည်မြို့သူ ညီအစ်မနှစ်ဦးနှင့် သွားလာခဲ့ဖူးသော လိပ်ခုကုန်းဘုရား၊ ခရေပင်ဓောက်ထိုး၊ မင်းကျောင်းကြီးတို့ဘက်သို့ စက်ဘီးစီးကာ အလွမ်းပြေ သွားရောက်ခဲ့၏။

တစ်ခါတစ်ရံတွင် မိမိ အိမ်ရှေ့ မဟော်ဂနီပင်ကြီးအောက်မှာ ပက်လက်ကုလားထိုင်ချလျက် အတွေးအာရုံတွေကို မျောလွှင့်နေမိသည်။

၎င်းအတွေးအာရုံတွင်း၌ အခြားသော အာရုံများကို လွှမ်းခြုံခွင့်မရှိအောင် ပြည်မြို့သူ ညီအစ်မနှစ်ဦးက နေရာအပြည့် ကြီးစိုးထား၏။

ခြံဝင်းအတွင်းသို့ ဖြာဆင်းကျလာသော ဘော်ငွေရောင် အလင်းတန်းများက သစ်ရွက်များပေါ်မှတစ်ဆင့် ငွေစင်သွန်းလောင်းနေသကဲ့သို့ လင်းဖြာလက်နေသည်။

"သြော် ... လောကဓာတ်ကြီးကတော့ လှပပြီး ငြိမ်းချမ်းသာယာနေလိုက်တာ၊ ငါ့မှာတော့ လပြည့်ည အရသာကို မခံစားနိုင်အားဘဲ အချစ်နတ် ဖိစီးနေရပါလားကွယ်"

ရွှေဟင်္သာစာပေ



ကျွန်ုပ်သည် မွေးရပ်ဇာတိမြေတွင် လွမ်းဖွယ်ကောင်းသည့် နေရပ်များဖြင့် နေထိုင်ရင်း နေထိုင်ရင်း ကောလိပ်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်မည့်နေရပ်သို့ ရောက်ရှိလာတော့သည်။

ကျွန်ုပ် များစွာ ပျော်ရွှင်မိ၏။ ကျွန်ုပ် ရင်တွင်း၌ ခံစားနေရသော အချစ်ဖြင့် လောင်မြိုက်မှုဒေဝနာကို မျှဝေခံစားပေးကြမည့် သူငယ်ချင်းများနှင့် တွေ့ဆုံရမည် ဖြစ်သောကြောင့်ဖြစ်သည်။ ကျောင်းသို့ ရောက်သည်နှင့် ကျွန်ုပ်နှင့် မရှေးမနှောင်း ရောက်ရှိလာသော အတန်းဖော်သူငယ်ချင်းဖြစ်သူ ပဲခူးမြို့မှ ကိုအောင်ကျော်စွာကို အားပါးတရ ရင်ဖွင့်မိတော့သည်။

ကျွန်ုပ် . ခံစားမှုတွေကို ကိုအောင်ကျော်စွာသည် သူငယ်ချင်း ကောင်းပီသစွာဖြင့် မျှဝေခံစားပေး၏။

တစ်ကြိမ်တစ်ခါသာလျှင်မကဘဲ နေ့စဉ်နှင့်အမျှ အကြိမ်ကြိမ် ရင်ဖွင့်ပြောဆိုမိသောအခါ သူငယ်ချင်းကိုအောင်ကျော်စွာက ကျွန်ုပ်အပေါ် ကရုဏာသက်စွာ အကြံဉာဏ်ပေးလေ၏။

"ကဲ ... သူငယ်ချင်း မောင်ရင့် ရောဂါကို ကုသဖို့ တော်ရုံဆေးတိုးမှာ မဟုတ်တော့ဘူး၊ မောင်ရင့် ရောဂါက အတော့်ကို ရင့်နေပြီ။ ဒီတော့ ဒီလိုလုပ်၊ အခုလာမဲ့ စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ မောင်ရင့်နတ်သမီးလေးတွေ ရှိတဲ့ ပြည်မြို့ကို သွားကြရအောင်၊ ကိုယ်နဲ့ ရင်းနှီးတဲ့ ပြည်မြို့က ကိုအောင်မြင့်ကို အကူအညီတောင်းပြီး လိုက်ရှာကြတာပေါ့ မကောင်းဘူးလား"

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ကိုအောင်ကျော်စွာ၏ လက်တွေ့ကျသည့် စိတ်ကူးကို ကျွန်ုပ်သည် အားရဝမ်းသာ ဖြစ်သွားပြီး ကျွန်ုပ်၏ လက်ဖြင့် ကိုအောင်ကျော်စွာကို ပွေ့ဖက်လိုက်သည်။

"ဒါမှ ငါ့သူငယ်ချင်းကွ ... ဟား ဟား"

ကိုအောင်ကျော်စွာက မထေမဲ့မြင် ပြုံးလျက် ...

"သိပ်အူမြူးမနေနဲ့ သူငယ်ချင်း၊ ပြန်ရောက်လို့ သူငယ်ချင်းတွေ့တဲ့အခါကျမှ အကြောင်ကြောင် လုပ်နေလို့ကတော့ ဒီမှာ တွေ့လား"

"ဟား ... ဟား ... ဟား"

သူငယ်ချင်း ကိုအောင်ကျော်စွာက ကျွန်ုပ်ကို ချစ်စနိုးဖြင့် အံကြိတ်လျက် လက်သီးဆုပ်ပြသည်တွင် ကျွန်ုပ်သည် သဘောကျစွာ ရယ်မိ၏။

ဤသို့ဖြင့် ကျောင်းပိတ်ရက်ဖြစ်သော စနေနေ့တွင် ကျွန်ုပ်တို့သည် ပြည်ရထားစီး၍ ပြည်မြို့သို့ ထွက်ခွာခဲ့၏။

ရထားကြီးသည် တစ်ဘူတာဝင် တစ်ဘူတာထွက်ဖြင့် ပြည်မြို့သို့ မိုးစုန်းစုန်းချုပ်မှ ရောက်ရှိ၏။

ကျွန်ုပ်နှင့် ကိုအောင်ကျော်စွာသည် ပြည်မြို့ခံ ကိုအောင်မြင့် နေအိမ်တွင် တည်းခိုပြီး နောက်တစ်နေ့ နံနက်မိုးလင်းသည်နှင့် ပြည်မြို့သူ ညီအစ်မတို့ နေထိုင်သည့် မှုယာပင်ရပ်ကွက်ထဲသို့ သွားရောက်စုံစမ်းတော့သည်။





လိပ်စာအတိုင်း ရောက်ရှိသွားသော နေရာသည် လူနေရပ်ကွက်တစ်ခု မဟုတ်ဘဲ စေတီလေးတစ်ဆူသာ ရှိနေ၍ ကျွန်ုပ်တို့ သုံးဦးအဖို့ ဝေခွဲမရဖြစ်နေ၏။

ထိုစဉ်မှာပဲ ၎င်းစေတီလေးတွင် ဝေယျာဝစ္စလုပ်နေသည် အနည်းငယ်ဝသော လူကြီးတစ်ဦးကို တွေ့လိုက်ရ၍ ပြည်မြို့သားကိုအောင်မြင့်က ၎င်းပုဂ္ဂိုလ်ကြီးထံ စုံစမ်းမေးမြန်းလိုက်၏။

"ဦးလေးခင်ဗျာ ဒီမှုယာပင်ရပ်ထဲမှာ ခင်သန္တာနွယ်နဲ့ ခင်မာလာနွယ်လို့ခေါ်တဲ့ ညီအစ်မဆိုတာ ရှိပါသလား"

ပုဂ္ဂိုလ်ကြီးသည် လုပ်လက်စ ဝေယျာဝစ္စအလုပ်ကို ရပ်တန့်လိုက်ပြီး ကျွန်ုပ်တို့သုံးဦးထံသို့ အလွန့်ကို အံ့သြသည့်မျက်ဝန်းတွေဖြင့် စူးစိုက်ကြည့်လေ၏။

ကျွန်ုပ်တို့လည်း ထိုသို့ အကြည့်ခံရသည့်အတွက် မနေတတ် မထိုင်တတ်အောင် ဖြစ်နေမိသည်။

"နေပါဦးကွယ်၊ သူငယ်တို့က ဒီမြို့က ဟုတ်ဟန်မတူဘူးနဲ့တူတယ်၊ မောင်ရင်တို့မေးတဲ့ မိန်းကလေးတွေက ဒီမြို့မှာ ရှိတော့ရှိတယ်၊ ဒါပေမဲ့ အခု မရှိတော့ဘူး"

"ခင်ဗျာ"

ပုဂ္ဂိုလ်ကြီးက သူ့စကားကို ဆက်ပြောလိုသည့်အတွက် လက်ကို ထောင်ပြလိုက်ပြီး ...

"ဒီလိုကွယ့်၊ အဲဒီသူငယ်မနှစ်ဦးဆိုတာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဧရာဝတီမြစ်ထဲမှာ ရေနစ်ပြီး ကွယ်လွန်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ သူ့မိဘတွေက သူတို့ပိုင်ပစ္စည်းတွေကို ဘုရားမှာ ကမ္ဘည်းထိုး လှူခဲ့ပြီး တခြားအရပ်ကို အပြီးပြောင်းသွားကြပြီကွယ့်၊ သူငယ်တို့က အခုမှ ဘာစိတ်ကူးရပြီး ဒီညီအစ်မကို လာမေးနေရတာတုံး"

"ဘာ ..."

"ဟင်"

ကျွန်ုပ်တို့သုံးဦးသည် မယုံနိုင်ဖွယ် မျက်ဝန်းတွေဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။

ကျွန်ုပ်အဖို့မှာတော့ ဘယ်လိုမှ လက်ခံနိုင်စွမ်း မရှိလောက်အောင် တုန်လှုပ်ချောက်ချား ခံစားရ၍ အကြောက်အကန်ငြင်းဆိုမိ၏။

"ဘာ ... ဒါ ... ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့မြို့ကို ဘုရားလာဖူးရင်း သူတို့ကို ကျွန်တော့်အိမ်မှာတောင် ထမင်းဖိတ်ကျွေးလိုက်သေးတယ်"

ပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ကို စိတ်ပျက်လက်ပျက် ကြည့်လိုက်ပြီး ...

"ကဲ ... ကဲ ... သူငယ် မယုံသပဆိုရင် ဒီစေတီကော်မှာ သူတို့ညီအစ်မ ကွယ်လွန်ခဲ့တဲ့ ခုနှစ်သက္ကရာဇ်နဲ့ လှူဒါန်းခဲ့တဲ့ ကမ္ဘည်းစာရှိတယ်။ ဟော်ဟိုရှေ့နားမှာ သွားသာ ကြည့်ပေတော့ ဦးလေးလည်း အလုပ်ရှိသေးလို့ သွားလိုက်ဦးမယ်"





ကျွန်ုပ်တို့သုံးဦးသည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် စေတီတော်လေးဆီသို့ သွားရောက်ကြည့်ရှုသည်တွင် မြင်တွေ့လိုက်ရသော ကမ္ဘည်းကျောက်စာက စောစောက လူကြီး၏ ပြောစကားတွေကို သက်သေပြသလို ဖြစ်သွားတော့၏။

"ဟင် ..."

ကျွန်ုပ် ခန္ဓာကိုယ်ကို တည့်မတ်ထားသော ခြေအစုံက ရုတ်ခြည်းဆိုသလို ယိုင်ကျသွား၍ ကျွန်ုပ်အား သူငယ်ချင်းကိုအောင်ကျော်စွာက လက်ဖြင့် ဆုပ်ကိုင်ထိန်းမတ်လိုက်၏။

"ဖြစ်မှဖြစ်ရလေဗျာ"

"သတိထားပါ သူငယ်ချင်း၊ ဒီကိစ္စက နာမည်တူ လူတူ မရှားပါဘူးကွာ၊ မင်း ပြောတဲ့ ညီအစ်မဆိုတာ တခြားသူ တစ်ဦးဦး ဖြစ်ချင်ဖြစ်မှာပါ"

ကျွန်ုပ်သည် ဦးခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိသည်။ ဆိုးဝါးစွာ ကြုံခဲ့ရမည့် ကံကြမ္မာအတွက် မိမိကိုယ်မိမိ ဖြေမဆည်နိုင်အောင် ခံစားရသည်ကြောင့် ရင်တွင်းသောကအပူက လည်ဝသို့ စို့တက်လာ၏။

ယုံကြည်မျှော်လင့်မှုဖြင့် စွဲလမ်းမိသည့် အချစ်သည် လူတစ်ဦးကို သည်မျှအထိ တုန်လှုပ်ခံစားစေပါသလား။

ဝမ်းနည်းခြင်း၊ မယုံနိုင်စရာ ကြေကွဲခံစားရခြင်း ယူကျုံးမရလောင်မြိုက်မှုတွေဖြင့် ပူလောင်းကျွမ်းမြည့်နေသည့် နှလုံးသည်းပွတ်ကို ဘယ်လို ဖြေသိမ့်မှုမျိုးဖြင့် ကုစားရပါမလဲ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ ခိုင်မာစွာ တွယ်နှောင်ထားသည့် ကြည်နူးရင်ခုန်ခံစားမှုတွေကို မည်သို့သော စွမ်းအားများဖြင့် နှုတ်ဖယ်ပစ်ရမည်လဲ။

ကျွန်ုပ် နှလုံးသား၏ ပုံမှန်လုပ်ရိုးလုပ်စဉ်များသည် ယခုတော့ လုပစွာ သေဆုံးသွားလေပြီ။

ကျွန်ုပ်သည် အပြန်လမ်းတစ်လျှောက်လုံးမှာ ဖျောင်းဖျပြောဆိုလာသည့် သူငယ်ချင်း ကိုအောင်ကျော်စွာ၏ စကားသံတွေကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေ၏။

ကျွန်ုပ်သည် အဆောင်သို့ ပြန်ရောက်သည်နှင့် ဘယ်ကိုမှ မသွားချင်၊ မလာချင်ဘဲ ဖျာပုံမြို့ကိုသာ အချိန်ရှိတိုင်း သတိရနေမိသည်။ အထူးသဖြင့် ပြည်မြို့သူညီအစ်မနှင့် သွားလာခဲ့သည့် အရပ်ဒေသများဆီသို့ ရောက်ရှိလို့နေ၏။

အတွေးအာရုံမှာလည်း သူတို့ညီအစ်မနှစ်ဦး၏ ချစ်စဖွယ် လုပ်သော ပုံရိပ်များသာ ကြီးစိုးနေတော့သည်။

ကျွန်ုပ်သည် စိတ်ခံစားမှု တနင့်တပိုးကို ဘယ်လိုမှ ဖြေသိမ့်နိုင်စွမ်း မရှိတော့သည်ကြောင့် ကျောင်းတက်နေခြင်းကို ရပ်တန့်လိုက်ပြီး ဖျာပုံမြို့သို့ ပြန်လာခဲ့တော့သည်။

✧ ✧ ✧





## အခန်း(၈)

မနေ့ညနေက ကျွန်ုပ်မိခင်၏ မောင်အငယ်ဆုံးဖြစ်သူ ကျွန်ုပ်၏ ဦးလေး ဦးဝွန်းအောင်သည် ကျွန်ုပ်အား အလွန်တရာ ...မိမ်နေသည့် လေသံဖြင့် စကားပြောလေ၏။

ဦးလေးသည် ကျွန်ုပ်ကို ငယ်စဉ်ကတည်းက လွန်စွာ ...ခင်သူဖြစ်သည်။ ကျွန်ုပ်ကို ထမ်းပိုးထိန်းကျောင်းလျက် ကျွန်ုပ် ...လိုကို လိုက်ခဲ့၏။ ဦးလေးသည် ဖျာပုံမြို့မှ ထွက်ကုန်များကို ...ယ်ဒိုင်ဖွင့်လှစ်ပြီး အခြားမြို့ကြီးများသို့ ပို့ဆောင်လျက် ကုန် ...င်းကုန်ဝယ် လုပ်နေသူဖြစ်သည်။

အထူးသဖြင့် ဦးလေးသည် ကုန်သည်တစ်ဦး အဖြစ် ...ကုန်မြို့သို့ မကြာခဏ သွားရောက်ရသူဖြစ်၏။

ဦးလေးသည် ကျွန်ုပ်အပေါ်မှာ စိုးရိမ် ပူပန်သည့် ...သံဖြင့် ဘာကြောင့်များ မေးမြန်းလာပါသနည်း။

ကျွန်ုပ်သည်လည်း ဦးလေး၏ အမေးစကားတွေကို ...ယ်လို စကားမျိုးဖြင့် ပြန်လည်၍ တုံ့ပြန်ရမလဲ။

လောကသည် တကယ့်ကို ရယ်စရာကောင်းပါသည်။

ကျွန်ုပ်မိဘများတွင် နီးစပ်ရာ အသိုင်းအဝိုင်းက ...ပ်၏ အမူအရာများနှင့် အနေအထိုင်များအပေါ်အမှာ ဘယ်လိုမှ ...ကောင်းမမြင်နိုင်ကြတော့ပါ။ ၀



www.burmeseclassic.com

www.burmeseclassic.com



မိမိသာလျှင် မိမိ၏ အကြောင်းကို အသိဆုံးဖြ
သည်ကြောင့် ကျွန်ုပ် ဘယ်လိုဖြစ်နေသည်ကို ကျွန်ုပ်ပင်လျှ
အသိဆုံးဖြစ်၏။

တွေးကြည့်လျှင် အလွန့်ကို ရယ်စရာကောင်း၏၊

ကျွန်ုပ်အပေါ် သံယောဇဉ်ကြီးလွန်းသော ဦးလေ
သည် ကျွန်ုပ်အား စိတ်မချစွာ အထူးကုဆရာဝန်များနှင့် ပြသ
အကြောင်းတွေကို ကျွန်ုပ်မိဘများနှင့် ပြောဆိုနေကြသည့် စကာ
များကို ကျွန်ုပ် ကြားနေရ၏။

ကျွန်ုပ်ကို အတိအလင်း ဖွင့်ဟမပြောသေးသော်လည
ယင်းသဘောမျိုး ပြုလုပ်ရန် ကြိုတင်စီစဉ်နေကြကြောင်းကို ကျွ
သိရှိနေ၏။

ကျွန်ုပ်သည် မိမိ မွေးရပ်မြေသို့ ရောက်ရှိသည်
ကျွန်ုပ် အများဆုံးသွားလာခဲ့သော နေရာများမှာ ပြည်မြို့
ညီအစ်မနှစ်ဦးနှင့်အတူ သွားရောက်လည်ပတ်ခဲ့သည့် နေရာမျာ
ဖြစ်သည်။

လိပ်ဥကုန်းသက်သတ်လွတ်ချမ်းသာစေတီတော
ကျွန်ုပ်သည် မသွားရ မနေနိုင်အောင် ဖြစ်မိသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ထိုအရပ်
ကျင်သို့ ခြေချမိသည်နှင့် ကျွန်ုပ် ခန္ဓာကိုယ်မှာ လည်ပတ်စီးသ
နေသော သွေးသားများသည် တစ်စုံတစ်ခုသော ရင်ငွေ့ဂ
ခိုလှုံလိုက်ရသလို ကြည်နူးခံစားရ၍ဖြစ်သည်။





ထိုသို့ ခံစားရသည့် အငွေ့အသက်ကြောင့် တစ်နေ့
နေ့ တစ်ချိန်ချိန်သော ကာလတွင် ကျွန်ုပ်ရှိရာသို့ ကျွန်ုပ်အတွေး
ဘရုံမှ ဘယ်လိုမှ မေ့ပျောက်နိုင်စွမ်း မရှိသော ပြည်မြို့သူ
ပြ်အစ်မနှစ်ဦး ရောက်ရှိလာလိမ့်မည်ကို အခိုင်အမာ ယုံကြည်မိ
၏။

ကျွန်ုပ်သည် ဖျာပုံမြို့သို့ ပြန်လည်ရောက်ရှိနေသည်
မှာ တစ်လနီးပါးခန့် ရှိသွားလေပြီ။

ကျွန်ုပ် ဦးလေးသည်လည်း ရန်ကုန်မြို့သို့ အရောင်း
ဝယ်ကိစ္စဖြင့် ခရီးထွက်သွားသည်ကြောင့် ကျွန်ုပ်လည်း ဝမ်းသာ
မိသည်။ ကျွန်ုပ်အား စိုးရိမ်စိတ်ဖြင့် အစဉ်တစိုက် စောင့်ကြည့်
သူတစ်ဦး လျော့ပါးသွား၍ဖြစ်သည်။

"သားလေး မြသိန်းကျော် ရန်ကုန်မှာ ဦးလေး ကြာရင်
အလွန်ဆုံးတစ်ပတ်ဆယ်ရက်ပဲ၊ ဦးလေး ပြန်လာရင် ဦးလေး
နဲ့အတူ ရန်ကုန်ကို လိုက်ခဲ့ရမယ်နော်"

ဟု ကျွန်ုပ်၏ ဦးလေးသည် ထွက်ခွာခါနီးတွင်
ျွန်ုပ်အား ပြောဖြစ်အောင် ပြောသွား၏။

ကျွန်ုပ်လည်း ဦးလေးစိတ်ကျေနပ်စေရေးအလို့ငှာ
ြိမ်၍သာ နေလိုက်၏။

ကျွန်ုပ် သိပါသည်။ ဦးလေးသည် ကျွန်ုပ်အား
ကုန်သို့ ခေါ်ဆောင်သွားပြီး စိတ်ပညာရှင်ဆရာဝန်ကြီးများနှင့်
ွေ့ဆုံရန်အတွက် ရည်ရွယ်ပြောကြားသွားခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုသွားသော်လည်း ကျွန်ုပ်၏ ဦးလေး သည် တစ်လနီးပါးခန့် ကြာမြင့်သည့်တိုင်အောင် ဖျာပုံမြို့သို့ ပြန်လည်ရောက်ရှိမလာခဲ့သည်ကြောင့် ကျွန်ုပ် များစွာမျော်ရ မိသည်။

တန်ဆောင်မုန်းလသည် ပြာလွင်သောကောင်းကင် ပြင်ကြီးကို ဖုံးအုပ်နိုင်စွမ်းသော မိုးသားတိမ်ဆိုင်တို့ ကင်းစ သလောက် ရှိနေ၏။

အေးမြသော ရာသီစက်ဝန်း၏ အငွေ့အသက်ဂ လွမ်းဆွတ်ခံစားနေရသည့် ကျွန်ုပ်၏ နှလုံးအိမ်ကို ဆတိုးခံစ နေစေ၏။

ကျွန်ုပ်သည် ခြံဝင်းအတွင်းရှိ မဟော်ဂနီပင်အော တွင် ထိုင်လျက် ရင်တွင်းခံစားမှုတွေကို ဂီတဗေးတစ်ပုဒ်အဖြ စီးဝင်ခံစားနေမိ၏။

ထိုသီချင်းမှာ ပြည်မြို့သူ သီချင်းကလေးပင်ဖြစ်သည်

ကျွန်ုပ်သည် ၎င်းသီချင်းကို ဘယ်နှကြိမ်မြော ခံစားသီဆိုနေမိသည်ကို သတိမပြုနိုင်အောင် ဖြစ်မိသည်။

သတိပြုမိစဉ်ခဏမှာတော့ ညဥ့်လေပြည်၏ ေ စက်မှုကို ကျွန်ုပ် ကောင်းစွာ သတိပြုမိ၏။

ကျွန်ုပ်သည် အိမ်ပေါ်သို့ တက်ရောက်ရန် နေရ ထလိုက်စဉ်တွင် ညဉ့်လေပြည့်တိုက်ခတ်မှုက အတော်လေပြ ထန်သလို ခံစားလိုက်ရပြီး ထိုလေပြည်နှင့်အတူ တွဲခိုလိုက်ပါ





သည့် သီသာထင်ရှားသော ရနံ့ကလေးကို ခံစားလိုက်ရ၍ အထိတ်တလန့် ဖြစ်သွားတော့သည်။

"ဟင် ... ဒါ ... ဒါ"

သေချာသွားပါပြီ။ ထိုရနံ့လေးသည် ဆက်သယ် ဆယ်ကမ္ဘာ မမေ့နိုင်သည့် ရနံ့လေးပင်ဖြစ်သည်။

သိန္တီကျော် သင်္ဘောပေါ်မှာတုန်းက ကျွန်ုပ်မျက်နှာပေါ် သို့ လေနှင့်အတူ လွင့်စင်ကျရောက်လာသည့် လက်ကိုင်ပဝါလေး ထံမှ ရှူရှိုက်ခံစားခဲ့ရသော ရနံ့လေးပင်ဖြစ်သည်။

ကျွန်ုပ်၏ အကြည့်တွေသည် ရုတ်ခြည်းဆိုသလိုပင် ကျွန်ုပ် ရှိနေရာနှင့် အတန်ငယ်ကွာလှမ်းသော ခြံဝင်းတံခါးဝဆီသို့ ရောက်ရှိသွား၏။

"အို ..."

လောကဓာတ်ကြီးတစ်ခုလုံး ချာလည်လည်သွား သကဲ့သို့ ကျွန်ုပ်သည် မယုံနိုင်လောက်အောင် ခံစားသွားတော့သည်။

ကျွန်ုပ်၏ အမြင်အာရုံတွေက ဘယ်လိုမှ လွဲမှားစရာ မရှိဟု အခိုင်အမာ ယုံကြည်လိုက်တာကြောင့် ခြေလှမ်းတွေကို ခြံတံခါးဝဆီသို့ ကပျာကယာ ပြေးသွားလိုက်သည်။

မြင်းလှည်းကလေးတစ်စီး။ ၎င်းမြင်းလှည်းကလေး ၏ နောက်ဘက်တွင် တစ်သက်မမေ့နိုင်စရာ ချစ်စရာမျက်နှာက လေး နှစ်ခု။ ထိုမျက်နှာလေး၏ အလှသည် လောက၏ အကျည်းတန်မှုတွေကို အဆုံးတိုင် ခြေဖျက်နိုင်စွမ်းသည့် အလှမျိုး။



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းကလေးသည် ခြံအဝတွင် အနည်းငယ် ရပ်တန့်သလို ဖြစ်သွားသော်လည်း ခြံအဝသို့ ကျွန်ုပ် ရောက်သည်နှင့် ထွက်ခွာသွားလေ၏။

ပြည်မြို့သူ ညီအစ်မနှစ်ဦးသည် လက်ကလေးကို ထောင်ပြလျက် ကျွန်ုပ်ကို နှုတ်ဆက်သွား၏။

"အို ... ဒါ ... ဒါဆို ... သူတို့ ဒီမြို့ကို ပြန်ရောက်လာပြီပေါ့၊ ရောက်ရောက်ချင်း ငါ့ကို လာနှုတ်ဆက်တာဖြစ်မယ်၊ ဟုတ်ပြီ၊ ငါ့ကို အမြင်တစ်မျိုး ထင်နေကြသူတွေကို သက်သေပြနိုင်ဖို့ သူတို့နှစ်ယောက်စလုံး အိမ်ကို ဖိတ်ပြီး ဧည့်ခံရမယ် ပြီးတော့ ..."

ကျွန်ုပ် အတွေးကို ဆက်လက်မတွေးဝံ့တော့ဘဲ ရှက်ပြုံးပြုံးလိုက်၏။

ထိုစဉ်ခဏမှာပဲ ကျွန်ုပ်၏ အာရုံမှ အသိတစ်ချက် လင်းခနဲ ရရှိလိုက်၏။

သူမတို့ မြင်းလှည်းကလေး ဦးတည်ရာအရပ်သည် ကျွန်ုပ်နှင့် သူမတို့နှစ်ဦး သွားရောက်ခဲ့သည့် စေတီတော်ဆီသို့ ဖြစ်၏။

သူမတို့သည် ခရီးရောက်မဆိုက် ၎င်းစေတီတော်ကို ဖူးမြော်ရန် သွားရောက်ခြင်းဖြစ်မည်ဟု ကျွန်ုပ် သိလိုက်ရ၍ ကျွန်ုပ်သည် ခြေလှမ်းတွေကို ၎င်းစေတီတော်ဆီသို့ ဦးတည်လျက် ပြေးထွက်ခဲ့တော့သည်။





စေတီတော်သို့ ကျွန်ုပ် ရောက်ရှိသည်တွင် ရပ်တန့်သွားသော လှည်းဘီးရာကို တွေ့လိုက်ရ၍ ကျွန်ုပ်သည် စေတီတော်ရင်ပြင်ပေါ်သို့ လှေကားထစ်များကို ဖြတ်ကျော်ပြီး ပြေးတက်သွား၏။

ရင်ပြင်တော်ပေါ်တွင် လူရိပ်လူယောင်မှျ မမြင်ရသော်လည်း ကျွန်ုပ်နှင့် အလွန့်ကို ရင်းနှီးသည့် ရနံ့တစ်မျိုးကိုတော့ သိသာထင်ရှားစွာ ခံစားရရှိလိုက်သည်ကြောင့် ကျွန်ုပ် အကြည့်ကို ဟိုသည် ကြည့်လျက် မနားတမ်း ရှာဖွေမိတော့သည်။

"ဟင်း ..."

ကျွန်ုပ်နှင့်သူမတို့ညီအစ်မနှစ်ဦး တွေ့ဆုံနေကြ စောင်းတန်းလေးတွင် ယွန်းသေတ္တာဘူးလေးကို တွေ့လိုက်သည်။ ကျွန်ုပ်လည်း အပြေးအလွှားယူလိုက်၏။

ယွန်းသေတ္တာအဖုံးကလေးကို ဖွင့်လိုက်သည်တွင် ကျွန်ုပ်၏ ရင်တွင်း ဘယ်လိုမှ ဖော်ပြနိုင်စွမ်းမရှိသော ကြည်နူးခံစားမှုကို အတုံးလိုက် အတစ်လိုက် ခံစားလိုက်ရ၏။

"မမဲ ... မမခင်သန္တာနွယ် ... ညီ ... ညီမလေး ... ခင်မာလာနွယ်"

ကျွန်ုပ်သည် ယွန်းသေတ္တာဘူးကလေးကို ပွေ့ဖက်ရင်း ဘုရားစောင်းတန်း၏ နံရံကို မှီလျက် မျက်ဝန်းကို စုံမှိတ်ထားလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် လွန်စွာချစ်မြတ်နိုးသော ကျွန်ုပ်ကိုလည်း လွန်စွာမှ ချစ်မြတ်နိုးသော ပြည်ဖြိုးသူ ညီအစ်မနှစ်ဦးသည် ကျွန်ုပ်ထံသို့ အမှန်ပင် ပြန်လည်ရောက်ရှိခဲ့လေပြီ။

သူမတို့နှစ်ဦးသည် ကျွန်ုပ်အား သူမတို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို ယွန်းဘူးကလေးဖြင့် သက်သေပြလိုက်လေပြီ။

ကျွန်ုပ်သည် မည်သည့်အရပ်ကိုမှ မသွားတော့။ သူမတို့ မလွဲမသွေ ရောက်ရှိလာသည့်တွင် အားရဝမ်းသာ တွေ့ဆုံရန်အတွက် ဤနေရာမှာပင် ကျွန်ုပ် ရှိနေရန် လိုအပ်ပါသည်။

ကျွန်ုပ်မျက်ဝန်းကို မှိတ်စဉ်ခဏမှာပဲ သူမတို့နှစ်ဦးသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာတော့သည်။

ပျော်ရွှင်ကြည်နူးမှုဖြင့် ယုယပွေ့ဖက်ခြင်းကို ကျွန်ုပ်နှင့် သူမတို့သည် အပြန်အလှန် နွှတ်ဆက်လိုက်ကြ၏။

"မောင်လေး မြသိန်းကျော်၊ အစ်မတော်တို့ ဒီဖျာပုံက မပြန်တော့ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဘာကြောင့်လဲဆိုတော့ မောင်လေး မြသိန်းကျော်ကို မခွဲနိုင်လို့ပေါ့"

"ဝမ်း ... ဝမ်းသာလိုက်တာ မမရယ်"

"ဒီယွန်းဘူးလေးကို ယူသွားကြည့်၊ မနက်ဖြန်မှာ အစ်မတော်တို့ ဒီနေရာက စောင့်နေမယ်၊ မောင်လေး လာဖြစ်အောင် လာရမယ်နော်"

✧ ✧ ✧





## အခန်း(၉)

မှတ်ချက်။ ။ ယခု ဆက်လက်ရေးသားမည့် အကြောင်းအရာမှာ မောင်မြသိန်းကျော်၏ မိခင်ဖြစ်သူ ပြောပြသည့် စကားများဖြစ်သည်။ မောင်မြသိန်းကျော်၏ ယခု မှတ်တမ်းဖြစ်စဉ်များမှာ သူ နောက်ဆုံးရေးသားသွားသည့် ဖြစ်စဉ်များပင်ဖြစ်၏။ မောင်မြသိန်းကျော်၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်မည့် နံနက်ခင်းတွင် သူ၏ မိခင်က ကျွန်ုပ်ထံသို့ ယွန်းဘူးကလေးကို ကမ်းပေးရင်း ဆို့နင့်ကြေကွဲသည့် လေသံဖြင့် ပြောပြခဲ့ခြင်းဖြစ်၏။

စာရေးသူ

"အဲဒီနေ့ညက သားလေး ဘယ်ထွက်သွားလဲလို့ စိုးရိမ်ပြီး ကျွန်မတို့ တစ်အိမ်လုံး အိပ်မပျော်နိုင်အောင် ဖြစ်နေတာပေါ့။ ညဦးနက်လာတဲ့တိုင်အောင် သားလေး ပြန်ရောက်မလာတော့ ကျွန်မတို့လည်း လူစုခွဲပြီး နေရာအနှံ့ လိုက်ရှာကြတာပေါ့ ...

"နောက်ဆုံးတော့ ဘယ်လိုမှ မထင်မှတ်ဘဲ ထီးတော်လဲပြိုစေတီတော် စောင်းတန်းမှာ တွေ့ရတာယ်လေ။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



အခါ မဟုတ် ရွာသွန်းတဲ့မိုးက အတော့်ကို အေးတယ်လေ။ သူ့လက်မှာ ဒီယွန်းဘူးလေးကို ဆုပ်ကိုင်ပြီး သူ့ရင်ဘတ်ထဲမှာ ပွေ့ပိုက်ထားလို့ပေါ့"

ကျွန်ုပ်သည် မောင်မြသိန်းကျော် မိခင်ဖြစ်သူ၏ စကားတွေကို နားထောင်လျက် အတွေးအာရုံမှာ ထိုစဉ်က မောင်မြသိန်းကျော် မည်သို့ ခံစားနေမိသလဲ ဆိုတာကို တွေးတောပုံဖော်နေမိသည်။

လူတို့သဘာဝ ချစ်ခင်စွဲလမ်းမှုသည် ဤမျှ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်အတွက် ကျွန်ုပ်သည် မယုံနိုင်ဟောက်အောင် ဖြစ်နေမိသည်။

မည်သို့ပင်ဖြစ်ဖြစ် ယခုခေတ်အတွေးနှင့် လက်ခံနိုင်ဖွယ်ရာရာ မရှိသော မောင်မြသိန်းကျော်၏ ဖြစ်စဉ်ကလေးကို ကျွန်ုပ်သည် မမေ့နိုင်စရာ ခံစားလိုက်ရသည်ကြောင့် ယခုလို ရေးသားလိုက်ရခြင်း ဖြစ်ပါတော့သည်။

✧ ✧ ✧







# သခင်မတောင် လွမ်းငွေ့မှောင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်းဖွင့်

“စောသဥ္ဇာ … စောသဥ္ဇာ”

“မသွားနဲ့ မသွား … ကျုပ်ကိုပစ်ခဲ့ပြီး မသွားပါနဲ့။ စောသဥ္ဇာ မရှိရင် ကျုပ် သေမှာပါဗျာ။ ကျုပ်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ စောသဥ္ဇာရယ်။ ကျုပ်တောင်းပန်ပါတယ်”

ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်သို့ လွှမ်းမိုး၍ ကြေကွဲမှုများစွာ လွှမ်းမိုးလျက်ရှိပြီး အိပ်ရာထက်၌ လှဲနေရာမှ ထရန်ကြိုးစားနေသောလည်း အောင်မြင်မှု မရှိအောင် ဖြစ်နေသည်။ ၎င်း၏ဘေး၌ ရှိနေသူများသည် ဝိုင်း၍ပွေ့ဖက်ထားကြသည်။

၎င်း၏အမည်သည် တခြားမဟုတ်၊ တောလိုက်မုဆိုးကြီး ဦးစံထွန်းမောင်၏သား မုဆိုးလေးကံထူး ဖြစ်သည်။ မောင်ကံထူးကို ၎င်း၏မိခင်သည် အသက်လေးဆယ်ဝန်းကျင်မှ ရှားရှားပါးပါး မွေးဖွားလိုက်ရသည့်အတွက် ရှားရှားပါးပါး ထိုသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းဖြစ်၍ မောင်ကံထူးဟု အမည်ပေးထားသည်။ တကယ်လည်း မှန်နေသည်။ မောင်ကံထူး၏ မိဘများသည် မောင်ကံထူးမှလွဲ၍ သားသမီး ထွန်းကားခြင်းမရှိ။ မောင်ကံထူးကိုလည်း ငုံထားမလောက် ချစ်နေကြသည်။ မောင်ကံထူးသည်လည်း မိဘစကားအား နားထောင်ပြီး လွန်စွာလိမ္မာသည်။ မောင်ကံထူး ယခုကဲ့သို့ ဖြစ်သွားသည့်အတွက် မိဘနှစ်ပါးလုံး မောင်ကံထူးအတွက် လွန်စွာကြေကွဲလျက်ရှိ၏။

"ကျုပ်ကိုလွှတ် ... ကျုပ်ကိုလွှတ်၊ ကျုပ် စောသဥ္ဇာဆီကို သွားမယ်၊ စောသဥ္ဇာ ကျုပ်ကို လာခေါ်နေတယ်။ လွှတ်ပေးနော် မလွှတ်ပေးရင် စောသဥ္ဇာက ခင်ဗျားတို့ကို ကျားနဲ့ ကိုက်လိုက်မယ်"

"သား ... မောင်ကံထူး၊ အမယ်လေး သားရဲ့၊ မမှတ်မိတော့ဘူးလား"

မိခင်ဒေါ်ဖွားစိန်၏ အသံသည် လွန်စွာကြေကွဲနေပြီး သားအတွက် သောကများ လွှမ်းမိုးလျက်ရှိသည်။ မောင်ကံထူးသည် အနီးရှိသူများအနက် အသံလာရာ မိခင်ထံသို့ အကြည့်ရောက်သွားသည်။ မောင်ကံထူးသည် မိခင်အား အားကိုးသည့် အကြည့်များဖြင့် ကြည့်နေသလို မျက်ရည်များသည် ရစ်ဝဲလျက်ရှိသည်။ တကယ်တော့ မိခင်ဒေါ်ဖွားစိန် ဖခင်ဦးစံထွန်းအောင်နှင့် ဆွေမျိုးများသည် ၎င်း၏အနီး၌ အမြဲတမ်းရှိနေတတ်ကြသည်။ အနားယူသည့် အချိန်၌ အလှည့်ကျ အနားယူ၍ ဂရုစိုက်နေကြ





သည်။ ဤသို့မှ မပြုလုပ်ပါလျှင် "စောသဥ္ဇာ လာတယ်၊ စောသဥ္ဇာဆီ သွားမယ်"ဟု အော်ဟစ်ပြောပြီး ထွက်ပြေးတတ်သည်မို့ ထိုကဲ့သို့ မပြေးရန် အလှည့်ကျ နေရခြင်း ဖြစ်သည်။

ထို့အတူ အနီးရှိ ဆရာများအား ခေါ်ယူ၍ ဆေးကုသရလွန်း၍ ငွေအသပြာများလည်း ကုန်လှသည်။ ဦးစံထွန်းမောင်နှင့် ဒေါ်ဖွားစိန်တို့က မောင်ကံထူး ပြန်လည်၍ ကောင်းလာမည်ဆိုလျှင် ဆိုသမျှ စည်းစိမ်များကုန်ရုံမက ၎င်းတို့၏ အသက်ပါပေးဟု တောင်းဆိုလာလျှင် ပေးရဲကြသည်။

"အမေ"

"သား ... လူလေး၊ ဒီမှာ အမေရှိတယ်လေ၊ သား ဘာပြောမလို့လဲ၊ ပြောလေ သားရဲ့"

"ကျုပ်ကို စောသဥ္ဇာ ခေါ်ပေးပါ။ ကျုပ် စောသဥ္ဇာနဲ့ တွေ့ချင်တယ် အမေ"

"သားအဖေ သွားခေါ်နေပါတယ် သားရယ်၊ မကြာခင် ပြန်လာပါတော့မယ် လူလေးရယ်"

ထိုသို့ ပြောနေရင်းနှင့် ဒေါ်ဖွားစိန်၏ မျက်ဝန်းမှ မျက်ရည်များ လွင့်စဉ်ကျလာပြီး ၎င်း၏အသံများသည် လွန်စွာကြေကွဲနေ၏။ တကယ်တမ်းကျတော့ မောင်ကံထူး တောင်းဆိုနေသည့် စောသဥ္ဇာ ဆိုသည့် မိန်းကလေးသည် လူ့လောက၌ တကယ်ရှိသလား မရှိဘူးလား ဆိုသည်မှာ မောင်ကံထူးမှလွဲ၍ မည်သူမျှ မသိတာ အမှန်ပင် ဖြစ်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဦးစံထွန်းမောင်သည် အိမ်၌နေရသည့်ရက်ကို မရှိ။ ထိုရွာ၌ ဆရာကောင်း ရှိသည်ဆိုလျှင် သွားခေါ်လိုက်၊ ဒီရွာမှာ ရှိသည်ဆိုလျှင် သွားခေါ်လိုက်နှင့် အလုပ်များရှုပ်နေသည်။ ယခုလည်း လွန်စွာတော်သည့် ဆရာတစ်ယောက် ရှိသည်ဟု သတင်းကြား၍ သွားရောက်ခေါ်သည်။ ၎င်းသတင်းအား လာရောက်ပေးသူသည် ပဥ္စလက်ရွာမှ ဒေါ်ဖွားစိန်၏တူမကာ လားရောက်ပြောသည့်အတွက် သွားရောက်ခေါ်ခြင်း ဖြစ်ပေမဲ့ ဆရာသည် မည်သည့်ရွာ၌ နေထိုင်သည် မသိ၍ ရှာရခက်နေ၏။ ၎င်းဆရာအား တစ်ရွာဝင် တစ်ရွာထွက် လိုက်ရှာရာ နောက်ဆုံး နွယ်တန်းရွာသုသာန်၌ သွားရောက်တွေ့ပြီး ဆရာအား တောင်းပန်၍ခေါ်ခဲ့ရပေ၏။ ၎င်းတို့ခေါ်သော ဆရာသည် အဘအောင်ဟု ခေါ်ကြပေ၏။

(စာရှုသူအပေါင်းတို့ သွက်သွက်ခါအောင် ရူးသွပ်နေသည့် မောင်ကံထူးအား ဆေးကုသရန်အတွက် အဘအောင် လိုက်လာပါ့မလား၊ လိုက်လာခဲ့ပါလျှင် မည်သို့ပျောက်အောင် ဆေးကုသပေးမလဲ။ ခေါ်သည့်အတိုင်းရော လိုက်လာပါ့မလား။ အဘအောင်သည် ဆေးဆရာတစ်ယောက်မဟုတ်၊ ထွက်ရပ်လမ်းကို ကျင့်နေသူတစ်ယောက်ဖြစ်ပြီး မောင်ကံထူး၏ချစ်သူ စောသဥ္ဇာကရော ဘယ်မှာလဲ။ ဘယ်ရောက်သွားလို့လဲ။ ဘယ်အတွက်ကြောင့် ဤမျှလောက် တမ်းတနေရသလဲ။ ဆိုတာကို မေးခွန်းထုတ်ပြီးသည့်နောက် မောင်ကံထူး၏ အကြောင်းကို ရှင်းပြရန်အတွက်





ဦးသောင်းစိန် ဆိုသူတစ်ယောက်အား ခေါ်ထုတ်လိုက်ခြင်းသည် မောင်ကံထူး ကိစ္စနှင့် ပတ်သက်၍ ဦးသောင်းစိန်က စ,လိုက်တာဟု ကျွန်ုပ်အား ပြောပြသွားသည်။ ဤသို့ ပြောပြသူအား ဤဝတ္ထု၏ တစ်နေရာ၌ ဖော်ပြထား၏။ ယခုတော့ "မောင်ကံထူး" ပြောပြမည့် မောင်ကံထူးအကြောင်း နားထောင်ကြပါဦးဟု လေးစားစွာ တောင်းဆိုချင်ပါသည်။)

"မင်းပုည"

✧ ✧ ✧

အခန်း(၁)

တစ်နေ့သ၌ ...

ကျွန်ုပ်နေထိုင်ရာ စဝံဂံ ရွာလေးသို့ အသက်ခုနစ်ဆယ်ဝန်းကျင် အဘိုးအိုတစ်ယောက် ရောက်ရှိလာရာ အဘိုးအိုသည် ရွာအတွင်းမှတစ်ဆင့် ကျွန်ုပ်တို့ နေထိုင်ရာအိမ်သို့ ရောက်ရှိလာ၏။ နွေရာသီအချိန် ဖြစ်နေ၍ တစ်ရွာလုံး ခြောက်သွေ့နေပြီး နေသည် အတားအဆီးများ ကင်းမဲ့စွာ ပူနေပေ၏။ အဘိုးအို၏ မျက်နှာတစ်ခုလုံး ချွေးများ အတားအဆီး ကင်းမဲ့စွာ ထွက်ပေါ်နေသည်။ ၎င်းအချိန်တွင် ကျွန်ုပ်နှင့် ကျွန်ုပ်၏ဖခင်သည် လေး မြားတံများအား ပွတ်လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် ခါးပုံတောင်ဝှေးအားကိုင်ပြီး ကြီးမားသည့် လွယ်အိတ်ကြီး တစ်လုံးအား ပခုံးထက်၌ လွယ်ထားသည်မို့ ကျွန်ုပ်တို့အတွက် လွန်စွာထူးဆန်းနေသည်။ ၎င်းအဘိုးအိုသည် ယခုအခါ ပထမဆုံး တွေ့ဆုံဖူးခြင်း ဖြစ်သည်။

"ဒါ မုဆိုးကြီးစံထွန်းမောင် အိမ်ပါလားကွယ်"

"ဟုတ်ကဲ့၊ ကျုပ် စံထွန်းမောင်ပါ၊ လာပါ၊ ထိုင်ပါခင်ဗျာ၊ လာရင်းကိစ္စကိုသာ ပြောပါ၊ ကျုပ် ဘာကူညီပေးရမလဲ"

ထိုသို့ ပြောလိုက်ချိန်တွင် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသူ အဘိုးအိုသည် ကျွန်ုပ်၏အဖေ ပေးသည့်နေရာ၌ ထိုင်လိုက်သည်။ ဝတ်စုံဖြူ အဘိုးအိုအား ကြည့်လိုက်ကြပြီး ၎င်းသည် ကျွန်ုပ်တို့အား ထူးဆန်းသည့် စကားများ တောင်းဆိုပြောလာလိမ့်မည်ဟု ထင်နေမိသည်။

"ကျုပ်နာမည်က သောင်းစိန်ပါ။ အဘိုးသောင်းစိန်လို့လည်း ခေါ်ကြပါတယ်။ အခု လာရင်းကိစ္စကတော့ တခြားမဟုတ်ပါဘူး၊ စကားဝါတောင်ကို သွားချင်လို့ပါ၊ အဲဒီအတွက် မုဆိုးကြီးကို လမ်းပြအဖြစ် လာရောက်ငှားရတာပါဗျာ"

"ကျုပ်ကို လမ်းပြလာငှားတာ၊ ဟုတ်လား"

ကျွန်ုပ်၏ အစ်မသည် လွန်စွာအံ့သြသည့်လေသံဖြင့် မေးလိုက်ရာ အဘသောင်းစိန်အား ကြည့်လိုက်ချိန်၌ အဘသောင်းစိန်သည် ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် အဘသောင်းစိန်





အား နောက်ထပ်စကားတစ်ခွန်းအား ပြောရန် စွေးချယ်စဉ်စားနေပေ၏။ အဘသောင်းစိန်သည် ပြောရန်စကားအား စဉ်းစားပြီးသား ဖြစ်နေ၍ ဆက်လက်ပြောလိုက်ပေ၏။

"ဟုတ်ပါတယ် မုဆိုးကြီး၊ ကျုပ် စကားဝါတောင်ကို သွားချင်ပါတယ်။ အဲဒီအတွက် လာရောက်ငှားတာပါ၊ ကျုပ် မုဆိုးကြီးကို တန်ရာတန်ကြေး ပေးမှာပါ"

"အဘသောင်းစိန် ပြောတာကို ကျုပ်အနေနဲ့ ငြင်းပယ်စရာမရှိပါဘူး။ အဲဒီစကားဝါကိုလည်း ကျုပ် သုံးလေးခါရောက်ဖူးပါတယ်။ လွန်စွာလည်း တစ်ခေါက်လောက် ရောက်ချင်ပါသေးတယ်ဗျာ၊ ဒါပေမဲ့ ကျုပ်က အသက်ကြီးပြီဆိုတော့ ဒီနေရာကို လမ်းပြအဖြစ် လိုက်ခဲ့လို့ မရတော့ဘူး၊ ဖြစ်နိုင်ရင် ကျုပ်ရဲ့သားကို လမ်းပြအဖြစ် ထည့်ပေးလိုက်ချင်ပါတယ်။ သူကလည်း ကျုပ်လိုပဲ တောကျွမ်းပါတယ်။ ကျုပ်ထက်တောင် တော်ပါတယ်"

"ကျုပ်လည်း အသက်ကြီးပါပြီဗျာ၊ ဒါနဲ့ မောင်ရင်ကရော စကားဝါတောင်ကို ရောက်ပြီးလို့လား မုဆိုးကြီး"

"ဒီလိုပါ အဘသောင်းစိန်၊ မုဆိုးဆိုတာ လူတစ်ယောက်ရဲ့တာဝန်ကို အသက်နဲ့လဲပြီး စောင့်ရှောက်ရတာ။ ခင်ဗျားက ကျုပ်တို့ကို အဖိုးငွေကြေးပေးပြီး ငှားတာဗျာ၊ အဘသောင်းစိန်ရဲ့ပေါ်မှာ ကျရောက်မဲ့ ဘေးဒုက္ခကို တာဝန်ယူရတယ်၊ အဲဒီအချိန်မှာ လမ်းပြမုဆိုးရဲ့ တာဝန်ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျုပ်ရဲ့သားကို လမ်းပြအဖြစ် ထည့်ပေးလိုက်ချင်ပါတယ်။ လက်ခံမယ် ဆိုရင်ပေါ့။ လက်မခံဘူးဆိုလည်း နောက်တစ်ယောက်ကို သွားပြီး ငှားကြည့်ပါ"

"ကောင်းပါပြီ၊ တခြားသူကိုလည်း ထပ်မငှားတော့ပါဘူး ကွယ်၊ တို့ တစ်ခုမေးချင်တာက မောင်ရင်လေးက စကားဝါတောင်ကို ရောက်ဖူးလား"

"စကားဝါတောင်က လွန်စွာကြီးပါတယ်။ အဲဒီလိုပဲ တောင်က နှစ်လုံးရှိပါတယ်၊ ကျုပ်တို့က စကားဝါတောင်မောင်နှမလို့ အလွယ်ခေါ်ပါတယ်။ သွားချင်တဲ့တောင်ကိုသာ ပြောလိုက်ပါ၊ ရောက်အောင်ပို့ပေးပါလိမ့်မယ်"

ထိုသို့ပြောပြီးနောက် အဖေနှင့် အဘသောင်းစိန်တို့သည် ကျွန်ုပ်အား ကြည့်လိုက်ကြသည်။

ကျွန်ုပ်သည် လေး,မြားတွေကို အဆိပ်မြားဖြင့် ပြုလုပ်လျက် ရှိနေပေ၏။

ကျွန်ုပ်တို့ နေထိုင်သည့် ဇဝံဂရွာလေး၌ မုဆိုးအလုပ်များကို လုပ်ကိုင်နေသူမှာ ကျွန်ုပ်တို့ သားအဖနှစ်ယောက်သာရှိပြီး ကျွန်ုပ်တို့သည် နာမည် ကျော်မုဆိုးများ ဖြစ်သည်။

"ကောင်းပြီလေ၊ အဲဒါဆိုလည်း ကျုပ် မငြင်းလိုပါဘူး၊ မုဆိုးကြီး မလိုက်နိုင်တာကို ကျုပ် အပြစ်မပြောတော့ပါဘူး။ အဲဒီတော့ မုဆိုးကြီးရဲ့သားကို ကျုပ်နဲ့ စကားဝါတောင်ကို လိုက်ဖို့သာ ပြင်ခိုင်းလိုက်ပါတော့"





"ဒီတစ်ညတော့ ဒီမှာပဲ အနားယူလိုက်ပါ၊ နောက်တစ်နေ့ မနက်စောစောမှပဲ ခရီးဆက်ပါတော့"

"ကောင်းပါပြီ မုဆိုးကြီး၊ ဒီတစ်ညတော့ ကျုပ် ဒီမှာပဲ အနားယူလိုက်ပါမယ်"

၎င်းနောက် ကျွန်ုပ်အဖေသည် ကျွန်ုပ်အား နောက်တစ်နေ့ ခရီးထွက်ရန်အတွက် ပစ္စည်းများအား ပြင်၍ခိုင်းနေသည်အတွက် ကျွန်ုပ်သည် ပစ္စည်းများအား ပြင်ဆင်နေပေ၏။ အဖေနှင့် အဘသောင်းစိန်တို့သည် တောအကြောင်း တောင်အကြောင်းများအား မမောမပန်း ပြောနေကြသည်မို့ အချိန်သည် တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်ရှိနေပြီမို့ ကျွန်ုပ်သည် ကောင်းစွာအိပ်နေသည်။ ကျွန်ုပ်၏ အမေသည် လမ်းခရီး၌ စားကြရန်အတွက် ငါးပိချက် ချက်နေပြီး၊ တခြား တာရှည်အစားခံရန် စားစရာများ ပြုလုပ်ပေးနေသည်။ ယခုသွားရမည့် ခရီးလမ်းသည်လွန်စွာကြမ်းတမ်းသလို ကြောက်စရာလည်း လွန်စွာကောင်းလျက်ရှိသည်။

ဤသို့ဖြင့် နောက်တစ်နေ့ အရုဏ်တက်ချိန် ရောက်ရှိလာပြီဖြစ်၍ ခရီးထွက်ရန် ပြင်ဆင်နေသည်။ အဖေနှင့် အမေသည် ကျွန်ုပ်အား ဂရုစိုက်ရန် မှာကြားရင်း လိုအပ်သည့်ပစ္စည်းများအား ထည့်ပေးလျက်ရှိသလို အဘသောင်းစိန်သည်လည်း ပြင်ဆင်နေသည်။ ထိုသို့ ပြင်ဆင်ပြီး အာရုံတက်အချိန် ကျော်လာ၍ အပြင်၌ လူလုံးသဲသဲကွဲကွဲ မြင်နေရသည်မို့ ခရီးထွက်ရန် အချိန်ကောင်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … မုဆိုးကြီး၊ ကျုပ်တို့ သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ အဘသောင်းစိန်"

"သွား … မောင်ကံထူး၊ အဘသောင်းစိန် ပြောစကားကို နားထောင်နော်၊ တစ်ဖက်သားအတွက် အနှောင့်အယှက် မဖြစ်စေနဲ့၊ အဖေပြောတာ ကြားရဲ့လား"

"စိတ်ချပါအဖေ။ ကျုပ် တာဝန်ကျေစေရပါ့မယ်"

ထိုသို့ ပြောပြီးနောက် ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် နေထိုင်ရာ ဧဝံဂရွာလေးအား ကျောခိုင်း၍ ထွက်ခဲ့ကြပေ၏။ နေထိုင်ရာရွာလေးသည် တောင်ခြေအားအမှီပြု၍ ရွာများ တည်ထားသည့်အတွက် တောတောင်များအတွင်းသို့ ခရီးဆက်ရသည်မှာ မဝေးသော်လည်း ကျွန်ုပ်တို့ သွားရမည့် စကားဝါတောင်သည် လွန်စွာဝေးနေပေ၏။

ထို့အတူ နေထိုင်ရာရွာမှ နာရီဝက် မိနစ်သုံးဆယ်လောက် လမ်းလျှောက်လျှင် တောင်တစ်လုံးသို့ ရောက်ရှိသည်။ ၎င်းတောင် ရောက်ရှိပြီးလျှင် တောအတွင်းသို့ ရောက်ရှိသွားပြီး တောတောင် လျှိုမြောင်များအား အဆင့်ဆင့် ဖြတ်သန်းရမည်ဆိုတာကို ကျွန်ုပ် သိနေသည်။ အဘသောင်းစိန်သည် ၎င်းအရာအား သိရှိမည်မဟုတ်ကြောင်း ထင်ရှားနေပေ၏။ ကျွန်ုပ်တို့သည် စကားပြောရင်း လျှောက်လှမ်းလာခဲ့ရာ တောင်ခြေသို့ ရောက်ရှိလာပြီး တောင်သည် တောင်ရှည်ဖြစ်ပြီး တောင်၏ဘေးမှ ဖြတ် သန်းလျှင် ခရီးလမ်း နေးနေသည်မို့ တောင်အပေါ်မှ ဖြတ်သန်းရသည်။





ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် တောင်ပေါ် လမ်းလေးအတိုင်း တောင်ပေါ်သို့ တက်လာကြသည်။ အဘသောင်းစိန်သည် ဆေးဆရာတစ်ယောက်ဖြစ်ပြီး ရှေးဟောင်းဆေးကျမ်းများ၌ ပါရှိသည့် အညွှန်းအတိုင်း ဆေးများကို ရှာဖွေပြီး ဆေးကုတတ်သည်။ ထို့အတူ ဆေးပင်များအား တူးယူပြီး ဆေးများဖော်စပ်သလို တချို့ ၎င်းနေထိုင်ရာအိမ်၌ စိုက်ပျိုးထားသည်။ ၎င်း၏ ပြောပြချက်အရ အဘသောင်းစိန် နေထိုင်ရာအိမ်၌ ဂမုန်းပေါင်းများစွာ စိုက်ပျိုးထားလေသည်။ တခြား ဆေးဖက်ဝင် အပင်များစွာလည်း ရှိသည်။

ယခု ကျွန်ုပ်နှင့် စကားဝါတောင်(သို့မဟုတ်) တောင်မောင်နှမဟူ၍လည်း ခေါ်ကြပြီး ၎င်းတောင်၌ ဂမုန်းနက်များရှိနေသည်ဟု ထင်မှတ်နေပေ၏။

(စာရှုသူသို့ … ဂမုန်းနက်၏အကြောင်းအား ဤဝတ္ထု၏ တစ်နေရာ၌ ဖော်ပြထားပါသည်။)

ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် စကားပြော၍ လျှောက်လှမ်းလာခဲ့ရာ တောင်ထိပ်၏ အပေါ်သို့ ရောက်ရှိလာပေ၏။ အရှေ့ရပ်မှ နေရောင်ခြည်များသည် ကျွန်ုပ်တို့၏ အနောက်မှ ခပ်ပါးပါးလေး ထိုးနေသည့်အတွက် အရိပ်များသည် အဝေးသို့ ပြေးထွက်နေသည်။

"လှလေးက တောလိုက် လွန်စွာကျွမ်းကျင်တယ်ဆိုတော့ တောအကြောင်းကို သိနိုင်မယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ အထိုက်အသင့်တော့ သိနေပါတယ်။ ဒီးခလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသူတွေဆိုတော့ ဒီအကြောင်းလေးတွေကို သိထားရပါတယ်။ အခု ကျုပ်တို့က စကားဝါတောင်ကို သွားမယ်ဆိုတော့ အစ်ကိုတော်တောင်လား နှမတော်တောင်ကိုလား အဘသောင်းစိန်"

"အဘ လိုချင်တဲ့ အရာတွေက ဘယ်တောင်မှာရှိတယ်ဆိုတာ မသိရသေးဘူး၊ လိုက်ရှာရဦးမှာပါ"

"အဘသောင်းစိန် ပြောတာကို ကျုပ် လွန်စွာသဘောပေါက်သွားပြီ။ အဘသောင်းစိန် ရှာတဲ့ပစ္စည်းကို ကျုပ်ကသိတော့ ရှာရတာ လွယ်တာပေါ့၊ စကားဝါတောင်က ကျုပ်တို့နဲ့ မစိမ်းပါဘူး"

အဘသောင်းစိန်သည် ကျွန်ုပ်အား ကြည့်လိုက်သည်။ ထို့နောက် တောင်ဝှေးကြီးကို တစ်ချက်ချင်းထောက်၍ ကျွန်ုပ်အား အမှီလိုက်နေပေ၏။ လမ်းခရီးသည် အစဖြစ်နေသည့်အတွက် ပင်ပန်းမှုများ မရှိသေးပေ။ ခြေလှမ်းများသည် သွက်လက်နေလျက်ဖြစ်ပြီး စိတ်များသည် လွန်စွာလန်းဆန်းလျက် ရှိနေ၏။

"အဘ လိုချင်တာက ဂမုန်းနက်ပဲ လူကလေး"

"ဂမုန်းနက်"

"ဟုတ်တယ် လူကလေး၊ ဂမုန်းနက်ဟာ လွန်စွာရှားပါးတဲ့ ပစ္စည်းတစ်မျိုးပဲ၊ လူလေးတို့က တောလိုက်နေတဲ့သူတွေဆိုတော့ အဲဒီဂမုန်းနက်အကြောင်းကို ကြားဖူးလိမ့်မယ် ထင်တယ်"





ဂမုန်းနက် အကြောင်းကို အဖေ ပြောပြဖူးသည့်အတွက် သိထားသည်။ အဘသောင်းစိန် ပြောသလို လွန်စွာရှားပါးသည်။ ဂမုန်းနက်သည် ဂမုန်းတိမ်ပြာတော၌ ပေါက်တတ်သည်။ ဂမုန်းတိမ်ပြာအပင်များ ပေါက်နေသည့် နေရာ၌ ဂမုန်းနက်အား ရှာဖွေတွေ့ရှိနိုင်သလို ငှင်းနေရာ၌ ပေါက်တတ်သည်။ ဂမုန်းတိမ်ပြာသည် ရောဂါများအတွက် ဆေးဖက်ဝင်သုံးစွဲနိုင်သည်။ ဥပမာ ... မျက်စိရောဂါဝေဒနာရှင်များအတွက် ဂမုန်းတိမ်ပြာကို အသုံးပြုပါလျှင် မျက်စိ နား ရောဂါဝေဒနာရှင်များအတွက် ဂမုန်းတိမ်ပြာကို အသုံးပြုပါလျှင် မျက်စိ နား ရောဂါဝေဒနာ ပျောက်ကင်းနိုင်ပါသည်။ မျက်စိနာလျှင် ဂမုန်းတိမ်ပြာကို ရှာခိုင်းပြီး ဆေးကုပေးသည်။

"ကျမ်းစာအရ ဂမုန်းနက်ဟာ စကားဝါတောင်မှာ ရှိတယ်လို့ ညွှန်ပြထားသူကို ဂမုန်းမ(ခေါ်)ဂမုန်းဘုရင်လို့လည်း ခေါ်ကြတယ်။ အဘအတွက်တော့ ဒီဂမုန်းဟာ လွန်စွာအရေးကြီးနေတယ်။ ဒါကြောင့် အပင်ပန်းခံပြီး လာရတာပေါ့"

"ကျုပ် သဘောပေါက်တယ် အဘသောင်းစိန်။ ဒါပေမဲ့ ကျုပ် ကြားဖူးတာကို ပြောရရင် သူ့မှာ အစောင့်တွေရှိတယ်၊ အဲဒါတွေက ကျုပ်တို့ကို အန္တရာယ်ပေးနိုင်တယ်"

"အဲဒီအတွက် ဘာမှမပူပါနဲ့ လူလေးရာ၊ ဘဘပြောသလိုသာ လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပြောရန်စကား မရှိတော့သလို ဖြစ်သွားသည်မို့ မည်သို့မျှမပြောတော့ဘဲ ရှေ့ကိုသာ ဆက်လက်လျှောက်လှမ်းလာခဲ့သည်။ ကျွန်ုပ်တို့သည် ဒုတိယတောင်ကိုကျော်ပြီး တတိယတောင်အား ဆက်လက်ကျော်ဖြတ်နေသည့် အချိန်သည် တရွေ့ရွေ့ ပြောင်းလဲလာသည်မို့ နေ့ခင်းပိုင်းသို့ ရောက်ရှိလာသည်။ ခရီးသည် အတော်ကို ရောက်လာသည်။ နားထဲ၌ သစ်ရွက်ကြွေသံ၊ ကျေးငှက်များ၏ တွန်သံ၊ ရေများ၏စီးသံမှလွဲ၍ အခြားအသံများ ကြားရခြင်းမရှိ။

တောတောင်များ ဖြစ်နေသည်မို့ နေရောင်များသည် ကိုယ်ပေါ်သို့ ထိုးကျခြင်းမရှိ။ အပင်ကြီးများ၏ ကာကွယ်ပေးမှုများကို ခံရသည်။ ထို့အတွက် ပင်ပန်းမှုများ ကင်းဝေးနေပေမဲ့ ရေများသောက်ချင်စိတ် ပေါ်လာသည်။

"လူလေး ကျုပ်တို့ ထမင်းစားပြီး ခဏလောက် အနားယူကြရအောင်"

"ဟုတ်ကဲ့ အဘသောင်းစိန်၊ ဒီနေရာမှာ စခန်းချ မနားချင်ဘူး၊ ဝါးနက်ရုံစခန်းမှာ အနားယူကြမယ်။ အဲဒီနေရာက ကျုပ်တို့အတွက် အေးချမ်းပါတယ်"

"လူကလေး ကောင်းသလို စီစဉ်ပါ၊ ဒါနဲ့ အဲဒီနေရာက ဘယ်လောက်ဝေးသေးလဲကွယ်"

"သိပ်မဝေးပါဘူး အဘသောင်းစိန်၊ ဒီတောင်ဆင်းပြီးတာနဲ့ စမ်းချောင်းလေးကို ရောက်မယ်။ အဲဒီစမ်းချောင်းဖြတ်လိုက်တာနဲ့ ဝါးနက်ရုံစခန်းပါပဲ"





အဘသောင်းစိန်သည် ကျွန်ုပ်၏စကားအား လက်ခံလိုက်ပြီးနောက် ဝါးနက်ရုံစခန်းသို့ ချည်တက်လာကြသည်။ ၎င်းစခန်းကိုရောက်လျှင် နေမွန်းတည့် ဆယ့်နှစ်နာရီတိတိ ထိုးသည်။ ဒါဟာ ကျွန်ုပ်တို့ တောလိုက်များ၏ သင်္ကေတဖြစ်သည်။ ကျွန်ုပ်တို့သည် စမ်းချောင်းလေးအား ဖြတ်သန်းလျက်ရှိရာ စမ်းချောင်းအတွင်းမှ ရေလေးများကို ထိလိုက်သည်နှင့် စိတ်များလန်းဆန်းလာသည်ဟု ထင်မိသည်။

✧ ✧ ✧

## အခန်း(၂)

ဝါးနက်ရုံစခန်း၌ အနားယူပြီးနောက် ကျွန်ုပ်တို့သည် ခရီးဆက်ကြရပြန်သည်။ ဝါးနက်ရုံစခန်းသည် လွန်စွာအေးချမ်း၍ အနှောင့်အယှက်များ ကင်းသည်။ အန္တရာယ်ပြုရန် ရောက်ရှိလာလျှင် ကျွန်ုပ်တို့ဘက်က အနိုင်ရသည်။ ထို့အပြင် ဝါးနက်ရုံစခန်းဟု ခေါ်ရာ၌ ကြီးမားသည့် ဝါးနက်ရုံကြီးတစ်ရုံ ရှိသည်။ ၎င်းဝါးနက်ရုံကြီးသည်။ အကိုင်းအခက်များအုပ်၍ ဘေးသို့ကျပြီး ဝါးနက်ရုံကြီး၏အတွင်း၌ လူလေးယောက်လောက် ကောင်းစွာအနားယူရသည်။

ကျွန်ုပ်တို့သည် ညအိပ် ခရီးထွက်လျှင် ထိုအခန်း၌သာ အနားယူသည်။ ယခုတော့ ခေတ္တ အနားယူပြီး ခရီးဆက်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ အဘသောင်းစိန်သည် ဝါးနက်ရုံစခန်း၌ အနားယူရတာကို လွန်စွာသဘောကျပြီး ကျွန်ုပ်အား ချီးကျူးစကား ပြောနေသည်။ ၎င်းစခန်းမှ အနောက်ရပ်သို့ ဆက်လက်၍ ခရီးဆက်ကြရာ၌ တောင်များ၏အပေါ်မှမဟုတ် တောင်၏ဘေးမှ ဆက်နေရခြင်းဖြစ်သည်။ ယခု ရောက်ရှိနေသည့်နေရာသည် တောင်များလွန်စွာပေါ်ပြီး တောင်များသည် အရှေ့အနောက် တောင်နှင့်မြောက်ပုံစံအမျိုးမျိုး ရှိနေပေ၏။ ကျွန်ုပ်တို့သည် ခရီးဆက်ရာ၌ တောင်များအား ကျော်ဖြတ်ပြီး ရေတံခွန်တခုသို့ ရောက်ရှိသွားကြသည်။

"အဘ နောက်ဆုတ်"

ကျွန်ုပ်သည် ခြေလှမ်းများအား ရပ်၍ပြောလိုက်ရာ အဘသောင်းစိန်သည် နောက်သို့ဆုတ်လိုက်ချိန်တွင် ကျွန်ုပ်သည် သေနတ်အား ဖြုတ်ယူလိုက်ပြီး အသင့်ပြင်လိုက်သည်။ ကြီးမားသည့် လူဝံကြီးသည် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းရှိပြီး အနီးရှိ ဝက်သစ်ချပင်ကြီးမှ ပျားအုံများအား နှိုက်ယူပြီး ပျားအုံများအား စားသောက်ရန် ကြိုးစားနေသည့် ပျားကောင်များသည် လူဝံကြီး၏ဘေး၌ ဝိုင်းဖွဲ့၍ ပျံသန်းပြီး တိုက်ပွဲများဆင်နေသည်။ လူဝံကြီးသည် ဝက်သစ်ချပင်ကြီး၏ အတွင်းခေါင်းအား လက်ဖြင့်နှိုက်ပြီး ပျားအုံများအား နှိုက်ယူ၍ စားသောက်နေပေ၏။

"အဘတို့ ဘယ်လိုလုပ်ကြမလဲ လူလေး"

"အနောက်ပြန်ဆုတ်ပြီး ဟိုဘက်လမ်းက ပတ်သွားမယ် အဘ"





"မွန်းတည့်ပြီး နှစ်ရာရီကျော်အချိန် ရောက်ရှိသွားပြီဆိုတော့ တစ်ဖက်က ပတ်သွားလို့ မကောင်းဘူး လူလေး၊ အဲဒီတော့ အခုသွားတဲ့လမ်းအတိုင်း ပုံစံနည်းနည်းပြောင်းပြီး သွားလို့ရတဲ့လမ်း ရှိလား"

"နည်းနည်းတော့ ကြမ်းတယ် အဘ"

"ရပါတယ်၊ ကြမ်းပါစေ။ အနောက်ဆုတ်တာထက် တော်သေးတယ်၊ အန္တရာယ်လည်း ကင်းတာပေါ့"

"ခရီးသွားနေရလို့ပေါ့ အဘရာ၊ နို့မဟုတ်ရင် ကျုပ်ပစ်ပြီးသားပဲဗျာ"

ထိုသို့ပြောပြီးနောက် ကျွန်ုပ်သည် လက်ရှိလာနေသည့်လမ်းနှင့်အပြိုင် ဘေးတောင်ပေါ်သို့ တက်လိုက်သည်။ လူဝံကြီးသည် ကျွန်ုပ်တို့အား မကြည့်၊ သစ်ခေါင်းအတွင်းမှ ပျားအုံများကိုသာ နှိုက်ယူနေပေ၏။ တကယ်တော့ ကျွန်ုပ်သည် မုဆိုးတစ်ယောက် ဖြစ်နေသည်။ ယခုလို သားကောင်အားတွေ့လျှင် လက်လွှတ်မှာကို စိုးရိမ်ပြီး အပြတ်ရှင်းတတ်သည်။ ယခုတော့ စိတ်ကိုထိန်းပြီး ခရီးဆက်နေရတော့သည်။

လူဝံကြီးသည် ပျားအုံတွေကို သစ်ခေါင်းအတွင်းမှ နှိုက်ယူ၍ စားသောက်နေသည်။ ထိုအချိန်မှာ မသိဟန်ဆောင်ပြီး ဝက်ဝံ၏ခါးအား လက်ဖြင့်တို့ထိပြီး ပျားအုံတောင်းစား၍ရသည်။ ထိုသို့တောင်းလျှင် ပေးသည်။ တစ်ခါ နှစ်ခါလောက် တောင်းလျှင် အဆင်ပြေသည်။ လူဝံသည် စားလိုက်၊ အနောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပေးလိုက် လုပ်နေသည်။ ၎င်းတို့ ပေးသည်မှာ တခြားမဟုတ် လူဝံကြီး၏ သားသမီးတွေ အထင်ဖြင့် ပေးခြင်းဖြစ်ပြီး၊ လူဝံကြီး မသိခင် အရင်ထွက်ပြေးရသည်။ သိသွားလျှင် လူဝံကြီး၏ အန္တရာယ်ပြုခြင်းကို ခံရသည်။ ကျွန်ုပ်သည် လူဝံကြီးအား ဤကဲ့သို့ သုံးလေးခါ လုပ်ဖူးသည်။ ကျေးဇူးကန်းသည်ဟု ထင်ချင်လည်း ထင်ကြပါ၊ မုဆိုးဟာ မုဆိုးအလုပ်ကို လုပ်ရမည်။ လူဝံကြီးကျွေး သည်များအား စားပြီးလျှင် လူဝံကြီးအား သေနတ်ဖြင့်ပစ်ရန် ကြိုးစားပစ်သတ်လိုက်သည်။

ဤသို့မှ မပြုလုပ်ပါလျှင် ကျွန်ုပ်တို့သည် လူဝံကြီး လက်ချက်ဖြင့် အသက် သေနိုင်သည်။ ယခု ကျွန်ုပ်တို့အားတွေ့ လျှင် လူဝံကြီး လိုက်၍အန္တရာယ်ပြုနိုင်သည်။ ထိုအတွက်ကြောင့် ကျွန်ုပ်သည် နှစ်လုံးပြူးသေနတ်အားထမ်း၍ အသင့်ပြင်၍ လျှောက် လှမ်းလျက် ရှိနေပေ၏။

"လူလေး အဲဒီလူဝံကြီးက ကျုပ်တို့ကို ရင်ဆိုင်နိုင်တယ် မဟုတ်လား"

"သူတို့အတွက် ကျုပ်တို့ဟာ ရန်သူတွေ ဖြစ်သလို ကျုပ် တို့အတွက် သူတို့ဟာ ရန်သူတွေပဲ အဘ၊ အဲဒီတော့ ဒီတောထဲမှာရှိတဲ့ သတ္တဝါတွေကို အထင်သေးလို့ မရဘူး။ အားလုံးဟာ ကျုပ်တို့အတွက် ရန်သူတွေကြီးပါပဲ"

"အဘ သဘောပေါက်ပြီ လူလေး။ အဲဒီတော့ မြန်မြန်လေး သာ သုတ်ကြစို့"





"ကျုပ်က အဘကို စောင့်နေတာပါ"

ကျွန်ုပ်တို့သည် လမ်းအကိုင်း လျှောက်လှမ်းရင်းဂ တောင်ပေါ်သို့ ရောက်ရှိလာသည့်အတွက် လူဝံကြီးနှင့် ဝေးလာ ပေ၏။ လူဝံကြီးသည် ကျွန်ုပ်တို့နှင့် တစ်တောင်ကျော်၌ ကျန်ရစ် ခဲ့ပေ၏။ အချိန်သည် ညနေဘက်သို့ ရောက်ရှိရန် ဦးတည်လျက် ရှိနေသည်။ မကြာခင်အချိန်၌ တစ်နေ့တာအတွက် နေလုံးကြီး ပျောက်ကွယ်ပြီး အမှောင်ထုဟုဆိုသော ညဘက်သို့ ရောက်ရှိ တော့မည်။

ကျွန်ုပ်၏ အတွေးစိတ်၌ စိတ်ကူးတစ်ခု ပေါ်လာ သည်။ တစ်ညတာအတွက် အနားယူရန်ပင် ဖြစ်သည်။ ကျွန်ုပ် သည် မည်သည့်နေရာ၌ အနားယူရမလဲဟူ၍ စဉ်းစားရင် လျှောက်လှမ်းလာရာ တောင်ခြေသို့ ရောက်ရှိပြီး တောင်ခြေတော လမ်းအတိုင်း ခရီးဆက်နေကြပေ၏။

"အဘနောက်ဆုတ်"

ကျွန်ုပ်သည် ထိုသို့ အော်ပြောလိုက်ရာ အဘသောင်း စိန်သည် အနောက်သို့ ဆုတ်သွားပြီးနောက် ကျွန်ုပ်သည်လည်း နေရာယူလိုက်သည်။

"ဒိုင်း"

ကျည်တောင့်လေးသည် လျင်မြန်သည့် အရှိန်ဖြင့် တစ်နေရာသို့ ဦးတည်လျက်ရှိသည်။ ကျွန်ုပ် ပစ်လိုက်သည့် ကျည်တောင့်သည် ထိမှန်၍ ပေါက်ကွဲသွားသည်။ ထို့အတူ ထ



www.burmeseclassic.com

www.burmeseclassic.com



မှန်သွားသူသည်လည်း အနောက်သို့ လွင့်ကျသွားသည်။ ဟခြား မဟုတ်ပေ။ ဝက်ဝံတစ်ကောင်သည် ကျွန်ုပ်တို့အား အန္တရာယ်ပြု ရန် ပြေးလာချိန်တွင် ကျွန်ုပ်သည် ရှေ့မှပစ်လိုက်ရာ ဦးခေါင်းအား ထိမှန်ပြီး လဲကျသွားသည်။ ဤသို့မျှ မထိမှန်လျှင် ကျွန်ုပ်တို့ သည် တောဝက်၏ လက်ချက်ဖြင့် အသက်ပျောက်နိုင်သည်။

"လူလေးက လွန်စွာမှ တော်ပါလားကွယ်။ ဒါကြောင့်လည်း မုဆိုးကြီးက အားကိုးနေတာကိုး။ အားကိုးလောက်ပါပေ တယ်ကွယ်"

"ကဲ ... အဘ၊ ကျုပ်တို့ ခရီးဆက်ကြမယ်၊ ဝက်ဝံတွေ က အုပ်စုနဲ့ နေကြတာ၊ အဲဒီကောင်တွေ ရောက်လာရင် မလွယ်ဘူး။ ဟ ... ပြောရင်းနဲ့ ဟိုမှာ လာနေကြပြီ အဘ ရေ၊ ပြေးကြမယ်"

ဝက်ဝံများသည် တောအတွင်းမှ ထွက်လာကြပြီး လဲကျနေသည့် ၎င်းတို့၏ အဖော်ထံ ဦးတည်လျက် ရှိနေပေ၏။ ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် ရှေ့တည့်တည့်သို့သာ ပြေး နေပေ၏။ ဝက်ဝံများသည် လဲကျနေသည့် အဖော်၏အနားသို့ ဝိုင်းဖွဲ့ပြီး ကြည့်နေသလို တချို့သည် အနံ့ခံနေကြသည်။ ၎င်း တို့သည် အနံ့ရသည်နှင့် လိုက်တတ်သည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် လွတ်အောင်ပြေးနေရသည်။

"အဘရေ ... ပြေးထားမှ လွတ်မယ်နော်၊ မလွတ်ဘူး ထင်တာနဲ့ အနီးရှိသစ်ပင်ပေါ်ကိုသာ တက်ပြေး"





"ဟာ ... ဟိုမှာ လိုက်လာပြီ လူလေးရေ"

ကြီးမားသည့် ဝက်ဝံသည် ကျွန်ုပ်တို့၏ အနောက် သို့ လိုက်လာသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်တို့သည် လမ်း ရိုးအတိုင်း မသွားဘဲ ဘေးသို့ပြေးဆင်းရာ စမ်းချောင်းတစ်ခုဆီ သို့ ဦးတည်လျက် ရှိသည်။

ဝက်ဝံသည် ကျွန်ုပ်တို့၏ အနောက်သို့ တဖြည်း ဖြည်း နီးကပ်လာသည်။ ဝက်ဝံသည် ဒေါသများစွာ လွှမ်းမိုးနေ သည့်အတွက် လည်ဆံမွေးများ ထောင်နေသည်။ ကျွန်ုပ်သည် ပြေးရင်း သေနတ်အား အသင့်ပြင်ထားပေမဲ့ အဘသောင်းစိန် အား စိုးရိမ်နေပေ၏။ အဘသောင်းစိန် တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်ပြီး အသက်စွန့်၍ ကာကွယ်ပေးရန်ဖြစ်ပြီး ကျွန်ုပ်တို့သည် ပြေးရင်းနှင့် စမ်းချောင်းလေးအနီးသို့ ရောက်ရှိလာသည်။ ထို့ အတူ ဝက်ဝံနှင့်လည်း နီးကပ်လာပေ၏။

"အဘ ကျောက်ဂူထဲ ဝင်ပြေး"

ကျွန်ုပ်တို့ ပြေးနေသည့် စမ်းချောင်း၏ ဘေးမှာ ကျောက်တောင်ကြီး တစ်ခု ရှိ၏။ ကျောက်တောင်၏ ဘေးရှိ သဖန်းပင်ကြီးအောက်၌ ကျောက်ဂူကြီးတစ်ခုအား တွေ့လိုက်ရ သည်။ ဝက်ဝံကြီး နီးကပ်လာသည့်အတွက် အပင်ပေါ်တက်ရန် မလွယ်ကူပေ။ ဝက်ဝံသည် သစ်ပင်တက်ရာ၌ ကျွန်ုပ်တို့တို့ထက် တော်သလို လျင်မြန်သည်။

"ဖြောင်း ... ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ... ဝုန်း"

ထွက်ပေါ်လာသည့် အသံသည် လွန်စွာအထိတ်တလန့် ဖြစ်သွားပေ၏။ အဘသောင်းစိန်သည် ကျောက်ဂူအတွင်းသို့ ရောက်ရှိပြီး ကျွန်ုပ်သည် ဝင်ရောက်ရန် ကြိုးစားချိန်တွင် ထိုအသံ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကျွန်ုပ်အနောက်သို့ လှည့်ကြည့်လိုက်ရာ ဝက်ဝံသည် စမ်းချောင်းအတွင်းသို့ ပြုတ်ကျသွားသည့်အတွက် လွန်စွာအံ့ဩသွားသည်။ ဝက်ဝံသည် မည်သည့်အတွက်ကြောင့် စမ်းချောင်းအတွင်းသို့ ပြုတ်ကျသွားတာလဲဟု အတွေးများဖြင့် ကြည့်လိုက်ချိန်တွင် လွန်စွာအံ့ဩမှုတစ်ခုအား ထပ်မံကြုံတွေ့လိုက်ရသည်။

ဝက်ဝံသည် ကျွန်ုပ်တို့အား အန္တရာယ်ပြုရန် လိုက်လာချိန်၌ စမ်းချောင်းအတွင်း၌ အသင့်ရှိနေသည့် ဖွတ်မိချောင်းသည် ဝက်ဝံအား နှုတ်သီးဖြင့် ရိုက်လိုက်ရာ ကိုယ်လုံးအား ထိမှန်ပြီး စမ်းချောင်းအတွင်းသို့ ကျသွားခြင်း ဖြစ်သည်။

ဖွတ်သည် အကောင်ကြီးသွားလျှင် မိချောင်းဖြစ်သွားသည်။ ထို့ကြောင့် "ဖွတ်မိချောင်းဖြစ်လျှင် မြစ်မချမ်းသာဘူး"ဟု စကားပုံ ထွက်ပေါ်လာသလို တောလည်း မချမ်းသာတော့ဘူး။

ဖွတ်ကြီးသည် အတောင်နှစ်ဆယ်လောက် ရှည်ပြီး ကြီးမားသည် အကောင်ကြီးတစ်ကောင် ဖြစ်သည်။ ဖွတ်ကြီးသည် ဝက်ဝံထံ ဦးတည်နေသည့်အတွက် ဝက်ဝံသည် ဖွတ်ကြီးအား တိုက်ခိုက်ရန် ကြိုးစားလျက် ရှိနေပေမဲ့ ဖွတ်ကြီးသည် ပါးစပ်အား





ဟ၍ ဝက်ဝံကြီး၏ ဘေး ဝမ်းဗိုက်အားကိုက်ပြီး ဘယ်ညာယမ်းနေသည်ကို တွေ့လိုက်ရသည်မို့ လွန်စွာ ကျေနပ်နေပေမဲ့ ကျောက်ဂူအတွင်းမှ အဘသောင်းစိန်၏ အော်ဟစ် အကူအညီတောင်းသည့် အသံအား ကြားလိုက်ရသည်။ ကျွန်ုပ်သည် အထိတ်တလန့် ဖြစ်သွားပြီး အနောက်သို့ လှည့်ကြည့်လိုက်မိချိန်၌ အဘသည် နောက်နံရံ၌ကပ်၍ ကြောက်စိတ်များ လွှမ်းမိုးလျက် ရှိနေပေ၏။ ကျွန်ုပ်သည် အဘသောင်းစိန်ထံ ခပ်သွက်သွက် လျှောက်လှမ်းသွားရာ ၎င်း၏အနားသို့ ရောက်ရှိသွားသည်။

"အဘ အဲဒီအတိုင်း နေပါ"

အဘသောင်းစိန်သည် ကျွန်ုပ်ပြောသည့်အတိုင်း နေလိုက်ချိန်တွင် ...

"ရော"

"ဝုန်း ... ဝုန်း"

ကျွန်ုပ်သည် အဘသောင်းစိန်၏ အနားသို့ ရောက်သွားချိန်၌ အဘသောင်းစိန်ရှေ့၌ ရှိနေသည့် ငန်းမြွေကြီးအား ဆုပ်ကိုင်ပြီး ခေါင်းအား ခုတ်ဖြတ်လိုက်ရာ မြွေကြီးသည် ခေါင်းပြတ်သွားပြီး အသက်မဲ့ ရုပ်ပေါ်စ်ရုပ် အဖြစ်သို့ ရောက်ရှိသွားသည်။ ကျွန်ုပ်၏ လုပ်ရပ် သွက်လက်မှုကြောင့် အဘသောင်းစိန်သည် လွန်စွာအံ့ဩနေပေတော့သည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ထိုညဉ့် ကျောက်ဂူအတွင်း၌ တစ်ညတာ အိပ်စက်အနားယူပြီးနောက် နံနက်မိုးအလင်း ရောက်ရှိသည်နှင့် ခရီးဆက်ခဲ့ကြသည်။ ကျွန်ုပ်သည် အဘသောင်းစိန်နှင့် ခရီးဆက်ရသည်မှာ လွန်စွာအဆင်ပြေပေမဲ့ စိတ်ထဲ၌ တစ်မျိုးဖြစ်နေပေ၏။ အကြောင်းကား အဘသောင်းစိန်သည် အသက်ကြီးသူတစ်ယောက် ဖြစ်နေသည့်အတွက် ခရီးသည် ထင်သလောက် မရောက်အောင် ဖြစ်နေသည်။ ထို့အတူ အဘသောင်းစိန်အတွက်ပါ ဂရုစိုက်နေရသည်။

တစ်နေ့သ၌ အဘသောင်းစိန်အား ကြံ့ကြီးတစ်ကောင် လိုက်သည့်အတွက်ကြောင့် သေနတ်ဖြင့်ပစ်ပြီး ကယ်တင်လိုက်ရသေးသည်။ ထိုကိစ္စအား ကျွန်ုပ်တွေ့လိုက်သည့်အတွက် သေနတ်ပစ်၍ ကာကွယ်လိုက်ရသည်။ ဤသို့ မကာကွယ်လိုက်မိပါက အသက်သေနိုင်သည်။ အဘသောင်းစိန်သည် တောင်များအား ကျော်ဖြတ်ပြီးနောက် လျှိုများအား ဆက်လက်ကျော်ဖြတ်နေရာ ထိုးထိုးထောင်ထောင် မြက်ပင်ရှည်ကြီးများသည် ကျွန်ုပ်တို့တစ်ရပ်လောက်ရှည်ပြီး ကျွန်ုပ်တို့သည် ထိုမြက်ပင်ရှည်ကြီးများအား ကျော်ဖြတ်၍ ခရီးဆက်နေပေ၏။

"လူလေး ဒီလျှိုကြီးက ဘာလို့ခေါ်လဲ"





"သိန်းတစ်ရာလျှိုလို့ ခေါ်တယ် အဘသောင်းစိန်"

"သိန်းတစ်ရာဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ လူလေး"

"ဒီလိုပါ အဘ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီနေရာမှာ ရွှေသိန်းတစ်ရာတွေ ကျင်လည်ကျက်စားနေထိုင်ကြတယ်။ အဲဒီသိန်းတွေက အခု တစ်ကောင် နှစ်ကောင်ပဲ ရှိတော့တယ်။ အဲဒီသိန်းတွေက လူတွေကိုတွေ့ရင် အန္တရာယ်ပြုသလို တောရိုင်းတိရစ္ဆာန်တွေကိုလည်း အန္တရာယ်ပြုတယ်။ အဲဒီတော့ အဘကို ကျုပ် တစ်ခု ကြိုတင်ပြီး သတိပေးထားရဦးမယ်၊ ဒီလျှိုမှာရှိတဲ့ ရွှေသိန်းငှက်တွေက လွန်စွာကြီးတယ်၊ လူတစ်ယောက်လောက်ကိုတော့ အလွယ်တကူ သုတ်ချီပြီး စားသုံးနိုင်တယ်၊ အဲဒီတော့ ဒီအကောင်ကြီးတွေ မတွေ့အောင် ခပ်မြန်မြန် သွားရမယ်"

"အဘ သဘောပေါက်ပါပြီ လူလေး။ အဲဒီအကောင်ကြီးတွေက ဘယ်မှာနေလဲ"

"ဒီကနေပြီး ဟိုမှာ တွေ့နေရတဲ့ သက်န်းပင်ကြီးရဲ့အောက်မှာ နေကြတယ်။ အဲဒီသက်န်းပင်ကြီးရဲ့ဘေးမှာ သောက်ရေကန်ကြီးတစ်ကန် ရှိတယ် အဘ"

ကျွန်ုပ်သည် ထိုသို့ပြောပြီး မြောက်ဘက်ကို ပြလိုက်ရာ ကြီးမားသည့် သက်န်းပင်ကြီးအား တွေ့လိုက်သည်ဖြစ်ရာ ၎င်းအပင်ကြီးသည် လုံးပတ်ဆယ့်ငါးတောင်လောက်ရှိပြီး သက်တမ်းအားဖြင့် နှစ်ပေါင်းတစ်ရာကျော်ပြီဟု အဖေ ပြောပြဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ၎င်းအပင်ကြီးအား စိတ်ဝင်စားသော်လည်း ရောက်ရှိခြင်းမရှိ။ အဖေသည် ၎င်းနေရာသို့ သွားရောက်ခွင့်မပြု။ ၎င်းနေရာသည် ပြန်လမ်းမရှိဘူးဟု ပြောပြသည်။ ကျွန်ုပ်သည် ထိုရွှေသိန်းငှက်ကြီးများ၏ အံ့ကြောင်းနှင့် ရွှေသိန်းတစ်ရာလျှိုအား ကျော်ဖြတ်နေသည်။

"အဘ သတိထား"

အဘသောင်းစိန်အား ပြောပြီး ဝန်းကျင်သို့ အကဲခတ်ကြည့်နေသည်မှာ တခြားကြောင့်မဟုတ်၊ နားထဲ၌ အသံကြီးတစ်ခု အထက်ကောင်းကင်မှ ကြားနေသည့်အတွက် ဖြစ်သည်။ တကယ်လည်း ဟုတ်နေသည်။ ကြီးမားသည့် ရွှေသိန်းငှက်ကြီးတစ်ကောင်သည် တောင်ပံများအားခတ်၍ ကျွန်ုပ်တို့ထံ ဦးတည်လာနေသည်ကို အထင်းသား တွေ့နေရသည်။ ၎င်းရွှေသိန်းငှက်ကြီးသည် လွန်စွာကြီးမားပြီး လေယာဉ်ငယ်တစ်စီးလောက်ကြီးပြီးရှားပါးသည်။

သိန်းငှက်ကြီးများ ဖြစ်ရာ ထိုနေရာဒေသမှ လွဲ၍ တခြားဒေသများ၌ တွေ့ရှိခြင်းမရှိ။ ကျွန်ုပ်၏ဖခင် ပြောစကားအရ ၎င်းသိန်းငှက်ကြီးများသည် ဟိမဝန္တာတော၏ မြောက်ဖျားရာချက်မာရာရ်လျှိုနှင့် တောင်အာဖရိကတောတန်း၌သာ အနည်းအကျဉ်း ရှိတတ်သည်ဟု ပြောပြသည်။

"ဟာ ... လူလေး၊ ဟိုမှာ သိန်းငှက်ကြီး တစ်ကောင်ပါလား"





"ဟုတ်တယ် အဘ၊ ကျုပ်တို့ နေရာကောင်းတစ်ခုမှာ ဒီအကောင်ကြီးကို ခုခံရမှာပဲ၊ အဲဒီတော့ အဘ ကျုပ်အနားမှာ ကပ်နေပါ။ ကျုပ် ဒီအကောင်ကြီးရဲ့ အန္တရာယ်ကို ကာကွယ်ကြမယ်"

ထိုအချိန်တွင် သိန်းငှက်ကြီးသည် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာရာ ကျွန်ုပ်တို့သည် ထူထပ်သည့် မြက်ခင်းကြီးများ၏ တောအတွင်းသို့ ရောက်ရှိသွားကြသည်။ ကျွန်ုပ်သည် နှလုံးပြူးသေနတ်အား အသင့်ပြင်လိုက်သည့် အချိန်၌ သိန်းငှက်ကြီး၏ တောင်ပံခတ်သံသည် လွန်စွာကြောက်စရာ ကောင်းနေသည်။ ၎င်းအသံ ကြားလိုက်ရသည်မှာ လွန်စွာထိတ်လန့်စရာ ဖြစ်နေသည်။ သိန်းငှက်ကြီးသည် ကျွန်ုပ်တို့အား သားကောင်လို ထင်မှတ်ပြီး သုတ်ချီစားသောက်ရန် ကြိုးစားနေသည်။

"လူလေး ဘယ်လိုလုပ်မလဲ"

"အဘ မြက်တောထဲကို တိုးဝင်သွား၊ ကျုပ်ကို မစိုးရိမ်နဲ့"

ထိုသို့ ပြောလိုက်ချိန်၌ အဘသောင်းစိန်သည် ရှည်လျားသည့် မြက်ပင်များ၏ အောက်အတွင်းသို့ တိုးဝင်သွားချိန်၌ သိန်းငှက်ကြီးသည် ကျွန်ုပ်အား သုတ်ချီလိုက်ရာ ကျွန်ုပ်သည် ကိုယ်တစ်ပတ်လှည့်၍ မြေပေါ်သို့ လိမ့်ချလိုက်ရာ ကပ်၍လွတ်သွားသည်။ သိန်းငှက်ကြီးသည် အရှိန်ဖြင့် အပေါ်သို့ ရောက်ရှိသွားပြီးနောက် ကျွန်ုပ် ရှိရာသို့ ပြန်လှည့်လာချိန်တွင် ကျွန်ုပ်သည် သေနတ်အား အသင့်ပြင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒိုင်း"

"ဂ"

ထွက်ပေါ်လာသည့် အသံသည် လွန်စွာကြောက်စရာ ကောင်းနေပေ၏။ ကျွန်ုပ်သည်လည်း လွန်စွာအံ့သြသွားပေ၏။ ကျွန်ုပ်သည် မြေ၌ တစ်ဖက်လှိမ့်၍ နေချိန်၌ သိန်းငှက်ကြီးသည် ကျွန်ုပ်အား ဒုတိယတစ်ကြိမ် ထပ်မံ၍ သုတ်လိုက်သည်။ အသင့်ဖြစ်နေသည်။ သေနတ်ဖြင့် ပစ်လိုက်ချိန်တွင် ကျည်တောင့်သည် အရှိန်ဖြင့် ဆင်းလာသည့် သိန်းငှက်ကြီး၏ ရင်ဝတည့်တည့်သို့ ထိမှန်သွားရာ၌ သိန်းငှက်ကြီးသည် အနောက်သို့လန်၍သွားပြီး မြေပေါ်သို့ ဖုန်းဆို ပြုတ်ကျသွားသည်။

သိန်းငှက်ကြီးသည် မြေပေါ်၌ သုံးလေးပတ်လိမ့်၍ တောင်ပံများလည်း ခတ်နေသည်ဖြစ်၍ ကျွန်ုပ်သည် သေနတ်အား ထပ်မံ၍ အသင့်ပြင်ထားပြန်သည်။ အမေသည် ကျွန်ုပ်အား တောလိုက်မုဆိုး၏ လုပ်ငန်းများအား အမြဲလို သင်ပြပြီး ကိုယ်တိုင်သိအောင်လည်း လေ့လာခိုင်းသည်။ တကယ်တော့ တောလိုက်မုဆိုး၏ဘဝဟာ ပြောတော့လွန်စွာလွယ်ကူသလို လက်တွေ့မှာ ခက်ခဲသည်။ မုဆိုးတစ်ယောက် ဖြစ်လျှင်တော့ အကြောင်းကို နားလည်သလို သားကောင်များ၏ အကြောင်းကိုပါ နားလည်သိထားဖို့လိုသည်။ သားကောင်ကို စတင်ပစ်လိုက်ပြီ ဆိုသည်နှင့် သတိထားရသည်။ မုဆိုး၏ လက်ချက်ဖြင့် သားကောင်သေသွားလျှင် ပြဿနာမရှိ။ သားကောင်က မသေလျှင် ထိုသားကောင်သည် ပြန်၍ အန္တရာယ်ပြုနိုင်သည်။





(မုဆိုးဝတ္ထု ရေးသားခြင်း မဟုတ်သည့်အတွက် မုဆိုးနှင့် သားကောင်အကြောင်းအား အကျယ်ချဲ့၍ မရေးသားလိုသည်ကို စာရေးသူအား နားလည်ခွင့်လွှတ်ပေးပါရန်)။

ကျွန်ုပ်သည် သေနတ်အား အသင့်ပြင်၍ မြေ၌ လူးလိမ့်နေသည့် သိန်းငှက်ကြီးအား ကြည့်နေသည်။ သိန်းငှက်ကြီးသည် ရရှိလိုက်သည့် ဒဏ်ရာကြောင့် တောင်ပံများခတ်နေရာ ရှည်လျားသည့် မျက်ပင်ကြီးများသည် မြေပေါ်သို့ လဲကျကုန်သည်။ ကျွန်ုပ်သည် သိန်းငှက်ကြီး၏ အခြေအနေအား ကြည့်နေချိန်တွင် သိန်းငှက်ကြီးသည် ခေတ္တကြာချိန်၌ ၎င်းတို့ ကျင်လည်ကျက်စားရာ သက်န်းပင်ကြီးရှိရာသို့ ပျံသန်းသွားပေသည်။ ကျွန်ုပ်သည် သိန်းငှက်ကြီးအားကြည့်၍ ကျန်ရစ်ခဲ့ပေ၏။ တကယ်တော့ ထိုရွှေသိန်းငှက်ကြီးအား ထိုကဲ့သို့ ပြုလုပ်ရသည်မှာ မလွဲသာ၍သာ ဖြစ်သည်။

ထိုကဲ့သို့ မပြုလုပ်မိပါလျှင် သိန်းငှက်ကြီးအတွက် သားကောင်ဖြစ်သွားနိုင်သည့်အပြင် လုပ်ငန်းများသည်လည်း လမ်းတစ်ဝက် ဖြစ်ပျက်လိုက်ရတော့မည်။

"အဘသောင်းစိန်ရေ ပြီးသွားပြီဗျာ"

ထိုသို့ ခေါ်လိုက်ချိန်တွင် အဘသောင်းစိန်သည် မြက်ရိုင်းတောထဲမှ ပြန်ထွက်လာပြီး ကျွန်ုပ်တို့သည် ဆက်လက်ခရီးဆက်နေရပေတော့သည်။ သိန်းတစ်ရာလျှိုသည် ကျွန်ုပ်တို့အတွက် နေ့တစ်ဝက်စာလောက် လမ်းလျှောက်ရပေ၏။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် လျှိုကြီးအား ဖြတ်ပြီးနောက် တောကြီးအတွင်းသို့ ရောက်ရှိလာသည်။ တောကြီးသည် တကယ် တောကြီးဖြစ်သည်။ မုဆိုးများ တောတက်သူများပြောသည့် တောနက်သည် ထိုနေရာအား ခေါ်ယူခြင်းသာ ဖြစ်သည်။ မြေ၌ပေါက်နေသည့် အပင်များသည် ခြေချရန် ခက်ရပြီး ချိုင့်ခွက်ကြီးအတွင်း၌ ပေါက်နေရသလို ထပ်နေသည်။ ကောင်းကင်၌ ရှိနေသည့် နေရောင်သည် အပင်များအောက်၌ ရှိနေသည့် ကျွန်ုပ်တို့အား နေရောင်ထိုးမိခြင်းမရှိ၊ ရုတ်တရက်ကြည့်လျှင် နေရောင်မရှိတော့ဘူးဟု ထင်နေမိသည်။ ကျွန်ုပ်တို့သည် တောနက်အား အန္တရာယ်အမျိုးမျိုးအား ကျော်ဖြတ်နေသည်။

ထိုသို့ ကျော်ဖြတ်ရာ၌ တစ်နေ့သ၌ တောင်မြင့်ကြီးတစ်လုံးပေါ်သို့ တက်နေချိန်တွင် အဘသောင်းစိန်သည် ထူးဆန်းသည့် နွယ်ဂမုန်းရှင်အား သွားရောက်နုတ်ယူချိန်တွင် ငန်းမြွေကြီးလိုက်သည့်အတွက် အထိတ်တလန့်ပြေးရာ တောင်အောက်သို့ ပြုတ်ကျတော့မလို ဖြစ်သွား၍ မိရာကိုဆွဲလိုက်ရာ လက်ကို ဖမ်းမိသွားသည်မို့ တော်သွားသည်။ သို့မဟုတ်ပါလျှင် မလွယ်သည့် ပြဿနာတစ်ခု ဖြစ်နိုင်သည်။

ကျွန်ုပ်သည် အဘသောင်းစိန်အား အပေါ်သို့ဆွဲတင်ပြီး အန္တရာယ်ပြုရန် ရောက်ရှိလာသည့် မြွေငန်းကြီးအား လေးမြားဖြင့် ပစ်လိုက်ရာ ဝမ်းဗိုက်သို့ ထိမှန်သေဆုံးသွားသည်ကြောင့် အသက်ဘေးမှ လွတ်မြောက်သွားသည်။





ဤသို့ဖြင့် ကျွန်ုပ်တို့သည် ခရီးဆက်ခဲ့ကြသည်။ တောတောင်လျှိုမြောင်များ ဖြတ်သန်းလာခဲ့ရာ အခက်အခဲများစွာ ကြုံတွေ့ရသလို အသက်သည် ကံကောင်းလွန်း၍ မသေအောင် ဖြစ်နေသည်။ ကျွန်ုပ်တို့ ကြုံတွေ့ရသည့် အန္တရာယ်များသည် လွန်စွာအသက်ဘေးဖြင့်နီးလျက် ...

မည်သို့ပင် ဖြစ်စေကာမူ ကျွန်ုပ်တို့ အလုပ်သည် ခရီးဆက်၍ လိုရာကို ရောက်ရှိရန် ဖြစ်သည်။ အဘသောင်းစိန်သည် ကျွန်ုပ်ကဲ့သို့ပင် ရောက်ချင်နေသည်။ ယခုဆိုလျှင် ခြောက်ရက်မြောက်သည့်နေ့ ဖြစ်သည်။ ရွှေသိန်းတစ်ရာလျှိုကို ကျော်ဖြတ်ပြီးနောက် တောင်အသေးခြောက်လုံးနှင့် တောင်အကြီးသုံးလုံးကို ကျော်ဖြတ်ရာ၌ ကြီးမားသည့် အန္တရာယ်များစွာ ကြုံတွေ့ရသည့်အနက် တစ်ခုသည် အသက်သေနိုင်သည်။ နှစ်ယောက်သား အနားယူလိုသည့်ဆန္ဒများဖြင့် ခရီးဆက်ကြရာ ရုတ်တရက် တောဝက်တစ်ကောင်နှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရသည်မို့ နှစ်ယောက်သား ဘေးကိုခုန်ချလိုက်ကြရသည်။ တောဝက်လည်း ရုတ်တရက်တွေ့လိုက်သည်မို့ အထိတ်တလန့်ဖြစ်ပြီး ကျွန်ုပ်တို့ကို အန္တရာယ်မပြုတော့ဘဲ အနောက်သို့ ပြန်ပြေးသွားသည်။ ထိုနေရာမှာသာ ငုတ်၊ ကျောက်တုံးတို့သာရှိလျှင် မတွေးတတ်အောင် ဖြစ်သွားသည်။

ကျွန်ုပ်တို့ ခရီးဆက်ရင်း လျှောက်လှမ်းလာခဲ့ရာ နေရောင်များလည်း ပျောက်စပြုပြီး အမှောင်ထုကား အစပျိုးလာပေ၏။ ၎င်းအတွက်ကြောင့် တစ်ညတာ စခန်းချပြီး အနားယူ



www.burmeseclassic.com

www.burmeseclassic.com



ရန် နေရာရွေးချယ်မှုသည် ကျွန်ုပ်၏ တာဝန်သာ ဖြစ်နေသည်။ စခန်းချရာ၌ ကျွန်ုပ် အကြိုက်ကိုသာ ရွေးချယ်ပြီး အဘသောင်းစိန်သည် မည်သို့မှ ပြောဆိုခြင်းမရှိ။

"ကဲ ... လူလေး၊ စခန်းချရင် ကောင်းမယ်ဗျာ"

"ကျုပ်လည်း အဲဒီအတွက်ပဲ နေရာရွေးချယ်နေပါတယ် အဘသောင်းစိန်၊ အဘ ... ဟိုမှာတွေ့လား၊ အဲဒီတောင်ခြေလေးတစ်ခုမှာ စခန်းချ အနားယူကြမယ် အဘသောင်းစိန်"

ဟု ပြောပြီးနောက် ကျွန်ုပ်တို့သည် တောင်ထိပ်ပေါ်မှ လျှောက်လှမ်းပြီး တောင်ခြေ၌ စခန်းချ အနားယူရန် အပေါ်စီးမှ ရွေးချယ်နေသည်။ ကျွန်ုပ်တို့သည် တစ်ဖက်တောင်စွန်းသို့ ရောက်ရှိပြီး တောင်ခြေတစ်နေရာသို့ စခန်းချရန် နေရာကောင်းတစ်ခု ရွေးချယ်လိုက်သည်။ ကျွန်ုပ်တို့ ရွေးချယ်သည့်နေရာသည် ဝါးပိန္နဲရုံကြီးဖြစ်ပြီး ၎င်းဝါးရုံဘေး၌ စစ်စည်းပင်ကြီးတစ်ပင်နှင့် ကညင်ပင်ကြီးတစ်ပင်တို့ ရှိနေသည်။ ဝါးရုံသည် ဘေးသို့ အကိုင်းများ အုပ်မိုးကျနေသည့်အတွက် အတွင်း၌ ကျောက်ဂူကြီး တစ်ခုသို့ပင် ဖြစ်နေသည်။

ကျွန်ုပ်တို့သည် ဝါးပိန္နဲရုံကြီးအောက်သို့ ရောက်ရှိပြီး နေရာဒေသအား အကဲခတ် လေ့လာသည်။ ထိုနေရာ၌ အန္တရာယ်ပြုမည့် သားကောင်များ ရှိနေသလားဟုပင် ဖြစ်သည်။ နေရာဒေသ အေးချမ်းသွားပြီဟု ထင်ပြီးမှ အဘသောင်းစိန်အား အနားယူစေပြီး ကျွန်ုပ်သည် ထင်းတုံးများ စုပုံနေသလို ဝါးများ





ကို အဆစ်ပိတ်ဖြတ်၍ ပုံထားသည်။ နေရာဒေသကို စိတ်ကြိုက်ဖန်တီးပြီး အန္တရာယ်ကောင်များ လာရောက်နိုင်သည့် နေရာအားဝါးလုံးတွေကိုချွန်၍ ခပ်စောင်းစောင်း ထောင်ထားသည်။ ကျွန်ုပ်၏ လုပ်ရပ်အတွက် အဘသောင်းစိန်သည် ကြည့်နေပြီး ကိစ္စများပြီးသည်နှင့် မီးကိုဖိုထားလိုက်သည်။

အမှောင်ထုများသည် လွှမ်းမိုးနေသည့်အတွက် မီးအလင်းရောင်သည် ဝန်းကျင်သို့ လွှမ်းမိုးစွာ ပေါ်ထွက်လာသည်။ တောအတွင်း၌ ကျင်လည်ကျက်စားနေသည့် ကျေးငှက်လေးများသည် မိမိတို့အတွက် တစ်ညတာ အနားယူရန် ပင်ယံဖျား၌ နေရာယူပြီး အိပ်စက်နေသည်။ ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် ခပ်တိုးတိုးအသံများဖြင့် စကားပြောနေကြရာ ကျွန်ုပ်တို့သည် ခရီးစတင်ထွက်လာသည့် အချိန်မှစ၍ ယခုရောက်ရှိနေသည့် နေရာ၌ တစ်ပိုင်း၊ ဆက်လက်သွားရောက်ရမည့် နေရာအားတစ်ပိုင်း စုစုပေါင်း နှစ်ပိုင်းခွဲပြောနေသည်မို့ ကျန်ခဲ့ရသည်များကို သိပြီးသားဖြစ်၍ ထပ်မံမဖော်ပြလိုတော့ ဆက်လက်ခရီးစဉ်အား ဖော်ပြလိုက်ရပြန်သည်။

"အဘတို့သွားရမဲ့ ခရီးစဉ်က သိပ်များ ဝေးသေးလား လူလေး"

"ဝေးတယ်လို့ပဲ ပြောရမယ် အဘ၊ လမ်းခရီး ဖြစ်နေတဲ့အတွက် ဘယ်နှရက်ဆိုတာကိုတော့ အတိအကျ မပြောတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လူလေး ပြောတာကို အဘ သဘောပေါက်ပါပြီကွယ်။ လမ်းခရီးသွားတဲ့အခါ ဘယ်တော့မှ အရင်လိုစကား မပြောရဘူးဆိုတာ အခု ဘဘတို့ ခရီးစဉ်က တောလမ်းခရီးစဉ်ဆိုတော့ ပိုဆိုးတာပေါ့ကွယ်"

"ဟုတ်တယ် အဘ၊ ခရီးသွားရတဲ့အထဲမှာ တောလမ်းခရီးသွားရတာက အခက်ဆုံးပါပဲ။ ဒါတင်မကသေးဘူး၊ သွားလာနေထိုင်တာကအစ သတိထားနေရတယ်"

ကျွန်ုပ်၏ စကားအား အဘသည် ခေါင်းလေးညိတ်၍ နားထောင်လျက်ရှိနေသည်။ ဒါဟာ တကယ်ပြောချင်တာဖြစ်သည်။ တောတောင်ဆိုတာ လူသူများနေထိုင်ရာအရပ် မဟုတ်သည့်အတွက် မကောင်းဆိုးဝါး အများစု ကျင်လည်ကျက်စားနေထိုင်လျက်ရှိပြီး သူတော်စင် သူတော်ကောင်းတို့ နေထိုင်သည်ဆိုတာ ရာခိုင်နှုန်းတစ်ရာမှာ အများဆုံး တစ်ရာခိုင်နှုန်းလောက်သာ ရှိသည်။ ထို့အတွက် ကယ်တင်မည့် သူတော်စင်များထက် အန္တရာယ်ပြုမည့် အကောင်များ ရောက်ရှိလာနိုင်သည်။ ထို့အတွက်ကြောင့် ကျွန်ုပ်သည် အဘသောင်းစိန်နှင့်သာ စကားပြောနေရပေမဲ့ လေးမြားကို အသင့်ပြင်ဆင်ထားသည်။

ထို့အတူ မီး၏ အလင်းရောင်ကြောင့် ဝန်းကျင်အား မြင်တွေ့ရပြီး ရောက်ရှိလာမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်သည်။ ကျွန်ုပ်တို့ စကားပြောနေချိန်တွင် ကျားတစ်ကောင်၏ အသံ ကြားလိုက်ရသည့်အတွက် လွန်စွာတုန်လှုပ်ကုန်ကြပေ၏။





အဘသောင်းစိန်သည် အားကိုးသည့် အနေအထားဖြင့် ကျွန်ုပ်အား ကြည့်နေသည်။ ၎င်းကျားသည် ကျွန်ုပ်တို့ စခန်းချသည့် ဝါးပိန္နဲရုံအနောက်က ဖြစ်နေသည့်အတွက် လွန်စွာသတိထားရသည်မှာ အမှန်ဖြစ်ပြီး၊ တောအတွင်း၌ နေထိုင်သည့် တိရစ္ဆာန်များ၌ ကျားတိရစ္ဆာန်သည် လွန်စွာ ပရိယာယ်ကြွယ်သည်။ ၎င်းသည် သားကောင်အား ဖမ်းဆီးတော့မည် ဆိုလျှင် ကြောင်၏ အသံ၊ ငှက်၏အသံ၊ အသံပေါင်းစုံ ပြုလုပ်တတ်သည်။ သားကောင် အနားနီးပြီ ဆိုသည်နှင့် ချက်ချင်း အသံပြောင်းပြီး ဒေါသများဖြင့်သာ သားကောင်အား ဖမ်းဆီးစားသောက်လေ့ရှိသည်။

ယခု ကျားကြီးသည် ကျွန်ုပ်တို့အား အန္တရာယ်ပြုရန် ရောက်ရှိလာသည့်အတွက် ကြောင်ငယ်လေးတစ်ကောင်၏ အသံဖြင့် အော်လျက်ရှိသည်။ ကျွန်ုပ်သည် ဝါးအစစ်ပိတ်များကို ယူ၍ မီးပုံအတွင်းသို့ ပစ်ထည့်လိုက်ပြီး သေနတ်အား ကျည်တောင့်ထည့်လိုက်ပြီး အသင့်ပြင်ထားသည်။ တကယ်တော့ ကျားသည် လွန်စွာမြန်သည့် တိရစ္ဆာန် ဖြစ်သည့်အတွက်ကြောင့် ယခုကဲ့သို့ ပြုလုပ်ထားရခြင်း ဖြစ်သည်။

"ဒိုင်း ... ဒိုင်း"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားသည့် အတွက်ကြောင့် ပင်ယံထက်၌ ရှိနေသည့် ကျေးငှက်များနှင့် မလှမ်းမကမ်း၌ ရှိနေသည့် တောဝက်များ၊ မြေခွေးများ၊ သမင်၊ ဒရယ် စသည့် တောကောင်များ



www.burmeseclassic.com

www.burmeseclassic.com



ခြေဦးတည်ရာကို ထွက်ပြေးကုန်ကြရာ ကျွန်ုပ်တို့အနီး၌ရှိ ကျားကြီးသည်လည်း အထိတ်တလန့် ထွက်ပြေးသွားသည်။ အကြောင်းမှာ တခြားကြောင့် မဟုတ်။ မီးပုံအတွင်းသို့ ပစ်ထည့်ထားသည့် ဝါးအစစ်ပိတ်များ ထပေါက်သည့်အတွက်ကြောင့်ပင် ဖြစ်သည်။

တကယ်တော့ ဝါးအစစ်ပိတ်များ၏ ပေါက်ကွဲမှုသည် ကျယ်လောင်သည့် သေနတ်သံများကဲ့သို့ ထင်ရသည်။ တောကောင်များသည် ထိုပေါက်ကွဲမှုအား ကြားလိုက်သည့်နှယ် အသက်များ ချက်ချင်းသေပြီဟု ထင်မှတ်ပြီး ထိုကဲ့သို့ ထွက်ပြေးကြသည်။ တောအတွင်း၌ ခရီးထွက်လျှင် အမိက ကျားကိုကြောက်ရပေမဲ့ ကျားသည် ဝါးဆစ်ပိတ်ပေါက်ကွဲမှုကို လွန်စွာကြောက်သည်။

ထိုအတွက်ကြောင့် ဤကဲ့သို့ ပြုလုပ်ရခြင်း ဖြစ်သည်။ ထိုအချိန်တွင် အဘသောင်းစိန်သည် ကျေနပ်သည့် အကြည့်ဖြင့် ကျွန်ုပ်အား ကြည့်လိုက်သည်။

"ကျားကြီး ပြေးသွားပြီလား လူလေး"

"ဒီအသံက သူ့တို့အတွက် ကြီးမားတဲ့ မကောင်းဆိုးဝါးကြီး တစ်ခုလိုပဲ အဘ"

"လူလေးက တကယ့်မှဆိုးလေးပဲ၊ တောအကြောင်းကို ကျွမ်းကျင်အောင် သိနေတော့တာပဲကွယ်"

"ကျုပ်တို့က ဒီအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း ပြုလုပ်နေရတာပဲ အဘရယ်၊ ဒီလောက်ကတော့ သိရမှာပေါ့။





အဲဒီလိုမှ မသိရင် တောတိရစ္ဆာန်တွေရဲ့ ခြောက်လှန့်မှုကို အမြဲခံနေရမှာပေါ့"

"လူလေးပြောတာလည်း ဟုတ်နေတာပဲ။ တောထဲမှာနေတဲ့ တိရစ္ဆာန်တွေက လွန်စွာရိုင်းပြီး အချင်းချင်းတောင် အနိုင်ကျင့်ပြီး ပြန်စားကြသေးတာပဲ၊ လူလိုအကောင်တွေကိုတော့ သားကောင်အဖြစ် သတ်မှတ်ကြမှာပေါ့။ အဲဒီတော့ လူတွေကလည်း သူတို့ထက် ဉာဏ်များရတာပေါ့"

"အဘ ခဏလေး"

ကျွန်ုပ်သည် အဘသောင်းစိန်အား တားလိုက်သည့်အတွက် ပြောလက်စ စကားလေးများ ရပ်သွားပြီး ကျွန်ုပ်အား ကြည့်နေသည်။ ထိုသို့တားလိုက်ရသည်မှာ တခြားကြောင့်မဟုတ်၊ ခြေသံတစ်ခု ကြားလိုက်ရသည့်အတွက်ကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် လေးမြားအား ကောက်ကိုင်လိုက်ပြီး အသင့်ပြင်လိုက်သည်။ အဘသောင်းစိန်သည် ကျွန်ုပ်၏ လှုပ်ရှားမှုအား သဘောပေါက်နေသည့် အနေဖြင့် ကျွန်ုပ် ကြည့်နေသည့်ဘက်သို့ လိုက်ကြည့်နေသည်။ ကျွန်ုပ်တို့နှင့် မလှမ်းမကမ်း၌ ရှိနေသည့် အပင်များသည် ဘယ်ညာယိမ်းနွဲ့ ခါယမ်းနေသည်။

ကျွန်ုပ်သည် ထိုနေရာသို့ အကြည့်များ ရောက်ရှိသွားကြရာ ၎င်းနေရာ၌ အရာဝတ္ထုတစ်ခု ရောက်ရှိနေသည် ဆိုတာကို သိနေသည်။ ကျွန်ုပ်သည် လေးမြားဖြင့် ၎င်းနေရာအား ချိန်ရွယ်ထားချိန်တွင် လေများ၏တိုက်ခတ်မှုသည် သိသိသာသာကြမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေး သတိထားနော်"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်ုပ် အဘသောင်းစိန်၏ စကားအား လက်ခံသည့်သဘောဖြင့် ခေါင်းအားညိတ်လိုက်မိသည်။ ထိုအတွက် ကျွန်ုပ်သည် လေတိုက်ရာဘက်သို့ ကြည့်လိုက်ရာ အရာဝတ္ထုတစ်ခုအား တွေ့လိုက်ရပြီး စိတ်ထဲ၌ ချောက်ချားမှုများ လွှမ်းမိုးလာသည့်အတွက် ဂရုစိုက်မှုများ နည်းပါးလာသည်။ ၎င်းအရာသည် တစ်ခုတည်း မဟုတ်၊ မည်းမည်းအရာဝတ္ထုကြီးများ ဖြစ်နေရာ ၎င်းအရာများသည် လူလိုလို ဘာလိုလို ဖြစ်နေပြီး လင်းလက်သည့် မျက်လုံးကြီးတစ်လုံးသည် ကျွန်ုပ်အား ကြည့်နေသည့်အတွက် ၎င်းသည် မည်သည့်အကောင်ကြီးလဲဟု ကွဲကွဲပြားပြား သိလိုစိတ်များဖြင့် ကြည့်နေသည်။

ထိုအချိန်တွင် ၎င်းအကောင်ကြီးသည် လှုပ်ရှားမှု မရှိပေမဲ့ ကျန်အကောင်များသည် လှုပ်ရှားပြီး နီးလာလိုက် ဝေးသွားလိုက် ဖြစ်နေသည်။ ၎င်းအတွက် မည်သို့ လုပ်ရမလဲဟု စဉ်းစားနေချိန်တွင် အသံတစ်ခု ထွက်ပေါ်လာသည်။

"လူလေး နောက်ဆုတ်"

"အား"

ကြောက်စရာကောင်းသည့် အသံတစ်ခုသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြီးနောက် ကျွန်ုပ်သည် တစ်နေရာသို့ လွင့်ထွက်သွားပြီး အသက်နှင့်ခန္ဓာ တခြားစီ ဖြစ်သွားသလိုထင်





ပြီး ကြောက်စရာကောင်းသည့် အသံများ ကျယ်လောင်စွာ ကြားနေရသလို ထင်နေမိသည်။

✧ ✧ ✧

## အခန်း(၄)

ဝတ်စုံအနက်ကြီးဖြင့် လူကြီးလေးယောက်သည် ဝင်းလက်သည့် ဓားရှည်ကြီးများအား ဆုပ်ကိုင်ပြီး အဘသောင်းစိန်ထံ အန္တရာယ်ပြုရန် ရောက်ရှိလာသည်။ အဘသောင်းစိန်သည် အဖြူရောင်ဝတ်စုံဖြင့် တောင်ထိပ်ပေါ်၌ ရပ်နေသည့်အတွက် အဝတ်များသည် လေ၌လွင့်နေသလို ထင်နေသည်။

၎င်းတို့ လေးယောက်သည် အဘသောင်းစိန်အား ဝင်ရောက်၍ ခုတ်ပိုင်းလျှက်ရှိရာ အဘသောင်းစိန်သည် လက်တွင်း၌ ကိုင်ထားသည့် တောင်ဝှေးဖြင့် တားလိုက်ရာ လေးယောက် အနက် တစ်ယောက်၏ဓားသည် ကောက်ကွေးပြီး သူ့ကိုယ်သူ ပြန်ထိပြီး လဲကျသွားသည်။

ထိုဖြစ်ရပ်အတွက် လူကြီးသည် မကျေမနပ်ဖြစ်၍ အဘသောင်းစိန်အား ဝင်ရောက်တိုက်ခိုက်နေသည့်အတွက် အဘသောင်းစိန်သည် ရှောင်လိုက် ဝင်ရောက်တိုက်ခိုက်လိုက်ဖြင့် အလုပ်များ ရှုပ်နေသည်။ ၎င်းတို့နှင့် အဘသောင်းစိန်သည် အပြန်အလှန် တိုက်ခိုက်နေရာ ပွဲသည် လွန်စွာပြင်းထန်လျှက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လွန်စွာအံ့ဩစရာ ကောင်းသည်က အဘသောင်းစိန်၏ အနောက်၌ လွန်စွာကြောက်စရာကောင်းသည့် မိန်းမတစ်ယောက် ရပ်နေသည်ကို အဘသောင်းစိန် သတိမထားမိပေ။

မိန်းမသည် လွန်စွာကြောက်စရာ ကောင်းသလို ရှည်လျားသည့် လက်သည်းများသည် လူဝံတစ်ကောင်၏ လက်သည်းများကဲ့သို့ ထင်နေရသည်။ အဘသောင်းစိန်သည် ရှေ့မှလူသုံးယောက်အား တိုက်ခိုက်ရာ အဘသောင်းစိန်၏ တောင်ဝှေးဖြင့် ရိုက်မိရာ မီးများလောင်ကျွမ်းကုန်ကြရာ ၎င်းတို့သည် အော်ဟစ်၍ ထွက်ပြေးကုန်သည့်အတွက် ဝန်းကျင်တစ်ခုလုံး ဆူညံစွာ လွှမ်းမိုးသွားကြသည်။ ၎င်းတို့၏ ကိုယ်ပေါ်၌ လောင်နေသည့် မီးများ၏ အလင်းရောင်ကြောင့် လင်းထိန်လျက် ရှိသည်။ အဘသောင်းစိန်သည် ရန်သူများအား အနိုင်ရသည့်အတွက် ပျော်ရွှင်နေသည်။

ထို့နောက် အနက်ရောင်ဝတ်စုံဖြင့် ရပ်နေသည့် မိန်းမသည် အဘသောင်းစိန်အား အနောက်မှ ကုတ်လိုက်သည်။

"အဘ နောက်မှာ သတိထား"

"သတိထား"

ကျွန်ုပ်သည် ထိုကဲ့သို့ အော်လိုက်သည်။

"လူလေး ... လူလေး ... သတိထားပါ လူလေးရာ"

ရုတ်တရက် ထွက်ပေါ်လာသည့် အဘသောင်းစိန်၏ အသံများသည် ကျွန်ုပ်အား သတိပေးသလိုဖြစ်ပြီး ကျွန်ုပ်သည်





မျက်လုံးများအား ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ထထိုင်လိုက်သည်။ ကျွန်ုပ်၏ဘေး၌ အဘသောင်းစိန် ထိုင်နေသည်ကို တွေ့လိုက်ရသည့်အတွက် ကျွန်ုပ်သည် သတိလစ်၍ အော်ဟစ်နေကြောင်း သတိထားလိုက်ပြီး အဘသောင်းစိန်သည် ၎င်းတို့ဖြင့် တိုက်ခိုက်ခြင်းမဟုတ်။

ကျွန်ုပ် အိပ်မက် မက်နေမှန်း သိလိုက်ရသည့်အတွက် မအံ့ဩပေမဲ့ သတိလစ်သွားရသည်ကိုတော့ လွန်စွာအံ့ဩရသည်။ ထိုဖြစ်ရပ်သည် ကျွန်ုပ် အတွက် တစ်ခါမှ မကြုံဖူးသည့် ဖြစ်ရပ်ပင် ဖြစ်သည်။ ၎င်းညက ကျားများသည် ကျွန်ုပ်တို့အား အန္တရာယ်ပြုရန် ရောက်ရှိလာသည်ကို ခြောက်လှန့်ထုတ်ပြီး အောင်မြင်မှုများရရှိ၍ ဝမ်းသာချိန်တွင် အနက်ရောင်ဝတ်စုံများသည် အုပ်စုဖွဲ့၍ ကျွန်ုပ်တို့ထံ ဦးတည်လာရာ ၎င်းအားတွေ့ဆုံရင်ဆိုင်ရန် ကြိုးစားနေချိန် စူးရှပြီး ကြောက်စရာကောင်းသည့် မျက်လုံးကြီးသည် ကျွန်ုပ်၏ မျက်နှာအား ကုတ်ရန် ရောက်ရှိလာ၍ အထိတ်တလန့်ဖြစ်ကာ သတိလစ် လဲကျသွားစေတော့သည်။

"အဘ ... အဘ ကျုပ် ဘယ်လိုဖြစ်သွားတာလဲ"

"ဘာဖြစ်ရမှာလဲကွယ်၊ အဘတို့ ရောက်နေတာက ကြပ်ကုန်းကြီးပဲ။ ဒီနေရာကို ပိုင်ဆိုင်တဲ့သူတွေက အဘတို့ကို ခြောက်လှန့်ပြီး မောင်းထုတ်တာပဲ၊ အဲဒီလို မောင်းထုတ်မရတော့ လူလေးကို ကိုယ်ရောင်ပြလိုက်တာပဲ။ သူတို့ဘာလုပ်လုပ် ဘယ်လိုပဲဖြစ်ဖြစ် အဘတို့လို လူသာတွေလောက်တော့ ဘယ်ဘုန်းရှိပါမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မှာ ဘုန်းရှိတယ် မဟုတ်လား အဘ"

"အေး … ဟုတ်တယ် လူလေး၊ အဘတို့ လူသားတွေမှာ ဘုန်းရှိတယ်၊ အဲဒါကို သာမန်လူသားအချင်းချင်း မသိကြဘူး၊ သူတော်ကောင်းတွေ သိတယ်။ မကောင်းဆိုးဝါး နာနာဘာဝတွေ သိတယ်။ နာနာဘာဝတွေဟာ အဘတို့ လူသားတွေကို ဒုက္ခပေးဖို့ အမြဲကြိုးစားတယ်။ ဒုက္ခပေးလို့ ရတဲ့ လူဆိုရင် ပေးလိုက်တယ်၊ ပေးလို့မရတဲ့ လူဆိုရင် မပေးဘူး။ အေး ခုန အဘပြောခဲ့သလိုပေါ့၊ ဘုန်းမရှိတဲ့ သူတွေကို ပေးတာပဲ၊ ဘုန်းရှိတဲ့သူတွေရဲ့ အနားကိုတော့ ကပ်လို့မရလို့ မပေးဘူး"

"ကျုပ် သဘောပေါက်ပြီ အဘ၊ လက်ရှိဘုန်းထက် ပိုမြင့်အောင် ဘာလုပ်ရမလဲ"

"အဘတို့မှာ အာကိုးရာ ကိုးကွယ်ရာ ဆိုတာ ရှိတယ်။ အဲဒါက မြတ်ဗုဒ္ဓပဲ လူလေး။ အတုမရှိသော မြတ်စွာဘုရားလို့ ခေါ်ကြတယ် မဟုတ်လား။ အေး … မြတ်ဗုဒ္ဓကို ကြည်ညိုလေးစား အားကိုးရင် ဘုန်းတက်တာပေါ့ လူလေးရာ။ အဘကိုပဲ ကြည့်လေ။ အခုချိန်ထိ အနှောင့်အယှက် ဒုက္ခတွေနဲ့ မကြုံတွေ့ရဘူး။ မြတ်ဗုဒ္ဓရဲ့ တန်ခိုးတော်တွေနဲ့ လွှမ်းခြုံထားတဲ့အတွက်ပေါ့ကွယ်"

အဘသောင်းစိန်၏ စကားများသည် ကျွန်ုပ်အတွက် ဗဟုသုတများ တိုးလာသည်။ တကယ်တော့ ကျွန်ုပ်သည် ဘုရားကို





သတိရသည် ဆိုပေမဲ့ အလုပ်များသည့်အခါ၌ ဘုရားကို မေ့နေသည်က များနေသည်။ ဘုရားကို သတိရချိန်သည် ခရီးထွက်ရန် အချိန်နီးကပ်သလို ခရီးထွက်သည့်နေ့သာ သတိရပြီး ဘုရားကန်တော့ရင်း မိဘများကိုပါ ကန်တော့ခဲ့သည်။

ကျန်သည့်အချိန်များသည် မေ့ပျောက်နေသည်။ မြတ်ဗုဒ္ဓနှင့် မိဘများအား ရိုသေလေးစား သတိရလျှင် ဘုန်းရှိပြီး ဘေးအန္တရာယ်များ ကင်းဝေးကြောင်း အဘသောင်းစိန် ပြောမှ သတိထားမိသည်။

ထိုအချိန်တွင် ကျွန်ုပ်တို့သည် ခရီးဆက်ရန် ပြင်ဆင်ပြီးနောက် ခရီးဆက်ကြရတော့သည်။ ကျွန်ုပ်တို့ ခရီးဆက်ရသည်မှာ ရက်မှလသို့ ကူးပြောင်းရန် နီးကပ်လာသည့်အတွက် သွားရောက်ရမည့်တောင်ကိုလည်း ရောက်ရှိတော့မည် ဖြစ်နေသည့်အတွက် စိတ်တွင်း၌ တွေးရင်းပျော်ရွှင်လာသည်။

ထိုနေ့တွင် စတင်ခရီးဆက်မိကြရာမှ အနားယူခြင်း မရှိသလို ရေများဆာလောင်ခြင်း မရှိသည်မို့ စိတ်ကိုအံ့ဩနေမိသည်။ နေရောင်ခြည်များ၏ အပူဒဏ်ကို လွတ်လွတ်ကျွတ်ကျွတ် မခံရဟု ပြောလာလျှင် ကျွန်ုပ်တို့၏ လမ်းခရီးဝန်းကျင်တွင် တောများ ပို၍ပင် နက်လာသည်။ ကြီးမားသည့် နှစ်ချို့အပင်ကြီးများနှင့် တောတောင်များသည် လွန်စွာ အံ့ဩစရာ ကောင်းနေသည့်အတွက် တောနက်ကြီးအတွင်းသို့ ရောက်ရှိနေပြီဟု ပြောလျှင် လွန်စွာမှန်ကန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းနေရာ၌ ရောက်ရှိနေထိုင် စားသောက်ကြသည့် တောရိုင်းတိရစ္ဆာန်များသည် လွန်စွာကြီးမားထွားကျိုင်းလျက်ရှိသည်။ ကျွန်ုပ်တို့သည် တောင်ကြီးတစ်တောင်အား ကျော်ဖြတ်ပြီး နောက်ထပ် တောင်တစ်တောင်အား ဆက်လက်ကျော်ဖြတ်နေသည်မို့ တောင်ကြီးသည် မြင့်မားလှသည်ဟု ထင်နေသလို တောင်ခြေ၌ ပေါက်နေသည့် အပင်ကြီးများသည် တောင်ထိပ်သို့ ရောက်ရှိလာခြင်း မရှိ။ ထို့အတူ တောင်ခြေ၌ တွေ့နေရသည့် တောရိုင်းကောင်များသည် လွန်စွာကြီးမားနေပြီး၊ တောင်ပေါ်၌ တက်ရောက်ကြခြင်း မရှိအောင် ဖြစ်နေသည်။

ထို့နောက် တောကောင်ကြီးများသည် တောကောင်ငယ်များ၏ အနောက်သို့ လိုက်နေသည်ကိုလည်း အပေါ်မှ မြင်နေရသည်။ တောကောင်ကြီးများသည် တောကောင်ငယ်များကို သတ်ဖြတ်စားသောက်နေကြသည်ကို တွေ့ရပြီး တောကောင်ကြီး အချင်းချင်း စားသောက်နေသည်ကိုလည်း တွေ့နေရသည်။

"တွေ့လား လူလေး။ ကြီးနိုင်ငယ်ညှဉ်း ဆိုတာ အဲဒါကို ပြောတာပေါ့"

"အဘပြောတာတော့ ဟုတ်သလိုပဲ။ ဒါပေမဲ့ ကျုပ်တစ်ခု စဉ်းစားမိတယ်"

"ဘာများလဲ လူလေးရဲ့"

အဘသောင်းစိန်သည် နားမလည်သည့် အကြည့်ဖြင့် ကျွန်ုပ်အား ကြည့်လိုက်သည့်အတွက် စိတ်ထဲ၌ ပျော်ရွှင်သလိုဖြစ်





သွားသည်။ ကျွန်ုပ်သည် တကယ်လည်း ဤသို့ဖြစ်အောင် ပြောလိုက်ခြင်းဖြစ်သည်။

"တခြားတော့ မဟုတ်ဘူး အဘသောင်းစိန်။ သူတို့ဟာ အသားစားတိရစ္ဆာန်တွေလေ။ အသားစားတဲ့ကောင်တွေကို အသားစားတာ လွန်တယ်လို့ ပြောလို့မရဘူး။ အနိုင်ကျင့်တာပဲလို့ ပြောရင်လည်း မှားသွားမှာပဲ။ ကတ်လို့ပြောတာ မဟုတ်ဘူးနော် အဘ။ ဥပမာ ဆင်တွေကို အသားကျွေးရင် စားမှာ မဟုတ်သလို၊ ကျားတွေကို သစ်ဥသစ်ပင်တွေ ကျွေးရင် စားမှာမဟုတ်ဘူး။ သူ့မျိုးနွယ်စုနဲ့ လာကြတာပဲ။ အဲဒါကို ကြီးနိုင်ငယ်ညှဉ်းလို့ ပြောလို့မရဘူး"

"ဒီတစ်ခါတော့ လူလေးစကားတွေဟာ လက်ခံနိုင်လောက်တယ်။ ကဲ ... အဘ နည်းနည်းမောသွားပြီ၊ နေလည်း မွန်းတိမ်းသွားပြီဆိုတော့ အနားယူပြီး ပါလာတာလေးတွေကို စားကြစို့"

"ကျုပ်လည်း ပြောမလို့ပါပဲ။ ဒီနေရာမှာ မဟုတ်ဘူး။ ဒီတောင်ရှည်မှာပါ။ အဲဒီနေရာဆို ကျုပ်တို့အတွက် အဆင်ပြေပါတယ် အဘ"

ကျွန်ုပ်တို့သည် စကားပြောရင်း ဆက်လက်ခရီးဆက်လာခဲ့ကြရာ မကြာခင် ထိုနေရာသို့ ရောက်ရှိတော့မည်။ ငင်းတောင်သည် တောင်ရှည်ကြီးဖြစ်ပြီး တောင်အားလုံးထက် မြင့်သည်မို့ လျှောက်လှမ်းရသည်မှာ လွန်စွာပင်ပန်းသည်ဟု ဆိုရပေမဲ့ ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြတ်လမ်းတစ်ခုလို ဖြစ်သည်။ ထိုတောင်ကြီး၏အပေါ်မှ မသွားဘဲ တခြားတောင်မှ ခရီးဆက်လျှင် အန္တရာယ်များများနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး အသက်အန္တရာယ် စိုးရိမ်ရသည်။

ယခုတောင်ထိပ်ပေါ်မှာ သွားရသည့်အတွက် လွန်စွာအေးချမ်းပြီး အဆင်ပြေသည်။ ကျွန်ုပ်တို့သည် အနားယူရာသို့ ရောက်ရှိပြီး ခေတ္တအနားယူကြသည်။ ပါလာတာတွေကို စားကြသည်။ ကျွန်ုပ်တို့သည် လျှောက်လှမ်းလာသည့် လမ်းခရီး၏ အကြောင်းများအား ပြောကြပြီး ဆက်ရမည့် ခရီးစဉ်တွေကို ပြောဆိုတိုင်ပင်ပြီး ခရီးဆက်ခဲ့ကြပေတော့သည်။

✧ ✧ ✧

## အခန်း(၅)

"အား ... အဘရေ ... ပြေး ပြေး"

ကျွန်ုပ်၏ အသံသည် ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားပေ၏။

ထို့အတူ အဘသောင်းစိန်သည် ကျွန်ုပ်၏ စကားအား လက်ခံသည့်အနေဖြင့် ပြေးနေသည့်အတွက် ကျွန်ုပ်သည်လည်း အနောက်မှ လိုက်လာခဲ့သည်။ တစ်တောလုံး ကျွန်ုပ်တို့၏ ခြေသံများက လွှမ်းမိုးနေသည်ဟု ထင်ရပေမဲ့ အသက်ဘေးမှ လွတ်မြောက်ရန်သာ ဖြစ်သည်။





အကြောင်းမှာမူ တခြားမဟုတ်။ ကျွန်ုပ်တို့သည် စကားပြော ခရီးဆက်လာရာမှ ခြေသံကြား၍ လှည့်ကြည့်မိရာ ကျားတစ်ကောင် ပြေးလိုက်လာသည်ကို တွေ့လိုက်ရသည့်အတွက် လွန်စွာ အံထိတ်တလန့် ဖြစ်သွားသည့်အတွက် ပြေးလိုက်ရခြင်း ဖြစ်သည်။

ထိုအချိန်တွင် စိတ်ကူးတစ်ခု ရလိုက်ပြီး အဘသောင်းစိန်အား အသက်ဘေးမှ လွတ်မြောက်ရန် ပြေးခိုင်းပြီး ကျားကြီးအား ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။ ကျွန်ုပ်သည် သစ်ပင်အကွယ်တစ်ခုအား ကွယ်လိုက်ပြီးနောက် သေနတ်အား အသင့်ပြင်ထားလိုက်သည့် အချိန်တွင် ကျားကြီးသည် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာသည်မို့ သေနတ်မောင်းအား ဖြုတ်လွှတ်ရန် အဆင်သင့် ဖြစ်နေသည်။ ကျွန်ုပ်သည် သေနတ်ပြောင်းအား ဘယ်ဘက်လက်ဖြင့် မ,၍ ပင့်တင်ပြီး ညာဘက်လက်က သေနတ်မောင်းအား အသာတို့ထိပြီး ဘယ်ဘက်မျက်လုံးကို အသာမှိတ်၍ ညာဘက်မျက်လုံးသည် သေနတ်ပြောင်း တည့်တည့်ကြည့်၍ ပြေးလာသည့် ကျားကြီးအား ပစ်ခတ်ရန် အသင့်အနေအထား ဖြစ်နေသည်။

"ဒိုင်း"

ဝန်းကျင်တစ်ခုလုံး ဆူညံသံများနှင့်အတူ ကျည်တောင့်သည် ဦးတည်နေပေ၏။

"ဝေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီးသည် ဟိန်းဟောက် မာန်ဖီ၍ လေးပေါ်သို့ ခုန်တက်ပြီး အနောက်ကျွမ်းပစ် တစ်ဖက်သို့ ဖွက်သွားပေ၏။ ထို့အတူ ကျွန်ုပ် ပစ်လိုက်သည့် ကျည်တောင့်သည် ကျားကြီး၏ ဘေးသို့ ထိမှန်သွားသည်။ တကယ်တော့ တောရိုင်းကောင်များ သည် သေနတ်ဖြင့် ထိမှန်သွားလျှင် ချက်ချင်းလဲကျ သေဆုံးသွား သည်ဆိုတာ လွန်စွာရှားပါသည်။ သေနတ်ဖြင့် ထိမှန်ပြီးလျှင် အထိတ်တလန့်ဖြစ်၍ ခြေဦးတည့်ရာသို့ ပြေးတတ်သည်။ ရရှိ ထားသည့် ဒဏ်ရာသည် ကိုယ်တွင်း၌ မခံနိုင်သည့် နေရာ၌လဲကျ သေဆုံးသွားတတ်သည်။ တောလိုက်မုဆိုးများသည် သားကောင် အား ပစ်ခတ်ပြီးသည်နှင့် သားကောင်၏ အနောက်သို့ ချက်ချင်း လိုက်လေ့မရှိ။

ချက်ချင်း လိုက်မိလျှင် ဒဏ်ရာရထားသည့် သား ကောင်သည် မုဆိုးအား ပြန်၍တိုက်ခိုက်တတ်သည်။ ထိုအတွင်း သားကောင်ရော မုဆိုးပါ သေပွဲဝင်ကြရသည်။ ထိုအတွက်ကြောင့် ချက်ချင်းမလိုက်ခြင်းသာ ဖြစ်သည်။ ယခု ကျွန်ုပ် မောင်ကံထူး သည် သားကောင်ဖြစ်သွားသည့် ကျားကြီး၏နောက်သို့ လိုက်ရန် အချိန်မရှိသည့်အတွက် အဘသောင်းစိန်၏ အနောက်သို့သာ ဆက်လက် လိုက်နေရသည်။

ဤသို့နှင့် ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် ဆုံ မိကြပြီး ခရီးဆက်ခဲ့ကြသည်။ ထို့နောက် တောင်ကြီးတစ်တောင် အား ကျော်ဖြတ်ပြီး မြောင်တစ်ခုအား ဆက်လက် ကျော်ဖြတ်





သည်။ မြောင်တစ်ခုအား ခက်ခဲစွာ ကျော်ဖြတ်ပြီးနောက် ကျွန်ုပ် တို့၏ ခရီးစဉ်သည် ဤနေရာ၌ အဆုံးသတ်သွားပြီဟု ထင်နေမိ သည်။

(စာရှုသူတို့ အဘသောင်းစိန်နှင့် မောင်ကံထူးတို့၏ ခရီးစဉ်များအား အကျယ်ချဲ့၍ တင်ပြချင်သော်လည်း လုံးချင်းဝတ္ထု မဟုတ်သလို စာမျက်နှာအား ငဲ့ညှာနေရသည်မို့ ဤနေရာ၌ရပ်၍ စကားဝါတောင် ကိုသာ ရောက်ရှိသွားပြီဟု သဘောထားပြီး စကားဝါတောင်၌ တွေ့ကြုံ ခဲ့ရတာတွေကို ဆက်လက်ဖတ်ရှုကြပါရန် လေးစားစွာ တောင်းဆို လိုက်ပါသည်၊

စာရေးသူ)

ကျွန်ုပ်နှင့် အဘသောင်းစိန်တို့သည် စကားဝါတောင် ခြေ၌ တစ်ညတာအတွက် အနားယူနေကြသည်။ စကားဝါတောင် ကို တောင်မောင်နှမဟု ခေါ်ကြသလို တောင်နှစ်လုံးသည် ပူးကပ် နေသည်။ ၎င်းတောင်နှစ်လုံးသည် အရှေ့နှင့် အနောက်သို့ ကန့် လန့်အနေအထား ဖြစ်နေသည့်အတွက် အစ်ကိုတော်တောင်သည် မြောက်ဘက်ဖြစ်ပြီး နှမတော်တောင်သည် တောင်ဘက်၌ ဖြစ် သည်။ အစ်ကိုတော်တောင်သည် နှမတော်တောင်ထက် မြင့်သည်။

ယခု ကျွန်ုပ်တို့သည် အစ်ကိုတော်တောင်ခြေ၌ နေ ရာယူ၍ တစ်ညတာအတွက် စခန်းချသည်။ ကျွန်ုပ်တို့ စခန်းချ သည့် နေရာသည် ကျွန်းနက်သုံးပင်၏ အလယ်၌ဖြစ်သည်။ ထို တောင်၌ ထူးဆန်းသည့် အချက်များမှာ အစ်ကိုတော်တောင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းအနက်များ ပေါများသလို နမတော်တောင်သည် ပီကောက်နက်များ ပေါသည်။

(ပီတောက်နက်နှင့် ပတ်သက်၍ ဂမုန်းကေရီ 'သို့'ဘဒ္ဒဒေဝီ စာမူ၌ ဖော်ပြရေးသားဖူးသလို ကျွန်းနက်နှင့် ပတ်သက်၍ ဆဌမမြောက် သမိုင်းတော်၌ ရေးသားဖူးပါသည်။ စာရေးသူ)

ကျွန့်ုပ်တို့သည် ပါလာသမျှ အထုပ်အပိုးများအား ကျွန်းနက်သုံးပင်ကြား၌ နေရာချပြီး သစ်ကိုင်းခြောက်များကောက်ပြီး စုပုံထားသလို ဝါးအဆစ်ပုံများလည်း အဆင်သင့် ပုံထားသည်။

အချိန်သည် နေရောင်ခြည်များ ပျောက်ကွယ်သွားပြီမို့ ကျွန်ုပ်သည် ထင်းမီးလေးအား ဖိုလိုက်သည်။ ထို့အတူ ကျွန်ုပ်တို့သည် တောင် များနှင့် ပတ်သက်၍ ပြောနေကြသည်။

"ဒီတောင်မောင်နမနဲ့ ပတ်သက်ပြီး သိလား လူလေး"

"အားလုံးကိုတော့ သိပါတယ်၊ ပြောရမှာတော့ ကြောက်နေသလိုပဲ အဘ"

"ဘာကြောင့်များလဲကွယ်"

ကျွန်ုပ်သည် အဘသောင်းစိန်အား တစ်ချက်ကြည့်ပြီးနောက် ဝန်းကျင်အား အကဲခတ်နေသည်။ ဝန်းကျင်သည် ထူးခြားမှုမရှိ၊ တိတ်ဆိတ်နေသည်။ ကျွန်ုပ်သည် အဘသောင်းစိန်၏ မေးခွန်းအားပြောရန် စိတ်ကူးလိုက်သည်။ အဘသောင်းစိန်သည် ကျွန်ုပ် ပြောလာမည့် စကားအား စိတ်ဝင်စားနေသည်။





တကယ်တော့ ကျွန်ုပ်သည် စကားဝါတောင်(သို့) မောင်နမတောင်၏ အကြောင်းကို ကျွန်ုပ်၏ အဖေ ပြောပြထား၍ သိရပေမဲ့ လွန်စွာ စိတ်ဝင်စားစရာ ကောင်းနေပေ၏။ ကျွန်ုပ်တို့သည် စကားဝါတောင်ခြေသို့ ရောက်ရှိလာပြီ ဆိုသည်အတွက်ကြောင့် စိတ်ကို အေးဆေးသည့် နေရာ၌ထားပြီး စကားများပြောနေကြခြင်းသာ ဖြစ်သည်။

"တစ်ချိန်တုန်းကာလမှာလို့ပဲ ပြောရမှာပဲ အဘ။ အဲဒီတုန်းက ဒီတောင်ကို မောင်နှမ နှစ်ယောက် ရောက်လာကြတယ်။ သူတို့ဟာ ရွာကြီးတစ်ရွာက ထွက်ပြေးလာကြတာတဲ့။ ဒုက္ခသည်တွေပေါ့ အဘရာ"

"ဘယ်လိုဒုက္ခမျိုးတွေလဲ လူလေး"

"အဖြစ်က လွန်စွာဆန်းကြယ်တယ် အဘ။ ဒီအကြောင်းတွေကို စတင်ခဲ့တဲ့သူက စောဒေဝီပါ။ စောဒေဝီတို့ နေထိုင်တဲ့ ရွာလေးက လွန်စွာအေးချမ်းတယ်လို့ ပြောတယ်။ စည်ကားတယ်၊ လုပ်ငန်းတွေလည်း အဆင်ပြေတယ်။ အတိုချုံးပြီး ပြောရရင်တော့ စောဒေဝီလေး လူ့လောကထဲကိုရောက်လာပြီပေါ့။ ကံဆိုးချင်တော့ မစောဒေဝီ မွေးတဲ့နေ့မှာပဲ စောဒေဝီရဲ့ အဖေ သေသွားတယ်၊ ထူးဆန်းတာက စောဒေဝီ မွေးတဲ့နေ့မှာပဲ ရွာထဲမှာ နေထိုင်သူ အဘွားအိုသုံးယောက် သေဆုံးသွားပြီး နှစ်ချို့ကုက္ကိုပင်သုံးပင်နဲ့ လက်ပံပင်ကြီးနှစ်ပင် လဲကျန်တယ်၊ မိုးကလည်း ရွာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ လေကလည်း တိုက်လိုက်တာ၊ အိမ်တွေလည်း ပြိုကုန်တယ်။ အဲဒီအချိန်မှာ စောဒေဝီကို မွေးဖွားတော့မဲ့ စောဒေဝီ မွေးပြီလို့ပဲ ထားလိုက်ပါတော့ ...

စောဒေဝီ မွေးပြီးချိန်မှာ လေတွေ မိုးတွေ မရှိတော့ဘဲ ကြယ်တွေတောင် ပြန်ထွက်နေပြီတဲ့။ စောဒေဝီကို မွေးပြီး နောက်တစ်နေ့မှာ အနက်ရောင်ဝတ်စုံနဲ့ မိန်းမသုံးယောက် ရွာထဲကို ရောက်လာပြီး စောဒေဝီကို လာကြည့်သွားတယ်၊ သူတို့က လူတွေမဟုတ်ဘူး၊ စောဒေဝီကို မွေးပေးတဲ့အတွက်ဆိုပြီး ရွှေဒင်္ဂါးပြား နှစ်ဆယ်ကို ပေးပြီး သခင်မကို ဂရုစိုက်ပါလို့ မှာသွားသလို နာမည်ကိုလည်း ပေးခဲ့တယ်။ အဲဒီမိန်းမတွေဟာ ဘယ်ကလဲဆိုပြီး မသင်္ကာလို့ လိုက်ကြည့်တော့ ရွာဦးထိပ်မှာ သုံးယောက်စလုံး ပျောက်သွားတယ်။ စောဒေဝီ အရွယ်ရောက်လာတော့ ကြိုက်တဲ့သူတွေ ပေါ်လာတယ်၊ စောဒေဝီကလည်း တကယ့်ကို ချောတာကို အဘရဲ့။ အံ့ဩစရာ ကောင်းတာက စောဒေဝီကို ကြိုက်တဲ့သူတွေဟာ တစ်ယောက်ပြီး တစ်ယောက် သေကုန်တယ်။ ဒီနေရာမှာ ပြောစရာတစ်ခုရှိလာတယ်။ စောဒေဝီ ဆယ့်သုံးနှစ်အရွယ်မှာ ၎င်းရဲ့မိခင် သေဆုံးသွားတဲ့အတွက် စောဒေဝီဟာ အစ်ကိုနဲ့ နေရတယ်"

အဘသောင်းစိန်သည် ကျွန်ုပ်၏ ပြောစကားအား သေချာစွာ နားထောင်နေပြီး လွန်စွာလည်း စိတ်ဝင်စားနေသည်။





ဝန်းကျင်တစ်ခုလုံးသည် ကျွန်ုပ်တို့နှစ်ယောက်၏ အသံက လွှမ်းမိုးလျက် ရှိနေပေ၏။

"ပြဿနာက အဲဒီကစတာကို အဘရေ၊ ရွာရဲ့အကြီးအကဲသား တစ်ယောက်က စောဒေဝီကို လူငယ်သဘာဝ ချစ်စကား ကြိုက်စကား လိုက်ပြောရာ စောဝတီက ဒေါသနဲ့ ပြောမိလိုက်တာ အဲဒီလူဟာ တကယ်ဖြစ်ပြီး သေဆုံးသွားတယ်။ အဲဒီအချိန်မှာပဲ စောဒေဝီကို စုန်းကဝေမလို့ သတ်မှတ်ကြတယ်။ ယခင်က ဖြစ်ခဲ့တာတွေနဲ့ ပေါင်းစုပြီး ရွာထဲမှာ မနေရတော့ဘူး၊ ပြင်းထန်တဲ့အမိန့်နဲ့ တောထုတ်ကြတယ်။ အဲဒီအချိန် စောဒေဝီတို့ မောင်နှမဟာ တောထွက်ခဲ့ရသလို စောဒေဝီလည်း စိတ်နာနာနဲ့ ရွာကိုပြောလိုက်တာ အဲဒီရွာဟာ မီးလောင်ပြီး ပျက်စီးသွားတယ်၊ စောဒေဝီတို့ မောင်နှမလည်း ရွာကထွက်ပြီး ဒီတောင်မှာ လာနေကြတယ်။ တောလိုက်မုဆိုးများ အနီးဝန်းကျင်မှာ နေထိုင်သူများက ရိုသေလေးစားကြသည်။ သူတို့အတွက် စောဒေဝီဟာ တန်ခိုးရှင် ဖြစ်နေတယ်။ သူ့ကို လေးစားသူတွေကို ဒုက္ခမပေးဘူး၊ မဟုတ်တာ လုပ်သူတွေကို ဒုက္ခပေးသည်။

စောဒေဝီဟာ မသေခင်မှာ တန်ခိုးရှင်မ ဖြစ်ပြီး ထိုတောင်ကိုလည်း တန်ခိုးရှင်တောင်လို့ပဲ အလွယ်ခေါ်ကြတယ်။ အခုတော့ တောင်မောင်နှမို့ ခေါ်လာတော့တာကို



www.burmeseclassic.com

www.burmeseclassic.com



အဘရာ။ သူတို့ပြောပုံအရ စောဒေဝီတို့ဟာ ဒီတောင်မှာ အခုထိရှိနေသေးတယ်လို့ ပြောနေကြတယ်"

"ဟေ ... ဘယ်လို ... ဘယ်လို"

အဘသောင်းစိန်သည် ကျွန်ုပ်အား အံ့သြသည့် အကြည့်များဖြင့်သာ ကြည့်လိုက်သည် ဆိုတာကို သတိထားမိသည်။ ထိုအကြည့်သည် ကျွန်ုပ်အတွက် လွန်စွာအံ့သြစရာ ဖြစ်နေသည်မို့ ကျွန်ုပ်၏ စကားများသည် လွန်စွာရိုးစင်းနေသည်ဟု ပင် ထင်နေမိသည်။

"စောဒေဝီတို့ မောင်နှမဟာ ဒီတောင်မှာ အခုထိ ရှိနေတယ် ဆိုတာ တခြားမဟုတ်ဘူး အဘသောင်းစိန်။ ထို့အတူပဲ တွေ့တဲ့သူတွေကလည်း တောလိုက်မုဆိုးတွေပဲ။ တော ကောင်လိုချင်ရင် သူတို့ကို တိုင်တည်ပြီး သားကောင်ကို တောင်းရင် သားကောင်ရတယ်။ သားကောင်ရရင် ပြန်တော့၊ လောဘကြီးပြီး ဆက်လိုက်ရင်တော့ ကျားအလိုက်ခံရပြီတဲ့။ အဲဒါကြောင့် စောဒေဝီတို့ မောင်နှမဟာ ဒီတောင်ပေါ်မှာ ရှိတယ်လို့ ပြောတာပဲ အဘသောင်းစိန်"

"အဘ သဘောပေါက်ပြီ လူကလေး၊ ကဲ ... ကဲ ... အနားယူကြစို့ကွယ်"

ကျွန်ုပ်နှင့် အဘသောင်းစိန်တို့၏ စကားဝိုင်းလေးကို ထိုအချိန်မှစ၍ ရုပ်သိမ်းလိုက်ပြီဟု ထင်ပေမဲ့ အဘသောင်းစိန်၏ လက်ကျန်မေးခွန်းတစ်ခုအား ကြားလိုက်ရသည်။





"ဒါနဲ့ ခပ်စောစောက ကျားဟိန်းသံ ကြားမိလား လူလေး"

"ဟုတ်ကဲ့ ကြားလိုက်ပါတယ်၊ သခင်မ(နှမတော်)တောင် ထိပ်ပေါ်ကပါ အဘ၊ စိတ်ချပါ အဘ၊ ကျုပ်တို့ကို အန္တရာယ်မပြုပါဘူး၊ ကျုပ် အကြောင်းကြားထားပြီးပါပြီ"

လွန်စွာအံ့သြသည့်အကြည့်ဖြင့် ကျွန်ုပ်အား ကြည့်နေသည်။ ကျွန်ုပ်တို့သည် တောလိုက်မုဆိုးများ ဖြစ်သည့်အတွက် တောအကြောင်းများကို သိထားသလို တောနှင့်ပတ်သက်မှုများကို လည်း လေ့လာသိထားရသည်။

ထို့အတွက်ကြောင့် ကျွန်ုပ်သည် တောင်ခြေသို့ ရောက်ရှိပြီး မကြာခင်မှာ တောင်ကိုစောင့်သော တောင်စောင့်နတ် တောစောင့်နတ် ပိုင်ရာဆိုင်ရာများအား အကြောင်းကြားပြီး နေထိုင်ခွင့်တောင်းသည်။

ဤသို့ပြုလုပ်သည်မို့ ကျွန်ုပ်တို့အား ကျ ရောက်လာမည့် ဘေးအန္တရာယ်များကို အတတ်နိုင်ဆုံး ကာကွယ် ပေးသည်။ ကျွန်ုပ်သည် ထိုကဲ့သို့ ပြောလိုက်သည့်အတွက် အဘ သောင်းစိန် သည် လွန်စွာအံ့သြ၍ နေပေတော့၏။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

တစ်ညလုံး အိပ်မရအောင် ဖြစ်နေသည်မို့ နေအတော်မြင့်မှ အိပ်ရာမှ နိုးထလာသည်။ ဘဘသောင်းစိန်သည်လည်း ကျွန်ုပ်နှင့်အတူလောက် အိပ်ရာမှ နိုးကြသည်။ အကြောင်းမှာမူ တခြားမဟုတ်။ အိပ်ပျော်ခါနီးလောက်မှာ ခြေသံများကြားလာသည့်အတွက်ကြောင့်ဖြစ်ရာ အန္တရာယ်ပြုမည့် အကောင်များလားဟု စိုးရိမ်စိတ်များစွာ ဖြစ်သဖြင့် အသင့်ရှိနေသည့် ဝါးခုဆစ်ပိတ်များအား မီးပုံအတွင်းသို့ ပစ်ထည့်ခဲ့ရာ မီးများ၏ အစွမ်းကြောင့် တဒိုင်းဒိုင်းဖြင့် ပေါက်ကွဲပြီး တောကောင်များသည် အထိတ်တလန့် ထွက်ပြေးသော်လည်း မြင်ကွင်းထဲ၌ လူဟုတင်ရသည်များကိုလည်း တွေ့ရသည်။

ထိုအတွက်ကြောင့် လေးမြားကို အသင့်ကိုင်၍စောင့်နေသည်။ ကျွန်ုပ်သည် တောအတွင်းသို့ ဝင်ရောက်လာခဲ့ရာ သေနတ်၊ လေး၊ မြား၊ ခုတ်ဓားတို့ကို အပါယူလာခဲ့သည်။ ၎င်းပစ္စည်းများသည် ကျွန်ုပ်တို့ တောလိုက်မုဆိုးများ၏ အနီးကပ်အဖော်များသာ ဖြစ်သည်။ ထိုညက ဖြစ်ရပ်များမှာ လေးမြားဖြင့် တစ်ချက်ပစ်လိုက်သည်။ ၎င်းသို့ ပစ်ရသည်မှာ ပစ်ချင်လွန်း၍ မဟုတ်၊ အနီးကပ်လာပြီဖြစ်၍ အသက်ကို စိုးရိမ်၍ ပစ်လိုက်ရခြင်းသာ ဖြစ်သည်။





"ကဲ ... လူလေး၊ တောင်ပေါ်မှာ စခန်းချမလား၊ ဒီနေရာမှာပဲ စခန်းချမလား၊ လူလေးရဲ့ဆန္ဒကို အဘသိချင်တယ်"

"အဘက ဘယ်နေရာမှာ အဆင်ပြေမယ်လို့ ထင်လဲ။ အဘ အဆင်ပြေမဲ့ နေရာကိုသာ ပြောပါ"

"အဘ ညက တရားအားထုတ်မိတယ်၊ ဒီနေရာထက် တောင်ပေါ်က ပိုအဆင်ပြေတယ်။ နေရမဲ့ နေရာက နမတော်ရဲ့ တောင်ပေါ်မှာပဲ။ အဲဒီတောင်ပေါ်မှာနေရင် အဘတို့အတွက် လွန်စွာအဆင်ပြေမယ်လို့ ပြောသလို ဂမုန်းနက်ကိုလည်း အလွယ်တကူ ရှာတွေ့မယ်လို့ ပြောသွားတယ်။ တစ်ခုပြောချင်တာက အဲဒီနေရာမှာနေရင် သတိထားရမယ်"

ကျွန်ုပ်သည် အပေါ်သို့ ပြောင်းရွှေ့ရန်အတွက် အထုပ်တွေ ပြင်ဆင်နေသည့် အချိန်တွင် အဘသောင်းစိန်၏ အသံကို ကြားလိုရသည်မို့ စိတ်ထဲ၌ တစ်မျိုးဖြစ်သွားပြီးနောက် အဘသောင်းစိန်ထံ ခပ်သွက်သွက်လေး ထွက်လာခဲ့ပေသည်။ တကယ်တော့ အဘသောင်းစိန်သည် ကျွန်ုပ်အား ခေါ်လိုက်ခြင်းသာ ဖြစ်သည့်အတွက် ထွက်လာခဲ့ခြင်းသာ ဖြစ်သည်။ ကျွန်ုပ် အဘသောင်းစိန်၏ အနားသို့ အရောက်တွင် ဝမ်းသာမှုများ ဖြစ်ရသည်။ အဘသောင်းစိန်သည် လေးဘက်တန်းလန်းဖြင့် သေနေသည့် ဂျီ(ချေ)တစ်ကောင်အား ပြလိုက်သည်။ ၎င်းသည် ညက ကျွန်ုပ်ပစ်လိုက်သည့်အတွက်ကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ဂျီ



www.burmeseclassic.com

www.burmeseclassic.com



(ချေ)အား ခါးဖြင့် ပေါင်သားများနှင့် အသားကောင်းများအား ဖြတ်ယူလိုက်ပြီးနောက် တောင်ပေါ်သို့ တက်လာခဲ့ကြပေတော့သည်။

✧ ✧ ✧

## အခန်း(၇)

နမတော်တောင်ပေါ်သို့ ရောက်ရှိနေရာယူပြီးနောက် အဘသောင်းစိန်သည် ဂမုန်းနက်ပင်အား ရှာရန်အတွက် ထွက်သွားရာ စခန်း၌ ကျွန်ုပ်မောင်ကံထူး တစ်ယောက်သာ ကျန်ရစ်ခဲ့ပြီး ဂျီ(ချေ)သားများကို မီးဖြင့်ကင်နေပေ၏။ ကျွန်ုပ်သည် တောတွင်းအား ခရီးထွက်ခဲ့သည်မှာ ကြာသော်လည်း ယခုပထမဆုံးအကြိမ် သားကောင်အား မီးကင်၍စားကြရန် ဖြစ်သည်။ ထိုသို့စားရသည်မှာ သားကောင်အား သေစေလိုသည့်သဘောဖြင့် ပစ်ခတ်ခြင်းမဟုတ်။ အထိတ်တလန့်ဖြစ်၍ ပစ်လိုက်ခြင်းဖြစ်ရာ ယခုတော့ သားကောင်၏ အသားအား စားရခြင်းဖြစ်သည်။

ကျွန်ုပ်သည် အသားများအား ကင်၍စားသောက်ပြီးနောက် သားကောင်များအား ပစ်ခတ်ရန်အတွက် နမတော်တောင်အား ထွက်ခဲ့ရာမှ တောင်တစ်ခုလုံး သားကောင်များ တွေ့ရှိခြင်းမရှိသည့်အတွက် တောင်အောက်သို့ ဆင်းလာခဲ့ပြီး တောင်၏တစ်နေရာသို့ ရောက်ရှိခဲ့သည်။ ကျွန်ုပ် ရောက်ရှိနေသည့်နေရာသည်





တောင်နှင့် ခပ်လှမ်းလှမ်း တောင်လက်တက်လေးပင် ဖြစ်သည်။ ၎င်းတောင်လေး၏ဘေး၌ ရေကန်လေးတစ်ခုရှိပြီး ရေကန်အတွင်း၌ ပဒုမ္မာကြာများ ရှိနေသည်။

ကျွန်ုပ်သည် ပဒုမ္မာကြာကန်ကြီး၏ အတွင်း၌ ရေများသောက်နေချိန်တွင် အရိပ်တစ်ခုအား တွေ့လိုက်ရသည်။ ကျွန်ုပ်သည် အရိပ်ပိုင်ရှင်အား လိုက်ရှာနေသည်။ အရိပ်ပိုင်ရှင်အား တွေ့လိုက်ရသည်မှာ ကျွန်ုပ် အတွက် လွန်စွာအံ့သြသလိုကြုံတွေ့ရသည့် အကြောင်းအား တင်ပြရလျှင် ကျွန်ုပ်သည် ကန်အတွင်း၌ ရေများခပ်သောက်နေချိန်တွင် အသံတစ်ခု ကြားသည်။ ၎င်းအသံအား လွန်စွာစိတ်ဝင်စားသည်။ ထိုအတွက်ကြောင့် အသံပိုင်ရှင်၏ အနောက်သို့ လိုက်နေမိသည်။

ထိုနေ့ဆိုလျှင် ခြောက်ရက်မြောက်ခဲ့ပြီ။ ကျွန်ုပ်သည် အသံပိုင်ရှင်နှင့်တွေ့ရန် အချိန်ကုန်ခံ၍ လာရောက်ပြီး စောင့်နေချိန်တွင် အဘသောင်းစိန်သည် ဂမုန်းဘုရင် ခေါ် ဂမုန်းနက်အား လိုက်၍ရှာနေပေ၏။ ကျွန်ုပ်သည် အသံပိုင်ရှင် လာရာလမ်းအား စောင့်ဆိုင်းနေပေ၏။

"ဟာ .... ဟိုမှာ မိန်းကလေး လာနေပြီ"

ကျွန်ုပ်သည် မိန်းကလေးအား ကြည့်နေသည်။ မိန်းကလေးသည် အစိမ်းရောင်ကို အပေါ်အောက် ဝတ်ဆင်ထားသည်။ ရှည်လျားသည့် ဆံပင်များသည် လေပေါ်သို့ လွင့်စဉ်နေသည်။ မိန်းကလေးသည် လူသားစစ်စစ် ဟုတ်ရဲ့လား၊ နာနာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝလားဟု တွေးပြီးကြည့်နေသည်။ ၎င်းသည် ကြာကန်အနီးရှိ တောင်ငယ်တစ်ခုဆီသို့ ဦးတည်နေသည်။ ကျွန်ုပ်သည် ပြတ်သားသည့် ဆုံးဖြတ်ချက် တစ်ခုအား ချလိုက်သည်။

"ဟိတ် ... မပြေးနဲ့"

ကျွန်ုပ်အား ထိုသို့ခေါ်လိုက်ချိန်၌ မိန်းကလေးသည် အနောက်သို့ တစ်ချက်လှည့်ကြည့်ပြီး ပြေးနေသည်။ ကျွန်ုပ်သည် အပြေးလိုက်နေသည်။ မိန်းကလေးသည် လွတ်ရာလွတ်ကြောင်း ပြေးနေပေမဲ့ ကျွန်ုပ်သည် မိန်းကလေး၏အနီးသို့ ရောက်ရှိလာသည်။ မိန်းကလေးသည် အခါတိုင်းလည်း ဤကဲ့သို့ ထွက်ပြေးခဲ့ဖူးသည်မို့ လိုက်ရသည်မှာ လွန်စွာခက်ခဲသည်။ ယခုတော့ ထွက်ပြေး၍ မလွတ်တော့ပေ။

"အို ... ကျွန်မကို လွှတ်ပါ"

"လွှတ်ပါရှင်"

ကျွန်ုပ်သည် မိန်းကလေး၏ စကားကို လက်မခံ၊ ရှေ့မှပိတ်၍ ဖက်ထားလိုက်သည်။ မိန်းကလေးသည် စိုးရိမ်စိတ်များဖြင့် ရုန်းနေသော်လည်း ကျွန်ုပ်သည် လွှတ်ပေးခြင်းမရှိ ဆက်လက်၍သာ ဖက်ထားသည်။ ထို့အတူ မိန်းကလေး၏မျက်နှာအား ကြည့်လိုက်ရာ မိန်းကလေးသည် ကျွန်ုပ်အား ကြည့်နေသည်။

"မင်း ဘယ်သူလဲ။ ဘယ်ကလဲ။ ဒီကို ဘာလာလုပ်တာလဲ"





"ကျွန်မကို လွှတ်ပါရှင်။ ကျွန်မ ထွက်မပြေးပါဘူး။ ရှင်မေးတာကို ဖြေပါမယ်"

"မင်း တကယ်ပြောတာနော်"

"တကယ်ပြောတာပါရှင်"

ကျွန်ုပ်သည် လွှတ်ပေးလိုက်သည်။ ထို့နောက် မိန်းကလေးသည် ပတ်ဝန်းကျင်အား အကဲခတ်၍ ကြည့်လိုက်သည်။ မိန်းကလေးသည် တစ်နေရာသို့ ထွက်ပြေးသွားမှာကို စိုးရိမ်နေသည့်အတွက် ဂရုစိုက် ကြည့်နေပေမဲ့ စိတ်ထဲ၌ တစ်မျိုးဖြစ်လာသည်။ အိပ်မောကျနေသည့် နှလုံးသားများသည် ၎င်းနှင့်တွေ့မှ လန့်နိုးလာသည်။

"ကျုပ်မေးတာကို ဖြေဦးလေ"

"ဒီလိုပါ၊ ကျွန်ုပ်တို့က ကမာဆိပ်ရွာမှာ နေပါတယ်။ ဟိုဘက်လေးတောင်ကျော် ယာခင်းများစိုက်ဖို့ ရောက်လာတာပါ။ အခုဒီကို လာရတာလည်း ကိစ္စတစ်ခုရှိလို့ လာခဲ့ရတာပါ"

"ကိစ္စရှိလို့ ဟုတ်လား၊ ဘာကိစ္စလဲ၊ မင်းနာမည်က ဘယ်လိုခေါ်လဲ"

"ကျွန်မ နာမည်က စောသဥ္ဇာပါ၊ လာရတဲ့ အကြောင်းက တခြားမဟုတ်ပါဘူး၊ ကိုကံထူး ဆိုတဲ့လူတစ်ယောက်ကိုလာရှာတာပါ"

"ကံထူးကို လာရှာတာ၊ ဟုတ်လား မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားသည် ကျွန်ုပ်အတွက် လွန်စွာအံ့သြသွားသည်။ မိန်းကလေးအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်မိသည်။ တကယ်တော့ ကျွန်ုပ်၏နာမည်သည် မောင်ကံထူး ဖြစ်သည်။ ယခုချိန်တွင် ထိုတောင်ပေါ်၌ ရောက်ရှိနေသည့် ကံထူးဆိုသည့် လူတစ်ယောက်ဟာ ကျွန်ုပ်မှလွဲ၍ နောက်ထပ်လူ မရှိ။ မိန်းကလေးသည် မည်သည့်အတွက်ကြောင့် ထိုနာမည်ပိုင်ရှင်အား လာရောက်ရှာဖွေနေတာလဲ။ ကိစ္စတစ်ခုရှိလိမ့်မည်ဆိုတာ သိနေပေမဲ့ ကောင်းခြင်းနှင့် မကောင်းခြင်း နှစ်ခုမှ တစ်ခုက သေချာသည်။

ထို့ကြောင့် ကျွန်ုပ်ဟာ မောင်ကံထူးပါလို့ ပြောလိုက်ရင် ကောင်းမလား၊ မိန်းကလေးကရော မည်သို့တုံ့ပြန်မလဲ။ အတွေးပေါင်းများစွာသည် ခေါင်းထဲ၌ ပြည့်နေပေ၏။

"ကံထူးကို ဘာသဘောနဲ့ လိုက်ရှာနေတာလဲ။ တွေ့ရင်ကော မှတ်မိပါ့မလား မိန်းကလေး"

"မှတ်မိပါတယ်၊ လူကိုမမှတ်မိရင်တောင်မှ မှတ်မိတာတွေ ရှိပါတယ်။ လိုက်ရှာတယ်ဆိုတာ တခြားမဟုတ်ပါဘူး။ ကျွန်မ အိပ်တဲ့အခါမှာ ကိုကံထူးဆိုတဲ့ လူရဲ့အကြောင်းကို လာပြောနေတယ်။ တစ်ခါမဟုတ်ပါဘူး၊ အခါပေါင်းများစွာပါ။ အဲဒါကြောင့် အဲဒီလူကို ကျွန်မ လွန်စွာစိတ်ဝင်စားပြီး လိုက်ရှာနေတာပါ။ အိပ်မက်အရ ဒီနမတော်းတောင်ကို ရောက်နေပါပြီ၊ အဲဒီအချိန်မှာ ဒီက အစ်ကိုနဲ့ တွေ့ရတာပါ"





"ကျုပ်က ကံထူးပါဆိုရင် ခင်ဗျား ဘယ်လိုပြောမလဲ"

မိန်းကလေးသည် ကျွန်ုပ်အား သေချာကြည့်နေသည်။ စိတ်ထဲ၌ ပျော်ရွှင်သလို ကြေကွဲသလို ဖြစ်နေသည်။ ကျွန်ုပ်သည်လည်း မိန်းကလေးအားကြည့်ပြီး ပြောလာမည့်စကားကို စောင့်ဆိုင်းနေသည်။

"အစ်ကို တကယ်ပြောနေတာလား"

"ကျုပ်ဟာ မုဆိုးလေး ကံထူး အစစ်ပါ"

"ဒါဆို အစ်ကို့ရဲ့ ဘယ်ဘက်လက်မောင်းရင်းမှာ ကျားကုတ်ထားတဲ့ ဒဏ်ရာရဲ့ အမာရွတ် ရှိတယ်မဟုတ်လား"

ကျွန်ုပ် ဘာပြောရမှန်း မသိအောင်ဖြစ်ပြီး အံ့သြခြင်းများစွာဖြင့် မိန်းကလေးအား ကြည့်လိုက်သည်။ မိန်းကလေး ပြောသည်မှာ လွန်စွာမှန်နေသည်။ လွန်ခဲ့သည့် နှစ်အတန်ကြာ ကာလမှာ ကျွန်ုပ်သည် ဖခင်နှင့် တောလိုက်ထွက်လာခဲ့ရာ ရှေ့မှတောဝက်ကိုပစ်ရန် ကြိုးစားနေချိန်တွင် ကျားပေါက်တစ်ကောင် ရောက်ရှိလာပြီး ကျွန်ုပ်အား ဝင်ရောက်တိုက်ရာ၊ ဖခင်သည်နောက်မှ ရောက်ရှိလာပြီး ကျားကြီးအားချုပ်ပြီး ဓားမြှောင်ဖြင့် ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းလိုက်သည်။ ကျားကြီးသည် ထိုနေရာ၌ သေဆုံးသွားသည်။ ကျွန်ုပ်၏ ဘယ်ဘက်လက်မောင်းရင်း၌ ကျားကုတ်သည့် ဒဏ်ရာများ ရရှိသွားသည်။ ကျွန်ုပ်သည် ထိုကိစ္စနှင့်ပတ်သက်၍ မိန်းကလေးအား ပြောပြလိုက်ပြီး ဒဏ်ရာအား ပြလိုက်ရာ မိန်းကလေးသည် သဘောပေါက်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ဝမ်းသာပါတယ်၊ အစ်ကိုကံထူးကို တွေ့ရတာ တကယ်ပဲ ပျော်ပါတယ်"

မိန်းကလေး၏ မျက်နှာသည် ပြုံးရွှင်နေသည်။

ထိုနေ့က မိန်းကလေး စောသဥ္ဇာသည် ကျွန်ုပ်နှင့် စကားပြောပြီး ညနေစောင်း နေရောင်များ ပျောက်ကွယ်ခါနီးမှာ ကျွန်ုပ်နှင့် လမ်းခွဲ၍ ပြန်သွားပေတော့၏။

✧ ✧ ✧

## အခန်း(၈)

"စောသဥ္ဇာလည်း အစ်ကိုနဲ့ မခွဲချင်ဘူး။ တကယ်ပြောတာပါကွယ်"

ကျွန်ုပ်နှင့်စောသဥ္ဇာတို့ ချစ်သူတွေ ဖြစ်သွားကြသည်။

ထိုနေ့က စောသဥ္ဇာနှင့် ဆုံတွေ့ပြီးနောက် စောသဥ္ဇာသည် ကျွန်ုပ်နှင့် စကားလာပြောလေ့ရှိရာ တွေ့ပါမြင်ပါများလာတော့ စောသဥ္ဇာအား ချစ်ခွင့်တောင်းလာသည်။ စောသဥ္ဇာသည် ကျွန်ုပ်၏ တောင်းဆိုချက်များကို လက်ခံပြီး ချစ်သူအဖြစ် သတ်မှတ်လိုက်သည်။ ကျွန်ုပ်သည် စောသဥ္ဇာကို ချစ်သူအဖြစ်ကိုကျော်ပြီး ထာဝရလက်တွဲချင်စိတ်များများစွာ ပေါ်လာသည်။

"ဒါဆို အစ်ကိုပြန်ရင် စောသဥ္ဇာ လိုက်ခဲ့နော်၊ အစ်ကိုတို့ ဘဝတစ်ခုလုံး လက်တွဲပြီး အတူတူ နေကြမယ်လေ"





"ဖြစ်ပါ့မလား အစ်ကိုရယ်၊ စောသဥ္ဇာက မိန်းကလေးပါကွယ်"

"စောသဥ္ဇာ အစ်ကို့ကို မချစ်ဘူးလားဟင်"

စောသဥ္ဇာသည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်သည်။ ထို့အတူ ကျွန်ုပ်၏ လက်လေးအား တန်ပြန်၍ ဆုပ်ကိုင်ပြီး ခေါင်းလေးအား ရင်ခွင်အတွင်းသို့ တိုးဝင်လိုက်သည်။

"အဲဒီလိုစကား မပြောပါနဲ့ အစ်ကိုရယ်။ စောသဥ္ဇာနဲ့ အစ်ကိုတို့ရဲ့ အချစ်သမိုင်းစာမျက်နှာလေးကို ဖတ်ကြည့်မယ်ဆိုရင် စောသဥ္ဇာက အစ်ကို့ကို လိုက်ရှာရကဲ့သူပါ။ အဲဒါ အစ်ကို့သိမှာပါ။ တကယ်တော့ အစ်ကိုနဲ့ စောသဥ္ဇာဟာ အခုဘဝက ချစ်သူတွေ မဟုတ်ကြပါဘူး အစ်ကို။ ဟိုလွန်ခဲ့တဲ့ဘဝတည်းက ချစ်သူတွေပါ"

"ဘယ်လို စောသဥ္ဇာ"

စောသဥ္ဇာ၏စကား ကြားလိုက်ရချိန်တွင် ကျွန်ုပ် လွန်စွာတုန်လှုပ် အံ့သြသွားသည်။ စောသဥ္ဇာသည် ကျွန်ုပ်၏ ရင်ခွင်ထဲ၌ ရှိနေသည့် ခေါင်းလေးအား အသာခွာလိုက်ပြီး ကျွန်ုပ်အား ကြည့်လိုက်သည်။

"ဟုတ်တယ် အစ်ကို။ အဲဒီတုန်းက အစ်ကိုနဲ့ စောသဥ္ဇာဟာ တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်အောင် ချစ်ကြတယ်။ ဒါပေမဲ့ နှစ်ဖက်မိဘတွေက သဘောမတူကြဘူး။ မှတ်မိသေးတယ် အစ်ကို။ စောသဥ္ဇာနဲ့ အစ်ကိုတို့ဟာ ရွာ



www.burmeseclassic.com

www.burmeseclassic.com



ဦးကျောင်းက လပြည့်ဝန်းစေတီတော်ကြီးရဲ့ ဘေးနားက ညောင်မုတ်ဆိတ်အပင်ကြီးအောက်မှာ အမြဲချိန်းတွေ့ကြတယ်။ သဘောမတူတဲ့ နှစ်ဖက်မိဘတွေက စောသဥ္ဇာတို့ကို တားဆီးပိတ်ပင်မှုတွေနဲ့ ခွဲကြတယ်။ အသက်လောက်ချစ်ကြတဲ့ စောသဥ္ဇာတို့ကို ဘယ်လိုမှ ခွဲလို့မရကြဘူး၊ နောက်ဆုံး အစ်ကို့ကို မိဘများက တခြားမိန်းကလေးတစ်ယောက်နဲ့ ပေးစားဖို့ စီစဉ်တဲ့အခါ စောသဥ္ဇာတို့ နှစ်ယောက်ဟာ တွေ့နေကြ လပြည့်ဝန်းစေတီတော်ကြီးမှာ သစ္စာဆိုပြီး နှစ်ယောက်လုံး အဆိပ်သောက်ခဲ့ကြတယ်။ အဲဒီနှစ်ယောက်လုံး သေဆုံးခဲ့တယ် ...

နောက်တော့ စောသ[illegible]က ဓဝံတာ့ခေါ်ပညာရှင်သခင်မ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒအချိန်မှာ အစ်ကိုက တော်ဒွစ်သူရဲကောင်းပါ။ ယခုဘဝမှာ စောသဥ္ဇာဟာ ယားသူမတစ်ယောက်ဖြစ်ပြီး အစ်ကိုက မုဆိုးတစ်ယောက် ဖြစ်နေတယ်။ အခုလို ဆုံတွေ့ရတဲ့အတွက် စောသဥ္ဇာ လွန်စွာဝမ်းသာပါတယ်။ စောသဥ္ဇာက အစ်ကိုနဲ့ ဒီဘဝမှာမတွေ့ရတော့ဘူးလို့ ထင်နေမိသေးတယ်။ တကယ်ပြောတာပါ အစ်ကို"

စာရှုသူအပေါင်းတို့ ဓဝံတာ့(ခေါ်)ပညာရှင်သခင်မနှင့် တော်ဒွစ်သူရဲကောင်းအကြောင်းကို လုံးချင်းဝတ္ထုအဖြစ် ရေးသားပြီး၍၍ အတိုချုံး၍ တင်ပြလိုက်သည့်အတွက် နားလည်ခွင့်လွှတ်ပေးစေချင်ပါသည်။

(မင်းပုည)





"အစ်ကို နားလည်ပါတယ် စောသဥ္ဇာ၊ အစ်ကိုတို့ ပြန်ရင်သာ လိုက်ခဲ့ပါ။ ပြီးမှ ဒီနေရာကို ပြန်လာကြတာပေါ့"

"စောသဥ္ဇာ လိုက်နိုင်အောင် ကြိုးစားပါမယ် အစ်ကို"

ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်မှာ အမှန်ဖြစ်သော်လည်း ကျွန်ုပ်သည် စောသဥ္ဇာနှင့်ခွဲ၍ ပြန်ရမှာကို လွန်စွာစိုးရိမ်နေ၍ အဘသောင်းစိန် လိုက်ရှာနေသည့် ဂမုန်းနက်အား မတွေ့ပါစေနဲ့ဦးဟု ဆုတောင်းနေမိသည်။ ၎င်းရှာနေသည့် ဂမုန်းနက်အား မတွေ့ခင် စောသဥ္ဇာအား ကျွန်ုပ်တို့နှင့်လိုက်ရန် စည်းရုံးရန်ဖြစ်သည်။

တကယ်တော့ ကျွန်ုပ်သည် စောသဥ္ဇာအား အသက်လောက် ချစ်နေသည့်အတွက် မည်သို့မျှ မပြော၍ နေပေမဲ့ လူသားအစစ်မှ ဟုတ်ရဲ့လားဟု တွေးနေမိပေမဲ့ ယခုပြောနေသည့် စကားများကို ကြားရတော့ ၎င်းအပေါ် ပို၍ပင် သံယောဇဉ်ကြီးလာသည်။

ထိုနေ့သည် စောသဥ္ဇာနှင့် စကားပြောနေချိန်တွင် ကျားကြီးတစ်ကောင်အား တွေ့သည်။ ကျားကြီးအား ပစ်ခတ်ရန်ပြင်နေချိန်တွင် စောသဥ္ဇာသည် ကျွန်ုပ်အား တားမြစ်သည်။ ၎င်းကျားကြီးသည် နမတော် စောဒေဝီ ပိုင်ဆိုင်သည့် ကျားကြီးဖြစ်ကြောင်း ပြောလာသည်။ ၎င်းနေ့ ညနေအစောင်းချိန်၌ ကျွန်ုပ်တို့သည် လမ်းခွဲ၍ ပြန်လာခဲ့ကြသည်။

✧ ✧ ✧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ကျွန်ုပ် စခန်းသို့ ပြန်ရောက်ချိန်၌ အဘသောင်းစိန် ပြန်ရောက်လာပြီဖြစ်၍ နှစ်ယောက်သား အနားယူပြီး စကားများ ပြောနေကြသည်။

"လူလေးကို အဘ တစ်ခုပြောရဦးမယ်။ သတိပေးတဲ့ စကားဆိုရင် ပိုမှန်မယ်လို့ ထင်တယ်ကွယ်"

"ဗျာ ... ဘယ်လို အဘ"

ကျွန်ုပ်သည် အဘအား နားမလည်စွာဖြင့် ကြည့်လိုက်သည်။

"အချိန်မရှိတော့ဘူး၊ လိုရင်းကိုပဲ ပြောမယ် လူလေး။ အခု လူလေးချစ်နေတဲ့ မိန်းကလေးက လူ့ဘာစစ်လို့ ထင်နေသလား"

"အဘပြောတာကို ကျုပ် သဘောမပေါက်ဘူး။ အစ်မ စောသဥ္ဇာကို ပြောနေတာလား။ ကျုပ်နဲ့ စောသဥ္ဇာ ကိစ္စကို အဘ ဘယ်လိုသိလဲ"

"မေးလာတော့လည်း ပြောရတာပေါ့ကွယ်။ တကယ်တော့ ဒီကိစ္စကို အဘ သိနေတာကြာပါပြီ။ အလုပ်ရှုပ်နေလို့ မပြောဘဲ ကြည့်နေတာကြာပြီ။ လူလေးဟာ စောသဥ္ဇာ





ဆိုတဲ့ မိန်းကလေးကို တကယ်လူအစစ်ထင်ပြီး ကြိုက်နေတယ်။ တကယ်တော့ အဲဒီမိန်းကလေးဟာ လူအစစ်မဟုတ်ဘူး။ အခု အဘတို့ရောက်နေတဲ့တောင်က မိန်းကလေးပဲကွယ်"

"ဟာ ... အဘကလည်း စောသဥ္ဇာက မိန်းကလေး လူသားအစစ်ပါ။ အဘပြောသလို မဟုတ်နိုင်ပါဘူး"

ကျွန်ုပ်သည် အသည်းအသန် ငြင်းနေပေမဲ့ အဘသောင်းစိန်သည် လက်ခံခြင်းမရှိ။ ခေါင်းကို ဘယ်ညာအသွင်သွင် ဘယ်ညာခါယမ်းနေသည်။ တကယ်တော့ စောသဥ္ဇာသည် အဘသောင်းစိန် ပြောသလို မဖြစ်နိုင်။ စောသဥ္ဇာသည် ကျွန်ုပ်၏ရင်ခွင်ထဲ၌ နာရီပေါင်းများစွာ နေထိုင်ခဲ့သည်။

"အဘ မဟုတ်တဲ့စကားကို မပြောပါဘူး လူလေး။ ဒီကိစ္စကို အဘ မသိတာ အမှန်ပါ။ ဒါပေမဲ့ အဘကို လူလေးတို့ကိစ္စနဲ့ လာပြောတယ်။ လာပြောတဲ့သူက ယောကျ်ားတစ်ယောက်ပဲ။ သူက လူလေးကို ကျားနဲ့ဟိုက်သတ်မယ်လို့ ပြောတယ်။ အဘက မလုပ်ပါနဲ့လို့ ဆိုပြီး တောင်းပန်လိုက်ရတယ်။ အဲဒီအချိန်မှာ သူတို့နဲ့အဘ အပြန်အလှန် ကတိတွေ ယူလိုက်ကြတယ် လူလေး"

အဘသောင်းစိန်၏ စကားသည် ကျွန်ုပ်အတွက် ဝေခွဲရ ခက်နေပေ၏။ ထိုအတွက်ကြောင့် ကျွန်ုပ်သည် အဘသောင်းစိန်ဟာ ကျွန်ုပ်ကို နောက်နေတာဟု ထင်နေမိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အဘသောင်းစိန်၏ စကားသည် အတည်ဖြစ်နေသည်။ အဘသောင်းစိန်သည် အပြန်အလှန်ပေမဲ့ သည်ကတိများအား ပြောပြနေ၏။

တစ်နေ့သ၌ အဘသောင်းစိန် တရားအားထုတ်နေချိန်၌ အသက်ရှစ်ဆယ်ဝန်းကျင် အဘိုးအိုတစ်ယောက် ရောက်ရှိလာပြီး ကျွန်ုပ်နှင့် စောသဥ္ဇာ အကြောင်းအား ပြောပြီး ကျွန်ုပ်အား စောသဥ္ဇာနှင့် မပတ်သက်ရန် ပြောလာသည် ဖြစ်သော်လည်း အဘသောင်းစိန်သည် ဂမုန်းနက် မရရှိသေးသည့်အတွက် ကျွန်ုပ်အား တားဆီးပေးရန် အချိန်မရှိသေးကြောင်း ဂမုန်းနက် ရရှိသည့်နေ့၌ ထိုနေရာမှ အမြန်ထွက်ခွာပေးပါမည်ဟု ပြောလိုက်ချိန်၌ ဂမုန်းနက်အပင် ပေးမည်။ ကျွန်ုပ်အား တားဆီးထားရန် ပြောသလို၊ မရပါက ကျားဖြင့်တိုက်သတ်မည်ဟု ပြောပြီး တစ်နေ့သ၌ အဘသောင်းစိန် တောအတွင်းကို ရောက်ရှိချိန် ဂမုန်းနက်အပင်အား ရှိနေသည်ကို လမ်းညွှန်ပြသပေးသည်။ ထိုအတွက်ကြောင့် အဘသောင်းစိန်သည် ကျွန်ုပ်အား ထိုကဲ့သို့ တားမြစ်သလို လက်ထဲ၌ ဂမုန်းနက်အပင် ရောက်ရှိနေသေးသည်။

တကယ်ဆိုလျှင် ဂမုန်းနက်သည် လွန်စွာရှာရခက်သည်။ တစ်နေရာ၌ တွေ့ခဲ့လျှင် ချက်ချင်းနုတ်ယူ၊ ခဏကြာမှ နုတ်ယူမည်ဆိုလျှင် မရှိတော့။ တစ်နေရာသို့ ပြောင်းသွားတတ်ပြီး ရှာလို့မတွေ့တော့။ တစ်ခါတလေ ဂမုန်းနက်အပင်အား တွေ့သည်။ မြွေများက ပတ်ထားသည်။ တစ်ခါတစ်ရံ ကျားတွေက





ထိုင်စောင့်နေသည်။ နုတ်ယူပြီး လက်ထဲရောက်နေပါစေ အခန့်မသင့်လျှင် ဂမုန်းနက်က မြွေဖြစ်သွားပြီး လူကို ဒုက္ခပြန်ပေးတတ်သည်။ ယခု ဂမုန်းနက် ရရှိထားပြီ ဖြစ်သည့်အတွက်ကြောင့် မကြာခင် ဟောင်မောင်နှမအား ကျောခိုင်းပြီး ထွက်ခွာရန် ပြောလာသည်။

အဘသောင်းစိန်၏ စကားအား မည်သို့ ယုံစားရမည်ဆိုတာ စဉ်းစားမရအောင် ဖြစ်နေပြီး စိတ်ထဲ၌ ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခုအား ချလိုက်သည်။

✧ ✧ ✧

## အခန်း(၁၀)

"စောသဥ္ဇာ ... တကယ် ... တကယ်ပြောတာလား"

ကျွန်ုပ်၏ အသံများသည် ကျယ်လောင်စွာ ထွက်ပေါ်ပြီး ချစ်သူ စောသဥ္ဇာအား ကြည့်နေသည်။ စောသဥ္ဇာ၏ မျက်နှာသည် ကြေကွဲမှုများစွာ လွှမ်းမိုးပြီး မျက်ဝန်းအိမ်၌ မျက်ရည်များစွာ ရစ်ဝဲလျက် ရှိနေရာ ကျွန်ုပ် မည်သို့ ပြုလုပ်ရမလဲဆိုတာကို စဉ်းစားမရအောင် ဖြစ်နေသည်။ စောသဥ္ဇာကို အသက်လောက် ချစ်သည်မို့ ခွဲသွားရမှာကိုလည်း စိုးရိမ်နေသည်။ ယခု စောသဥ္ဇာ၏ ပြောစကားသည် ယခင်က စကားတွေနှင့်မတူ လွန်စွာ ကွာခြားနေပေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ အစ်ကို၊ တကယ်တော့ စောသဥ္စာဟာ အစ်ကို့ကို လွန်စွာချစ်ပါတယ်။ အစ်ကိုနဲ့ ခွဲဖို့ဆိုတဲ့ စကားကိုတောင် မကြားချင်ဘူး။ အဲဒီအသံကို ကြားရရင် ချက်ချင်းပဲ သေသွားမလားလို့ ထင်မိပါတယ် အစ်ကို"

"ဒါဆို အခု အစ်ကိုတို့ ပြန်ကြရတော့မယ်၊ စောသဥ္စာ အစ်ကိုနဲ့ လိုက်ခဲ့ပါလား။ အစ်ကိုက စောသဥ္စာကို တကယ် မခွဲနိုင်လို့ပါ။ အစ်ကိုနဲ့ လိုက်ခဲ့ပါနော် စောသဥ္စာ"

"စောသဥ္စာ အစ်ကို့ကို တကယ်ချစ်တယ်။ လိုက်လည်း လိုက်ချင်ပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ စောသဥ္စာ"

ကျွန်ုပ်သည် စိုးရိမ်စိတ်များစွာဖြင့် ကြည့်နေသည်။ အကြောင်းမှာမူ တခြားမဟုတ်။ စောသဥ္စာသည် ကျွန်ုပ်၏နောက်သို့ မလိုက်နိုင်ဘူးဟု ပြောလာမှာကို စိုးရိမ်နေသေး၏။

"တခြားမဟုတ်ဘူး အစ်ကို၊ စောသဥ္စာ လိုက်လာရင် အစ်ကို့အတွက် စိုးရိမ်နေရလိမ့်မယ်"

"ဘာကြောင့်လဲ စောသဥ္စာ"

"စောသဥ္စာမှာ မိဘတွေ မရှိတော့ဘူး၊ အစ်ကိုနဲ့အတူတူ နေရတာ အစ်ကိုရဲ့။ စောသဥ္စာ အစ်ကိုနဲ့ လိုက်သွားရင် စောသဥ္စာရဲ့အစ်ကိုက အစ်ကို့ကိုလိုက်ပြီး ဒုက္ခပေးလိမ့်မယ်၊ အဲဒါကြောင့်ပါ။ စောသဥ္စာ အတွက်နဲ့ အစ်ကို ဒုက္ခ





ရောက်မှာကို မကြည့်ရက်ဘူး၊ အရှင်းဆုံးပြောရရင် အစ်ကို ဒုက္ခရောက်မဲ့ အစား စောသဥ္စာပဲ အသေခံလိုက်မယ် အစ်ကို"

"စောသဥ္စာ အသေမခံရဘူး။ အစ်ကိုက ယောကျ်ားပဲ။ စောသဥ္စာ အတွက်ဆို အစ်ကိုပဲ အသေခံလိုက်ပါမယ်"

စောသဥ္စာသည် ကြင်နာမှု မျက်လုံးများစွာဖြင့် ကျွန်ုပ်အား ကြည့်နေသည်။ ကျွန်ုပ်သည် စောသဥ္စာ၏ လက်ဖဝါးတော်နုနုလေးအား ကြင်နာမှုအပြည့်နှင့် ဆုပ်ကိုင်လိုက်သည်။ ထို့အတူ စောသဥ္စာသည် အားကိုးယုံကြည်မှုအပြည့်နှင့် ကျွန်ုပ်အားကြည့်ပြီး ခေါင်းလေးသည် ကျွန်ုပ်၏ ရင်ခွင်ကျယ်အတွင်းသို့ ဝင်ရောက်မှီလိုက်သည်။

ကျွန်ုပ်သည် စောသဥ္စာ၏ အိစွေးနူးညံ့ပျော့ပျောင်းသည့် ဆံပင်လေးအား ကြင်နာစွာဖြင့် ပွတ်သပ်ပေးနေသည်။ တကယ်တော့ ကျွန်ုပ်သည် သားကောင်များအား ဖမ်းဆီးသတ်ဖြတ်နေသည့်အတွက် စိတ်ဓာတ်များသည် ကြမ်းတမ်းနေသည်ဟု ထင်နေသော်လည်း အချစ်များနှင့် ပတ်သက်လျှင် နှလုံးသားများသည် လွန်စွာနူးညံ့ပျော့ပျောင်းနေသည်။

"လူလေး ပြန်ကြမယ်"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် ပူးကပ်နေသည့် ကျွန်ုပ်တို့နှစ်ယောက် ကိုယ်လုံးများသည် ရုတ်တရက် ခွာလိုက်သည်။ ထိုနောက် အသံလာရာသို့ ကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ မလှမ်းမကမ်း၌ ရပ်နေသည့် အဘသောင်းစိန်အား ကြည့်လိုက်မိကြသည်။

"စောသဥ္ဇာ အစ်ကိုတို့ ပြန်ရတော့မယ်၊ အစ်ကိုတို့နဲ့ လိုက်ခဲ့နော်"

"မလိုက်ပါရစေနဲ့ အစ်ကိုရယ်၊ စောသဥ္ဇာကြောင့် အစ်ကိုတို့ ဒုက္ခရောက်ကြမှာပါ။ ညီမစကားကို နားထောင်ပါ အစ်ကိုရယ်နော်"

"စောသဥ္ဇာ မလိုက်ရင် အစ်ကိုလည်း မပြန်တော့ဘူး။ ဒီမှာပဲ နေခဲ့တော့မယ်၊ အဲဒီလိုမှမရရင် စောသဥ္ဇာ အစ်ကိုနဲ့ လိုက်ခဲ့ပါ။ အစ်ကို စောသဥ္ဇာနဲ့ ခွဲပြီးမပြန်ဘူး"

ကျွန်ုပ်တို့နှစ်ယောက်၏ အခြေအနေကို အဘသောင်းစိန်သည် အားမလို အားမရ ဖြစ်နေသည်။

အဘသောင်းစိန်သည် ဂမုန်းနက်အား ရရှိသွားသည့်အတွက် အမြန်ပြန်ချင်နေသည်။

"ကဲ ... မိန်းကလေးကို အဘ တစ်ခုမေးချင်တယ်။ မင်းလူလေးကို ချစ်လား၊ ချစ်တယ်ဆိုရင် လိုက်ခဲ့ပါ။ အချိန်သိပ်မရှိတော့ဘူး"

"ကဲပါ စောသဥ္ဇာရယ်၊ အဘကလည်း တောင်းဆိုနေပြီပဲ။ အစ်ကိုတို့နဲ့သာ လိုက်ခဲ့ပါတော့ကွယ်။ စောသဥ္ဇာ အတွက် အစ်ကို ဘယ်လိုပဲ ဒုက္ခတွေနဲ့ ကြုံတွေ့ပါစေ အသက်အသေခံပြီး ရင်ဆိုင်ပါမယ်"





ကျွန်ုပ်၏ စကားသည် စောသဥ္ဇာ အတွက် လက်ခံနိုင်စရာ ရှိပေမဲ့ လိုက်ရမှာကို ဝန်လေးနေသည့်အတွက်နဲ့ ငြင်းဆိုနေပေ၏။ စောသဥ္ဇာသည် မည်သို့ပင် ငြင်းနေသော်လည်း နောက်ဆုံးတွင် ကျွန်ုပ်တို့ ခေါ်ရာနောက်ကို လိုက်ခဲ့ရပေ၏။ ကျွန်ုပ်သည် စောသဥ္ဇာ၏ လက်အားဆွဲ၍ နမ်တော်တောင်အား ကျောခိုင်း၍ မွေးဖွားရာ ဌာနသို့ ပြန်လာခဲ့ပေတော့၏။

✧ ✧ ✧

## အခန်း(၁၁)

တစ်နေ့သ၌ ကျွန်ုပ်မောင်ကံထူးနှင့် အသက်လောက်ချစ်ရသူ စောသဥ္ဇာ အပါအဝင် အဘသောင်းစိန်တို့သည် စကားဝါတောင်(ခ)မောင်နှမတောင်အား ကျောခိုင်း၍ ပြန်လာခဲ့ကြပေမဲ့ အဘသောင်းစိန်သည် စောသဥ္ဇာအားခေါ်၍ လာခဲ့သည်ကို စိုးရိမ်မကင်း ဖြစ်နေသည်။ စောသဥ္ဇာသည် ကျွန်ုပ်တို့အား ဒုက္ခပေးမည့်သူ မဟုတ်ပေမဲ့ ၎င်းနှင့်ပတ်သက်သူများသည် ကျွန်ုပ်တို့အား ရက်စက်စွာ ဒုက္ခပေးမည်ဟု ပြောနေပေမဲ့ ကျွန်ုပ်၏စိတ်ထဲတွင် စောသဥ္ဇာသည် ဒုက္ခပေးမည့်သူတစ်ယောက် မဟုတ်ဘူး ထင်နေသည်။

အဘသောင်းစိန်၏ စကားများသည် ကျွန်ုပ်၏ချစ်သူ စောသဥ္ဇာဟာ လူသားစစ်စစ်တစ်ယောက် မဟုတ်ဘူး၊ စကားဝါတောင်ကို အုပ်ချုပ်နေသူ စောဒေဝီဟု အတန်တန် ပြောနေပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အတွက် ယုံကြည်လက်ခံခြင်းမရှိ၊ စောသဥ္ဇာကိုပဲ ယုယစွာ ခေါ်၍ ပြန်လာခဲ့ပေ၏။ ထို့အတူ ချစ်သူလှလှလေး ရယူပိုင်ဆိုင်လိုက်ရသည့်အတွက် လွန်စွာပျော်ရွှင်နေသလို ရွာကိုပြန်ရောက်တာနှင့် ကြီးကျယ်ခံ့ညားစွာ မင်္ဂလာဆောင်မည်ဟု စိတ်ထဲ၌ ပျော်ရွှင်စွာ တွေးနေမိသည်။

အဘသောင်းစိန်သည်လည်း ကျွန်ုပ်ကဲ့သို့ ပျော်ရွှင်နေသည်။ ကျွန်ုပ်၏ ပျော်ရွှင်မှုနှင့် အဘသောင်းစိန်၏ ပျော်ရွှင်မှုသည် ကွာခြားနေသည်။ အဘသောင်းစိန်၏ ပျော်ရွှင်မှုသည် ဂမုန်းနက်ပင် ရရှိသည်အတွက်ကြောင့် ဖြစ်သည်။ ဂမုန်းနက်ပင်သည် အဘသောင်းစိန်အတွက် လွန်စွာအရေးကြီးသလို ဂမုန်းနက်ပင်ကြောင့် အဘသောင်းစိန်ဟာ ဆေးဝိဇ္ဇာတစ်ယောက်ဖြစ်ပြီဟု ထင်မှတ်ထားသလို ဝေဒနာဆိုးသွမ်းနေသည့် မိခင်၏ ဝေဒနာ ပျောက်ကင်းရန်အတွက် ဂမုန်းနက်ပင်ဟာ လွန်စွာအရေးကြီးနေသည်။ ဂမုန်းနက်ပင်သည် ၎င်း၏မိခင် အသက်ရှင်သန်နိုင်သလို စွဲကပ်နေသည့် ကိုးဆယ့်ခြောက်ပါးသော ဝေဒနာများသည် ယူပစ်သလို ပျောက်ကင်းသွားမည်ဆိုတာ လွန်စွာယုံကြည်သလို ဂမုန်းနက်ကြောင့် တစ်ထောင်သော ဂမုန်းများသည် အဘသောင်းစိန်၏ ခြံထဲ၌ ရောက်ရှိလာမည်ဆိုတာ သိနေသည်။ ၎င်းအတွက်ကြောင့် ကျွန်ုပ်အားခေါ်၍ စကားဝါတောင်(သို့)မောင်နှမတောင်ကို ထွက်ခဲ့သည်။ ယခုတော့ အသက်လောက် ချစ်ရသူ စောသဥ္ဇာအား ခေါ်၍ ပြန်လာခဲ့သည်။





ကျွန်ုပ်တို့သည် တောင်ပေါ်က ဆင်းလာခဲ့ကြသည်မှာ နာရီပေါင်းများစွာ ကြာခဲ့သည်မို့ တောင်သည် တော်တော်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီဟု ထင်နေမိသည်။ ကျွန်ုပ်တို့သည် တောင်ကြီးတစ်လုံး၏ အခြေသို့ ရောက်ရှိလာခဲ့သည့် အချိန်မှာ နေလုံးကြီးသည် အနောက်ရပ်၌ ပျောက်ကွယ်စ ပြုနေသည်။

"လူလေးကို အဘ တစ်ခုမေးချင်တယ်"

"ဘာများလဲ အဘ"

"ဒီည ဒီတောင်ခြေမှာ စခန်းမချပါနဲ့၊ တောင်ပေါ်မှာ စခန်းချရင် ကောင်းမယ်လို့ အဘ ထင်တယ်ကွယ်"

"ဘာကြောင့်များလဲ အဘ"

ကျွန်ုပ်သည် နားမလည်စွာဖြင့် ကြည့်နေပေ၏။ ထို့အတူ အဘသောင်းစိန်သည် ကျွန်ုပ်အား ကြည့်နေသည်။ အဘသောင်းစိန်၏ အကြည့်သည် လွန်စွာအဓိပ္ပာယ်ရှိနေသည်။ အဘသောင်းစိန်သည် စောသဥ္ဇာ ပါလာသည့်အတွက် စိုးရိမ်နေသည်ဆိုတာ သိလိုက်ရသည်မို့ အဘသောင်းစိန်၏ စကားအတိုင်း တောင်ထိပ်ပေါ်သို့ စခန်းချရန် တက်လာခဲ့ကြသည်။

တောင်ထိပ်ပေါ်သို့ ရောက်ရှိပြီးနောက် တစ်ညတာအတွက် စခန်းချရန် နေရာအား ရွေးချယ်ပြီး အနားယူရင်း စကားများ ပြောနေကြသည်။ ၎င်းစကားပြောနေချိန်တွင် လက်များက မီးပုံအတွင်းသို့ ထင်းခြောက်များအား ပစ်ထည့်နေရာ မီး၏အလင်းရောင်ကြောင့် ဝန်းကျင်၌ အလင်းရောင်များဖြင့် လွှမ်းမိုးနေသည်။ ထို့အတူ စောသဥ္ဇာသည် ကျွန်ုပ်အား မှီ၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ ဘယ်လိုအိပ်ကြမလဲ အဘ"

"တစ်လှည့်စီ အိပ်ကြတာပေါ့ကွယ်။ အခု ညကြီးပိုင်းမှာ အဘအိပ်မယ်၊ ညဦးနက်ပိုင်းမှာ လူလေးတို့ အိပ်ကြပေါ့"

အဘသောင်းစိန်၏ စကားကို ကျွန်ုပ် လက်ခံလိုက်သည်။ စောသဥ္စာသည် ကျွန်ုပ်တို့ စကားပြောနေကြတာကို ဝင်ရောက်ပြောခြင်းမရှိ။ တိတ်ဆိတ်စွာ နားထောင်နေ၏။ ယခု ကျွန်ုပ်တို့ပြောစကားမှာ ပြန်ရန်စကားဖြစ်သည်။ ထိုစကားထက် အရင်ပြောသည့် စကားများသည် အစစအရာရာ သတိထားရန် ဖြစ်သလို ဘယ်လိုအရာကိုမျှ လျှော့တွက်၍ မရအောင် အပြောင်းအလဲများက မြန်ဆန်နေကြောင်း ပြောနေသည်။ အဘသည် စောသဥ္စာ အပေါ် ကြီးမားသည့် သံသယများ ဖြစ်နေသည်။

"ဝေါင်း"

"အမေ"

ရုတ်တရက် ထွက်ပေါ်လာသည့် အသံအား အထိတ်တလန့် ဖြစ်နေသည့်အတွက် ကျွန်ုပ်တို့သည် သတိထားလိုက်မိကြသည်။ ထွက်ပေါ်လာသည့် အသံသည် ကျားကြီး၏ အသံပင် ဖြစ်သည်။ ကျားကြီးသည် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းမှ အသံပေး ထွက်ပေါ်လာခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျားကြီးအား အကဲခတ်ကြည့်နေချိန်၌ လေများတိုက်ခတ်လာသည်။ ပင်ယံထက်မှ သစ်ရွက်များသည် ဘယ်ညာယိမ်းထိုးနေသည်။ ရှေ့မှာရှိနေသည့် မီးပွင့်များသည် နေရာအနှံ့ ပြေးလွှားနေပြီး သစ်ရွက်များ





သည် လေမှာလူးလွင့်နေပြီး ထိုင်နေသည့် ကျွန်ုပ်တို့ထံ ဦးတည်၍ လာနေပေ၏။ ကျွန်ုပ်တို့ထံ လွင့်စဉ်လာသည့် သစ်ရွက်များ၏ လွင့်စဉ်မှုသည် ကျွန်ုပ်တို့အတွက် လွန်စွာအထိတ်တလန့် ဖြစ်ရာ ဖြစ်နေပေ၏။ ၎င်းအတွက် ကျွန်ုပ်နှင့် အဘသောင်းစိန်တို့ အထိတ်တလန့် ဖြစ်နေကြပြီး အာရုံအမြင်ထဲ၌ အရိပ်များ လိုလို လူတွေလိုလို တွေ့နေရသည်။

ထိုအတွက်ကြောင့် ကျွန်ုပ် တို့သည် လေးမြားအား အသင့်ပြင်ထားသည်။ အန္တရာယ်ပေးမည့် သူများ ရောက်ရှိလာလျှင် ပစ်ခတ်ကာကွယ်ရန် ဖြစ်သည်။

စောသဥ္စာ၏ မျက်နှာသည် ထူးခြားမှုမရှိ ထွက်ပေါ်လာသည်များအား အေးဆေးစွာ ကြည့်နေသည့် အချိန်၌ လင်းနို့ကောင်များ ကျွန်ုပ်ထံ အလန့်တကြား ပျံသန်းလာသည်။

"လူလေး သတိထားနော်။ အဲဒါတွေက အဘတို့ကို ဒုက္ခပေးမဲ့ အရာတွေပဲ လူလေး"

"စိတ်ချပါ အဘ၊ ကျုပ် အဲဒါတွေကို အသက်ပေးပြီး ဖြေရှင်းပါ့မယ်"

"အန္တရာယ်ဆိုတာ ဘယ်တော့မှ လျှော့တွက်လို့ မရဘူး။ အခုတွေ့ကြုံရတဲ့ အရာတွေဟာ အဘတို့အဖွဲ့ရဲ့ အသက်ကို ခြွေသွားနိုင်တယ်။ အဘ ရှင်းရှင်းပြောမယ် လူလေး။ အဘနဲ့ လူလေး တစ်ယောက်ယောက်တော့ မှားနေပြီ။ အဲဒီအမှားတွေအတွက် ဒုက္ခပေးဖို့ ရောက်လာတာပဲ လူလေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရဲရဲကြီး ပြောရဲပါတယ် အဘ။ ကျုပ် ဘာတစ်ခုမှ အမှားမလုပ်ခဲ့ပါဘူးဗျာ"

ကျွန်ုပ် ထိုသို့ပြောလိုက်ချိန်တွင် အဘသည် ခနဲ့တဲ့တဲ့ အကြည့်များဖြင့် ကြည့်လိုက်သည့်အတွက် ရုတ်တရက် ဘာလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ တကယ်တော့ အဘသောင်းစိန်သည် စကားကို မပြတ်မသား ပြောနေပေမဲ့ တကယ်တမ်း အမှားလုပ်နေသူက ကျွန်ုပ်ပါဟု အဓိပ္ပာယ်ပါသည့် အကြည့်များဖြင့် ကြည့်နေသည်။ အဘသောင်းစိန် စောသဥ္စာအား ခေါ်လာခဲ့သည်ကို လက်မခံချင်သော်လည်း၊ ကျွန်ုပ်၏ဆန္ဒကို တားမြစ်ခြင်း မရှိဘဲ နေခဲ့ပြီ။ စောသဥ္စာသည် သာမန်မိန်းကလေးတစ်ယောက် မဟုတ်ကြောင်း ပြောပြီး၊ ၎င်းနှင့် ပတ်သက်လျှင် ဒုက္ခရောက်စရာများစွာနှင့် ကြုံတွေ့ဦးမည်ဟု ကြိုတင်ပြောထားခဲ့ဖူးသည်။

ယခုလေများ တိုက်ခတ်လာသည့် လေကြမ်းကြမ်း၏နောက်ကွယ်၌ လူများ၏ အရိပ်များ။ လင်းနို့ကောင်များ ကျွန်ုပ်တို့ထံ ဦးတည်ပျံသန်းလာပြီး အန္တရာယ်ပြုရန် ကြိုးစားနေသည်။ ထို့နောက် ကျားများ၏ ဟိန်းသံ။ တောခွေးများ၏ အူသံများနှင့်အတူ လူများ၏အသံကို ကြားနေရသည်။

"ဝေါ ... ဝေါ"

"ဖြောင်း ... ဖြောင်း"

"ရှီး ... ရှီး"





အသံပေါင်းစုံ၏ အနောက်၌ ထပ်မံ၍ အသံတစ်ခုထွက်ပေါ်လာရာ ကျွန်ုပ်တို့အတွက် အံ့ဩထိတ်လန့်စရာတစ်ခု ကြားလိုက်ရသည်။

"ဟား ... ဟား ... ဟား"

ဝန်းကျင်တစ်ခုလုံးသို့ လွှမ်းမိုးသွားသည်မို့ စိုးရိမ်ခြင်းများစွာဖြင့် စောသဥ္စာအား ဖက်ထားလိုက်ပေမဲ့ စောသဥ္စာသည် ကြောက်စိတ်မရှိအောင် ဖြစ်နေသည့်အတွက် အံ့ဩနေရသည်။ ထိုအချိန်တွင် အနက်ရောင်ဝတ်စုံဖြင့် အရာဝတ္ထုများ တွေ့ရသလို ၎င်းသည် ကျွန်ုပ်တို့ထံ ဦးတည်လာသည်ဟု မီးအလင်းရောင်မှတစ်ဆင့် တွေ့လိုက်သည်။ ထို့အတွက်ကြောင့် ကျွန်ုပ်သည် လေး မြားပစ်ရန် ချိန်ရွယ်လိုက်သည်။

"လူလေးမလုပ်နဲ့၊ အဲဒါက ကိုယ့်ဆီ ပြန်လာနိုင်တယ်"

"အဲဒါဆို ဘာလုပ်မလဲ အဘ"

"အဘ အပြင်ထွက်ပြီး ရင်ဆိုင်မယ်၊ လူလေးတို့ ဒီမှာသာ နေခဲ့ကြ"

"အဘ ကျွန်မသွားပြီး ရင်ဆိုင်မယ်"

"နေပါ မိန်းကလေး။ အဘ အပြင်မှာ ရှင်းလို့ရပါတယ်၊ မစိုးရိမ်ပါနဲ့"

"အဘ သတိထားနော်"

ထိုသို့ပြောနေချိန်တွင် အဘသောင်းစိန် အပြင်သို့ထွက်သွားသည်။ ကျွန်ုပ်တို့သည် စိုးရိမ်စိတ်များစွာဖြင့် ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အဘသောင်းစိန်သည် ဆေးဆရာတစ်ယောက် ဖြစ်နေသော်လည်း အတတ်ပညာများကိုလည်း တတ်မြောက်နေသည်။ တကယ်ဆိုလျှင် ယခု ရင်ဆိုင်ရမည့်အရာ မည်သူမည်ဝါ ဆိုတာ သဲသဲကွဲကွဲ မသိသလို၊ ၎င်း၏ ပညာရပ်ကိုလည်း သဲသဲကွဲကွဲ မသိ။ ကျွန်ုပ်သည် စိုးရိမ်စိတ်များစွာဖြင့် ကြည့်နေပြီး အလင်းရောင် ပိုမိုရရှိရန်အတွက် ထင်းချောင်းများအား ပစ်ထည့်ထားသည်။

ထို့အတူ အဘသောင်းစိန် တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်ပြီး စောသဥ္ဇာကိုလည်း စိုးရိမ်နေသည်။ ကျွန်ုပ်သည် စောသဥ္ဇာအား အားပေးစကား ပြောနေချိန်တွင် စကားပြောသံများအား ကြားနေသည်မို့ အကြည့်များသည် အဘသောင်းစိန်ထံ ရောက်ရှိသွားပြီ၊ အဘသောင်းစိန်၏ အသံသည် ဒေါသများလွှမ်းမိုးနေ၏။ ၎င်း၏ရှေ့၌ ဝတ်ရုံနက် အရာတစ်ခုကို တွေ့လိုက်ရာ ဝတ်ရုံနက်သည် အဘသောင်းစိန်၏ ရင်ဝသို့ ရှည်လျားသည့် လက်သည်းများဖြင့် ကုတ်ဆွဲလိုက်သည်။ အဘသောင်းစိန်သည် လက်ဝါးများဖြင့် ဖြတ်ရိုက်လိုက်သည်မှာ ဝန်းကျင်တစ်ခုလုံး မီးရောင်များ လွင့်စဉ်ထွက်ပေါ်လာသည်မို့ ၎င်းအနက်ရောင်သည် အနောက်သို့ ဆုတ်ခွာထွက်သွားသည်။

"အား"

ထို့အတူ ထွက်ပေါ်လာသည့် အသံသည် လွန်စွာ ကြောက်စရာကောင်းနေသလို တွေ့လိုက်ရသည့် မြင်ကွင်းသည်





လွန်စွာ အံ့ဩစရာ ကောင်းနေသည်။ အဘသောင်းစိန်၏ လုပ်ရပ်ကြောင့် ၎င်း၏ လက်များသည် မီးဟုန်းဟုန်း လောင်နေသည်။ လက်များအား လျှပ်ခတ်ခါယမ်းလျက်ရှိပြီး ဟုန်းဟုန်းတောက်လောင်နေသည်။ မီးများကို ငြိမ်းသတ်နေပြီးနောက် အဘသောင်းစိန်အား ဆက်လက်တိုက်ခိုက်ရန်အတွက် ကြိမ်းဝါးလျက် ရှိနေပေ၏။

ထို့နောက် အနက်ရောင်ဝတ်စုံရှင်သည် လက်နှစ်ဖက်အား ရှေ့သို့ဆန့်တန်းပြီး အဘသောင်းစိန်အား တိုက်ခိုက်နေရာ အစိမ်း အပြာ အနီတန်းများသည် အဘသောင်းစိန်ထံ ဦးတည်နေသည်။ အဘသောင်းစိန်သည် ၎င်းထံ ဦးတည်လာနေသည်။ ရောင်စုံအလင်းတန်းများကို အနက်ရောင် ယွင်းလင်ပန်းလေးဖြင့် တားဆီးလိုက်ရာ အလင်းတန်းများသည် လင်ပန်းလေးအတွင်းသို့ ဝင်ရောက်သွားပြီး လင်ပန်းလေးသည် နှစ်ခြမ်းကွဲ၍ တစ်နေရာသို့ လွင့်စဉ်ထွက်သွားပေ၏။

ထို့အတူ အဘသောင်းစိန်သည်လည်း အနောက်သို့ သုံးလေးလှမ်း ဆုတ်သွားပြီး အနက်ရောင်ဝတ်စုံရှင်သည် ကျေနပ်ခြင်းများစွာဖြင့် ရယ်နေလျက်ရှိသည်။ ၎င်း၏ရယ်သံသည် လွန်စွာကြောက်စရာ ကောင်းနေသလို ကျွန်ုပ်သည်လည်း အထိတ်တလန့် ဖြစ်သွားသည်။ စောသဥ္ဇာသည် အဘသောင်းစိန်အား ကူညီတိုက်ခိုက်ပေးရန် ပြောလာပြီး အဘသောင်းစိန် အတွက် စိုးရိမ်နေသည်။ ကျွန်ုပ်သည် စောသဥ္ဇာ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်သည့်အတွက် ထွက်မသွားရန် တားမြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် ကျွန်ုပ်သည် မီးပုံအတွင်းသို့ ထင်းခြောက်များပစ်ထည့်လိုက်ရာ မီးများ၏ အလင်းရောင်ကြောင့် ဝန်းကျင်သို့ပို၍ အလင်းရောင်များ တွေ့နေရချိန်တွင် အဘသောင်းစိန်နှင့် ဝက်စုံအနက်ပိုင်ရှင်တို့အား သဲကွဲစွာဖြင့် တွေ့နေရာ ဝက်ရုံးအနက်ပိုင်ရှင်သည် ရှေ့သို့ တိုးကပ်လာပြီး အဘသောင်းစိန်အား တိုက်ခိုက်ရန် ကြိုးစားလျက် ရှိနေချိန်တွင် အဘသောင်းစိန်သည် အကျီအိတ်အတွင်းမှ ညမွှေးပန်းသုံးပွင့်အား နှိုက်ယူလိုက်ပြီး ဝက်ရုံနက်ပိုင်ရှင်အား ပစ်လိုက်သည်။ ငင်းပန်းသုံးပွင့်သည် လေပေါ်၌ဝဲလျက် ဝက်ရုံနက်ပိုင်ရှင်ထံ ဦးတည်နေသည်။

ဝက်ရုံနက်သည် အဘသောင်းစိန်အား အန္တရာယ်ပြုရန် ကြိုးစားနေသည့် အချိန်တွင် ကျွန်ုပ်၏ဘေး၌ ရှိနေသူ စောသဥ္ဇာသည်လည်း အနောက်သို့ ရုတ်တရက် လဲကျသွားသည်။ ထိုကဲ့သို့ ဖြစ်သွားပြီးနောက် ကျွန်ုပ်သည် စိုးရိမ်စိတ်များနှင့်အတူ စောသဥ္ဇာအား ပွေ့ထူလိုက်သည်။

"အဘ ... အဘ ... လုပ်ပါဦးဗျာ၊ ဒီမှာ စောသဥ္ဇာ ခေါ်မရတော့ဘူး"

ငင်းအချိန်တွင် အဘသောင်းစိန် ရောက်ရှိလာပြီး စောသဥ္ဇာအား ကြည့်လိုက်ပြီး အဘသောင်းစိန်သည် အနောက်သို့ တစ်ချက်တွန့်သွားသည်ကို ကျွန်ုပ်သတိထားမိသော်လည်း ကျွန်ုပ်သည် အချစ်စိတ်များ မွှန်နေသည့်အတွက်ကြောင့် အရာအားလုံးကို မေ့နေသည်။ အဓိက အဘသောင်းစိန် မျက်နှာပျက်နေသည်





ကို ဂရုမစိုက်နိုင်။ သတိလစ်နေသည့် စောသဥ္ဇာ သတိပြန်ရလာဖို့ကိုသာ ဆန္ဒများ ပြင်းထန်နေသည်။ အဘသောင်းစိန်သည် စောသဥ္ဇာနှင့် ပတ်သက်မှုများကို ပြောပြပြီးနောက် ရေမန်းဖြင့် မျက်နှာလေးကို အသာပက်ဖျန်းပေးလိုက်သည်။ အဘသောင်းစိန်၏ ပြောစကား အများစုထဲမှာ အနည်းစုစကားကို ချုံ့၍ပြောလိုက်ချင်သည်။ ငင်းစကားများသည် ကျွန်ုပ်တို့ တွေ့နေရသည့် ဝက်စုံနက်ကြီးနှင့် စောသဥ္ဇာ ဟာ လွန်စွာပတ်သက်နေပြီး စောသဥ္ဇာသည် ကျွန်ုပ် ထင်နေသလို လူသားစစ်စစ် မဟုတ်ကြောင်း ပြောပြနေသည်။ အဘသောင်းစိန် မည်သို့ပင် ပြောစေကာမူ ကျွန်ုပ်သည် မည်သို့မျှ မယုံပေ။ အဘသောင်းစိန် ရေမန်းများ ပက်ဖျန်းပြီး မကြာခင်မှာ စောသဥ္ဇာ သတိပြန်ရလာသည်။

✧ ✧ ✧

## အခန်း(၁၂)

အခက်အခဲပေါင်းများစွာအား ကျော်ဖြတ်ရသည်မို့ ငင်းညသည် ကျွန်ုပ်အတွက် မေ့ပျောက်၍ မရအောင် ဖြစ်နေသည်။ ထိုညသည် လွန်စွာအထိတ်တလန့်ဖြစ်စရာ ကောင်းပြီး ဒေါသထွက်စရာများလည်း ကောင်းသည်။ မည်သို့ပင် ဖြစ်စေကာမူ အဘသောင်းစိန်၏ စွမ်းအားတွေကြောင့် အောင်မြင်မှုများ ရရှိခဲ့သည်။ ယခုတော့ ကျွန်ုပ်တို့ ခရီးဆက်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခရီးဆက်ရာ၌ ၎အေးချမ်းမှုများ ရှိနေသည်ဆိုသော်လည်း အသည်းထိတ်စရာတွေ ကြုံတွေ့နေခဲ့သည်။ ကျွန်ုပ်တို့ သွားရာလမ်း၌ ကျားကြီးတစ်ကောင် လိုက်နေသည်။ ကျားကြီးသည် ကျွန်ုပ်တို့အား အန္တရာယ်မပြုဘဲ လိုက်နေသည်။ ၎င်းအကြောင်းကို ပြောသူသည် အဘသောင်းစိန် ဖြစ်သလို ကျားကြီးသည် သာမန်ကျား မဟုတ်သည့်အတွက် အချိန်မရွေး အန္တရာယ်ပြုလာနိုင်သည်ဟု အဘသောင်းစိန်က ပြောသည့်အတွက် ကျွန်ုပ်သည် နှစ်လုံးပြူးသေနတ်အား အသင့်ပြင်ထားသည်။

ကျွန်ုပ်တို့သည် တောတောင်များအား ဖြတ်လာခဲ့သည့်အတွက် တစ်နေ့တာ အချိန်သည်လည်း ကုန်ဆုံးလုဆဲဆဲဖြစ်နေပြီမို့ တစ်ညတာဆိုသည့် ကာလအား ကူးပြောင်းရောက်ရှိတော့မည်။

"လူလေး ... ဒီစမ်းချောင်း ဟိုဘက်ကျမှပဲ စခန်းချမယ်၊ အဲဒါမှ အဘတို့အတွက် အေးချမ်းမယ်"

"ဒီညတော့ ဒီဘက်ကမ်းမှာပဲ စခန်းချပါ အဘရယ်။ ဟိုဘက်ကမ်းမှာ စခန်းချရင် ကျွန်မအတွက် အသက်အန္တရာယ်ရှိနိုင်လို့ပါ"

စောသဥ္စာ၏ တောင်းဆိုမှုများဖြစ်ပြီး စောသဥ္စာသည် ကျွန်ုပ်၏လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ပြီး အဘသောင်းစိန်အား ကူပြောပေးရန် တောင်းဆိုနေသည်။ ကျွန်ုပ်သည် စောသဥ္စာ စိတ်ချမ်းသာတာကို မြင်ချင်သည့်အတွက် အဘသောင်းစိန်အား ဝိုင်းပြောပေးသော်လည်း လက်ခံခြင်းမရှိ။ တစ်ဖက်ကမ်းကိုသာ ကူမည်ဟု ပြောသလို အနောက်မှာ လိုက်လာသည့် ကျားကြီးသည် ကျွန်ုပ်တို့အား အန္တရာယ်ပြုနိုင်ကြောင်း ပြောနေသည်။ မည်သို့ပင် ပြောနေစေကာမူ စောသဥ္စာ လက်ခံခြင်းမရှိသည့်အတွက် အခက်ကြုံနေချိန်တွင် နေရောင်သည် ပျောက်ကွယ်စပြုနေသလို စောသဥ္စာ၏ တောင်းဆိုသည့်နေရာ စခန်းချရတော့မလို ဖြစ်နေ၏။

"လူလေး အဘပြောတာ နားထောင်ပါ။ အခုရောက်နေတာက သူတို့ပိုက်နက်၊ စမ်းချောင်းဟိုဘက်က အဘတို့ပိုင်နက်။ အဲဒီတော့ အဘ ရှင်းရှင်းပဲပြောမယ်၊ မင်း သူ့ကိုချစ်တယ်ဆိုရင် တစ်ဖက်ကမ်းကို ရအောင်ခေါ်သွား၊ အဲဒီကိုရောက်ရင် သူ့ကို ပိုင်ပြီ၊ ဒီဘက်မှာ ဆိုရင်တော့ မပိုင်ဘူး"

"အစ်ကို အဲဒီအဘိုးကြီး ပြောစကားကို မယုံပါနဲ့ အစ်ကိုရယ်။ စောသဥ္စာ စကားကိုသာ ယုံပါ အစ်ကိုရယ်။ ဒီတစ်ညတော့ နောက်ဆုံးအနေနဲ့ ဒီဘက်မှာပဲ အိပ်ခွင့်ပြုပါနော် အစ်ကို ... နော်"

၎င်းစကားကို ကြားလိုက်ရသည့် အချိန်တွင် ကျွန်ုပ်လွန်စွာအံ့သြသွားပေ၏။ ထို့အတူ စောသဥ္စာအား ကြည့်လိုက်ရာ စောသဥ္စာ၏ မျက်နှာသည် ပြုံးသလိုလို မဲ့နေသလိုလို။ အသက်ကြီးသလိုလို ငယ်နေသလိုလို ဖြစ်နေသည်။ အဘသောင်းစိန်







www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို လက်ခံပြီး တစ်ဖက်ကမ်းကိုကူးရန် ဆုံးဖြတ်လိုက်သည်။ ထို့အတူ စောသဥ္စာ၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပြီး အဘသောင်းစိန်ကို ကြည့်လိုက်ရာ အဘသောင်းစိန်သည် ကူးရန် မျက်ရိပ်ပြပြောလိုက်သည်။ စောသဥ္စာ၏ မျက်နှာသည် ငိုမဲ့မဲ့ဖြင့် အနောက်သို့ ရှန်းကန်နေသည်။ စောသဥ္စာသည် ကျွန်ုပ်ထင်သလို မဟုတ်။ အဘသောင်းစိန် ပြောသလို ဖြစ်နေပြီဟု ထင်မှတ်ပြီး တစ်ဖက်ကမ်းသို့ ကူးခတ်ရန် ပြင်နေပြီး စမ်းချောင်း၏ အစပ်သို့ ဆွဲခေါ်လာသည်။

ထိုအချိန်တွင် ဝန်းကျင်တစ်ခုလုံး မှောင်မိုက်လာပြီး လေများ ရက်စက်စွာ တိုက်ခတ်လာသည်မို့ ဝန်းကျင်အား သဲသဲကွဲကွဲ မြင်တွေ့ရခြင်း မရှိအောင် ဖြစ်နေသည်။ ကျွန်ုပ်သည် စောသဥ္စာ၏ လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ဝေါင်း ... ဝေါင်း"

"ဖြောင်း ... ဖြောင်း"

ကျယ်လောင်သည့် ကျားကြီး၏ ဟိန်းသံများနှင့် အတူ သစ်ကိုင်းများသည်ကျိုး၍ မြေပေါ်သို့ ပြုတ်ကျလာသည်။ ထိုအချိန်တွင် လင်းနို့ အကောင်ပေါင်းများစွာ ကျွန်ုပ်တို့ထံ ဦးတည်လာသလို အနက်ရောင်ဝတ်စုံရှင်များ၏ လေပေါ်၌ လွင့်၍ ကျွန်ုပ်တို့ထံ ဦးတည်လာနေသည်ကို တွေ့နေရသော်လည်း ၎င်းတို့သည် မည်သူမည်ဝါ ဆိုတာ သဲသဲကွဲကွဲ မြင်တွေ့မှု မရှိသည့် အချိန် ကျားကြီးသည် ကျွန်ုပ်တို့ထံ ဦးတည်လာနေသည်။





"လူလေးရေ သတိထား"

ထိုသို့ ပြောနေချိန်တွင် အဘသောင်းစိန်သည် အရောဝတ္ထုများအား ရင်ဆိုင်တိုက်ခိုက်နေသော်လည်း ၎င်းသည် မည်သူမည်ဝါဆိုတာ သဲသဲကွဲကွဲ မြင်တွေ့ရခြင်းမရှိ။ ကျွန်ုပ်တွေ့ရသည်မှာ ခပ်ကြမ်းကြမ်း တိုက်ခတ်နေသည့် လေများကြောင့် သစ်ရွက်များ လွင့်နေသည်။ အဘသောင်းစိန်သည် ၎င်းတို့အား တိုက်ခိုက်နေပြီ။ ကျားကြီးသည် ကျွန်ုပ်ထံ ဦးတည်လာနေသည့်အတွက် စောသဥ္စာအား ဆုပ်ကိုင်ထားရာမှ လွှတ်လိုက်ပြီး သေနတ်နှင့်ပစ်ရန် ဟန်ပြင်နေချိန်တွင် ကျားကြီးသည် ကျွန်ုပ်၏ အနီးသို့ ကပ်လာသည်။ စောသဥ္စာသည် အနောက်သို့ ပြန်ပြေးသည်ကို ဂရုမစိုက်နိုင်၊ ရင်ဆိုင်ကြုံတွေ့ရသည့် ကျားကြီးကိုသာ သေနတ်ဖြင့်ပစ်ရန် ကြိုးစားနေသည်။

"ဒိုင်း"

"ဝေါင်း"

ကျွန်ုပ် ပစ်လိုက်သည့် ကျည်တောင့်သည် ကျားကြီးအား ထိမှန်ခြင်းမရှိ ဘေးမှကပ်ထွက်သွားသည်။

"အား"

"စောသဥ္စာ"

"စောသဥ္စာ ... စောသဥ္စာ ... စောသဥ္စာ"

ကျွန်ုပ်၏ အသံသည် ဝန်းကျင်သို့ ပဲ့တင်ထပ်သွားပြီးနောက် စောသဥ္စာသည် မြေပေါ်သို့ လဲကျသွားသည်ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချိန်၌ ကျွန်ုပ်သည်လည်း မြေပေါ်သို့ လဲကျသွားသည်။ ကျွန်ုပ် မည်သို့ဖြစ်သွားသည် ဆိုတာ မသိပေမဲ့ အရာဝတ္ထုတစ်ခုသည် အနောက်မှနေ၍ ဦးခေါင်းအား ဖြတ်ရိုက်လိုက်သည်ဟု သိရပြီးနောက် ကျွန်ုပ်သည် ကမ္ဘာလောကကြီးနှင့် အဆက်အသွယ် ပြတ်သွားပေတော့သည်။

စာရှုသူတို့ ထိုအချိန်မှစ၍၍ မောင်ကံထူး အသက်လောက်ချစ်ရသူ စောသဉ္ဇာသည် မည်သည့်နေရာရောက်၍ ပျောက်ကွယ်သွားသည် မသိပေမဲ့ ဆေးဆရာ အဘသောင်းစိန် ဒိဋ္ဌမြင်တွေ့ပြောပြချက်အရ စောသဉ္ဇာသည် မောင်ကံထူး၏ သေနတ်ထိမှန်၍ လဲကျသေဆုံးသွားပြီး ကျားကြီးသည် စောသဉ္ဇာအား ကိုက်ချီ၍ တောအတွင်းသို့ ဝင်ရောက်သွားသည်ဟု ပြောပြသော်လည်း မောင်ကံထူးက မြင်တွေ့လိုက်ရခြင်း မရှိ။ ထိုအချိန်မှစ၍ မောင်ကံထူးသည် စောသဉ္ဇာ စိတ်ဖြင့် အရူးတစ်ယောက် ဖြစ်သွားခဲ့သည်မှာ လေးနှစ်ကျော်သလို မည်သည့်ဆေးဆရာများမှ ကုသ၍ မပျောက်။ ယခုတော့ ဆရာကောင်းတစ်ယောက် တွေ့ခဲ့ပြီး ၎င်းဆရာသည် မဟာဂန္ဓာရီခရီးလှည့်၍ ကျင့်နေသူ စိုးပထမံအောင် (ခေါ်) အဘအောင် ဖြစ်သည်။ အဘအောင်သည် ထိုနေ့ကစ၍ ဆေးကုသပေးလိုက်သည်။ အောက်ပါအတိုင်း ဖြစ်ပါသည်။

ထိုနေ့ မောင်ကံထူး၏ရောဂါ ကုသရန်အတွက် ကျွန်ုပ်နှင့် တပည့်ကျော် မောင်အုန်းတို့ ၎င်း၏အိမ် ရောက်ခဲ့သည်။ ကျွန်ုပ်အား တွေ့သည်နှင့် မောင်ကံထူးသည် ချစ်သူ စောသဉ္ဇာ





အား ခေါ်ပေးရန် တောင်းဆိုလာသည်။ ကျွန်ုပ်သည် မောင်ကံထူး၏ရှေ့၌ ထိုင်လိုက်ပြီး ၎င်း၏ အခြေအနေကို ကြည့်လိုက်လေသည်။

"ဆရာ ကျွန်တော့် သားလေးကို ကုပေးပါ ဆရာရယ်"

အားလုံးသည် အားကိုးတကြီးဖြင့် တောင်းဆိုလျက်ရှိနေပေမဲ့ ကျွန်ုပ်သည် မောင်ကံထူးအား ကြည့်နေသည်။ မောင်ကံထူး၏ရောဂါသည် မရိုးသားကြောင်း သိလိုက်ရသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်သည် မြတ်ဗုဒ္ဓ၏ တရားတော်တွေကို ကြည်ညိုလေးစားသူဖြစ်၍ မြတ်စွာဘုရား၏ အစွမ်းထက်သည့် ဆေးဖြင့် ကုသလိုက်ရန် ဆုံးဖြတ်လိုက်သည်။

"ပြီးခဲ့တာတွေကို မပြောတော့ဘူး၊ ပြောဖို့လည်း အချိန်မရဘူး။ အဲဒီတော့ လိုရင်းကိုပဲ ပြောတော့မယ်။ ဘုရားပွဲထိုးဖို့ ရခိုင်ငှက်ပျောငါးဖီးနဲ့ အုန်းသီးတစ်လုံး ယူခဲ့။ ပြီးတော့ အတာအိုးတစ်လုံး ယူခဲ့။ အဲဒါတွေ ရနိုင်ပါ့မလား"

"ရပါတယ် အဘ"

"ဝေဒနာရှင်က တနင်္လာ၊ စွဲလမ်းသူက အင်္ဂါ။ အဲဒီတော့ ကံ့ကော်ငါးညွှန့်၊ ဒန်းခုနစ်ညွှန့်၊ ဆီမီးလေးတိုင်၊ နံ့သာနှစ်တိုင်ကိုယူပြီး မြောက်အရပ်စေတီတော်ရဲ့ အင်္ဂါထောင့်မှာ ပူဇော်ပြီး "သတာသ ဟာသာရ"ဂါထာတော်ကြီးကို ကိုးခေါက်ရွတ်ပါ။ အဲဒါကို ဝေဒနာရှင်ရဲ့ဖခင် ကိုယ်တိုင် လုပ်ပါ။ ပြီးရင် ရေကိုးခွက်၊ ဂြိုဟ်တိုင်ကို လောင်းခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ချိန်တွင် ချက်ချင်းလုပ်ရန် ကြိုးစားကြသလို ဘုရားပွဲထိုးရန် အုန်း ငှက်ပျော ချက်ချင်း ယူလာခဲ့ကြသည်။ ထိုနေ့မှစ၍၍ ကျွန်ုပ်သည် မောင်ကံထူး၏ ရောဂါအားကုသရင်း ရွာဦးသုသာန်၌ တရားအားထုတ်လျက်ရှိရာ ရောဂါသည်အလွယ်တကူ ပျောက်ကင်းသွားပေတော့သည်။

ဤတွင် ပထမံအောင်၏ မဟာဂန္ဓာရီခရီးသွားမှတ်တမ်းအား ခေတ္တရပ်နားခွင့် ပြုပါရန် လေးစားစွာ တောင်းပန်လိုက်ချင်ပါသည်။

✧ ✧ ✧





# ဖိုနို့သာမင်းမောင်
# နှင့်
# အနီးမှရန်သူ

www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်နေ့သ၌ ...

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့ စီအိုင်ဒီရုံးအတွင်း၌ ခေတ္တအနားယူနေကြ၏။ အချိန်သည် ညခုနာရီကျော်ကျော်သာ ရှိသေး၏။ ပတ်ဝန်းကျင်သည် မှိုးဖွဲဖွဲသာကျနေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်ကို ဖွာရှိုက်၍ စစ်ချက်တွေကို ပြန်လည်၍ စစ်ဆေးနေမိ၏။

စစ်ဆေးပြီးတာတွေနှင့် ပတ်သက်၍ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား ပြန်လည်၍ မေးတတ်၏။ စုံနံ့သာမင်းမောင်သည် အလုပ်တစ်ခု လုပ်ပြီးတိုင်း လုပ်နေတဲ့အလုပ်တွေကို ကျွန်ုပ်အား ဆွေးနွေးတိုင်ပင်တတ်၏။ ၎င်းကြောင့် အလုပ်တွေသည် ချို့ယွင်းတိမ်းမှားသည်ဆိုတာ မရှိသလောက်ရှားနေပေ၏။

စုံထောက်လောကတွင် စုံနံ့သာမင်းမောင်၏ ကောင်းသတင်းတွေသည် အုံမခန်းလောက်အောင် ကျော်ကြားစေကာမူ စုံနံ့သာမင်းမောင်သည် တုန်လှုပ်မှုမရှိ အလုပ်ကိုသာ ဦးတည်နေ၏။ ပုလိပ်မင်းကြီးသည် စုံနံ့သာမင်းမောင်ကို အချိန်တိုင်း ချီးကျူးနေပေ၏။



www.burmeseclassic.com

စုံနံ့သာမင်းမောင်နှင့် ကျွန်ုပ် တို့အမှုတစ်ခု၏ ဖိုင်တွဲကို လေ့လာနေ၏။ ၎င်းအချိန်တွင် ပုလိပ်တပ်သားတစ်ယောက် ရောက်ရှိလာ၏။

"အိုင်ဆေး ... ကိုမင်းမောင်၊ လူတစ်ယောက်က ခင်ဗျားနဲ့ တွေ့ခွင့်တောင်းနေတယ်"

စုံနံ့သာမင်းမောင်သည် စီးကရက်ပြာကို ခြွေလိုက်၏။

"လွှတ်လိုက်ပါ၊ ကျုပ် တွေ့ဖို့ အချိန်ပေးနိုင်ပါတယ်"

"ကောင်းပါပြီ၊ အိုင်ဆေးမင်းမောင်"

ရဲပုလိပ်သည် ကျွန်ုပ်တို့ရှေ့ကနေ ထွက်သွား၏။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား တစ်ချက်ကြည့်ပြီး နောက် အမှုတွဲဖိုင်ကို ဆက်လက်လေ့လာနေ၏။ ကျွန်ုပ် လွန်စွာအံ့ဩမိ၏။ ၎င်းလူနှင့် ပတ်သက်၍ ကျွန်ုပ်အား တစ်ခုခုပြောလိမ့်မည် ထင်ထားမိသော်လည်း မည်သည့်စကားကိုမျှ ပြောဆိုလာခြင်း မရှိအောင် တိတ်ဆိတ်လွန်းလှ၏။

မကြာပါ ...

လူတစ်ယောက် ရောက်လာ၏။ အသက်သုံးဆယ်၊ အသားညိုညို မျက်နှာဝိုင်းဝိုင်း လူလတ်တန်းစား၌ မွေးဖွားသူ ဖြစ်နိုင်သည်။ ၎င်းသည် တည်ငြိမ်လှ၏။ သနားစရာမျက်နှာလည်း ပေါ်လွင်နေ၏။ ၎င်းသည် စိတ်ကို ထိန်းနေ၏။

"ကျွန်တော့်ကို ထိုင်ခွင့်ပြုပါ"

"ဟုတ်ကဲ့ ထိုင်ပါ၊ လာရင်းကိစ္စကို ပြောပါ"

"ဟုတ်ကဲ့၊ အစ်ကိုက စုံနံ့သာမင်းမောင်နော်"





"ဟုတ်ပါတယ်"

လူငယ်သည် ကျွန်ုပ်ရှေ့၌ ရှိသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ၎င်းသည် ထိုင်လိုက်ပြီးတာနှင့် လာရောက်ရသည့်ကိစ္စကို ပြောနေပေ၏။ ၎င်း၏ ပြောသည့် စကားတွေကို အမှုစစ်မှတ်တမ်းတွင် ရေးမှတ်နေပေ၏။

"ကျန်ခဲ့တဲ့ နာရီပိုင်းအတွင်းက ကျွန်တော့်ရဲ့အမေ အသတ်ခံရပါတယ်၊ အဲဒီကိစ္စအတွက် လာရောက်တိုင်ကြားရတာပါ"

"နာမည်နဲ့ အသက်ကိုပြောပါ"

"ကျွန်တော့်နာမည် ဇော်ထွန်းနိုင်ပါ၊ အသက်က သုံးဆယ့်နှစ်ပါ"

"ကောင်းပြီ ညီလေးရဲ့ အမေ အသတ်ခံရတယ်ဆိုတော့ ဘယ်မှာ အသတ်ခံရတာလဲ"

"အိမ်မှာ အသတ်ခံရတာပါ"

"အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား၊ ညီလေးတို့က ဘာအလုပ်ကို လုပ်သလဲ၊ မွေးချင်းဘယ်နှယောက်လဲ"

"ကျွန်တော်ပါနဲ့ဆို မွေးချင်းငါးယောက်ရှိပါတယ်၊ ပွဲရုံသုံးရုံရှိပါတယ်၊ ပွဲရုံသိမ်းမှ အစ်ကို ပြန်ရောက်လာပါတယ်၊ ကျွန်တော်တို့ ပြန်ရောက်လာတော့ အမေဟာ သေနေပါပြီ"

စုံနံ့သာမင်းမောင် တစ်ချက်စဉ်းစားလိုက်၏။ ကျန်ခဲ့သည့်နာရီပိုင်းအတွင်း၌ မိုးများ သဲသဲမဲမဲ ရွာနေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်၏။

"ကောင်းပြီ၊ ညီလေး ပြန်တော့၊ အစ်ကိုတို့အခု လိုက်ခဲ့မယ်"

www.burmeseclassic.com



စုံနံ့သာမင်းမောင်၏ စကားကြောင့် အမှုလာရောက်ဖွင့်သူ ဇော်ထွန်းနိုင် ပြန်သွား၏။ စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား တစ်ချက်ကြည့်လိုက်၏။

"ကဲ ... ကောပီ ကိုအောင်သိန်း၊ ကျုပ်တို့ လိုက်သွားကြမယ်"

ကျွန်ုပ် ခေါင်းတစ်ချက်ညိတ်လိုက်သည်။ လိုအပ်လျှင် အသုံးပြုရန်အတွက် ပစ္စည်းတွေကို လွယ်အိတ်အတွင်း၌ ထည့်လိုက်၏။

✧ ✧ ✧

(၂)

စုံနံ့သာမင်းမောင် ...

စုံနံ့သာမင်းမောင်သည် အပြင်ထွက်ခါနီးတိုင်း ဂျာကင်ကို အပေါ်ထပ်ဝတ်၏။ ဦးထုပ်ကို ဆောင်းပြီး လွယ်အိတ်ကို လွယ်လိုက်၏။ ၎င်း၏ လွယ်အိတ်အတွင်း၌ ထောက်လှမ်းရေးကိစ္စနှင့်ပတ်သက်လျှင် အကုန်ပါနေ၏။

၎င်း၏ ပုံစံသည် မည်သူနှင့်မျှ မတူ။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ မေးနှစ်ထပ်၊ စူးရှသည့်မျက်လုံး၊ နက်မှောင်သည့်ဆံပင်၊ မည်သူနှင့်မျှ မတူ၊ အလွန်ပုံစံကျ၏။ မိန်းကလေးတွေ စုံနံ့သာမင်းမောင်ကို လွန်စွာ စိတ်ဝင်စား၏။

ကျွန်ုပ်တို့သည် လာရောက်တိုင်ကြားထားသည့်





လူသတ်မှု ကျူးလွန်သည့် အိမ်ကို ထွက်ခဲ့၏။ ၎င်းသည် အင်းစိန်းကမ်းနားရှိ နှစ်ထပ်တိုက်အိမ်ကြီးကို ရောက်ခဲ့၏။ ၎င်းမှာ အင်းစိန်ကမ်းနားရပ်ကွက်၌ နေထိုင်ကြ၏။ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့ လူသတ်မှုဖြစ်သည့်အိမ်ကို ရောက်ခဲ့ကြပေ၏။

အသတ်ခံရသူ ဒေါ်မြသက်သည် ၎င်း၏အိမ်ခန်းအတွင်း၌သာ သေနေ၏။ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့ အသတ်ခံရသူ ဒေါ်မြသက်၏ အလောင်းကို စစ်ဆေးနေ၏။ ဒေါ်မြသက်၌ ဝတ်ဆင်ထားသည့် လက်ဝတ်ရတနာများ ပျောက်ဆုံးခြင်းမရှိ။ ဒေါ်မြသက်၏ လက်တွေ ညိုမည်းနေ၏။ မျက်နှာတွင်လည်း ညိုမည်းနေ၏။ သွေးများ ကြမ်းပြင်ပေါ်၌ ရွှဲဆိုနေ၏။

ခန္ဓာကိုယ်၌ ကြီးမားသည့် ဓားဒဏ်ရာတစ်ချက်မျှ တွေ့ရှိရခြင်း မရှိသည့်အတွက် စဉ်းစားရခက်နေ၏။ စုံနံ့သာမင်းမောင်သည် သေချာကြည့်ရှုလိုက်၏။ ဒေါ်မြသက် သားသုံးယောက်နှင့် သမီးနှစ်ယောက်တို့သည် ကျွန်ုပ်ဘေး၌ မျက်နှာငယ်စွာ ရှိနေ၏။

"ဒေါ်မြသက် နေမကောင်းဘူး မဟုတ်လား"

ဒေါ်မြသက်၏ သမီးအကြီးကို မေးလိုက်၏။

"ဟုတ်ကဲ့ပါ ဆရာ၊ မေမေ နေမကောင်းတာ သုံးရက်ရှိသွားပါပြီ"

"ဒါဆို ဒေါ်မြသက် အနားမှာ ဘယ်သူ ရှိလဲ"

"ညီမလေး မြကေယ် အမြဲ ရှိနေပါတယ်"

"ဒါဆို သူ့ကိုတွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စုံနံ့သာမင်းမောင်၏ တောင်းဆိုမှုအတွက် မြကေယ်ဆိုသည့် မိန်းကလေး ရောက်လာ၏။ ၎င်းမှာ အသက် ဆယ့်ငါးသာသာ ရှိသေး၏။ ၎င်းသည် စုံနံ့သာမင်းမောင်၏ အနားသို့ ရောက်လာ၏။

"ညီမလေးက ဒေါ်မြသက် အနားမှာ အမြဲရှိနေတယ် နော်"

"ဟုတ်ကဲ့"

"ဒါဆို ဒေါ်မြသက် အသတ်ခံရတာ ညီမလေး ဘာကြောင့် မသိတာလဲ"

"မေမေက ကြက်သားဆန်ပြုတ် စားချင်တယ်ဆိုလို့ ဈေးမှာ ကြက်သား သွားဝယ်ပါတယ်"

"ကြက်သားဝယ်ပြီး ပြန်လာခဲ့လား"

"မပြန်ပါဘူး၊ မမဦးဆီကို သွားပါတယ်၊ မမဦး ဆွမ်းအတွက် ဈေးဝယ်ခဲ့ပါလို့ မှာတဲ့အတွက် ထွက်သွားနေပါတယ်၊ ဒါကို မေမေပဲ ခိုင်းတာပါ"

"ဘယ်လောက်ကြာသွားလဲ"

"နှစ်နာရီကျော်ကျော်လောက် ကြာသွားတယ်"

"ညီမ ပြန်လာတော့ ဒေါ်မြသက် အသက် မရှိတော့ဘူး ပေါ့"

"ကျွန်မ ပြန်လာတော့ အသက်မရှိတော့ဘူး၊ ဆေးပုလင်းတွေနဲ့ ကော်ဖီခွက်တွေ အောက်ကို ကျနေတာတွေ့ရပါတယ်၊ အဲဒါနဲ့ မမဦးကို ဖုန်းဆက်အကြောင်းကြားတာပါ"





မြကေယ်ဆိုသည့် မိန်းကလေးသည် တရှုံ့ရှုံ့ ရှိုက်ရင်း ပြောနေ၏။ မိန်းကလေးသည် မိခင်ဒေါ်မြသက် အသတ်ခံရသည့်အတွက် လွန်စွာ ကြေကွဲနေပေ၏။

သေဆုံးသူ ဒေါ်မြသက်၌ သားနှစ်ယောက် သမီးသုံးယောက် ရှိ၏။

စုံနံ့သာမင်းမောင်၏ စစ်ဆေးချက်အရ ဒေါ်မြသက်သည် အိမ်ထောင်နှစ်ဆက်ဖြစ်၏။ ဒေါ်မြသက်၏ ယောကျ်ားသည်လည်း အိမ်ထောင်နှစ်ဆက်ဖြစ်၏။ ဒေါ်မြသက် လက်ရှိယူထားသည့် ယောကျ်ားမှ ပါလာသည့် သားလေးသည် နှစ်ယောက်၊ နောက်ထပ်သမီးသုံးယောက် ထပ်မံမွေးသည်။

စုံနံ့သာမင်းမောင်သည် မေးသင့်သမျှကို မေးသည့်အတွက် သားသမီးတွေသည် တစ်လှည့်စီဖြေသည်။

"ဒေါ်မြသက် မသေခင် အချိန်မှာ ဘယ်က ဧည့်သည် လာသေးလဲ"

"ကျွန်မတို့ အလုပ်မသွားခင် မနက်ဆယ်နာရီလောက်မှာ မေမေနဲ့ အလုပ်လုပ်ခဲ့ဖူးတဲ့ ဦးကျင်မွေးဆိုတဲ့ ဦးလေးကြီး တစ်ယောက် ရောက်လာတယ်"

"သူက ဘာစကားတွေပြောလဲ"

"မေမေ့ကို ပိုက်ဆံငါးသောင်း အကြွေးပေးစရာရှိတာ မပေးနိုင်သေးတဲ့အကြောင်း လာပြောတာ ကြားတယ်"

"အဲဒီ ဦးကျင်မွေးနဲ့ ဒေါ်မြသက်တို့က ဘာအလုပ်လုပ်ဖူးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးခြောက်ပွဲရုံပါ၊ ဦးလေး ဦးကျင်မွေးဟာ ငါးခြောက်ဝယ်ဖို့ဆိုပြီး မေမေ့ဆီက ကြိုတင်ငွေ ပိုက်ဆံတွေ ထုတ်သွားပြီး ငါးခြောက်တွေ လာမပို့တဲ့အတွက် အကြွေးတင်သွားတာပါ"

စုံနံ့သာမင်းမောင်သည် ဒေါ်မြသက် သမီးကြီး၏ အဖြေကို ဒိုင်ယာရီ စာအုပ်၌ ရေးမှတ်ထား၏။

တစ်ဖန် စီးကရက်ကို ပြာခြွေလိုက်၏။ ဒေါ်မြသက် အသတ်ခံရသူနှင့် ပတ်သက်၍ ပတ်သက်မှုတွေကို မေးနေ၏။

"နောက်ထပ် ဘယ်သူလာသေးလဲ"

"ကျွန်မတို့ရှိတဲ့ အချိန်တော့ နောက်ထပ်မလာတော့ဘူး၊ ညီမလေး ရှိတဲ့အချိန်မှာတော့ လေးလေး ဦးဉာဏ်ထွန်း ရောက်လာတယ်လို့ ပြောတယ်"

"ဦးဉာဏ်ထွန်းက ဒေါ်မြသက်နဲ့ ဘယ်လိုပတ်သက်နေလဲ"

"လေးလေးဦးဉာဏ်ထွန်းက မေမေရဲ့ ပထမယောကျ်ားပါ၊ တစ်ခါမှလာတာမတွေ့ဘူး၊ ဒီတစ်ခါပဲ လာတာတွေ့တယ်"

"သူတို့ စကားပြောတာ အဆင်ပြေကြလား"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်၊ မေမေ့ကို ဆေးနဲ့ ရေနွေးတောင် တိုက်သွားပါသေးတယ်"

"ကောင်းပြီ၊ ဒီလောက်ဆို လုံလောက်ပြီ၊ လိုအပ်ရင် လာမေးမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာ၊ လူသတ်တရားခံကိုတော့ ဖော်ပေးပါ"





ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် ဒေါ်မြသက်၏ အလောင်းကို သေချာစစ်ဆေးနေ၏။ သေဆုံးသူ ဒေါ်မြသက်သည် မည်သည့်ဒဏ်ရာမျှ ရထားသည်ကို မတွေ့ရခြင်းကြောင့် တရားခံ ရှာရခက်နေ၏။

မည်သို့ပင် ဖြစ်စေကာမူ စုံနံ့သာမင်းမောင်သည် စီးကရက် အသောက်မပျက် အေးဆေးနိုင်လွန်းပေ၏။

✧ ✧ ✧

(၃)

ကျွန်ုပ် မိတ်ဆွေကြီး စုံနံ့သာမင်းမောင်၏ မှတ်ချက်သည် လွန်စွာပြတ်သား၏။ ဒေါ်မြသက်ကို သတ်သည့်လူသည် အတွင်းလူသတ်တာ ဖြစ်ရမည်ဟု မှတ်ချက်ပေးသွား၏။ သို့သော် မည်သူ တရားခံဖြစ်လာမည်ဆိုတာ စုံနံ့သာမင်းမောင်၏ စုံထောက်ပညာအပေါ်၌သာ မူတည်နေပေ၏။

ဒေါ်မြသက် အသတ်ခံရမှုနှင့်ပတ်သက်၍ မှုခင်းဆိုင်ရာ တာဝန်၏ ဆေးမှတ်တမ်းစစ်ချက်အရ ဒေါ်မြသက်သည် အစာအဆိပ် တစ်ခုခုကို စားမိသည်ဟု ရေးသားထား၏။ စုံနံ့သာမင်းမောင်၏ မှတ်ချက်နှင့် တူနေပေ၏။ ဒေါ်မြသက် သေရသည်မှာ အစာအတွင်း၌ အဆိပ်ခတ်ထားသည်ဟု ထင်မှတ်ထား၏။

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် အမှုမှန်ပေါ်ပေါက်ရေးအတွက် ပတ်သက်နေသည့်သူများနောက်ကို လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ တိုက်အိမ်လေးတစ်အိမ်ကို ရောက်ခဲ့၏။ ၎င်းအိမ်၌ ပထမဆုံး ခပ်ချောချော မိန်းကလေး တစ်ယောက်နှင့် စတင်တွေ့ဆုံ၏။

"ဦးလေး ဦးကျင်မွှေးနဲ့ တွေ့ချင်လို့ပါ"

မိန်းကလေးသည် စုံနံ့သာမင်းမောင်ကို တစ်ချက်ကြည့်လိုက်၏။

၎င်းနောက် ခြံတံခါးကို ဖွင့်လိုက်၏။

"ဟုတ်ကဲ့ အထဲကို ကြွပါ။ ဖေဖေ ရှိပါတယ်"

ကျွန်ုပ်တို့ မိန်းကလေး၏ အနောက်၌ လိုက်ပါသွား၏။ မိန်းကလေးသည် ကျွန်ုပ်တို့အား ဧည့်ခန်း၌ နေရာပေးထားခဲ့ပြီး အတွင်းရှိ ဖခင်ဖြစ်သူကို ခေါ်လိုက်၏။

"အဖေရေ ... ဧည့်သည် ရောက်နေတယ်"

"အေး ... လာပြီ သမီး"

မိန်းကလေးသည် အတွင်းခန်းကို ဝင်သွား၏။ ၎င်းနောက် ဦးကျင်မွှေးဆိုသည့် အသက်ငါးဆယ်ကျော် အမျိုးသားတစ်ယောက် ရောက်လာပြီး စုံနံ့သာမင်းမောင်ရှေ့၌ ထိုင်လိုက်၏။

"ဦးလေး ဒေါ်မြသက်ကို သိတယ်နော်"

ရုတ်တရက် ထွက်ပေါ်လာသည့် မေးခွန်းကြောင့် ဦးကျင်မွှေး တုန်လှုပ်သွား၏။ မေးခွန်းအတွက် အဖြေထွက်မလာသေး၊ စုံနံ့သာမင်းမောင်သည် စီးကရက်ကို ဖွာရှိုက်ရင်း အကဲခတ်နေပေ၏။

"ဟုတ်ကဲ့ သိပါတယ်"





"ကျွန်ုပ်ခဲ့တဲ့ နှစ်ရက် မနက်ဆယ်နာရီလောက်က ဒေါ်မြသက် အိမ်ကို ရောက်သွားတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ မမသက်ကို ဦးလေးက ငွေငါးသောင်း ပေးဖို့ရှိတာရယ်၊ နေမကောင်းဘူးပြောသံကြားတာရယ် ကြောင့် သတင်းသွားမေးရင်း ပိုက်ဆံကို ခဏစောင့်ပါဦးလို့ သွားပြောတာပါ"

ဦးကျင်မွှေးသည် လွန်စွာပင် ပွင့်လင်းရိုးသား၏။ ဒေါ်မြသက်နှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်းတွေကို ပြောကြား၏။ ဒေါ်မြသက်ကို လုပ်ငန်းနှင့်ပတ်သက်၍ လိမ်ညာခြင်း မဟုတ်၊ ဒေါ်မြသက်ကို ပေးရမည့် ငါးပိငါးခြောက်တွေကို ရောဝတီတိုင်းက သယ်ဆောင်လာ၏။ လမ်း၌ လေမုန်တိုင်းမိပြီး ငါးပိငါးခြောက်သမ္ဗန်ပါ နစ်မြုပ်သွားသည့်အတွက် ကတိပျက်သလို ဖြစ်သွားကြောင်း ဝန်ခံခဲ့၏။ ဦးကျင်မွှေးသည် လွန်စွာရိုးသားသူ တစ်ယောက်ဖြစ်၏။ စုံနံ့သာမင်းမောင်သည် ဒေါ်မြသက် သေဆုံးရသည့်အကြောင်း ပြောလိုက်သည့်အတွက် လွန်စွာ စိတ်မကောင်းဖြစ်ရ၏။

✧ ✧ ✧

(၄)

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် ဒေါ်မြသက် အသတ်ခံရမှုနှင့် ပတ်သက်၍ လူသတ်တရားခံကို တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ယောက် လိုက်စုံစမ်းနေ၏။ ထိုနေ့ ကျွန်ုပ်တို့ ဦးဉာဏ်ထွန်း အိမ်သို့ ရောက်ခဲ့၏။ ၎င်းအိမ်တွင် ဦးဉာဏ်ထွန်း မရှိသည့်အတွက် အလုပ်ရုံကိုလိုက်သွားကြ၏။ အလုပ်ရုံ၌ ဦးဉာဏ်ထွန်းကို တွေ့ရ၏။

ဦးဉာဏ်ထွန်းသည် ကားဝပ်ရှော့ပိုင်ရှင်တစ်ယောက် ဖြစ်၏။ ဦးဉာဏ်ထွန်းသည် လူကြီးလူကောင်းတစ်ယောက် ဖြစ်သလို တည်ကြည်ခန့်ညားသည့် လူကြီးလူကောင်း စီးပွားရေး သမားတစ်ယောက်ဖြစ်၏။ ဦးဉာဏ်ထွန်းသည် ကျွန်ုပ်နှင့် စုံနံ့သာ မင်းမောင်ကို တွေ့ချိန်၌ ဖော်ရွေစွာ ကြိုဆိုနှုတ်ဆက်၏။ စုံနံ့သာ မင်းမောင်သည် ဦးဉာဏ်ထွန်းကို အားကိုးသည့်အပြုံးနှင့် ပြုံးလိုက် ပြီးနောက် စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်၏။

"မောင်မင်းမောင်ပါလား၊ ဦးလေး ဘာအကူအညီ ပေးရမလဲ၊ လိုအပ်တဲ့ အကူအညီ ပြောနော်"

"ဒေါ်မြသက် သေသွားတာ ဦးလေး သိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ်၊ အဲဒီအတွက် ဦးလေးလည်း စိတ် မကောင်းပါဘူး၊ သေခြင်းတရားက တကယ် ဆန်းကြယ် တာကိုးကွယ့်"

"ဟုတ်ကဲ့၊ ဆန်းကြယ်ပါတယ် ဦးလေး၊ ဦးလေးက ဒေါ်မြသက်ရဲ့ ခင်ပွန်းဟောင်းတစ်ယောက် ဖြစ်ခဲ့တယ်ဆို တော့ ဒေါ်မြသက်ရဲ့ အကြောင်း တော်တော်သိမှာပေါ့နော်"

"သိတာပေါ့ကွာ၊ မမြသက်က သိပ်အတ္တကြီးတာ၊ ငွေလည်း မက်တယ်၊ လောဘသိပ်ကြီးတာ၊ အခု သေရတဲ့ကိစ္စမှာလဲ အဲဒီလောဘကြောင့် ဖြစ်တယ်လို့ထင်တယ်"





ဦးဉာဏ်ထွန်း၏ စကားကို စုံနံ့သာမင်းမောင် သေချာ နားထောင်နေပေ၏။ စုံနံ့သာမင်းမောင် ၎င်းလိုချင်သည့် စကားကို တွန်းပို့လိုက် ဆွဲယူလိုက် လုပ်နေ၏။

ဒါကို ဦးဉာဏ်ထွန်း မသိလိုက်ပေ။

"ဒေါ်မြသက် နောက်ယူတဲ့ ယောကျ်ားမှာ သားနှစ်ယောက် ပါတယ်ဆိုတာ ဟုတ်လား"

"ဟုတ်တာပေါ့ မောင်မင်းမောင်ရာ၊ ကိုသိန်းမောင်က ချမ်းသာတယ်၊ ကိုသိန်းမောင်ရဲ့ ချမ်းသာမှုကို မက်မော ပြီး ယူလိုက်တာပဲ၊ ကိုသိန်းမောင် ဆုံးသွားတော့ ကလေးတွေ က စီးပွားခွဲချင်တယ်၊ ဒါကို မမြသက်က လက်မခံဘူး၊ ဒီအကြောင်းတွေပြောရင် မကောင်းပါဘူးကွာ"

"ဒေါ်မြသက်က အမွေကိစ္စကို ရုံးတော်မှာ လွှဲခဲ့တယ်ဆို ဆိုရင်ရော ဘယ်သူ့ကို အရင်ခွဲပေးရမလဲ"

"ဦးလေး အထင်တော့ မောင်ဇော်ထွန်းနိုင်လေးကို ပိုပေးသင့်တယ်၊ စီးပွားရေးတွေဆို သူက အပင်ပန်းခံပြီး လုပ်နေရတာကွယ့်၊ ဒါ ဦးလေးရဲ့ ဆန္ဒကို ပြောတာနော်"

"ဟုတ်ကဲ့၊ ဒေါ်မြသက်ကလည်း ဦးလေးရဲ့ ဆန္ဒနဲ့ တစ် ထပ်တည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်"

စုံနံ့သာမင်းမောင်၏ စကားပြောဆိုမှုကို ကျွန်ုပ် လွန်စွာ သဘောကျနေမိ၏။ လူတစ်ယောက်အတွက် အကြိုက်တစ်ခု ကို အစဆွဲထုတ်သည့်နေရာ၌ စုံနံ့သာမင်းမောင်သည် လွန်စွာသေ သပ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် ဦးဉာဏ်ထွန်းကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြပေ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်ကိုသာ တသွင်သွင် သောက်နေ၏။ ဒေါ်မြသက်အမှုနှင့် ပတ်သက်၍ စဉ်းစားနေရ၏။ ဒေါ်မြသက် အသတ်ခံရသည်ဟု မှတ်ချက်ချလိုက် ...

၎င်းအမှုကိစ္စတွင် ဒေါ်မြသက်နှင့် အကျွမ်းဝင်သူများ ပါဝင်ပတ်သက်နေသည်ဟု ကျွန်ုပ်အား စုံနံ့သာမင်းမောင် ပြောလာပေ၏။ ဤသို့ပြောလာသည့်အတွက် ကျွန်ုပ်သည်ပင် စဉ်းစားရခက်ရပြန်၏။ ကျွန်ုပ်နှင့် စုံထောက်ကျော်ကြီး စုံနံ့သာမင်းမောင်တို့ ရုံး၌ ခေတ္တအနားယူလိုက်၏။

စုံနံ့သာမင်းမောင်၏ ဖြတ်ထိုးဉာဏ်ကို ကျွန်ုပ်လွန်စွာ အံ့သြရ၏။ ရုံးခန်းအရောက်တွင် စုံနံ့သာမင်းမောင်သည် ကျွန်ုပ်အား စာချုပ်နှစ်ခု ထုတ်ပြ၏။

၎င်းစာချုပ်နှင့် ပတ်သက်၍ ကျွန်ုပ် နားမလည်တာအမှန်ဖြစ်၏။ စုံနံ့သာမင်းမောင်သည် စာချုပ်နှင့် ပတ်သက်၍ ကျွန်ုပ်ကို ရှင်းပြ၏။

ကျွန်ုပ်လွန်စွာ သဘောပေါက်သွား၏။

"ခင်ဗျားရဲ့ လုပ်ရပ်ကို ကျုပ် သဘောကျသွားပြီ ကိုမင်းမောင်၊ ဒီလိုသာဆို မကြာခင် အမှုပေါ်မှာ အမှန်ပဲဗျာ"

"ကျုပ်ဘက်ကလည်း အထောက်အထားခိုင်လုံလို့ လုပ်ရဲတာပေါ့ဗျာ၊ မဟုတ်ရင် မလုပ်ရဲဘူး"





"ဒါနဲ့ မသိလို့ မေးဦးမယ်၊ ခင်ဗျား အဲဒီလိုလုပ်လိုက်တဲ့အတွက် အမှုက ပေါ်မယ်ထင်လား"

"ကျုပ် အဲဒီလောက် ညံ့မယ်မထင်ဘူး၊ ဒါပေမဲ့ ခင်ဗျားကို မပြောရသေးတာ တစ်ခုရှိတယ်၊ အဲဒါကို နောက်နေ့တွေမှ ပြောမယ်၊ လာဗျာ ... ကျုပ်တို့ တရားခံဆီကို သွားရအောင်"

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့ ရုံးခန်းအပြင်ဘက်ကို ထွက်လိုက်ကြ၏။ ကျွန်ုပ်သည် စုံနံ့သာမင်းမောင် ခေါ်ရာကို လိုက်ခဲ့ပေ၏။

✧ ✧ ✧

(၅)

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် ကြည့်မြင်တိုင်ညဈေးဘက်ကို ထွက်ခဲ့၏။ ကျွန်ုပ်သည် ကြည့်မြင်တိုင်ဈေးကို အခေါက်ခေါက်အခါခါ လျှောက်လှမ်းနေပေ၏။ ဈေးတစ်ခုလုံး ကျွန်ုပ်တို့ ခြေရာတွေနှင့် ထပ်နေ၏။ လူတစ်ယောက်ကို ရှာနေ၏။ ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် ငှက်ပျောတန်းကို ရောက်ခဲ့၏။ စုံနံ့သာမင်းမောင်သည် ငှက်ပျော်ဆိုင်တစ်ဆိုင်ကို ဝင်လိုက်၏။

စုံနံ့သာမင်းမောင်သည် တောင်ငွေသီးမွှေးကို ဈေးမေးနေ၏။ ၎င်း၏ မျက်လုံးသည် တစ်နေရာကို ရောက်နေ၏။ ကျွန်ုပ်အား မျက်ရိပ်ပြသည်။ လူနှစ်ယောက် လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တွင် စကားပြောနေ၏။ ၎င်း၏ထိုင်ခုံတွင် တောင်ငုငှက်ပျောသီး တစ်ဖီး တင်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့ကို ကြည့်နေ၏။ ကျွန်ုပ်တို့ကို မတွေ့။

ခဏအကြာ၌ ၎င်းတို့နှစ်ဦး လမ်းခွဲထွက်သွားကြ၏။ တကယ်တော့ စုံနံ့သာမင်းမောင်သည် ထိုလူတွေကို တွေ့လိမ့်မည်မထင်ခဲ့တာ အမှန်ဖြစ်၏။

"လာ ... ကိုအောင်သိန်း၊ ကျုပ်တို့ လိုက်သွားမယ်"

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်သည် တောင်ငုသီးမွှေး ငှက်ပျောဖီး ဆွဲသွားသည့် လူငယ်အနောက်ကို လိုက်သွား၏။ ကျွန်ုပ်တို့သည် , အောက်ကြည့်မြင်တိုင် လမ်းမအရောက်တွင် ၎င်းအား နှုတ်ဆက်လိုက်၏။

"ကိုဇော်ထွန်းနိုင်"

စုံနံ့သာမင်းမောင်၏ ခေါ်သံကြားလိုက်သည်နှင့် အနောက်သို့ ချက်ချင်း ကြည့်လိုက်၏။ ၎င်းသည် ရပ်သွား၏။

"ဟာ ... ကိုမင်းမောင်တို့ပါလား၊ ဘယ်က လာတာလဲ"

"ညဈေးလာတာဗျာ၊ ကျုပ်ရဲ့ ညီတစ်ယောက်က ငှက်ပျော သီးစားချင်တယ်ဆိုလို့ လာဝယ်တာ"

"ကျွန်တော့်လိုပဲပေါ့"

၎င်းသည် စကားကို ရပ်လိုက်၏။ မျက်နှာတစ်ချက် ညှိုးသွား၏။ ဇော်ထွန်းနိုင်သည် သူ့ကိုယ်သူ မယုံသလိုဖြစ်သွား၏။ စုံနံ့သာမင်းမောင် သိလိုက်၏။ တကယ်တော့ စုံနံ့သာမင်းမောင် သည် ခေသူမဟုတ်။





"အခု ကိုမင်းမောင်တို့ ဘယ်သွား မလဲ"

"ကျုပ် ခင်ဗျားဆီကို သွားမလို့၊ အခု တွေ့တယ်ဆိုတော့ အတော်ပဲပေါ့၊ လာဗျာ၊ ကျုပ်တို့ တစ်နေရာမှ လက်ဖက် ရည်သောက်ရင်း စကားပြောကြရအောင်"

"ကိစ္စက အဲဒီလောက် အရေးကြီးလို့လား ကိုမင်းမောင်"

"ခင်ဗျားတို့ မောင်နှမရဲ့ အမွေကိစ္စ ဆွေးနွေးချင်လို့ပါ"

၎င်းစကားကြောင့် ဇော်ထွန်းနိုင် မျက်နှာပြုံးရောင် သမ်းလာသည်။ ကျွန်ုပ်တို့ ရှောင်ကျွန်း လက်ဖက်ဆိုင်အတွင်းကို ဝင်လိုက်ကြ၏။ လက်ဖက်ရည်ဆိုင်သည် လူရှင်းနေ၏။ ကျွန်ုပ်တို့ ချောင်ကျကျထိုင်ခုံတွင် ထိုင်လိုက်၏။ စုံနံ့သာမင်းမောင်သည် စီးကရက်ကို မီးညှိလိုက်၏။

လွယ်အိတ်အတွင်း၌ စာချုပ်တွေကို ထုတ်ယူနေ၏။ ဇော်ထွန်းနိုင်သည် ငှက်ပျော်သီးကို ဖြုတ်ယူစားနေ၏။

"ကိုဇော်ထွန်းနိုင်က ဒေါ်မြသက်ရဲ့ လင်ပါသားနော်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့မှာ ညီအစ်ကိုနှစ်ယောက် ပါ"

"ဒေါ်မြသက်က သူ မသေခင် သုံးလလောက်က ရန်ကုန် ဥပဒေရုံးမှာ သားသမီးများအတွက် အမွေဆက်ခံခြင်းကိစ္စ ကို ရှေ့နေ တရားသူကြီးတွေရှေ့မှာ တရားဝင် လက်မှတ် ထိုး ခွဲပေးခဲ့တယ်၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကိုဇော်ထွန်း နိုင်က အကြီးမို့ ကာလတန်ဖိုး ရရှိငွေတွေထက် ငါးပုံ တစ်ပုံကိုသာ ပိုင်ဆိုင်ပြီး အဲဒီတစ်ပုံထဲက သုံးပုံ ထပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး နှစ်ပုံကို မောင်နှမလေးယောက် ပိုင်ဆိုင်ပြီး တစ်ပုံကို ခင်ဗျား ပိုင်ဆိုင်ရမယ်လို့ ရေးထားတယ်"

"ဟာ ... ဒါက မတရားတဲ့ ကိစ္စပဲဗျ၊ ဒီကိစ္စကို ကျုပ် လက်မခံဘူး၊ ဒါ သက်သက် ကျုပ်ကို စော်ကားတာပဲ၊ ဒီမိန်းမကြီး သေတာတောင် နည်းသေးတယ်၊ သူ့ကို ကြွက်သတ်ဆေးနဲ့ ခတ်သတ်မဲ့အစား မသေမချင်း ဓားနဲ့ ထိုးသတ်လိုက်ရမှာ ..."

ဇော်ထွန်းနိုင်သည် ဒေါသထွက်လာ၏။ ဒေါ်မြသက်နှင့် ပတ်သက်ပြီး နှစ်နှစ်သီးသီး ပြောနေ၏။ စုံနံ့သာမင်းမောင်သည် ၎င်း၏ လှည့်ကွက်ထဲကို ဝင်လာသည်။

မျောက်သူငယ်လေး ဇော်ထွန်းနိုင်အတွက် သနားမိပေ၏။

စုံနံ့သာမင်းမောင်သည် လွယ်အိတ်တွင်းမှ ရှိသည့် လက်ထိပ်တုံးကို ထုတ်ပြီး ဇော်ထွန်းနိုင်၏ လက်နှစ်ဖက်ကို ခတ်လိုက်၏။ ရုတ်တရက် တုန်လှုပ်သွား၏။

"ဒေါ်မြသက်ကို ခင်ဗျားနဲ့ ဦးဉာဏ်းထွန်း ပေါင်းပြီး သတ်လိုက်တာ မဟုတ်လား၊ အဲဒီအတွက် ဦးဉာဏ်ထွန်း က ဝန်ခံထားတယ်"

စုံနံ့သာမင်းမောင်၏ စကားကို ဇော်ထွန်းနိုင် ဘာပြောရမှန်းမသိအောင် ဖြစ်သွား၏။ တကယ်တော့ ၎င်းစကားသည် ဒေါ်မြသက်၏ ခင်ပွန်းဟောင်း ဦးဉာဏ်ထွန်း ပြောခဲ့ခြင်းမဟုတ်၊ စုံနံ့သာမင်းမောင်၏ တမင်လုပ်ကြံ၍ ပြောခြင်းသာဖြစ်၏။ မည်သို့





ပင်ဖြစ်စေကာမူ စုံနံ့သာမင်းမောင်၏ မေးခွန်းကို ဇော်ထွန်းနိုင် ငြင်းပယ်၍ မရနိုင်အောင် ဖြစ်သွား၏။

"ဘယ့်နှယ်လဲ ဇော်ထွန်းနိုင်၊ ကျုပ်ပြောတာကို လက်ခံလား၊ ဒေါ်မြသက် အသတ်ခံရတဲ့နေ့မှာ ဒေါ်မြသက်ရဲ့ ခုတင်အောက်မှာ တောင်ငှသီးမွှေးငှက်ပျောခွံ တွေ့တယ်၊ ဒါဟာ ခင်ဗျား စားထားတယ်ဆိုတာ သေချာတယ်၊ အမှန်ကို ဝန်ခံပါဗျာ၊ အမှန်အတိုင်းဝန်ခံရင် ခင်ဗျားအတွက် ဥပဒေက ငဲ့ညှာမှာပါ"

ဇော်ထွန်းနိုင် တွေဝေသွား၏။ စုံသာမင်းမောင်သည် စီးကရက် သောက်ရင်း အကဲခတ်နေ၏။

"ဘယ့်နှယ်လဲ ကိုဇော်ထွန်းနိုင်၊ ကျုပ်ပြောတာ လက်ခံလား"

"ကျုပ် အမှန်အတိုင်းပြောပါ့မယ်"

"ဒီလိုမှပေါ့ဗျာ"

ဇော်ထွန်းနိုင် ငှက်ပျောသီးကို ဖြုတ်ယူစားလိုက်၏။

"ကျွန်တော် မိန်းမယူဖို့ ဒေါ်မြသက်ဆီက ပိုက်ဆံတောင်းတယ်၊ ကျွန်တော်ယူမဲ့ မိန်းမကို သဘောမတူဘူး၊ အဲဒီအတွက် ကျွန်တော် တောင်းတဲ့ငွေကို ထုတ်မပေးဘူး၊ ကျွန်တော်ကလည်း မယူလို့မရတော့ဘူး၊ ကောင်မလေး မှာ ကိုယ်ဝန်ရှိနေပြီ၊ ကျွန်တော် ယူမဲ့ ကောင်မလေးက ဦးဉာဏ်ထွန်းရဲ့သမီးပါ၊ အဲဒီအတွက် ဦးဉာဏ်ထွန်း ယူခိုင်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"အကျိုးအကြောင်းအားလုံး ဦးဉာဏ်ထွန်းကို ပြောပြတော့ ဦးဉာဏ်ထွန်းမှာ ဒေါသအလွန်ထွက်သွားတယ်၊ နောက်ဆုံး အချင်းချင်း ညှိကြတယ်၊ ဒေါ်မြသက်က လက်မခံဘူး၊ အဲဒီအချိန်မှာ ဒေါ်မြသက် နေမကောင်းဖြစ်တယ်၊ ဒေါ်မြသက် နေမကောင်းဖြစ်နေချိန်မှာ သူသောက်တဲ့ ဆေးထဲကို ကြွတ်သတ်ဆေး ရောတိုက်ဖို့ ဦးဉာဏ်ထွန်းက အကြံပေးတယ်၊ သူ ပြောတဲ့အတိုင်း ကျွန်တော်လည်း ရောတိုက်လိုက်တယ်၊ ပြီးတော့ ကျွန်တော် ကိုယ်တိုင်ပဲ အစ်ကို့ကို လာအကြောင်းကြားတာပါ"

"ကျုပ် သဘောပေါက်ပြီ၊ ခက်တာက လာအကြောင်းကြားတဲ့ အချိန်မှာ ခင်ဗျား တစ်ခါတည်း အဖမ်းခံလိုက်ရင် ပြီးတာပဲ၊ ကဲ ... ခင်ဗျား ကျုပ်တို့နဲ့ ရုံးတော်ကို လိုက်ခဲ့၊ ဟိုရောက်မှ ဆက်ပြီး ရှင်းကြတာပေါ့"

ဇော်ထွန်းနိုင်သည် မည်သို့မျှ ငြင်းပယ်၍မရ။

ကျွန်ုပ်နှင့် စုံနံ့သာမင်းမောင်တို့သည် မိထွေး ဒေါ်မြသက်ကို သတ်သည့်အမှုနှင့် ရုံးတော်ကို လိုက်ခဲ့ရပေ၏။

စုံနံ့သာမင်းမောင်သည် စီးကရက်ကို တစ်ချက်ဖွာရှိုက်ပြီး ကျွန်ုပ်ကို တစ်ခွန်း လှမ်းပြောလိုက်ပေ၏။


"တွေ့တယ် မဟုတ်လား၊ ကေဇီကိုအောင်သိန်း တစ်ခါတလေ တရားခံဟာ အနီးနားမှာ ရှိနေလျက်နဲ့ အဝေးဆုံးကို ရောက်နေတယ် ထင်ရတယ်ဗျာ"

မင်းပုည

ရွှေဟင်္သာစာပေ

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com